www.burmeseclassic.com

နှီ ရ သန်း ကြယ် လုံး ချင်း ၀ တ္ထု သစ်

အောင်မြင့်စာပေ

# ကြိခကွ


## အသူရာ သားရဲတွင်း



www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း



၂၀၁၇ ခုနှစ်၊ (ဒီဇင်ဘာလ)၊
အုပ်ရေ(၅၀၀)၊ ပထမအကြိမ်။
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက် (မြဲ-၀၀၀၇၇)၊
အမှတ် (၁၄၅)၊ နှင်းဆီဖြူလမ်း၊ သုဝဏ္ဏ။
အောင်မြင်စာပေ (မြဲ-၀၀၂၇၆)၊
အမှတ် (၇) သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဘဝလမ်းစဉ်မှတ်ကျောက်

❖ ဆရာကောင်းတစ်ယောက်သည်
စိတ်ချမ်းသာသော်လည်း လူမချမ်းသာပေ။
သို့သော်..တပည့်များစွာတို့မှာ
ချမ်းသာကြပေလိမ့်မည်။

BURMESE CLASSIC

❖ အုန်းဆံမျှင်သေးတစ်မျှင်
အထင်သေးစရာဖြစ်၏။
အုန်းဆံမျှင်များစွာတို့ပေါင်းပြီး
ကြိုးအဖြစ်ရောက်သောအခါ
ဆင်တစ်ကောင်ပင် မရုန်းနိုင်တော့ပေ။

❖ တက္ကသိုလ်မှ သင်ပေးသောစာများမှာ
နည်းပညာပင်ဖြစ်သည်။
ဘဝလောကနယ်ရောက်မှ
ထပ်မံသင်ကြားယူရသော အတွေ့အကြုံများကတော့
အတတ်ပညာများ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# အသိဉာဏ်ကြိုးစားမြင့်တင်ကြပါစို့

❖ အချိန်သည်
လူ၏သက်တမ်းပင်ဖြစ်၏။
အချိန်ကိုသင်က ဖြုန်းတီးပစ်သောအခါ
အချိန်က သင့်ကို ပြန်လည်နှိပ်စက်ပေလိမ့်မည်။
ထိုအခါ အသက်တိုတတ်သည်။

❖ ပညာရှိသူသည်
ငွေမရှိသော်လည်း သိက္ခာရှိစွာဖြင့်
ဘဝကိုရပ်တည်လေ့ရှိသည်။
ပညာမဲ့သူကတော့ သိက္ခာမရှိသော်လည်း
ငွေကြေးပြည့်စုံမှုနှင့် ဘဝကိုရပ်တည်လေ့ရှိသည်။

❖ အပြစ်မကင်းသော မှားယွင်းသည့် လုပ်ရပ်တစ်ခုကြောင့်
ခန္ဓာကိုယ်တွင် လိပ်ပြာမလုံစရာကောင်းသော
အတွေးပေါင်းများစွာတို့၏
အခါမလပ်နှိပ်စက်ခြင်းကို ခံရလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဒီဃယနှလုတ်မြဲတင်

❖ အချစ်သည်
နှလုံးသားအတွင်းသို့ ပုန်းလျှိုးကွယ်လျှိုး
ဝင်ရောက်လာတတ်သော်လည်း
အဆင်မသင့်၍ ပြန်ထွက်လိုသောအခါ
ရဲရဲတင်းတင်းပင် ပြန်ထွက်သွားလေ့ရှိသည်။

❖ အချစ်အတွက် နေရာထိုင်ခင်း ပေးစရာ မလိုပါ။
သူဝင်ချင်လျှင်နေရာပေါင်းများစွာ ဝင်လာနိုင်ပါတယ်။
ပြန်ထွက်ချင်တော့လည်း အသိမပေး နှုတ်မဆက်ပဲ
ပျောက်ကွယ်သွားလေ့ရှိပါတယ်။

❖ ရေတစ်စက်နဲ့တော့ ရေခွက်ပြည့်မှာ မဟုတ်ပါဘူး၊
နေအထွက်မှာ ရေခွက်နဲ့ခံရင်လည်း
ရေတစ်စက်မှ ရမှာမဟုတ်ပါဘူး၊
ရေအတက်မှာ ရေခွက်နဲ့ ခပ်ယူမှသာ
ရေခွက်ပြည့်အောင်ရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ ရွှေငွေရတနာတို့သည် တန်ဖိုးရှိ၏။
ကိုယ်ကျင့်တရားက ပိုပြီး တန်ဖိုးရှိ၏။
ကိုယ်ကျင့်တရားနှင့် လဲယူသောရွှေငွေသည်
တန်ဖိုးမရှိပေ။
နောင်ဘဝတွင် ဆင်းရဲခြင်းက စောင့်နေလေ၏။

❖ သင် ဖြူသောစိတ်ထားလျှင်
ဖြူစင်သူများနှင့်သာ တွေ့ရပေလိမ့်မည်။
အကယ်၍ မကောင်းသော စိတ်များထားမိပါက
အခြားသူများနှင့် မတွေ့ရခင်
ထိုစိတ်က မိမိကို ဒုက္ခပြန်ပေးပါလိမ့်မည်။

❖ ကောင်းမှုတွင် မကောင်းမှုဟူသော
ဆန့်ကျင်ဘက်တစ်ခုသာရှိသည်။
မကောင်းမှုမှာတော့ ကောင်းမှုရော၊မကောင်းမှုပါ၊
ဆန့်ကျင်ဘက်နှစ်မျိုး ရှိနေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) နက္ခတ်တာရာနှင့် သက်ဆိုင်သော ကံကြမ္မာများ

အခန်း(၂) အမှောင်တွင်းမှ ကြောင်နက်အော်သံ

အခန်း(၃) ဂန်လန်ရာဇီမှ သားရဲတွင်း

အခန်း(၄) ကံကြမ္မာတူသော အန္တရာယ်

အခန်း(၅) နီမောင်နှင့် ထူးဆန်းသောကျားနက်

အခန်း(၆) ဦးမန်ကောင်းနှင့် တိရိစ္ဆာန်တို့၏ မာဂဓစကား

အခန်း(၇) နင်းတောထဲမှ သရဲမ

အခန်း(၈) သရဲမျက်နှာဖြင့် ဒုက္ခရောက်နေသူ

အခန်း(၉) အငြိုးကြီးသူ၏ ကလဲ့စား

အခန်း(၁၀) တောင်ပေါ်မှ အသက်လုပွဲ

အခန်း(၁၁) အန္တရာယ်တွင်းမှ ရုန်းထွက်ခြင်း။

အခန်း(၁၂) လူ့လောကမှအပါယ်လေးဘုံသားများ

အခန်း(၁၃) သံယောဇဉ်တစ်မျှင်ကြိုးရယ်ကြောင့်

အခန်း(၁၄) ကျားနက်တစ်ကောင်၏ ကျေးဇူးတရား

အခန်း(၁၅) မနုဿတိရိစ္ဆာန်များနှင့် တိုက်ခိုက်ကြခြင်း

အခန်း(၁၆) မဝေးလိုသော ချစ်ခြင်းမေတ္တာ


www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

# နက္ခတ်တာယာနှင့် သက်ဆိုင်သော ကံကြမ္မာများ

နက္ခတ်တာယာ၊ ဂြိုဟ် အစရှိသည်တို့သည် ကမ္ဘာလောကကြီး တစ်ခုလုံးသာမကပဲ စကြာဝဠာကြီးတစ်ခုလုံးကိုပါ စိုးမိုးချုပ်ကိုင်ထားနိုင်ကြပေသည်။

ရေ၊ မြေ၊ လေ၊ မီး၊ လူ၊ သက်ရှိသတ္တဝါ၊ သစ်ပင် စသော အရာဝတ္ထုများအားလုံးကို နေ၊ လ နက္ခတ်တာယာတို့က စိုးမိုးချုပ်ကိုင်ထားကြလေသည်။

မူလကနဦးအချိန်ကာလ၌ စကြာဝဠာကြီးတစ်ခုလုံး အ



www.burmeseclassic.com

# ကြိုစကား

မှောင်ထုကြီးများကသာ ဖုံးလွှမ်းထားလျက်ရှိသည်။ ထို့နောက် ရေလွှာထုကြီးဖြင့် ပျံ့နှံ့စိမ့်ယိုလာသည်။ ထိုမှတစ်ဆင့် အခွံနှင့် အကာနှစ်မျိုး ပါဝင်သော ရွှေဥကြီးတစ်လုံး ပေါက်ဖွားလာသည်။

အခွံအကာနှစ်မျိုးမှာ ဘူမိမြေကမ္ဘာနှင့် အဇဋာကောင်းကင်ပြင်ကျယ်တို့ ဖြစ်သည်။

အခွံအကာမှ နေ၊ မျက်စိ၊ လ၊ မျက်စိရှင်၊ ဖန်ဆင်းသူ ဗြဟ္မာကြီးတို့ ပေါက်ဖွားလာသည်ဟု ဗြဟ္မဏသံဟိတာကျမ်း၌ ဖော်ပြထားလေသည်။

ပညာရှိကပိလထုတ်ပြောချက်မှာ ပရနေသည် စကြာဝဠာ၏ ရုပ်၊ ဒြပ်၊ ဝတ္ထုပစ္စည်း အကောင်အထည်များကို ဖြစ်စေသည်။

အနုမြူ၏အစကို ရှာဖွေတွေ့ရှိ ကြံစည်ခဲ့သော ပညာရှိကဏ္ဍဒကမူ စကြာဝဠာ၏ ရုပ်ဒြပ်အကောင်အထည်သည် အရာဝတ္ထုပစ္စည်း(၉)မျိုး "ဒြဗျ" မှစတင်ဖြစ်ပေါ်လာသည်ဟု ဆိုသည်။

အချို့ဆရာတို့ကမူ စကြာဝဠာသည် ဖန်ဆင်းရှင်ပုဂ္ဂိုလ်များကြောင့် ဖြစ်ပေါ်လာသည်မဟုတ်၊ ပင်ကိုယ်သတ္တိပါ အရာဝတ္ထုများ၏ ဂုဏ်သတ္တိကြောင့် စကြာဝဠာ ဖြစ်ပေါ်လာသည်ဟုဆိုသည်။

အချို့ကလည်း စကြာဝဠာသည် သတ္တဝါတို့ ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကံနှင့် မကောင်းမှု အကုသိုလ်ကံတရားများကြောင့် ဖြစ်ပေါ်လာသည်ဟုလည်းပြောဆိုကြသည်။

မည်သို့ပင်ဆိုကြသည်ရှိစေ...

စကြာဝဠာကြီး ပေါ်ပေါက်လာသောကြောင့် နေ၊ လ နက္ခတ်တာယာ၊ ဂြိုဟ်အစရှိသည်တို့ ဖြစ်ပေါ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ်တာယာ၊ ဂြိုဟ်တို့၏ လွှမ်းမိုးမှုကြောင့်လည်း သက်ဆိုင်ရာ လူတို့၏ ကံကြမ္မာတို့သည်လည်း တစ်ဦးနှင့်တစ်ဦး မတူညီကြတော့ပေ။

တကယ်တော့ လူအပါအဝင် သက်ရှိသဘာဝများအား လုံး နက္ခတ်တာယာတို့၏ ပြုပြင်ပြောင်းလဲခြင်းကို နာခံကြရပေသည်။

ဥပမာတစ်ခုအနေဖြင့် ပြောရလျှင် နက္ခတ်တာယာတို့က ကြိုးဆွဲသူများ ဖြစ်ပါက လူသတ္တဝါနှင့် သဘာဝတရားတို့က ၎င်းတို့၏ ကြိုးဆွဲရုပ်များသာ ဖြစ်ကြပေလိမ့်မည်။

သို့ကြောင့် စာဖတ်သူများ ဗဟုသုတရရှိစေရန် နက္ခတ်များနှင့်သက်ဆိုင်သူများအကြောင်းကို ဆက်လက်ဖော်ပြပေးပါမည်။

■(၁) ကြတ္တိကာနက္ခတ်မှ ဖော်ပြသော အရာများမှာ အဖြူရောင်ပန်းများ၊ နေ့စဉ် ယဇ်မီးပူဇော်သော ဗြဟ္မဏများ၊ မြင့်မြတ်သော ဂါထာမန္တာန်ရွတ်ဆိုသူများ၊ ယဇ်မီးပူဇော်သော ဗြဟ္မဏများ၊ မြင့်မြတ်သော ဂါထာမန္တန်ရွတ်ဆိုသူများ၊ ယဇ်မီးပူဇော်သူခြင်းကို နားလည်သူများ၊ သဒ္ဒါကျမ်းတတ်သူများ၊ သတ္တုတွင်း တူးသူများ၊ ဆံမုတ်ဆိတ်ရိတ်ပယ်သူများ၊ ဗြဟ္မဏများ၊ ဝန်ထမ်းကူလီများ၊ ရဟန်းသံဃာများနှင့် နက္ခတ္တဗေဒပညာရှင်များ ဖြစ်ကြသည်။

■(၂) ရောဟိဏီနက္ခတ်မှ ဖော်ပြသော အရာများမှာ အဓိဋ္ဌာန်ပြုသူများ၊ ကုန်ပစ္စည်းများ၊ မင်းအစိုးရ အုပ်ချုပ်သူများ၊ ချမ်းသာကြွယ်ဝသူများ၊ ယောဂီများ၊ လှည်းသမားများ၊ နွားမများ၊ နွားထီး



www.burmeseclassic.com

www.burmeseclassic.com

# ဗေဒင်

များ အရေးနေသဘ္ဘာဝါများ တောင်သူလယ်သမားများ၊ တောင်ပေါ်နေ သူများနှင့် ဩဇာအာဏာရှိသူများ ဖြစ်ကြသည်။

■(၃) မိဂသီနက္ခတ်မှ ဖော်ပြသော အရာများမှာ မွှေးကြိုင်သော ရနံ့ရှိသည့် အရာများ၊ ဝတ်ရုံများ၊ ရေထွက်ပစ္စည်းများ၊ ပန်းမန်များ၊ သစ်သီးများ၊ ရတနာများ၊ သစ်တော့ထဲတွင် နေထိုင်သူများ၊ ငှက်များ၊ သားရဲတိရိစ္ဆာန်များ၊ သောမအရည်ကို သောက်သုံးသူများ၊ တေးဂီတပညာရှင်များ၊ချစ်သူစုံတွဲများနှင့် စာပို့သူများ ပါဝင်ကြသည်။

■(၄) အဒြနက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ သတ်ဖြတ် ခုတ်ထစ်သူများ၊ ဖမ်းဆီးချုပ်နှောင်သူများ၊ မုသားစကားဆိုသူများ၊ မုဒိမ်းအန္တများ၊ သူခိုးသူဝှက်များ၊ လူဆိုးလူမိုက်များ၊ ဂုံးချောပြစ် တင်သူများ၊ အခွံမာသောသီးနှံများ၊ စိတ်ကြမ်းခက်ထန်သူများ၊ ပြုစားသူများ၊ မှော်ဆရာများ၊ မှင်စာနှင့် ပတ်သက်သော ပညာတတ် ကျွမ်းသူများ ပါဝင်ကြသည်။

■(၅) ပုန္နဖုသျှနက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ မှန်ကန် သော သစ္စာတရား၊ ပေးကမ်းလှူဒါန်းလိုသော စိတ်ထား၊ သီလစင် ကြယ်သူများ၊ မြင့်မြတ်သူများ၊ လှပ၍ ချစ်စရာကောင်းသူများ၊ ဉာဏ်ပညာ ထက်မြက်သူများ၊ ထင်ရှားကျော်ကြားသူများ၊ ချမ်း သာကြွယ်ဝသူများ၊ အဖိုးထိုက်တန်သော ကောက်ပဲသီးနှံများ၊ ကုန် သည်များ၊ လက်အောက်ငယ်သား အမှုထမ်းများနှင့် တရွေ့ခင်စာ တို့နှင့်ပတ်သက်၍ ကျွမ်းကျင်သူများ ပါဝင်ကြ သည်။

■(၆) ဖုသျှနက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ ဘာလီဈေး



www.burmeseclassic.com

www.burmeseclassic.com



ဂျုံ၊ ဆန်၊ ကြံ၊ သစ်တော၊ ဝန်ကြီးများ၊ မင်းများ၊ တံငါသည်များနှင့် ရေလုပ်သားများ စသည်တို့အပြင် ရိုးသားသော ကျေးတောသားများ ယဉ်သဘင်အကြီးအသေးနှင့် သက်ဆိုင်သူများ ပါဝင်ကြသည်။

■(၇) အသလိဿနက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ အတုအပများ၊ အခွံအခေါက်များ၊ အမြစ်များ၊ အသီးများ၊ တီကောင်များ၊ တွားသွားသတ္တဝါများ၊ အဆိပ်အတောက်များ၊ လုယက်သူများ၊ အခွံထူသော အသီးအနှံ အစေ့အဆန်များနှင့် ဆေးဝါးကုသမှုဆိုင်ရာ သမားတော်များ ပါဝင်ကြသည်။

■(၈) မာဃနက္ခတ်နှင့် ပတ်သက်သော အရာများမှာ ငွေကြေးအသပြာနှင့် စပါးဆန်ရေ ပေါကြွယ်ဝသူများ၊ အထက်တန်းကျသူများ၊ တောင်ပေါ်ဒေသနေထိုင်သူများ၊ အကြီးအကဲနှင့် နိမ့်ကျသူများ၊ ဝိညာဉ်များကို ရိုသေသူများ၊ ကုန်သည်များ၊ သူရဲကောင်းများ၊ အသားစားသူများ၊ မိန်းမမုန်းတီးသူများ ပါဝင်ကြသည်။

■(၉) ပြုဗ္ဗဖလဂုနီနက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ သရုပ်ဆောင်သူများ၊ ငယ်ရွယ်သူ လုံမပျိုများ၊ ချစ်စဖွယ် စကားကြွယ်၍ ဖော်ရွေကြသူများ၊ တေးဂီတပညာရှင်များ၊ အနုပညာရှင်များ၊ ကုန်ပစ္စည်းများ၊ ဝါဂွမ်းများ၊ ဆား၊ ဆီ၊ ပျား ရည်၊ ယောက်ျားပျိုများ ပါဝင်ကြသည်။

■(၁၀) ဥတ္တရဖလဂုနီနက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ သေးငယ်သောအရာများ၊ စင်ကြယ်ခြင်း၊ ရိုးသားဖြောင့်မတ်၍ အကျင့်စာရိတ္တကောင်းခြင်း၊ ရှေးရိုးဆန်သူများ၊ ပေးကမ်းလှူဒါန်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်းနှင့် ပညာရှင်များ၊ ဆန်စသည့် နူးညံ့သော ကောက်နှံများ အခွန်ခွန်းသော ကြွယ်ဝသူများ တာဝန်ကျေပွန်သူများနှင့် မင်းအစိုးရများ ပါဝင်ကြသည်။

■(၁၁) ဟဿတနက္ခတ်နှင့် သက်ဆိုင်သောအရာများမှာ လုယက်သူများ၊ ဆင်များ၊ ရထားမောင်းနှင်သူများ၊ ဆင်ဦးစီးများ၊ အနုပညာနှင့် ပတ်သက်သူများ၊ ကုန်ပစ္စည်းများ၊ အခွံမာသော အစေ့အဆန်များ၊ ဝေဒကျွမ်းကျင်သူများ၊ ကုန်သည်များနှင့် ဝီရိယ လုံလခွန်အားရှိသူများ ပါဝင်ကြသည်။

■(၁၂) စိတြနက္ခတ်နှင့် ပတ်သက်သော အရာများမှာ လက်ဝတ်တန်ဆာပြုလုပ်ရာ၌ ကျွမ်းကျင်သူများ၊ လက်ဝတ်ရတနာများ၊ ပန်းချီ၊ ရေးဆွဲခြင်း၊ စာရေးသားခြင်း၊သီချင်းသီဆိုခြင်းနှင့် အမွှေးနံ့သာများ၊ သင်္ချာအတွက်အချက် ကျွမ်းကျင်သူများ၊ ရက်ကန်းသည်များ၊ မျက်စိအထူးကု ဆရာဝန်များနှင့် မင်းအစိုးရ၏ ဘဏ္ဍာကောက်နှံစပါးများ ပါဝင်ကြသည်။

■(၁၃) သွာတိနက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ ငှက်များ၊ သားရဲတိရိစ္ဆာန်များ၊ မြင်းများ၊ ကုန်သည်များ၊ ကောက်နှံစပါးများ၊ လယ်ယာမြေထွက်ကုန်များ၊ စိတ်ထားမတည်ငြိမ်သော မိတ်ဆွေများ၊ အကျင့်စာရိတ္တ မခိုင်သူများ၊ အရည်ဝါသီ တောမှီရသေ့ တပသီများနှင့် အထည်ပစ္စည်း ရွေးချယ်ရာတွင် အကောင်းဆုံး ရွေးချယ်နိုင်သူများ၊ ပါဝင်ကြသည်။

■(၁၄) ဝိသာခါနက္ခတ်နှင့် သက်ဆိုင်သော အရာများမှာပန်းအနီပွင့်၍ အသီးနီသီးသော သစ်ပင်များ၊နှမ်း၊ ပဲတီစိမ်း၊ ပဲဝွမ်း၊ မတ်ပဲ

www.burmeseclassic.com



နှင့် ဘင်္ဂါလီပဲ၊ အိန္ဒြာနှင့် အဝှနီကို ကိုးကွယ်သူများ ပါဝင်ကြသည်။

■(၁၅) ရာစု အနုရာဓနက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ ထင်ရှားကြော်ကြားသူများ၊ လုပ်ငန်းရှင်ကြီးများ၊ စိတ်ထားကောင်းသော မိတ်ဆွေများ၊ လူစုလူဝေးနှင့် ပွဲလမ်းသဘင်များတွင် ပျော်ရွှင်ကြသူများ၊ ခရီးသွားလာကြသူများ၊ ရိုးသားသူများအားလုံးနှင့် ဆောင်းဦးရာသီ၊ ပန်းမန်အသီးအနှံများ ပါဝင်ကြသည်။

■(၁၆) ဇေဋ္ဌနက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ စစ်သူကြီးများ၊ မြင့်မြတ်သောမျိုးရိုးမှ ဆင်းသက်လာသူများ၊ စည်းစိမ်ဥစ္စာပြည့်စုံသူများ၊ ထင်ရှားကျော်ကြားသူများ၊ သူခိုးသူဝှက်များ၊ နယ်မြေချဲ့ထွင်အုပ်စိုးလို၍ အာဏာပြလိုသော မင်းအစိုးရများ ပါဝင်ကြသည်။

■(၁၇) မူလနက္ခတ်နှင့် ပတ်သက်သော အရာများမှာ ဆေးဝါးများ၊ သမားတော်များ၊ လုပ်ငန်းရှင်အကြီးအကဲများ၊ ပန်းစိုက်ပျိုးရောင်းဝယ်သူများ၊ သစ်မြစ်သစ်ဖုရောင်းဝယ်သူများ၊ သစ်သီးဝလံရောင်းဝယ်သူများ၊ မျိုးစေ့ရောင်းဝယ်သူများ၊ အလွန်ချမ်းသာသူများနှင့် အသားမစားဘဲ၊ သစ်သီး၊ သစ်ဥ၊ သစ်မြစ်၊ သစ်ရွက်ကိုသာ စားသုံးသူများ ပါဝင်ကြသည်။

■(၁၈) ပြုဗ္ဗာသာဠ်နက္ခတ်နှင့် သက်ဆိုင်သောအရာများမှာ မေတ္တာတရား၊ ကြီးမား၍ ချစ်ခင်တတ်သူများ၊ ရေကြောင်းပြသူများ၊ တံငါသည်များ၊ ရေနေသတ္တဝါများ စသည့် အမှန်တရားသစ္စာကို ကြိုက်နှစ်သက်သူများ၊ စင်ကြယ်မြင့်မြတ်သူများနှင့် စည်းစိမ်းဥစ္စာပြည့်စုံသူများ၊ တံတားတည်ဆောက်သူများ၊ ရေအနီးအနားတွင် နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



သူများ ရေနှင့်သက်ဆိုင်သော ပန်းများနှင့် အသီးအနှံများ ပါဝင်ကြသည်။

■(၁၉) ဥတ္တရာသာဠ်နက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ အရိုင်းအစိုင်းများ၊ လက်ဝှေ့နပန်းသတ်သူများ၊ ဆင်များ၊ မြင်းများ၊ ဘုရားတရား သက်ဝင်ယုံကြည်သူများ၊ မရွေ့လျားနိုင်သော အရာများ၊ စစ်သည်တော်များ အပျော်အပါးတို့ကို ခုံမင်စွာ ခံစားနေသူများနှင့် တိုက်ခိုက်ရေးတပ်များ ပါဝင်ကြ သည်။

■(၂၀) သရဝဏ်နက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ လက်လှည့်မျက်လှည့်ဆရာများ၊ အမြဲတမ်းတက်ကြွလှုပ်ရှားနေသူများ တော်တည့်ဖြောင့်မတ်မှန်ကန်၍ လုံ့လဝီရိယရှိသူများ ဗိဿနိုးနတ်ကို ကိုးကွယ်သူများနှင့် သစ္စာစောင့်သိသူများ ပါဝင်ကြသည်။

■(၂၁) ဓနသိဒ္ဓိနက္ခတ်နှင့် သက်ဆိုင်သောအရာများမှာ မာန်မာနမရှိသူများ၊ သင်းကွတ်ထားသူများ၊ မိတ်ဆွေမပီသသူများ၊ မိမိဇနီးမယားကို ရွံရှာစက်ဆုပ်နေသူများ၊ ပေးကမ်းလှူဒါန်းလိုသူများ များစွာ ကြွယ်ဝချမ်းသာသူများနှင့် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသူများ ပါဝင်ကြသည်။

■(၂၂) သတဘိသျှနက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ ငွေးဆောင်ဖြားယောင်းသူများ၊ ငါးမျှားသူများ၊ ရေထွက်ပစ္စည်းများနှင့် ငါးလုပ်ငန်းလုပ်ကိုင် ဆက်စပ်နီးနွယ်သူများ၊ တောဝက်မုဆိုးများ၊ ခဝါသည်များ၊ အရက်ချက်သူများနှင့် ငှက်ခတ်မုဆိုးများ ပါဝင်ကြသည်။

■(၂၃) ပြုဗ္ဗတဒြနက္ခတ်နှင့် သက်ဆိုင်သောအရာများမှာ လု



www.burmeseclassic.com

www.burmeseclassic.com



သက်ဖျက်ဆီးသူများ၊ နွားမွေးမြူသူများ၊ သတ်ဖြတ်တတ်သူများ၊ နှမြောတွန့်တိုကပ်စေးနဲသူများ၊ အဆင့်အတန်းနိမ့်သူများနှင့် နလုံးစိတ်ထားမှုမမှန်သူများ၊ ဘာသာတရားနှင့် အကျင့်သီလ ဖြူစင်ခြင်းမရှိသူများ၊ ယှဉ်ပြိုင်ရာတွင် လိမ္မာကျွမ်းကျင်သူများ ပါဝင်ကြသည်။

■(၂၄) ဥတ္တရာဘဒြပိုဒ်နက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ ဗြဟ္မဏများ၊ ယဇ်ပူဇော်ခြင်းနှင့် အမှုကိုနစ်မြိုက်သူများ၊ ပေးကမ်းလှူဒါန်းခြင်းနှင့် အာပတ်ဖြေသူများ၊ အလွန်ချမ်းသာကြွယ်ဝသူများ၊ ရသေ့သူတော်စင်များ ရှေးရိုးဆန်သူများ၊ ရှင်ဘုရင်များနှင့် အဖိုးတန်သော ကောက်ပဲသီးနှံများ ပါဝင်ကြသည်။

■(၂၅) ရေဝတီနက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ ဆားရေထွက်သီးနှံများ၊ ရေထွက်ပန်းမာလ်များ စသည့် ကျောက်မျက်ရတနာ၊ ခရုသင်း၊ ယောက်သွားခွံ၊ ပုလဲများ၊ ကြာပန်းများ၊ ရေမွှေးနံ့သာများ၊ မွှေးကြိုင်သောပန်းများ ကုန်သည်များနှင့် ဦးစီးခေါင်းဆောင်များ ပါဝင်ကြသည်။

■(၂၆) ရေဝတီနက္ခတ်နှင့် သက်ဆိုင်သောအရာများမှာ ဆားရေထွက်သီးနှံများ၊ ရေထွက်ပန်းမာန်များ စသည် ကျောက်မျက်ရတနာခရုသင်း၊ ယောက်သွားခွံ၊ ပုလဲများ၊ ကြာပန်းများ၊ ရေမွှေးနံ့သာများ၊ မွှေးကြိုင်သောပန်းများ၊ ကုန်သည်များနှင့် ဦးစီးခေါင်းဆောင်များ ပါဝင်ကြသည်။

■(၂၇) အဿဝနီနက္ခတ်နှင့် သက်ဆိုင်သော အရာများမှာ မြင်းများ မွေးမြူရောင်းဝယ်အသုံးပြုသူများ၊ စစ်တက္ကသိုလ်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



အုပ်ကြီးများ၊ သမားတော်ကြီးများ၊ ပွဲလာပရိသတ်များ၊ မြင်းများ၊ မြင်းစီးသူများ၊ ကုန်သည်များ၊ ရုပ်ဆင်းလှပတင့်တယ်သူများနှင့် မြင်းထိန်းများ ပါဝင်ကြသည်။

■(၂၈) ဘရဏီနက္ခတ်နှင့် သက်ဆိုင်သောအရာများမှာ အသွေးအသားစားသုံးသူများ၊ ရက်စက်ကြမ်းကြုတ်သူများ၊ ခုတ်ထစ်သတ်ဖြတ်သူများ၊ ဖမ်းဆီးချုပ်နှောင်သူများ၊ ပြင်းထန်စွာ ရိုက်ပုတ်ညှဉ်းဆဲသူများ၊ အခွံမာသော အသီးအနှံများ၊ အဆင့်နိမ့်သူများနှင့် အကျင့်စာရိတ္တပြုပြင်ရန် လိုအပ်သူများ ပါဝင်ကြသည်။

ပြုဗ္ဗဖလဂုနီ၊ ပြုဗ္ဗာသာဠ်နှင့် ပြုဗ္ဗဘဒြပိုဒ်နက္ခတ်သုံးလုံးနှင့် ကြတ္တိကာနက္ခတ်တို့သည် ဗြဟ္မဏအမျိုးအနွယ်တို့နှင့် သက်ဆိုင်သည်။

ဥတ္တရဖလဂုနီ၊ ဥတ္တရာသာဠ်၊ ဥတ္တရဘဒြပုဒ်ဟူသော နက္ခတ်သုံးလုံးနှင့် ဖုသျှနက္ခတ်တို့သည် ခတ္တိယမျိုးနွယ်များနှင့် သက်ဆိုင်သည်။

ရေဝတီ၊ ရောဟဏီ၊ အနုရာဓနှင့် မာဃနက္ခတ်တို့သည် ခင်ပွန်းလင်ယောကျ်ားတို့နှင့် သက်ဆိုင်သည်။

ပုနဗ္ဗုသျှ၊ ဟဿတ၊ အဘိဇိနှင့် အဿဝနီနက္ခတ်တို့သည် ကုန်သည်အမျိုးအနွယ်တို့နှင့် သက်ဆိုင်သည်။

မူလ၊ အဒြ၊ သွာတိနှင့် သတဘိသျှ နက္ခတ်တို့သည် ရက်စက်ကြမ်းကြုတ်၍ ဩဇာအာဏာရှိသူများနှင့် သက်ဆိုင်သည်။

မိဂသီ၊ ဇေဋ္ဌ၊ မိတ္တြနှင့် ဓနသိဒ္ဓိတို့သည် အစေခံ၊ ကျွန်တို့နှင့် သက်ဆိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသလိဿ၊ ဝိသာခါ၊ သရဝဏ်နှင့် ဘရဏီနက္ခတ်တို့သည် အမျိုးနိမ့်ကျသူများနှင့် သက်ဆိုင်သည်။

အထက်၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း လူတို့သည် သက်ဆိုင်ရာ နက္ခတ်တာရာတို့၏ ဦးဆောင်ရာအတိုင်း ဖြစ်ကြရကုန်၏။

နက္ခတ်တာရာတို့၏ စီမံရာအတိုင်းဖြစ်ကြရလေသည်။

မွေးဖွားခြင်းမှ သေဆုံးသော အချိန်ကာလအတွင်း နက္ခတ်တာရာတို့ အလိုကျအတိုင်းဖြစ်ပျက်ကြရသည်။

ကံကြမ္မာကောင်းခြင်း၊ မကောင်းခြင်းမှာ သက်ဆိုင်ရာ နက္ခတ်တာရာတို့မှ အကြောင်းရင်းဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)

# အမှောင်တွင်းမှ ကြောင်နက်အော်သံ

တဟောင်ဒမ်းရွာသည် မြန်မာနိုင်ငံ နယ်နိမိတ်၊ မြောက်ဖျားဒေသတွင်ရှိသော နောက်ဆုံးရွာဟု ပြော၍ရသည်။

မြောက်ပိုင်းဒေသဘက်မှာတော့ လူများနေထိုင်သော ရွာများမရှိတော့ပေ။ ကချင်ပြည်နယ်တွင် မြောက်ပိုင်းဒေသတွင် လူနေမများလှပေ။

မြစ်ကြီးနားအောက်ပိုင်းနေရာလောက်သာ လူနေထိုင်မှု



www.burmeseclassic.com

www.burmeseclassic.com



များပြီး အထက်ပိုင်းနေရာများမှာတော့ တော၊ တောင်၊ မြစ်၊ ချောင်းများသာရှိတော့ပြီး ရှေးအခါက လူနေမရှိသလောက် နည်းလေသည်။

ပူတာအို၊ မချမ်းဘောရွာများ (ယခုကာလမှာတော့ မြို့အဖြစ် သတ်မှတ်ထားကြပြီဖြစ်၏။)လွန်လျှင်တော့ ဟိုဘက်တွင် လူနေများသောနေရာ မရှိသလောက်နည်းသွားပြီ ဖြစ်၏။

အချိန်ကာလမှာ (၁၉၅၀) ပန်းကျင်ကာလဖြစ်သော ကြောင့် မြောက်ဖျားဒေသတွင် လူသူနေထိုင်မှု နည်းသောကြောင့် ရွာများမတွေ့ကြရခြင်းဖြစ်သည်။

စိန္နဂူးဝမ်၊ ဂူးဘား၊ စသောရွာများလွန်တော့ ရွာငယ်ရွာ စုကလေးများသာ တွေ့ရတော့သည်။

"အဒွန်းဝမ်"မြစ်တစ်လျှောက်မှာတော့ ကိုယ့်အစုနှင့် ကိုယ် စုပေါင်းနေကြသည့် ရွာငယ်ကလေးများ ရှိကြသည်။

အများအားဖြင့်တော့ တိဗက်နှင့် ထရုံမျိုးနွယ်တို့ အနေ များကြသည်။ အခြားမျိုးနွယ်များ လာရောက်နေထိုင်ကြသော် လည်း မများလှပေ။

အဘယ်ကြောင့်ဆိုသော် ရာသီဥတုကြမ်းသောကြောင့် ကြာရှည်မနေနိုင်ကြသောကြောင့် ဖြစ်သည်။

မြောက်ပိုင်းဒေသများတွင် လူနေကျဲပါးလှသောကြောင့် တန်ဖိုးရှိသော သစ်ခွမျိုး ဆေးဖက်ဝင်အပင်များနှင့် ကတ္တီပါ တော ကင်ကောင်များ ပေါလှသည်။

ရေခဲများ ပျော်ကြသော အချိန်ရောက်လျှင် ခန်းတော



www.burmeseclassic.com

www.burmeseclassic.com



မြစ်၊ မချစ်စု၊ မရှော့ရွက်စသော ဆေးပင်များ ရှာဖွေရရှိရာ စုဆောင်းရောင်းချလျှင် ဝင်ငွေရနိုင်သည်။ သို့သော် သူတို့နေရာအထိတော့ ကုန်ဝယ်သူများက မလာကြပေ။

ကုန်သည်များ ရောက်နိုင်သောနေရာအထိ သွားရောက်ရောင်းချကြရလေသည်။

တပေါင်ဒမ်းရွာအပါအဝင် မြစ်ရိုးနှင့်နီးသောနေရာတလျှောက်တွင် ရှိသောရွာများတွင် နေထိုင်ကြသူ အများစုမှာ တရုတ်လူမျိုးတို့သာများသည်။

မြန်မာနိုင်ငံ မြောက်ဖျားစွန်းဒေသ၌ နေထိုင်ကြသူတို့၏ ဘဝများမှာ ကြမ်းတမ်းပင်ပန်းကြသည်။

နေထိုင်ရာနေရာများ၊ တောင်မြင့်ကြီးများနှင့် သစ်တောများဝန်းရံထားသော မြေပြန့်လွင်ပြင်များ၌ဖြစ်သော သစ်သားနှင့် ဝါးများကို အသုံးပြုပြီး နေအိမ်များကိုဆောက်လုပ်နေထိုင်ကြသည်။

နံနက်လင်းသည်နှင့် မိန်းမများက အဝတ်အထည်ယက်လုပ်ရန် ချည်များမိုင်းငင်သော အလုပ်ကိုဦးစားပေးလုပ်ရသည်။

ယောကျ်ားများက အမဲလိုက်ရန် တောင်ယာအလုပ်များလုပ်ရန်အတွက် ဓားလှံလေးမြားနှင့် အသုံးအဆောင်ပစ္စည်းကိရိယာတို့ကို ပြင်ဆင်ကြသည်။

နံနက်စာအတွက် ထမင်းနှင့် ဟင်းကိုတော့ ရှိတာကိုပင်မြိန်သလို ချက်ပြုတ်စားသောက်ကြသည်။ စားချိန်သောက်ချိန်ကိုတော့ သတ်မှတ်ထားခြင်းမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုတ်ပြီးချိန်ပေါ်မှာမူတည်ပြီး အဆင်ပြေသလိုစား သောက်ကြသည်။ စားသောက်ပြီးသည်နှင့်ပင် အလုပ်ရှိရာသို့ သွား ကြလေသည်။

တောင်ယာစိုက်ပျိုးကြသူတို့မှာ ပြောင်းကိုအဓိကထားပြီး စိုက်ပျိုးကြသည်။ ပြောင်းဆန်သည် သူတို့အတွက် ရိက္ခာပင်ဖြစ် သည်။ လူး၊ ဆပ်၊ ပိန်းဥ၊ စားတော်ပဲနှင့် ဂျုံတို့ကိုလည်း စိုက်ပျိုး စားသောက်ကြသည်။

တောင်ယာအလုပ်နားသော အချိန်တွင် ယောက်ျားများ က ရေခဲတောင်များပေါ်တက်ပြီး အမဲလိုက်ကြ၊ အမဲထောင်ကြ သည်။ ဒရယ်၊ တောဝက်၊ တာကင်၊ ကတိုးစသော တိရိစ္ဆာန်များ ရကြသည်။

ကျား၊ ကျားသစ်၊ ဝက်ဝံစသော အန္တရာယ်များလှသည့် တိရိစ္ဆာန်အကောင်ကြီးများနှင့် ရင်ဆိုင်တွေ့ပါက အသက်လုပြီး တိုက်ခိုက်ကြရသည်မျိုးလည်း ကြုံတွေ့ရတတ်သည်။

၎င်းတို့အသုံးပြုသော အဆိပ်များက ကောင်းလှသော ကြောင့် တောကောင်ကြီးများကို အနိုင်ယူ တိုက်ခိုက်နိုင်စွမ်း ရှိကြ လေသည်။

ရေခဲများရှိသောအချိန်တွင် အမဲလိုက်အမဲထောင်သော အလုပ်များလုပ်ကြပြီး ရေခဲများ အရည်ပျော်ကျသွားသောအခါ တွင် မချစ်ဆေးဥ၊ ခန်းတောက်ဆေးမြစ်များ ရှာဖွေတူးဖော်ကြ သည်။

တောင်ပေါ်တွင်ရှာဖွေရရှိသော သားကောင်တို့၏ သားအ



www.burmeseclassic.com

www.burmeseclassic.com



ချပ်၊ ဦးချို့ ကတိုးမွေး၊ အသားခြောက်များကိုသော်လည်းကောင်း၊ ရှာဖွေစုဆောင်းထားသော ခန်းတောက်ဆေးမြစ်၊ မချစ်ဆေးဥများကို ရွာသို့သယ်ဆောင်လာပြီး စုဆောင်းထားကြသည်။

အချို့ကလည်းကောင်း၊ ပလိုင်း၊ ဝါးကျည်တောက် စသော ကြိမ်၊ ဝါးတို့ဖြင့် ပြုလုပ်ထားသော ပစ္စည်းကိရိယာများကို စုဆောင်းထားကြသည်။

စုဆောင်းထားသော ပစ္စည်းများကို ရာသီဥတုသာယာသောအချိန်တွင် နမ်နီလခါးတောင်ကြားလမ်းမှ တဆင့် တိဗက်နယ်ထဲမှာရှိသော "ဂျယ်ထန်"ရွာစသောကျေးရွာများသို့ သွားရောက်ရောင်းချကြသည်။

တိဗက်နယ်ထွက်ကုန်ပစ္စည်းများဖြင့်လည်း လဲလှယ်ယူကြသည်။ လဲလှယ်ယူကြသော ပစ္စည်းများမှာ ခြေထောက်ပတ်သော တိဗက်ပတ်တီး၊ အရောင်ဆိုးသော ဆေးနှင့် ဆား စသည့်ပစ္စည်းများနှင့် အဓိကထားပြီး လဲလှယ်ယူကြသည်။

တိဗက်နယ်နှင့် နီးသောရွာများက တိဗက်သို့သွားကြပြီး တရုတ်နှင့် နီးသောရွာများကတော့ တရုတ်နယ်ဘက်သို့သွားရောက်ကြသည်။

တရုတ်နယ်ဘက်သို့ သွားလာနိုင်သော တောင်ကြားအတော်များများလည်း ရှိကြသည်။

ကန်ပိုက်တီတောင်ကြား၊ ပန်စိန်တောင်ကြား၊ ပန်းဝါတောင်ကြား၊ ဖရဲတောင်ကြား၊ လဂ္ဂီတောင်ကြား၊ ဖပ်ရှုလန်တောင်ကြား၊ ဆာဂျရန်းတောင်ကြား၊ ချွမ်လီတောင်ကြား၊ ဂီဂီတောင်ကြား၊



www.burmeseclassic.com

www.burmeseclassic.com



ချောင်းချစ်တောင်ကြား၊ ရင်ဂရပ်တောင်ကြား၊ မဝတောင်ကြား၊ သာသာတောင်ကြား..

ဟူသော တောင်ကြားလမ်းများမှသွားလျှင် တရုတ်နယ်၊ တိဗက်နယ်အတွင်းမှာရှိသော ရွာများသို့ရောက်နိုင်ကြသည်။

ကချင်ပြည်နယ်မြောက်ဖျားဒေသတွင် နေထိုင်ကြသူများကတော့ တိဗက်ရွာများရှိသော နေရာဘက်သို့ သွားကြ သည်။

အဘယ်ကြောင့်ဆိုသော် မြန်မာပြည်နယ်နိမိတ်၊ မြောက်ဖျားဒေသတွင်နေထိုင်ကြသော လူမျိုးအများစုမှာ တိဗက်အနွယ်များဖြစ်သောကြောင့် ဖြစ်သည်။

နမ်နီလခါးတောင်ကြားလမ်းသည် မြောက်ဖျားဒေသဘက်တွင်နေထိုင်ကြသူတို့ အသုံးပြုသောလမ်းဖြစ်ပြီး ထိုတောင်ကြားလမ်းမှသွားလျှင် တိဗက်နယ်အတွင်းမှာရှိသော ရွာများဘက်သို့ ရောက်နိုင်ကြပေသည်။

မြောက်ဖျားဒေသဘက်တွင် နေထိုင်ကြသူတို့အတွက် ရွှေမလို၊ ငွေမလိုပေ။ ရွှေရှိသော်လည်းဝတ်ဆင်ပြသဖို့ အချိန်မရ၊ ငွေရှိ သော်လည်း သုံးစွဲဖို့ နေရာမရှိပေ။

သို့ကြောင့် သူတို့အတွက် အဓိကလိုအပ်ချက်က အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများသာ ဖြစ်သည်။

တိဗက်နယ်ထဲမှာရှိသော "ဂျယ်ထန်"စသော ကျေးရွာများမှာလည်း ငွေဖြင့် သုံးစွဲဝယ်ယူသူ မရှိလှပေ။

ကုန်ပစ္စည်းများခြင်းသာ ဈေးဖြတ်ပြီးလဲလှယ်ယူကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်မှသယ်ဆောင်သွားသော ခန်းတောက်မြစ်၊ မချစ်ဥ စသော ဆေးမြစ်ဆေးဥများဖြင့် တိဗက်နယ်မှထွက်သော ဆားအစရှိသော ဒေသထွက်ကုန်များဖြင့် လဲလှယ်ယူကြရာ နှစ်ဦးနှစ်ဖက်အဆင်ပြေကြခြင်းဖြစ်ပေသည်။

မြောက်ဖျားဒေသဘက်တွင် နေထိုင်ကြသူတို့အတွက် နေထွက်မှနေဝင် မအားမလပ်အလုပ်လုပ်မှ အစားတစ်လုတ်စားရသော ဘဝမျိုး ဖြစ်သည်။

နံနက်စောစော အလုပ်ခွင်သွားကြရန်အတွက် သင့်လျော်သော အစားအသောက်များကို ချက်ပြုတ်စားသောက်ကြပြီး အသီးသီးအိမ်မှထွက်ကြရလေသည်။

နံနက်စာနှင့် ရှုပ် သို့မဟုတ် ဆပ်၊ သို့မဟုတ် ပြောင်း၊ ပိန်းဥတို့ကို သင့်လျော်သလို ချက်ပြုတ်စားသောက်ကြရခြင်းဖြစ်၏။

လက်ဘက်ရည်ကြမ်းနှင့် ခေါင်ရည်အရက် ရှိသူတို့ကလည်း ထိုအချိန်မှာပင် မိမိတို့တွင်ရှိသော အစားအသောက်တို့ကို ဝမ်းပြည့်အောင်တစ်ခါတည်းစားသောက်ကြရသည်။

နံနက်စာ စားသောက်ပြီးသည်နှင့် ယောက်ျား၊ မိန်းကလေးများပါမကျန် အားလုံး တောင်ယာစိုက်ခင်းများ ရှိရာသို့သွားကာ အလုပ်လုပ်ကြရသည်။ အသက်(၁၀)နှစ်ကျော်သည့် ကလေးတိုင်း မိဘများနှင့်အတူ တောင်ယာအလုပ်များကို တတ်နိုင်သလောက် ဝင်ရောက်လုပ်ကိုင်ပေးကြရသည်။

ထို့ထက်ငယ်ရွယ်သော ကလေးများကိုတော့ မိဘများက



www.burmeseclassic.com

www.burmeseclassic.com

# တို့စကြ

အမ်းမိုး၍သော်လည်းကောင်း အဝတ်ဖြင့် သိုင်းလွှယ်၍သော်လည်း ကောင်း သယ်ယူသွားကြပြီး အလုပ်လုပ်သောနေရာ ရောက်သည် နှင့် သင့်တော်သောနေရာ၌ ထားကြရသည်။

နေ့လည်စာကိုတော့ တောင်ယာအတွင်းမှာပင် ရှာဖွေရ ရှိသော သင့်လျော်သည့် အစားအသောက်များကိုပင် အဆာပြေ ချက်ပြုတ်စားသောက်ကြသည်။

တောင်ယာအလုပ်မလုပ်ရသည့်အခါ ပင်ပင်ပန်းပန်း မရှိ ကြသဖြင့် နေ့လည်စာကိုတကူးတက ချက်ပြုတ်စားသောက်ခြင်း မရှိကြပေ။ တောင်ယာထဲမှာရှိသော သခွားသီး၊ ပိန်းဥ၊ မျောက်ဥ စသည်တို့ကိုသာ အဆာပြေစားသောက်ကြသည်။

တောင်ယာတွင် တစ်နေကုန် ပင်ပင်ပန်းပန်းအလုပ်လုပ် ကြပြီး နေဝင်ချိန်ရောက်မှ ရွာသို့ ပြန်လာကြသည်။

နေအိမ်သို့ ပြန်ရောက်သည်နှင့် မိုးချုပ်စ ပြုနေပေပြီ။

ထိုအချိန်ရောက်မှ ညစာအဖြစ် အိမ်မှာရှိသော အစားအ သောက်များကို ချက်ပြုတ်စားသောက်ကြသည်။

အမဲလိုက်၍ အမဲကောင်များရလာပါက ပါလာသောအ သားများကို ပြုတ်၍သော်လည်းကောင်း၊ မီးကင်၍သော်လည်း ကောင်း၊ ပြုလုပ်စားသောက်ကြသည်။ အများအားဖြင့်တော့ အ လွယ်တကူပြုလုပ်နိုင်သည့် မီးကင်ပြီး စားကြသည်။

မီးကင်ရာမှာလည်း အသားကျက်သည်အထိ စောင့်နေ သည်တော့ မဟုတ်ပေ။ မီးပူရုံ အသားနွေးရုံလောက်သာကင်ပြီး သွေးသံရဲရဲနှင့်ပင် စားကြခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



အစိမ်းသာသာရှိသေးသော အသားတုံးများကို ကိုက်ဖဲ့စားသောက်ကြခြင်းသာ ဖြစ်သည်။

အကယ်၍ အေးအေးဆေးဆေး ချက်ပြုတ်ရန် အချိန်ရလျှင်တော့ ငရုတ်သီး၊ ဆားတို့ဖြင့် ရောနှောနယ်ကာ ရေဖြင့်နူးအောင် ချက်ပြုတ်ပြီးမှ စားသောက်ကြသည်။

၎င်းတို့နေကြသော နေရာမှာ မြေပြန့်ဒေသများမှာ နေထိုင်သကဲ့သို့ တစ်အိမ်နှင့်တစ်အိမ် နီးကပ်စွာမရှိပဲ ဝေးကြသဖြင့် ညအချိန်ရောက်လျှင် တစ်အိမ်နှင့်တစ်အိမ် တစ်နေရာနှင့် တစ်နေရာ သွားလာလည်ပတ်ခြင်းမရှိပဲ စားသောက်ပြီးသည်နှင့် အိပ်ယာဝင်ကြလေသည်။

အထက်၌ ရေးသားဖော်ပြခဲ့သော အကြောင်းအရာတို့မှာ ရေခဲဖုံးနေသော မြောက်ဖျားဒေသတွင် နေထိုင်ကြသူတို့၏ ခက်ထန်ကြမ်းတမ်းသော ဘဝပုံရိပ်အချို့ပင်ဖြစ်သည်။

ကချင်ပြည်နယ်အတွင်းမှာရှိသော အချို့ရွာများမှာ လူသူမနီးလှပေ။ ထို့ပြင် နေထိုင်သူ လူဦးရေလည်း မများပေ။

သို့သော် မြန်မာနိုင်ငံ၏ မြောက်ဖျားဒေသ နောက်ဆုံးတွေ့ရသောရွာအဖြစ် (၁၉၅၀ ခုနှစ်ဝန်းကျင်)တွေ့ရသော တဟောင်ဒမ်းရွာတစ်ပိုက်မှာတော့ အိမ်ခြေ(၂၀)ကျော်ခန့်ရှိပြီး အတော်အတန်ကြီးသော ရွာဟုပြော၍ ရပေသည်။ ထိုရွာကို တိဗက်သူကြီးက စီမံအုပ်ချုပ်လေသည်။ နာမည်မှာ ဆန်ဒရု ဖြစ်သည်။

၎င်းသည်ထိုရွာကို စတင်တည်ထောင်သော မျိုးနွယ်စုများတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး အားလုံးက လေးစားရသည့်



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီးတစ်ဦးလည်းဖြစ်၏။

ထိုရွာတွင်နေထိုင်သူ လူဦးရေများသလို လူမျိုးကွဲများလည်းရှိကြသည်။ အများစုကတော့ တရုတ်လူမျိုးတို့ ဖြစ်ကြပြီး ရဝမ်၊ တိဗက်၊ ကချင်၊ ခန္တီး၊ ရှမ်း၊ ထလုံ စသောလူမျိုးတို့လည်း ရောနှော၍နေထိုင်ကြသည်။

တပေါင်ဒမ်ရွာတည်ခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်သော်လည်း မည်သည့်အန္တရာယ်မျိုးမှ ထူးထူးခြားခြားမတွေ့ခဲ့ကြရပေ။

တောင်ပေါ်တက်သူ အမဲလိုက်သူတို့ တောကောင်များနှင့်တွေ့ရပြီး အသက်သေဆုံးမှုမျိုးတော့ ရှိသည်။ သို့သော်လည်း ဒါက ထူးဆန်းလှသည်တော့ မဟုတ်ပေ။

သို့သော် ယခုရက်ပိုင်း လပိုင်းမှာတော့ ထူးခြားမှုများဖြစ်ပေါ်လာခဲ့လေသည်။

လပြည့်လကွယ်ရက်များ ရောက်လာလျှင် တောင်များပေါ်မှသော်လည်းကောင်း၊ သစ်တောများအတွင်းမှ သော်လည်းကောင်း ကြောင်အော်သံများ ပေါ်ထွက်လာတတ်သည်။

တောထဲတွင်ကျားသစ်နှင့်တူသော တောကြောင်များရှိသဖြင့် ကြောင်အော်သံများ ကြားရသည်ကတော့ အဆန်းမဟုတ်ပေ။

ထူးခြားသော အချက်မှာ ကြောင်အော်သံများမှာ တစ်နေရာတည်းမှကြားရခြင်းမျိုး မဟုတ်ပဲ နေရာအနှံ့မှ ကြားရခြင်းဖြစ်သောကြောင့် ထူးဆန်းသလိုတော့ ဖြစ်နေသည်။

အချို့လည်းမိမိတို့ ပိုင်ဆိုင်သော ကျွဲနွားဘိရိစ္ဆာန်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



တောတိရိစ္ဆာန်များ ဝင်ရောက်ဆွဲမည်ထင်သဖြင့် စိတ်မချနိုင်ပဲ ရှိကြသဖြင့် ထကြည့်ကြသည်။

ထိုအခါမျိုးတွင် လရောင်ဆမ်းထားသော တောင်တန်းပေါ်တွင် တစ်နေရာမှတစ်နေရာ ကူးသန်းသွားသော ကြောင်နက်အချို့ကို လှမ်းမြင်ကြရသည်။

သို့ကြောင့် ရွာသားအချင်းချင်း တွေ့သည့်အခါ ပြောဆိုကြသည်။

"ညဘက်ရောက်ရင် ကြောင်အော်သံတွေ အများကြီး ကြားရတယ်"

"ဟုတ်တယ်၊ အော်သံ ကြားရရုံမကဘူး၊ တောင်ပေါ်မှာ တစ်နေရာက တစ်နေရာ သွားလာနေကြတဲ့ ကြောင်နက်တွေကိုပါ တွေ့ရတယ်"

"တောခွေးတွေက အုပ်စုလိုက်နေတာကတော့ ထားပါတော့၊ ကြောင်တွေကတော့ အုပ်စုလိုက်နေလေ့မရှိပါဘူး၊ နည်းနည်းတော့ ထူးဆန်းသလိုပဲ"

"ငါ ကြားဖူးတာကတော့ ကြောင်နက်ဆိုတာနတ်ဆိုးတွေရဲ့ စေတမန်လို့ ပြောကြတယ်၊ မကောင်းဆိုးဝါးတွေကလည်း ကြောင်နက်ယောင်ဆောင်လာပြီး ဒုက္ခပေးတတ်တယ်လို့ ပြောသံ ကြားတယ်"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ နတ်တွေက ပူဇော်ပသတာတွေ မကျေနပ်လို့လာပြီး ခြောက်လှန့်နေတာလား"

"ငါလည်းမသိဘူး၊ သူ့ကိုပြောပြပြီး တစ်ခုခုလုပ်ကြရင်



www.burmeseclassic.com

www.burmeseclassic.com



တောင်းမယ်"

ဟု ပြောဆိုကာ တိဗက်သူကြီး ဆန်ခရုအား သွာရောက်ပြောပြကြသည်။

"ငါလည်း ဒီအရပ်မှာနေလာတာ တစ်သက်ဆိုပါတော့ ကြောင်တွေရော ကျားတွေရော အများကြီး တွေ့ဖူးပါရဲ့၊ ဒါပေမယ့် အခုလိုကြောင်တွေ အများကြီးအော်သံမျိုးတော့ မကြားဖူးသေးဖူး။ ဟိမဝန္တာဘက်က တောကြောင်တွေများ အုပ်စုလိုက်ဒီဘက်နယ်ကို ရောက်လာကြတာလား မသိဘူး"

"ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"တခြားအန္တရာယ်ရှိနိုင်တဲ့ တိရစ္ဆာန်မျိုးတွေမှ မဟုတ်တာကွာ၊ ကြောင်တွေပဲ သူ့ဖာသာအော်တာပဲ အော်ပစေပေါ့"

ထိုသို့ပြောသဖြင့် နောက်ထပ်ဘာမှမပြောကြပဲ ပြန်လာကြသည်။ နေ့အချိန်များတွင် တောင်ပေါ်တက်၊ တောထဲဝင်သူများက အော်သံကြားသော တောင်ကြောင်များကို တွေ့လိုတွေ့ငြား လိုက်လံကြည့်ကြသော်လည်း တစ်ကောင်တစ်လေမှပင် မတွေ့ရပေ။

အချို့လည်းမြောက်ဖျားဘက်တွင်ရှိသော အယ်လ်ပိုင်းသစ်တောများအထိ သွားရောက်ကာ အဖော်အပေါင်းများနှင့် ဝင်ရောက်ကြည့်ရှုကြသည်။

အစအနပင်မတွေ့ရပေ။

နောက်တစ်ရက်မှာတော့ ဂန်လန်ရာဇီ တောင်ခြေဘက်မှ ပြန်လာသော မုဆိုးတစ်ကောင်က ၎င်းတွေ့ကြုံခဲ့ရသော အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အပျက်တစ်ခုကို ရွာလူကြီးအားလာပြောပြသည်။

မုဆိုးအမည်မှာ ထောလန်ဖြစ်ပြီး မုဆိုးအလုပ်အပြင် လမ်းပြအဖြစ်လာခေါ်လျှင်လည်း လိုက်ပေးသူဖြစ်၏။ ခါကာဘိုရာဇီတောင်အထိ လမ်းပြလိုက်ပေးဖူးပြီး မြောက်ပိုင်းနယ်တကြောမှာတော့ သူ့လောက်လမ်းပြကျွမ်းကျင်သူ မရှိဟုလည်း ကြွေးကြော်ထားသူဖြစ်သည်။

မုဆိုးထော်လန်က ပြောသည်။

"ငါ ခါကာဘိုရာဇီဘက်ကို သွားချင်တဲ့ လူသုံးယောက်က ခေါ်လို့ လမ်းပြလိုက်သွားခဲ့တယ်၊ ဂန်လန်ရာဇီ တောင်ကြားတစ်နေရာရောက်တော့ ထူးဆန်းတာတွေ့ခဲ့ရတယ်"

"ဘယ်လိုထူးဆန်းတာလဲ"

"ညဘက်ဂူတစ်ဂူထဲမှာ စခန်းချနေတုန်း ကြောင်တွေအော်သံ အများကြီးကြားရတယ်"

"ဟင် ဒီမှာလည်း ကြားနေရတာပဲ"

"ဒါထက် ထွက်ကြည့်တော့ ကြောင်နက်ကြီးတွေလည်း အများကြီးတွေ့ရတယ်၊ ကျားနက်ကြီးလည်းတွေ့ခဲ့ရတယ်"

"အတော်ဆန်းပါလား"

"နောက်တစ်နေ့ရောက်တော့ မိန်းမသုံးလေးယောက်ကို အဲဒီနေရာတစ်ဝိုက်မှာ တွေ့ရတယ်"

"လူတွေမှဟုတ်ရဲ့လား ထောလန်ရယ်"

"ငါလည်းမသိဘူး၊ နောက်တစ်ညရောက်တော့ လူလိုင်ပုံဘီရိုဆွာန်လိုလို သတ္တဝါတွေရောက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်းစကားကလည်းရှုတ်လိုက်တာ၊ လူဖြင့်လူ၊ တိရိစ္ဆာန်ဖြင့် တိရိစ္ဆာန်ပေါ့"

"တိရိစ္ဆာန်လည်းမဟုတ်၊ လူလည်းမဟုတ်ဘူးဗျ၊ ငါလည်းတောထဲသွားလာနေတာ ကြာပြီ၊ ဒီလိုတိရိစ္ဆာန်မျိုးတွေ တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးဘူး"

"ဆက်ပြောပါဦး"

"အဲဒီတိရိစ္ဆာန်တွေနဲ့အတူ မိန်းမတစ်ယောက်လည်း ပါလာသေးတယ်၊ အဲဒီမိန်းမက ရုပ်ချောသလောက် ကျားတစ်ကောင်လို ကြောက်စရာကောင်းတယ်"

"ရောက်လာပြီးဘာလုပ်ကြသလဲ"

"ငါ့ကိုထားခဲ့ပြီး ဟိုလူသုံးယောက်ကို ဖမ်းသွားပါလေရော"

"သူတို့က မြို့ကလာကြတာမဟုတ်လား၊ သေနတ်တွေ မပါဘူးလား၊ မပစ်ဘူးလား"

"ဘယ်နေပါ့မလဲ ပစ်တာပေါ့၊ ကျည်ဆံတစ်ချက်မှ မထွက်ဘူး"

"အံ့သြစရာပါလား၊ ငါတို့ ရွာဘက်တွေမှာလည်း လမိုက်ညတွေရောက်ရင် ကြောင်အော်သံတွေ ကြားရတယ်၊ မင်းပြောတဲ့ လူလိုလို တိရိစ္ဆာန်လိုလို သတ္တဝါတွေများ ရောက်လာဦးမလား မသိဘူးကွာ"

"သတိတော့ထားပေါ့"

မုဆိုးထော်လန်ထံမှ ထိုအကြောင်းကို သိရပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် တိဗက်လူကြီးဆန်ဒရက တယောင်ဒမ်းရွာမှာနေကြသူများကိုခေါ်ပြီး သတိပေးထားသည်။

ညဘက်အကြောင်းမရှိပဲ အပြင်မသွားရန်နှင့် ညအချိန်များတွင် သတိဝီရိယဖြင့် နေထိုင်ကြရန် မှာကြားထားသည်။

တစ်ညမှာတော့ တောဘက်မှ ကြောင်အော်သံများ ကြားကြရပြီးနောက် ရွာအစွန်ဘက်မှာရှိသော တဲတစ်တဲမှ စူးစူးဝါးဝါး အော်သံတစ်ချက် ကြားလိုက်ရသည်။

နောက်တော့ အော်သံက ပျောက်သွားလေသည်။

အခြားတဲများမှာ နေထိုင်ကြသူများကတော့ ကြောက်ရွံ့သဖြင့် အပြင်မထွက်ပဲနေကြလေသည်။

နောက်တစ်နေ့ ရောက်တော့မှ အသံကြားရသော တဲဘက်သို့သွားပြီး အကျိုးအကြောင်းမေးကြည့်ရသည်။

"ကျွန်မယောကျ်ား လောင်းဖုံ မရှိတော့ဘူး"

"ဘယ်ရောက်သွားပြီလဲ"

"ညက ကြောင်အော်သံတွေကြားတော့ တောကြောင်ပစ်ဖို့ တူမီးသေနတ်ယူပြီး အပြင်ဘက်ထွက်သွားတယ်၊ သိပ်မကြာဘူး သူအော်တဲ့အသံပဲ ကြားလိုက်ရတယ်၊ ပြန်မရောက်လာတော့ဘူး"

"တယ်မိုက်သကိုး၊ ငါ အတန်တန် မှာထားရက်နဲ့"

ထိုသို့ပြောပြီး ရွာသားအချို့နှင့် ထိုနေရာတစ်ဝိုက် လိုက်ကြည့်တော့ တူမီးသေနတ်ကိုသာ တွေ့ရပြီး လူကိုတော့ မတွေ့ရတော့ပေ။

နံနက်ပိုင်းအချိန် နှင်းကျတာများသောကြောင့် ခြေရာ



www.burmeseclassic.com

www.burmeseclassic.com



သတ်ရာများကိုတော့ ဘာမှ မတွေ့ရတော့ပေ။

သို့ကြောင့် လိုက်မရှာတော့ပဲ မိမိတဲများသို့ ပြန်လာကြ လေသည်။

ယခင်က အေးအေးချမ်းချမ်းနေခဲ့ကြသော တပေါင် ဒမ်းရွာကလေးမှာ ယခုတော့ ထိတ်လန့်ကြောက် ရွံ့ဖွယ်ရာများနှင့် စတင်ကြုံတွေ့လာရပြီ ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

# ဂန်လန်ရာဇိမ္ ဿားရဲတွင်း

တပေါင်ဒမ်းရွာတစ်ဝိုက်တွင် ညအချိန်ရောက်လာသည့်အခါ တောကြောင်အော်သံများ ကြားရသည်ဆိုသော သတင်းက တောမီးလောင်သကဲ့သို့ပင် အနီးတစ်ဝိုက်မှာရှိကြသော ရွာများသို့ ပြန့်နှံ့သွားလေသည်။

တစ်ဆင့်စကားတစ်ဆင့်ပွားပြီး အတော်အသင့်ဝေးသော ဘားရွာ၊ စိန့်ဂူးဝမ် စသောရွာများကပင် သတင်းကြားကြရသည်။

သို့သော် အမှုမဲ့သာ နေကြရုံသာမကပဲ အချို့က ကြောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တောထဲမှာနေတာ တောကြောင်အော်သံကြားတာများ အဆန်းလုပ်လို့ကွာ"

ထိုသို့ ပြောသူများပင် နောက်ထပ် သတင်းတစ်ခု ကြားရသောအခါ မျက်လုံးပြူးသွားကြသည်။

"တောကြောင်တွေ ဝင်သတ်လို့ တပေါင်ဒမ်း ရွာသား တစ်ယောက် သေသွားတယ်လို့ ပြောသံကြားတယ်"

"ဟင် တောကြောင်က လူသတ်တယ်လို့မကြားမိပါဘူး ဘယ်လိုတောကြောင်မျိုးလဲ"

ထိုသို့အမျိုးမျိုးပြောဆိုနေကြရင်းမှ နောက်ထပ်သတင်းများ အဆက်မပြတ် ကြားလာကြရတော့သည်။

တစောင်ဒမ်း ရွာများသာမကတော့ပဲ အခြားရွာများမှာလည်း တောကြောင်အော်သံများ ကြားရခြင်း ထူးထူးဆန်းဆန်း လူအသေအပျောက်ဖြစ်ခြင်းများ ရှိလာကြလေသည်။ ထိုသို့ဖြစ်လာတော့မှ အချင်းချင်းဆွေးနွေးတိုင်ပင်ကာ ထိုအန္တရာယ်များကို တိုက်ခိုက်နှိမ်နင်းရန် ပြင်ဆင်ကြသည်။

မြောက်ဖျားဒေသတွင် နေကြသူတို့မှာ အများအားဖြင့်တော့ တောနှင့်နီးသောနေရာ တောင်နှင့်နီးသော နေရာများ၌သာ အနေများကြလေသည်။

အချို့ရွာများမှာ နေထိုင်ကြသည့် လူငယ်လူရွယ်များက တော့ ရွာအနီးပတ်လည်တွင် ထောင်ချောက်များ သုတ်ကိုင်းများ ကတော့ ရွာအနီးပတ်လည်တွင် ထောင်ချောက်များ၊ သုတ်ကိုင်း


www.burmeseclassic.com

www.burmeseclassic.com



များ သံညှပ်များ ဆင်ထားကြသည်။

ရွာသူရွာသားများကိုလည်း နေဝင်သည်နှင့် အပြင်မ ထွက်ကြရန် သတိပေးထားကြသည်။

တဖွန်းဒမ်းရွာသည် နေထိုင်သော လူဦးရေ များသလို ဘက်တက်ကြွကြွလုပ်နိုင်သော မုဆိုးများလည်း ရှိကြသည်။

လူငယ်ခေါင်းဆောင် "ဝွန်ဘို" ခေါင်းဆောင်သော အဖွဲ့ တစ်ဖွဲ့လည်းရှိသည်။ အားလုံး တောတောင်နှင့် ပတ်သက်သူ များ ဖြစ်ကြသည်။

ယခုတလော တဖွန်ဒမ်းရွာနှင့် နီးသောတောများထဲတွင် ညဉ့်အချိန်ရောက်လာသည်နှင့် တောကြောင်အော်သံများ မကြာ ခဏ ကြားလာရသည်။ ထိုမျှမကပဲ နေဝင်ရီတရော အချိန်ရောက်မှ တောင်ယာမှပြန်လာသော လူတစ်ယောက် ပျောက်သွားသည်။

အချိန်တန်၍ ပြန်ရောက်မလာတော့မှ လူစုပြီး လိုက်လံ ရှာဖွေကြသော်လည်း မတွေ့ရတော့ပေ။

"ဘယ်ပျောက်သွားတာလဲ၊ တောကြောင်တွေကတော့ လူ တစ်ယောက်ကို ကိုက်ချီမသွားနိုင်ပါဘူး"

"အဲဒါက အရေးမကြီးဘူး၊ ဒီပုံအတိုင်းဆိုရင် နောက်ထပ် အန္တရာယ်တွေ ရောက်လာနိုင်သေးတယ်၊ ဘယ်လိုရင်ကောင်းမ လဲ"

ဟု တစ်ယောက်က မေးသည်။

"တချို့ရွာတွေမှာတော့ အန္တရာယ်ကောင်တွေ အနား ကပ်နိုင်အောင် ထောင်ချောက်တွေ သုတ်ကိုင်းတွေ သံညှပ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထားကြတယ်၊ ငါတို့လည်း အဲသည်လိုလုပ်ကြရမယ်"

"ဒါ့အပြင် ညဘက်တွေမှာ အလှည့်ကျစောင့်ကြည့်ရင်ကော မကောင်းဘူးလား"

"ဒါလည်း ကောင်းတာပဲ၊ ငါတို့လုပ်ကြတာပေါ့"

ဟုပြောဆိုကာ ဝွန်ဘိုခေါင်းဆောင်သော လူငယ်လူရွယ်များတို့သည် တဖွှန်ဒမ်းရွာနှင့် မနီးမဝေးနေရာများတွင် အမဲထောင်ရာတွင် အသုံးပြုသော ထောင်ချောက်များ၊ သုတ်ကိုင်းများ သံညှပ်များ အဆင့်ဆင့် ထောင်ထားကြသည်။

ထိုသို့ထောင်ထားကြသည်ကိုလည်း ရွာသူရွာသားအားလုံးတို့အား အသိပေးထားသည်။

ထောင်ချောက်ပြုလုပ်ထားသော နေရာများမှာလည်း အမှတ်အသားပြထားကြသည်။

ညအချိန်ရောက်တော့ ဝွန်ဘိုခေါင်းဆောင်သော လူရွယ်ငါးယောက်တို့သည် တူမီးသေနတ်၊ လေးမြားလက်နက်၊ ဓားလုံစသည်တို့ အသင့်ကိုင်ဆောင်ပြီး သင့်တော်သောနေရာမှ စောင့်ကြည့်ကြသည်။

ထိုညက လကွယ်ည ဖြစ်သောကြောင့် လရောင်မရှိပေသို့သော်လည်း ကောင်းကင်မှအလင်းရောင်အချို့ကြောင့် ပတ်ဝန်းကျင်ကိုတော့ ဝိုးတဝါးဖြစ်နိုင်သည်။

ဝွန်ဘိုခေါင်းဆောင်သော လူငယ်လူရွယ်ငါးယောက်တို့ကတော့ သေနတ်စသော လက်နက်များကို အဆင်သင့်ကိုင်ထားရင်းမှ စိတ်အားထက်သန်စွာဖြင့် စောင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဦးနက်ပိုင်းရောက်တော့ တောင်တန်းများပေါ်မှ တောခွေးအူသံများကြားရသည်။ အတန်ကြာတော့ ထိုအူသံများ ပျောက်သွားသည်။

မရှေးမနှောင်းမှာပင် တောကြောင်များ အော်သံများ ကြားကြရသည်။ ထို့ကြောင့် လူငယ်ငါးယောက်တို့မှာ အသံကြားရသောနေရာဘက်သို့ ကြည့်နေကြသည်။

ကြောင်အော်သံများက တဖြည်းဖြည်းနီးလာသည်။

နှင်းတောထဲမှာ လှုပ်ရှားသွားလာနေသော တောကြောင်များကို ဝိုးတဝါးလှမ်းမြင်ကြရသည်။ နေရာက မဝေးလှသောကြောင့် နှင်းသားပြင်ပေါ်မှာ ပြေးလွှားနေသော တောကြောင်ကြီးများကို သေသေချာချာလှမ်းမြင်ကြရသည်။

အကောင်အရွယ်အစားကတော့ မကြီးလှပေ။

အိမ်မွေးကြောင်များထက် နည်းနည်းပိုကြီးသော ကြောင်နက်ကြီးများပင် ဖြစ်သည်။

"ကြောင်နက်တွေပါလား၊ ကြားဖူးတာကတော့ ကြောင်နက်ဆိုတာ မိစ္ဆာနတ်ဆိုးတွေစေလွှတ်တဲ့ တမန်တော်တွေလို့ ပြောကြတယ်"

"ဟုတ်နိုင်တယ်၊ သာမန်တောကြောင်တွေတော့ ဟုတ်ပုံမထင်ဘူး၊ ကြောင်နက်ဆိုတာ တစ်ခါတစ်လေမှသာ တွေ့ရလေ့ရှိတဲ့ သတ္တဝါမျိုးပဲ၊ နောက်ပြီးကြောင်နက်တွေမှာ အမြှုတေရှိတယ်လို့ ငါကြားဖူးတယ်"

"ကြောင်နက်အမြှုတေက သေနတ်မီးမကူးဘူး၊ သိဒ္ဓိရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမယ့် ရှားတယ် ရဖို့မလွယ်ဘူး"

"ဒီကြောင်နက်တွေထဲမှာ အမြုတေအနက်ပါတဲ့ကြောင် ပါချင်ပါမှာပေါ့"

"ဒီလောက်အများကြီး ဘယ်လိုသိမှာလဲ"

"တူမီးသေနတ်နဲ့ ပစ်ကြည့်မှာပေါ့၊ ကျည်မထွက်တဲ့ ကြောင်မှာ အမြုတေပါလို့ ဖြစ်မှာပေါ့"

"ဟန်ကျပြီ၊ အမြုတေရအောင် တစ်ကောင်ချင်း လိုက်ပစ်ကြည့်ရမယ်"

ထိုသို့အချင်းချင်းပြောနေကြရာ ဝွန်ဘိုက ဝင်ပြောလိုက်သည်။

"တိတ်တိတ်နေကြပါဟ...၊ မင်းတို့အသံတွေကြားလို့ ကြောင်တွေက ထွက်ပြေးသွားပါဦးမယ်"

"ဘယ်ကြောင်မှာ အမြုတေပါသလဲ သိရအောင် သေနတ်နဲ့ ပစ်ကြည့်မလို့ကွ"

"မင်းတော်တော် စိတ်ကူးနည်းတာပဲ၊ သေနတ်နဲ့ပစ်လို့ မရတဲ့ကြောင်ကို ဘယ်သေနတ်နဲ့ ပစ်ဖမ်းမှာလဲ"

ထိုသို့ပြောတော့မှ ကျန်လေးယောက်မှာ ပါးစပ်ပိတ်သွားကြလေတော့သည်။

ထိုကဲ့သို့ပြောဆိုနေစဉ် ကြောင်အော်သံများက တဖြည်းဖြည်းနီးလာပြီး ကြောင်နက်ကြီးများက သူတို့နှင့်နီးသောနေရာသို့ ရောက်လာကြလေပြီ။

"ဘယ်လိုလုပ်မလဲ ဝွန်ဘို"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကြောင်နက်တွေကို လူတစ်ယောက်ကိုသေအောင် သတ်နိုင်မယ်မထင်ဘူး၊ ဘာပဲဖြစ်ဖြစ် ငါတို့ အပြင်ဘက်ထွက်ကြ ရအောင်၊ အရေးအကြောင်းကြုံလာရင် လက်မနှေးကြစေနဲ့နော်"

"စိတ်ချစမ်းပါ"

ထိုသို့ပြောဆိုတိုင်ပင်ပြီး ငါးယောက်သား ပုန်းအောင်း နေရာမှ အပြင်ဘက်ထွက်လိုက်ကြသည်။ သူတို့အပြင်ဘက်ရောက် လာတော့ ကြောင်အော်သံများ ပျောက်သွားသလို ကြောင်များက လည်း နီးစပ်ရာဝါးတောများအတွင်းသို့ ဝင်ပြေးသွားကြလေတော့ သည်။

"ငါမပြောဘူးလား၊ ဒီကြောင်တွေက အန္တရာယ်ပေးနိုင်တဲ့ ကြောင်တွေ မဟုတ်နိုင်ပါဘူးလို့"

ငွန်ဘိုက ပြောလိုက်သည်။

မကြာခင်မှာပင် သူထင်တာနှင့် တခြားစီဖြစ်နေကြောင်း တွေ့ရလေတော့သည်။ သူတို့ကြည့်နေစဉ်မှာပင် ဝါးရုံတောအ တွင်းမှ အမျိုးသမီးတစ်ယောက်ထွက်လာသည်။

တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားပြီး ဆံပင်ဖားလျားချထားသော အမျိုးသမီးဖြစ်သည်။

ထိုအမျိုးသမီးမြင်တော့ ငါးယောက်စလုံး အံ့သြသွားကြ သည်။

"ဘယ်ကရောက်လာတဲ့ မိန်းမလဲ"

"ဘယ်သိပ့်မလဲ၊ ဝါးရုံတောထဲက ထွက်လာတာ မမြင်ဘူး လား၊ ငါတို့ရွာကတော့ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး သူ့ရုပ်က ဒေသခံရုပ်တွေနဲ့လည်းသိပ်မတူဘူး ဒီအချိန်မျိုးမှာ တစ်ယောက်တည်းတွေ့ရပုံထောက်တော့ လူတော့ဟုတ်နိုင်ဘူးဘယ်လိုလုပ်ကြမလဲ"

"လူဟုတ်မဟုတ် သေနတ်နဲ့ စမ်းကြည့်တာပေါ့"

"သေအောင်မပစ်နဲ့ အမှုပတ်နေဦးမယ်"

ထိုသို့ပြောဆိုပြီး ဝွန်ဘိုက ၎င်းမှာပါလာသော တူမီးသေနတ်ဖြင့် ချိန်ပြီးပစ်သည်။

"ချောက်..ချောက်"

"ဟင်..ကျည်ဆံမထွက်ဘူး"

"သိပ်အေးလို့ မီးမကူးတာများလား"

စိတ်မကျေနပ်သဖြင့် နောက်ထပ်ပစ်သည်။

"ချောက်..ချောက်"

"ဟင်..ကျည်ဆံမထွက်ဘူး"

"သိပ်အေးလို့မီးမကူးတာများလား"

စိတ်မကျေနပ်သဖြင့် နောက်ထပ်ပစ်သည်။

"ချောက်..ချောက်"

နောက်တစ်ကြိမ်ကြိုးစားကြည့်တော့လည်းမရပြန် ပေ။

"သေနတ်နဲ့ ပစ်လို့မရရင် မြားနဲ့ပစ်မယ်"

ဟု ပြောပြောဆိုဆိုနှင့် တစ်ယောက်က ဒူးလေးကို မြားတပ်ပြီးပစ်သည်။

"ဒေါင်"ခနဲမြည်သံနှင့် မြားတံက ထွက်သွားလေသည်။

တစ်နေရာနှင့် တစ်နေရာ မဝေးလှသောကြောင့် မြားတံ



www.burmeseclassic.com

www.burmeseclassic.com



က ရပ်နေသော အမျိုးသမီးရှိရာသို့ တန်းတန်းမတ်မတ် ဝင်သွား လေတော့သည်။

မြားချက်ထိသွားဟန်ဖြင့် ဝါးတောထဲသို့ လဲကျသွားသည် ကို လှမ်းမြင်လိုက်ရသည်။

"ဟင်း...ဘာတတ်နိုင်သေးလဲ"

ဟုဒူးလေးပစ်သူက ကြိမ်းဝါးလိုက်သည်။

"ငါအဆိပ်ပါတဲ့ မြားနဲ့ပစ်လိုက်တာ သေပြီထင်တယ်၊ လာသွားကြည့်ကြရအောင်"

ဟု ပြောဆိုတိုင်ပင်ပြီး လက်နက်များကိုအဆင်သင့်ကိုင် ကာ ထိုနေရာသို့ သွားကြည့်ကြသည်။ ဝါးတောစပ်ရောက်တော့ စောစောက လဲကျသွားသော အမျိုးသမီးကိုမတွေ့ကြရတော့။

"ဘယ်ရောက်သွားပြီလဲ"

"ဒဏ်ရာရလို့ ဝါးတောထဲ ဝင်ပြေးသွားလို့ ဖြစ်မှာပေါ့"

ထိုသို့ပြောပြီး ဒူးလေးဖြင့်ပစ်သူက ဒူးလေးကို ပုခုံးမှာ လွယ်ပြီး ဝါးတောစပ်သို့ဝင်ပြီး မီးရောင်ဖြင့် ထိုးကြည့်လေသည်။

"အထဲသိပ်မဝင်နဲ့"

နောက်လှမ်း သတိပေးလိုက်သေးသည်။ သို့သော် မီး ရောင်ဖြင့် ထူးခြားသောအရာကို မြင်သဖြင့် တိုးဝင်ကြည့်လိုက် သည်။ သူတွေ့ရသည်က ဝါးတောအတွင်းမှ သူ့ကိုစိုက်ကြည့်နေ သော မျက်နှာတစ်ခုပင်ဖြစ်လေသည်။

လူမျက်နှာတော့ မဟုတ်ပေ။

နက်မှောင်နေသော ကျားနက်တစ်ကောင်၏ ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းကြီးပင်ဖြစ်၏။ မီးရောင်ဖြင့် ထိလိုက်သောအခါ မျက်လုံးနှစ်လုံးက ဟသ်ာပြဒါးကဲ့သို့ နီရဲနေတော့သည်။ ထိုအခြေအနေကိုမြင်တော့မှ ရှေ့ဆုံးရောက်နေသူက မီးကို ချက်ချင်းပိတ်ပြီး နောက်ကြောင်းပြန်ထွက်ရန် ကြိုးစားလေသည်။

သို့သော် သူ့အတွက်အခွင့်အရေး မရတော့ပေ။

ဝါးတောအတွင်းမှ ခုန်ထွက်လာသော ကျားနက်ကြီးက ထိုသူ၏လည်ဂုတ်ကိုကိုက်ချီလျက် နောက်ကြောင်းသို့ ပြန်ခုန်ထွက်သွားလေတော့သည်။

"အား...ငါ့ကိုကယ်ကြပါဦး"

ထိုအော်သံကြောင့် ကျန်အဖော်လေးယောက်က ဓားလုံများကိုင်ပြီး ကယ်တင်ရန်ကြိုးစားကြသည်။ သို့သော်အချိန်မမီတော့ပေ။

သူတို့ ဝင်လိုက်သွားသော အချိန်မှာ ကျားနက်ကြီးက ဝါးတောအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားပေတော့သည်။

ဝါးတောကြီးတစ်တောလုံး အမှောင်ရိပ်များဖုံးနေသောကြောင့် ကျန်လေးယောက်လည်း ဆက်မလိုက်ဝံ့ကြတော့ပေ။

နောက်တစ်နေ့ မိုးလင်းတော့မှ ရွာလူကြီးကို အကျိုးအကြောင်းပြောပြကြရသည်။

"ခွန်ဂျာတစ်ယောက်တော့ ပါသွားပြီ"

"ဘယ်လိုပါသွားတာလဲ"

ဝွန်ဘိုက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။

"ဒါဖြင့် ရွာသားတွေ စုပြီးလိုက်ကြရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ရွာလူကြီးကပင် ဦးဆောင်ပြီး ရွာသူရွာသားများပါ တပါတည်းခေါ်ကာ လိုက်လံရှာဖွေကြလေသည်။

၎င်းတို့တွင်တူးမီးသေနတ်အပါအဝင် အခြားလက်နက်များလည်းပါကြသည်။

ထိုအရပ်ဒေသမှာ နှင်းကျဆင်းမှု များသောကြောင့် ခြေရာလက်ရာများကို ဘယ်လိုမှရှာမတွေ့နိုင်ပဲ ရှိလေသည်။

ဤသို့ဖြင့် နှင်းပါးသော အချိန်ကိုစောင့်ရင်း တဖြည်းဖြည်းသွားကြရာ ဂန်လန်ရာဇီ တောင်ခြေအထိ ရောက်သွားကြလေသည်။

ဂန်လန်ရာဇီတောင်မှာ ပေပေါင်း"၁၉၁၄၂"ပေမြင့်ပြီး မြန်မာနိုင်ငံအတွင်းရှိ တောင်များအနက် ဒုတိယအမြင့်ဆုံး တောင်တစ်တောင်ဖြစ်၏။ အမြင့်ဆုံးတောင်မှာ ပေပေါင်း"၁၉၂၆၉"ပေမြင့်သော ခါကာဘိုရာဇီ တောင်ပင်ဖြစ်သည်။

ဂန်လန်ရာဇီတောင်တစ်ဝိုက်ကတော့ လူသူအရောက်အပေါက်နည်းသောနေရာဖြစ်သည်။

ထိုနေရာတစ်ဝိုက်သို့ ရောက်သောအခါ ပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံကြည့်ရှုနေကြစဉ် တောနက်ထဲမှထွက်လာသော သတ္တဝါတစ်ကောင်နှင့် မျက်နှာချင်းဆိုင်တိုးကြလေသည်။

လူတစ်ယောက်၏ ကိုယ်ခန္ဓာမျိုး ရှိသော်လည်း ဦးခေါင်းက ဝက်ဝံတစ်ကောင်၏ ဦးခေါင်းမျိုး ဖြစ်နေလေသည်။

သွားပုံလာပုံကလည်း ဝက်ဝံတစ်ကောင်ကဲ့သို့ပင် လက်ချောင်းခြေပါ မြေကြီးနှင့်ထောက်ပြီး သွားလာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသတ္တဝါမျိုးလည်း ဝက်ဝံလည်းမဟုတ်၊ လူ
လည်းမဟုတ်ပါလား"

ရွာလူကြီးက တအံ့တသြဖြင့် ရေရွတ်ပြောဆိုလိုက်
သည်။

ထိုသတ္တဝါထွက်လာသော နေရာမှာ သူတို့ရောက်နေ
သောနေရာနှင့် မဝေးလှပေ။

သို့ကြောင့် ရွာသားတစ်ယောက်က တူမီးသေနတ်ဖြင့်
လှမ်းပစ်လိုက်သည်။

"ဒိုန်း..."

ကျည်ဆံက ထိုသတ္တဝါကိုထိသွားဟန်ရှိသည်။ ခန္ဓာကိုယ်
တစ်နေရာမှ သွေးများထွက်လာသည်။ ထိုသတ္တဝါက သွေးထွက်နေ
သော ဒဏ်ရာကို တစ်ချက်ငုံ့ကြည့်ပြီး ဘာမှမဖြစ်သလို အေး
အေးယာဖြင့် တောတွင်းသို့ လှည့်ဝင်သွားလေသည်။

"ထူးဆန်းလိုက်တာ၊ သေနတ်နဲ့ ပစ်တာတောင်ဘာမှ
မဖြစ်ပါလား"

ဟု တအံ့တသြ ရေရွတ်လိုက်ကြသည်။

ထိုသို့ပြောပြီးမကြာမီမှာပင်အချိန်အခါမဟုတ် တော
ခွေးများအူသံ၊ ဝံပုလွေများအော်သံများ ကြားလာရသည်။

ထိုအသံများမှာ တစ်နေရာတည်းမှမဟုတ်ပဲ နေရာ
နှံ့မှ ကြားလာရခြင်း ဖြစ်သည်။

"ဒီနေရာက မိစ္ဆာတွေနေတဲ့နေရာဖြစ်မယ်၊ ကြာကြာ
နေလို့ မကောင်းဘူး၊အမြန်သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖွဲ့မှာ (၁၀)ယောက်ခန့်ရှိသည်။ လက်နက်များ ကလည်း အပြည့်အစုံပါလာကြသည်။ သာမန်ဆိုလျှင်တော့ စိုးရိမ် လောက်စရာ မရှိပေ။

မုဆိုးကိုမြင်သည်နှင့် တစ်ယောက်ချင်း နှစ်ယောက်ချင်း ဖြစ်စေကာမူ တောကောင်များက အနားမကပ်ဝံ့ကြပေ။

မုဆိုးမှန်းသိသည်နှင့် ဝေးဝေးမှပင်ရှောင်ပြေးကြသည် ကများသည်။ မုဆိုးကိုတကူးတက ခြောင်းမြောင်း တိုက်ခိုက်ခံ့ သော သတ္တဝါမျိုးက အတော်ပင်ရှားသည်။

ယခုလာသူများက မုဆိုးများ ဖြစ်ကြသည်။

သို့သော်လည်း ကြားရသော အသံများက ဝေးကွာသွား ခြင်းမျိုး မဟုတ်ပဲ တဖြည်းဖြည်းနီးလာခြင်းဖြစ်သည်။

ထို့ကြောင့် ရွာလူကြီးက ထိုနေရာမှ သွားရန်ပြောလိုက် ခြင်းဖြစ်သည်။ အားလုံး ထိုနေရာမှ ပြန်ထွက်လာကြစဉ် လူတစ် ပိုင်း၊ ဝံပုလွေတစ်ပိုင်း၊ ဒါမှမဟုတ်တော ခွေးတစ်ပိုင်းဖြစ်နေသော သတ္တဝါများက နေရာအနံ့မှ ထွက်လာပြီး ဝိုင်းဝန်းတိုက်ခိုက်ကြ လေတော့သည်။

တဖွန်းဒမ်းရွာမှ လူများကလည်း ပါလာသောလက်နက် များဖြင့် ပြန်လည်တိုက်ခိုက်ကြရာ ရေခဲများဖုံးနေသော တောင် ကြောတစ်နေရာမှာတော့ ဆူညံနေလေတော့သည်။

အခြေအနေက ရွာသားများဘက်မှ မရှိပေ။

ထူးဆန်းသော သတ္တဝါများက အချို့သေသွားသော်လည်း နောက်ထပ်ရောက်လာကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ဘယ်လိုမှမတတ်နိုင်တော့ပဲ အသက်လုတိုက်ခိုက်ကြရင်းမှ ဘေးအန္တရာယ်လွတ်ရာသို့ ထွက်ပြေးကြရလေသည်။

ထွက်လာစဉ်က (၁၀)ယောက်ဖြစ်သော်လည်း အသက်ဘေးမှလွတ်မြောက်သွားသူများက သုံးလေးယောက်သာ ကျန်တော့သည်။ ၎င်းတို့ ထွက်ပြေးသွားပြီးနောက်တွင် တောထဲမှ လူလိုလို သတ္တဝါလိုလိုဖြစ်နေသော လူအချို့ ထွက်လာကြပြီး သေဆုံးနေသော လူများကို သယ်ယူသွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

# ကံကြမ္မာတူသော အန္တရာယ်

အချိန်ကာလက နွေနှောင်းပိုင်းအချိန်ကာလသို့ ရောက်နေပြီဖြစ်သော်လည်း ရာသီဥတုက မမှန်ပေ။

တောင်များပေါ်မှာနှင်းကျလိုက် နှင်းပျောက်သည်နှင့် မိုးရွာလိုက် ဖြစ်နေသည်။ ထိုရာသီဥတုမျိုးက တောင်ပေါ်တက်သူတို့အဖို့ မမျှော်လင့်ပဲ အန္တရာယ်များနှင့် တွေ့ရနိုင်သည်။

ခါကာဘိုရာဇီ၊ ဂန်လန်ရာဇီ စသော မြင့်မားသည့် တောင်ကြီးများပေါ်တွင် အချိန်အတော်များများ နှင်းသားတွေက ဖုံး



www.burmeseclassic.com

www.burmeseclassic.com



အုပ်ထားတတ်လေသည်။

မိုးရွာလိုက်သည်နှင့် နှင်းသားထုက အရည်ပျော်ကြလာ
တတ်လေသည်။ ထိုသို့ ရေခဲများ အရည်ပျော်သွားပြီးနောက်တွင်
ရေခဲပြင်အောက်တွင် နစ်မြုပ်နေသော ခန်းတောက်ပင်နှင့် မချစ်ဥ
ပင်များ ပေါ်လာတတ်သည်။ ခန်းတောက်မြစ်နှင့် မချစ်ဥ ရှာဖွေလို
သူတို့က ထိုအချိန်မျိုးကိုစောင့်ပြီး တောင်ပေါ်တက်လေ့ရှိကြ
သည်။

ထိုအချိန်မျိုးတွင်တက်ရောက်ပြီး ဆေးပင်များ ရှာဖွေပါ
က အလွယ်တကူ ရနိုင်သည်ဆိုသော်လည်း အန္တရာယ်ကလည်း
ရှိသေးသည်။

အခြားတော့ မဟုတ်ပေ။

နှင်းခဲ ရေခဲများ ပြိုဆင်းလာသော အန္တရာယ်နှင့် တောင်
ကျရေများ ဆင်းလာတတ်သည့် အန္တရာယ်ပင်ဖြစ်သည်။

တောင်ပေါ်ရောက်နေခိုက် တောင်ထိပ်မှ နှင်းခဲ ရေခဲများ
ပျော်ကျလာပါက ရှောင်တိမ်းစရာနေရာ မတွေ့တတ်ပဲ ရေခဲပြင်
အောက် ရောက်သွားတတ်သည်။

ထို့အတူ တောင်ကျရေ ဆင်းသောလမ်းတွင် ရောက်နေ
ပါကလည်း ပြေးမလွတ်သာပေ။

သို့ကြောင့် ဝါရင့်တောင်တက်သမားများနှင့် မုဆိုးများ
မမျှော်လင့်ပဲ မိုးရွာချမည့် အန္တရာယ်ကို အထူးပင်သတိပြုကြရေ
သည်။

နီမောင်တစ်ယောက် တောင်ပေါ်မတက်ခင်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတု အခြေအနေကိုခန့်မှန်းကြည့်ခဲ့သည်။ ဆိုးဆိုးဝါးဝါး မဖြစ်လောက်ဟု ထင်သောကြောင့် အဖော်နှစ်ယောက်နှင့်အတူ တောင်ပေါ်တက်လာကြခြင်းဖြစ်သည်။

အဖော်နှစ်ယောက်ကတော့ အခြားမဟုတ်ပေ။

သူနှင့် လက်တွဲဖော်များ ဖြစ်ကြသည့် စောထီးနှင့် ငမဲ အောင်တို့နှစ်ယောက်ပင်ဖြစ်လေသည်။

၎င်းတို့သုံးယောက်နေကြသောရွာမှာ ဇလပ်နီရွာပင်ဖြစ် သည်။

မြောက်ဖျားဒေသတွင် တိဗက်များချည်းနေသောရွာ၊ ဆလုံနှင့် ထရုံတို့ချည်းနေသောရွာ၊ ရဝမ်များနေသောရွာ၊ ခွန်း နွမ်းများ နေကြသောရွာများနှင့် ကချင်လူမျိုးတို့ နေကြသော ရွာ ကြီးရွာငယ်တို့ နေရာအနှံ့အပြားတွင် ရှိကြလေသည်။

အများအားဖြင့် ထိုရွာများမှာ ၎င်းတို့နေထိုင်သော လူမျိုး များ ပေးလေ့ရှိသော နာမည်များသာ ပေးလေ့ရှိကြ သည်။

တပောင်ဒမ်း၊ ဆတိမ်ဒမ်း၊ ဂူးဘားစိန့်ဂူးဝမ်၊ တဖွန်း ဒမ်း၊ ပန်နန်းဒင်၊ အဒွန်းလောင်း စသောအမည်များသာ ပေးလေ့ ရှိကြသည်။ မြန်မာဆန်သောအမည်များ ပေးလေ့မရှိကြပေ။

နီမောင်တို့နေသော ဇလပ်နီရွာကတော့ မြန်မာဆန်သော အမည်မျိုး ဖြစ်သည်။ ထိုအနီးတစ်ဝိုက်တွင် တောင်ဇလပ်ရွာဟု အမည်ပေးထားသော ရွာနာမည်ရှိသဖြင့် ၎င်းတို့ရွာကို ဇလပ်နီ ဟူသော မြန်မာဆန်သည့်အမည်မျိုး ပေးခဲ့ကြခြင်းဖြစ်လေသည်။

ရွာနာမည်က မြန်မာဆန်သလို ထိုရွာမှာ နေထိုင်ကြသူ



www.burmeseclassic.com

www.burmeseclassic.com



များထဲတွင် မြန်မာလူမျိုးများ ရှိကြသည်။

ရွာလူကြီးဖြစ်သူ ဦးထန်ဖုန်းရှိန်ကပင် မြန်မာစကားကို ကောင်းစွာ နားလည်သူဖြစ်ပြီး မြန်မာဓလေ့စရိုက်များကို သိရှိသူ ဖြစ်ပေသည်။

ထိုရွာတွင် အိမ်ခြေ(၂၀)ကျော်ခန့်ရှိပြီး တောင်ယာစိုက်ခင်းစိုက်ပျိုးခြင်း၊ အမဲလိုက်ခြင်း၊ တောင်ပေါ်တက်ပြီး ဆေးပင် ဆေးဥရှာဖွေခြင်း စသော ဒေသခံလုပ်ငန်းများဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုကြလေသည်။

နီမောင်တို့ မိသားစုက လူမများပေ။

ဖခင်ဖြစ်သူ ဦးဘရှိန်၊ မိခင်ဖြစ်သူ ဒေါ်ကျင်မေအပြင် ညီမဖြစ်သူ နှင်းမေတို့ အပါအဝင် လေးယောက်သာ ရှိပေသည်။

နှင်းမေက (၁၈)နှစ်သာရှိသေးပြီး နီမောင်က (၂၅)နှစ် ဝန်းကျင်အရွယ်ရှိနေပေပြီ။

ဇလပ်နီရွာတွင်နေထိုင်စဉ် အိမ်တစ်လုံးနှင့် တောင်ယာစိုက်ခင်းတစ်ကွက်ရှိသည်။ ပြီးလျှင် ခြံဝန်းထဲတွင်အသီးအနှံထွက်သော အပင်များ စိုက်ပျိုးထားသည်။

တောင်ယာမြေကွက်မှထွက်သော ဂျုံ၊ ပြောင်း၊ အာလူး၊ ပဲ အစရှိသော အစားအစာများက ၎င်းတို့မိသားစုအတွက် တစ်နှစ်ပတ်လုံး လောက်ငလောက်သည်အထိ ရရှိပေသည်။

နီမောင်ကတော့ တောင်ပေါ်တက်ပြီး အလုပ်လုပ်သည်။ သူ့အလုပ်က တန်ဖိုးရှိသော တောင်ဆိတ်၊ တာကင်၊ ကတိုးစသော သတ္တဝါတို့ကိုပစ်ခတ်ဖမ်းဆီးပြီး ကုန်သည်များထံတွင် ရောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရေခဲများ အရည်ပျော်သွားချိန်မှာတော့ တောင်များပေါ်တက်ပြီး ခန်းတောက်မြစ်နှင့် မချစ်ဥများ တူးဖော်ရှာဖွေပြီး ရောင်းချသည်။

ရာသီဥတုသာယာလျှင် ၎င်းတို့နေသောရွာများအထိ နယ်လှည့်ကုန်သည်များ ရောက်လာပြီး ပစ္စည်းများ ဝယ်ယူလေ့ရှိသည်။

စုဆောင်းထားသော ပစ္စည်းများကို ထိုကုန်သည်များထံ ရောင်းချကြသည်လည်း ရှိသည်။ အလိုရှိသော ပစ္စည်းများပါလာလျှင်လည်း ဈေးဖြတ်ပြီး ပစ္စည်းချင်းလဲလှယ်ယူကြသည်လည်း ရှိသည်။

အကယ်၍ ကုန်သည်များ ရောက်မလာပါက နီမောင်တို့လို လူငယ်လူရွယ်များ စုပေါင်းပြီး နယ်စပ်ကိုဖြတ်ကျော်သွားကာ တိဗက်နယ်၊ တရုတ်နယ်အထိ သွားရောက်ရောင်းချကြသည်။ အများအားဖြင့်တော့ ပစ္စည်းချင်းလဲယူကြသည်ကများသည်။

ဖလပ်နီရွာတွင် နီမောင်နှင့် တွဲဖော်တွဲဖက်အတွဲညီသော အဖော်နှစ်ယောက် ရှိသည်။ စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ဖြစ်ကြသည်။

၎င်းတို့ သုံးယောက်မှာ တောင်ပေါ်တက်သည့်အခါ၌လည်း အတူတူ၊ အခြားနေရာများသို့ ကုန်ပစ္စည်းများ သွားရောက်ရောင်းချကြရာမှာလည်း အတူတူပင် သွားကြသည်။

ယခုလည်းရာသီဥတုကောင်းသဖြင့် တောင်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား တက်လာကြခြင်းဖြစ်သည်။

"နီမောင် မင်းသတင်းကြားတယ်မဟုတ်လား"

"ဘယ်သတင်းကိုပြောတာလဲ"

"ဟိုကြောင်နက်တွေ သတင်းလေ၊ မင်းဘယ်လိုထင်သ လဲ"

ဟု စောထီးက မေးသည်။

"ကြောင်နက်ကတော့ ရှားပါးသတ္တဝါမျိုးပဲ တစ်ခါတစ် လေမှ တစ်ကောင်လောက်သာ တွေ့ရတတ်တဲ့ ကြောင်နက်တွေ ကို အများကြီးတွေ့ရတာတော့ ထူးဆန်းတာပေါ့"

ထိုအခါ ငမဲအောင်က ပါဝင်ပြောသည်။

"ကြောင်နက်တွေတင် တွေ့တာမဟုတ်ဘူးတဲ့၊ ကျားနက် ကြီးတစ်ကောင်တောင်တွေ့ရသတဲ့၊ ဟိုဘက်ရွာတွေမှာတော့ လူ တွေပျောက်ကြတယ်လို့ ပြောသံကြားတယ်၊ မင်း ဘယ်လိုသဘော ရသလဲ နီမောင်"

"ကျားနက်ကလည်းတွေ့ရခဲတာပဲ၊ ကျားသစ်နက်ရှိတယ် ဆိုတာတော့ ကြားဖူးတယ်"

"ရိုးရိုးသားသား ရောက်လာတာရော ဟုတ်ပါ့မလား တောစောင့်နတ်တောင်စောင့်နတ်တွေက ဖန်ဆင်းပြီးများ လွှတ် လိုက်တာ ဖြစ်မလား"

စောထီးက သူ့တွေးမိသလို ပြောလိုက်လေသည်။

ထိုအခါ နီမောင်က ပြန်ပြောလိုက်သည်။

"မင်းကလည်းကွာ၊ တောစောင့်နတ်၊ တောင်စောင့်နတ်



www.burmeseclassic.com

www.burmeseclassic.com



တွေက သူတို့ဖာသာနေကြတာပါ၊ လူတွေကိုလည်း အကြောင်းမဲ့ ဒုက္ခမပေးပါဘူး၊ အမှားအယွင်းရှိရင်တော့လည်း တစ်မျိုးပေါ့"

"ငါထင်တာပြောတာပါ၊ စော်ကားတာ မဟုတ်ပါဘူး"

စောထီးက လက်အုပ်ချီလျက် တောင်းပန်သော အမူအယာမျိုးဖြင့် ပြောလိုက်သည်။

"လူတွေက တစ်ခုခုတောင်းလို့မရရင် နတ်တွေကို အပြစ်တင်ချင်ကြတယ်၊ အန္တရာယ်တစ်ခုခုနဲ့တွေ့ရင် နတ်တွေလုပ်တယ်လို့ထင်တတ်ကြတယ်၊ တကယ်တော့ နတ်တွေက သူ့ဖာသာနေကြတာပါ၊ လူတစ်ယောက်တည်းကိုလည်း ချမ်းသာအောင်မလုပ်ပေးနိုင်သလို အန္တရာယ်နဲ့ တွေ့အောင်လည်း မလုပ်ကြပါဘူး"

"ဒါဖြင့် တင်မြှောက်ပသမှုတွေလုပ်တာ ဘာအတွက်လဲ"

"ဒါတွေကတော့ အမျိုးမျိုး ရှိတာပေါ့၊ ထုံးစံရှိလို့လုပ်တာရှိသလို ကြောက်လို့ လုပ်နေကြတာတွေလည်း ရှိကြတာပေါ့"

"ဒါထက်သူတို့က ဘာမှလုပ်မပေးနိုင်ဘူးလား"

"ရှိပါတယ်၊ အကြောင်းတိုက်ဆိုင်လာရင်တော့ အကူအညီပေးကြတာတွေ ရှိပါတယ်၊ လူတစ်ယောက်ရဲ့ ကံကြမ္မာပေါ်မှာကြည့်ပြီး ကူညီတာ မကူညီတာတွေလည်းရှိတယ်၊ တကယ်လို့ကိုယ့်မှာ ကောင်းမှုကုသိုလ်ကံ မပါခဲ့ရင်တော့ နတ်က ကူညီချင်ပေမယ့် ကူညီလို့ရမှာ မဟုတ်ဘူး"

"ဒါဖြင့် အနှောက်အယှက်ပေးတတ်တာတွေက ဘာတွေလဲ"

ငမဲအောင်က ဝင်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမျိုးတွေက နတ်တွေက ပေးတာမဟုတ်ပါဘူးကွာ၊ မကောင်းဆိုးဝါးတွေက ပေးတာပါ"

"မကောင်းဆိုးဝါးဆိုတာ ပရလောကသားတွေကို ပြောတာပေါ့နော်"

ငမဲအောင်စကားကြောင့် နီမောင်က ခေါင်းခါပြလိုက်သည်။

"မကောင်းဆိုးဝါးတွေက ပရလောကသားတွေစာရင်းထဲမှာပါပေမယ့် ပရလောကသားတိုင်းကတော့ လူတွေကိုဒုက္ခမပေးတတ်ကြပါဘူး"

"ဒါဖြင့် ခြောက်တာလှန့်တာတွေကရော မကောင်းတာမဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ ဆရာကြီး ဦးဗန်ကောင်းနဲ့ တွေ့တုန်းက ပြောပြတာကတော့...သူတို့ကိုတွေ့တိုင်း ကြောက်လန့်အောင် ခြောက်လှန့်တာ မဟုတ်ဘူးတဲ့၊ တချို့က အစားအသောက် လိုချင်လို့၊ တချို့ကျတော့လည်း အမျှအတန်း လိုချင်ကြလို့ ပြကြတာလို့တော့ ပြောတာပဲ၊ နောက်လည်း အများကြီး ရှိသေးတယ်၊ ငါလည်း သေသေချာချာတော့ မသိဘူး၊ မင်းတို့ သိချင်ကြရင် ဆရာကြီးနဲ့ တွေ့တဲ့အခါကျတော့ မေးကြည့်ကြပေါ့"

ဟုပြောရာ ကျန်နှစ်ယောက်လည်း နောက်ထပ်ဆက်မမေးကြတော့ပေ။

သုံးယောက်သား စကားတပြောပြောနှင့် တောင်ပေါ်တက်လာကြရာ ရာသီဥတုအခြေအနေက သာယာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်နေသည်။

တစ်နေရာရောက်တော့ စောထီးက ပြောသည်။

"နီမောင်ငါတို့သုံးယောက်လူခွဲပြီး ရှာမယ်၊ စုရပ်တစ်ခု သတ်မှတ်ကြရအောင်"

"ဟိုတောင်ကြောထိပ်မှာ ပွင့်နေတဲ့ ဖလပ်ပင်ကြီး ရှိတဲ့နေရာမှာ ပြန်ဆုံကြမယ်၊ အရေးအကြောင်း ရှိရင်လည်း တစ်ယောက်နဲ့တစ်ယောက် အချက်ပြပေးကြဖို့လည်းမမေ့ကြနဲ့"

"အေးပါ"

ထိုသို့ ပြောဆိုတိုင်ပင်ပြီးနောက် တစ်နေရာစီခွဲသွားကြသည်။ ယခုအချိန်မျိုးက မိုးတစ်ပြိုက်နှစ်ပြိုက် ရွာချလိုက်သဖြင့် တောင်ထိပ်ပေါ်၌ ရေခဲများ အရည်ပျော်ကျနေရာ ရေခဲပြင်အောက်မှာ တွေ့ရလေ့ရှိသော ခန်းတောက်မြစ်နှင့် မချစ်ဥများ ရှာဖွေတွေ့နိုင်သောအချိန်လည်း ဖြစ်သည်။

ထို့ပြင်ရေခဲပြင်အောက်မှ ဝါးစို့မျှစ်နများ ထိုးထွက်လာရာ မျှစ်နများ ထိုးထွက်လာရာ မျှစ်နုကြိုက်သော တောတိရိစ္ဆာန်တို့ကို အလွယ်တကူတွေ့ရပြီး ပစ်ခတ်ရနိုင်ကြသည်။

သို့ကြောင့် သုံးယောက်ခွဲလိုက်ကြခြင်းဖြစ်သည်။

အချိန်က နေ့လည်ပိုင်းအချိန် ကျော်လာပေပြီ။ ထိုအချိန်ရောက်တော့မှ မမျှော်လင့်ပဲ ရာသီဥတုက ပြောင်းလဲလာပေတော့သည်။

ကြည်ကြည်လင်လင်ဖြစ်နေသော ပတ်ဝန်းကျင်မှာ ချက်ချင်းဆိုသလို မိုးသားများ အုံ့မှိုင်းလာသောကြောင့် မှောင်မည်း



www.burmeseclassic.com

www.burmeseclassic.com



လာလေတော့သည်။

"ဘယ်လိုဖြစ်တာလဲ၊ ရာသီဥတုက ချက်ချင်းပြောင်းလဲသွားပါလား။ နှင်းမုန်တိုင်းကျမှာလား။ မိုးရွာတော့မှာလား မသိဘူး"

ထိုသို့စိတ်ကူးပြီး လောလောဆယ် ဝင်ရောက်ခိုနားဖို့နေရာကို အလောတကြီးရှာဖွေရတော့သည်။

ထိုအချိန်မှာပင် မိုးဖွားများက ကျဆင်းလာလေသည်။

တောင်ကြောပေါ် ရောက်နေသူတို့အဖို့ အချိန်အခါမဟုတ်မိုးရွာလာသည်ကတော့ ကောင်းသည့် လက္ခဏာမျိုးတော့မဟုတ်ပေ။

ထို့ကြောင့် တောင်ကြောပေါ်မှာ ရောက်နေရသည်ထက်စာလျှင် တောင်ခြေဘက်မှ ဂူပေါက်တစ်ခုထဲသို့ရောက်ဖို့က ပိုပြီးအရေးကြီးနေသည်။

ပထမတော့ ပြေးရင်းလွှားရင်းနှင့် စောထီးငမဲအောင်တို့နှစ်ယောက်အား ဆက်သွယ်ကြည့်ရန် စိတ်ကူးမိသေးသည်။

သို့သော် အခွင့်အရေး မရတော့ပေ။

ချက်ချင်းဆိုသလို ကောင်းကင်ပြင်တစ်ခုလုံး မိုးသက်မုန်တိုင်းများ ကျလာတော့မည့်အလား၊ မည်းမှောင်တက်လာသည်။

မိုးခြိမ်းသံများလည်း ဆူဆူညံညံ ပေါ်ထွက်လာကြသည်။

မိုးခြိမ်းသံများနှင့်အတူ လျှပ်စီးလက်သော အလင်းရောင်များလည်း ပေါ်ထွက်လာသည်။

အခြေအနေမှာ မကြာခင် နွေနှောင်းရာသီတွင်ဖြစ်ပေါ်လေ့ရှိသော မုန်တိုင်းတစ်ခု ဖြစ်တော့ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ တောင်ခြေဘက်သို့ရောက်အောင် အလျင်အမြန် ဆင်းလေသည်။

ထိုသို့ ဆင်းနေခိုက်မှာပင် တောင်ခြေပေါ်မှာ မိုးက မျှားလာသည်။ မိုးနှင့်ရောနေသည့် မြူခိုးများက တောင်မြင့်ကြီး တစ်ခုလုံးကို လွှမ်းခြုံလိုက်ပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင်ကိုပင် မမြင်ရတော့ပေ။

ဒီလောက်မိုးများပြီ ဆိုလျှင်တော့ တောင်ပေါ်မှ ရေခဲများ အရည်ပျော်ဆင်းလာကြပေမည်။ တောင်ကျရေများ ဆင်းလာကြပေတော့မည်။

ပြေးရင်းလွှားရင်းနှင့်ပင် နောက်မှ ဒရဟောဆင်းလာသော တောင်ကျရေများက သူ့ကိုပါ သယ်ဆောင်သွားကြရာ ရေလုံးကြီးနှင့်အတူ ဒလိမ့်ခေါက်ကွေးပါသွားလေတော့သည်။

တောင်ထိပ်ပေါ်မှဆင်းလာသော ရေလုံးကြီးများက နှင်းခဲများ၊ ရေခဲများ၊ ကျောက်တုံးကျောက်ခဲများ၊ ရေစီးကြောင်းသွားသော လမ်းတစ်လျှောက်မှာရှိသော သစ်ပင်များသာမက လူနှင့်တိရိစ္ဆာန်တို့ကိုပါ တစ်ပါတည်းသယ်ဆောင်သွားရာ နီမောင်လည်းပါသွားလေတော့သည်။

ထိုသို့ ကြောက်စရာကောင်းသော အန္တရာယ်မျိုးနှင့်တွေ့ခါတ ရှင်ဖို့ထက် သေဖို့သာ ပိုများသဖြင့် ဒီတစ်ခါတော့ အသက်ရှင်နိုင်တော့မှာပင် စိတ်ထဲမှာ ထင်လိုက်မိသည်။

ရေစီးနှင့် မျောပါသွားရင်း လမ်း၌တွေ့သော သစ်ပင်နှင့်ခါးပင်တို့ကိုလှမ်းဆွဲရန်ကြိုးစားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်မရပေ။

အရှိန်ပြင်းလွန်းသောကြောင့် ဘယ်အရာမှဆွဲထား၍ မရတော့ပေ။

ထိုကဲ့သို့ပါသွားရင်းနှင့်ပင် နောက်ဆုံး တွင်းကြီးတစ်တွင်းထဲသို့ ပြုတ်ကျသွားလေတော့သည်။

"ဝုန်း..."

တွင်းထဲမှာ ရေများရောက်နေသောကြောင့် ထိခိုက်ဒဏ်ရာတော့ မရလိုက်ပေ။ တွင်းထဲမှရှိသော ရေကလည်း မနက်သေးပေ။

ကြည့်လိုက်တော့ ကျောထဲမှာ စိမ့်တက်သွားသည်။

သူရောက်နေသောတွင်းမှာ အခြားမဟုတ်ပေ၊ မုဆိုး များထောင်ချောက်ဆင်ထားခဲ့သော တွင်းပေါင်းကြီးဖြစ်သည်။

တွင်းထဲတွင် လှံသွားကဲ့သို့ထက်နေအောင်ချွန်ထားသောဝါးချွန်ကြီးများ ရှိနေဆဲပင်၊ အချို့လဲနေပြီဖြစ်နေသော်လည်း အချို့မှာ ထောင်လျက်သားပင် ရှိနေသေးသည်။

သူပြုတ်ကျသွားခြင်းမှာ ထောင်လျက်သားဖြစ်နေသောဝါးချွန်ကြီး သုံးလေးချွန်ကြားထဲသို့ ကျသွားခြင်းဖြစ်သည်။ ကံကောင်းသဖြင့်သာ လွတ်သွားခြင်းဖြစ်ပြီး အကယ်၍ အချွန်ပေါ်သို့တည့်တည့်ကျပါက ယခုအချိန်လောက်ဆိုလျှင် အသက်ပျောက်လောက်ပေပြီ။

နီမောင်က သက်ပြင်းတစ်ချက်ချလိုက်ကာ ရေထဲမှထပြီးတွင်းနံယံသို့ ကပ်လိုက်သည်။ ထိုသို့ကပ်နေခြင်းမှ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှ တစ်စုံတစ်ခုကျလာပါက လွတ်ကင်းစေရန်ဖြစ်သည်။

တွင်းမှာအတော်ကျယ်သည်။

နက်တာကတော့ သိပ်မနက်လှပေ။

(၁၀)ပေခန့်သာ နက်ပေလိမ့်မည်၊ တွင်းထဲမှာ စိုက်ထားသော ဝါးချွန်မှာလည်း ထောင်သည့်ဝါးချွန်က ထောင်နေသေးသော်လည်း အချို့လဲနေကြသည်။

တောင်ကျရေနှင့်ပါလာသော သစ်တုံးသစ်ပိုင်း အပြတ်အချို့လည်း တွင်းထဲရောက်နေကြသည်။

ဒို့အပြင်ထိုတွင်းထဲမှာ သူနှင့်အတူ သတ္တဝါတစ်ကောင်လည်းရှိနေသည်။

ကျားနက်ကြီးပင်ဖြစ်သည်။

ကျားနက်ကြီးမှာ ဦးခေါင်းပိုင်းကပင် အတော်ကြီးလှပြီး သူကြည့်တော့ ပါးစပ်ဖြဲပြီး မာန်ဖီပြသည်။ နီမောင်က တွင်းနံယံကို ကျောဖြင့်ကပ်ထားလိုက်သည်။

သူ့ထံမှာ လုံခြားရှည်တို့ မပါတော့ပဲ ခါးတွင် အိတ်ဖြင့်ညှပ်ထားသော ဓားတစ်လက်သာ ကျန်တော့သည်။ ထိုဓားတစ်လက်နှင့်တော့ ဒီလောက်ကြီးသော ကျားနက်ကြီးကို ဘယ်လိုမှ ယှဉ်နိုင်မည်မဟုတ်ပေ။

နောက်မှ စိတ်ကူးရသွားပြီး စိုက်လျက်သားကျန်နေသော ဝါးချွန်တစ်ချောင်းကို ဆွဲနှုတ်ယူလိုက်သည်။ ဝါးချွန်က လုံတစ်ချောင်းလောက်အသုံးဝင်သောကြောင့် အတော်ပင် အသုံးဝင်မှာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲ ဝါးချွန်ရောက်လာတော့ ကျားနက်ကြီးက မာန်မဖီဝံ့တော့ပေ။ ဒီတော့မှ အခြေအနေကိုကြည့်လိုက်သည်။

ကျားနက်ကြီးမှာ နေရာမှ ထနိုင်ဟန်မရှိပေ။ အပေါ်မှကျလာသော သစ်တုံးကြီးတစ်တုံးဖြင့် ပိမိနေသောကြောင့် နေရာမှ ထွက်လာနိုင်ခြင်းမရှိပဲ ဖြစ်နေသည်။

တောင်ကျရေများက ကျဆင်းနေသောကြောင့် တွင်းထဲမှာ ရေက တဖြည်းဖြည်း များလာသည်။ သစ်တုံးဖြင့် ပိနေသော ကျားနက်ကြီးကတော့ ဦးခေါင်းသာပေါ်တော့သည်။

"ဒီအချိန်က ငါ့အတွက်က အချိန်ကောင်းပဲ၊ ဒီလောက်ကြီးတဲ့ ကျားနက်ကြီးကို တခြားအချိန်တွေမှာ သတ်ဖြတ်ဖို့ မလွယ်ဘူး၊ အခုအချိန်မှ သတ်လိုက်ရင် ငါ့အတွက်တန်ဖိုးရှိတဲ့ ကျားနက်ကြီးကိုရတော့မှာပဲ"

ထိုသို့တွေးတောပြီး လှံသွားတမျှချွန်ထက်နေသော ဝါးချွန်ကို တင်းတင်းဆုပ်ကိုင်ပြီး ကျားနက်ကြီးအနီးသို့ တိုးသွားကြည့်သည်။

ကျားနက်ကြီးက သူ့ကိုမော့ကြည့်ပြီး ပါးစပ်ဖြဲပြရုံမှလွဲပြီး အခြားဘာမှတတ်နိုင်ပုံ မရပေ။

နီမောင်က ကျားနက်ကြီးပါးစပ်တွင်းသို့ ဝါးချွန်ဖြင့် ထိုးသတ်ရန်ဟန်ပြင်လိုက်သည်။ ကျားနက်ကြီးဦးခေါင်း ရေပေါ်မှာ ပေါ်ရုံသာပေါ်နေပြီး အသက်ကိုပင် အနိုင်နိုင်ရှူနေရလေသည်။

"ဒီလိုလုပ်လို့ မသင့်သေးပါဘူး၊ မုဆိုးကောင်းတစ်ယောက်ဆိုရင် ဒုက္ခနဲ့တွေ့နေရတဲ့ တိရိစ္ဆာန်ကိုမပစ်ပစ်ကောင်းဘူး၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ဒိပ်စက်မိရင် အန္တရာယ်နဲ့တွေ့ရတတ်တယ်၊ ငါမသတ်ရင်လည်း
ကြောခင်ရေနစ်သေမှာပဲ"

ထိုသို့တွေးပြီး ဝါးချွန်ဖြင့် မထိုးတော့ပဲ ဒီအတိုင်းကြည့်
နေလေသည်။

အပေါ်မှာ မိုးစဲသွားပြီလား၊ မစဲသေးပဲ ရွာနေတုန်းပဲ
သား၊ မသိရသော်လည်း တွင်းထဲကိုတော့ ရေများက စီးကျနေဆဲ
င် ရှိသေးသည်။

ကျားနက်ကြီး၏ ဦးခေါင်းက တဖြည်းဖြည်းမြုပ်စပြုလာ
ပြီး နှာခေါင်းကိုအပေါ်မော့ပြီး အထက်ကိုအနိုင်နိုင်ရအောင် ရှူ
နေဟန်ရှိသည်။

"ငါမကယ်ရင်တော့ ဒီကျားနက်ကြီးတော့ မကြာခင် သေ
တော့မှာပဲ ဒီအတိုင်း ဒီအတိုင်းကြည့်နေလို့ သင့်ပါ့မလား၊ ငါက
ယ်လိုက်လို့ သူ လွတ်သွားရင်ကော ငါ့ကိုသတ်သွားမလား"

နီမောင်က တဖြည်းဖြည်းတက်လာသော ရေကိုကြည့်ရင်း
စဉ်းစားနေသည်။ သူ ကြည့်နေသော အချိန်မှာပင်ရေက တဖြည်း
ဖြည်းတိုးလာရာ နှာခေါင်းသာပေါ်တော့သော ကျားနက်ကြီးမှာ
ဝါးဝူးဝါး ဖြစ်နေလေသည်။

"မထူးပါဘူး၊ အသက်တစ်ချောင်းဆိုတာ ကယ်ကောင်းပါ
တယ်၊ ငါက သူ့ကိုကယ်လို့ သူက ငါ့ကိုသတ်ရင်လည်း သတ်ပစေ
တော့"

ဟု ဆုံးဖြတ်ချက်ချပြီး ရေအောက်သို့ငုတ်ကာ ကျား
နက်ကြီး၏ ခါးပိုင်းကိုပိနေသော သစ်တုံးကိုဖယ်ထုတ်ဖို့ ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားလေတော့သည်။ သို့သော်လည်းချက်ချင်းတော့ မရပေ။

နှစ်ကြိမ် သုံးကြိမ်ကြိုးစားကြည့်သော်လည်း မရတော့မှ စောစောက နှုတ်ယူထားသော ဝါးချွန်ကိုပြန်ယူပြီး ကုတ်သဘော မျိုး အသုံးပြုပြီး သစ်တုံးကို မတင်တော့မှ ကြွ တက်သွားလေတော့ သည်။

"ဝုန်း...ဝုန်း"

ရေလှိုင်းခတ်သံကြီးနှင့် ကျားနက်ကြီးက သစ်တုံး အောက်မှ လွတ်မြောက်သွားတော့သည်။

နီမောင် ရေပေါ်သို့ ပြန်ပေါ်လာတော့ ကျားနက်ကြီးက သူ့ကိုစိုက်ကြည့်နေသည်။ နီမောင်က နံယံမှာ ကျောမှီပြီး ရပ်နေ သည်။

စောစောက ကျားနက်ကြီး၏ ကံကြမ္မာက သူ့လက်ထဲမှာ ရှိလေသည်။ ယခုတော့ အခြေအနေက ပြောင်းပြန်ဖြစ် သွားလေ တော့သည်။ သူ့ကံကြမ္မာက ကျားနက်ကြီးလက်သို့ ပြန်ရောက် သွားလေသည်။

ကျားနက်ကြီး၏ ဦးခေါင်းကတဖြည်းဖြည်းနှင့် သူ့ မျက် နှာအနီးသို့ တိုးကပ်လာသည်။ ထို့ကြောင့် မျက်စိမှိတ်ထားလိုက် သည်။

ကျားနက်ကြီးက မျက်နှာချင်းထိလုမတတ်ကြည့်ပြီးမှ အုပ်ရန် နောက်သို့တစ်လှမ်းဆုတ်လိုက်သည်။

နီမောင်စိတ်ထဲမှာတော့ "ဒီတစ်ခါတော့သွားပြီ" ဟုတွေး လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူထင်သလိုတော့ မဟုတ်ပေ။

ကျားနက်ကြီးက သူ့ကိုခုန်မအုပ်ပဲ သူ့ကဦးခေါင်းပေါ်မှ ကျော်ပြီး အပေါ်သို့ ခုန်တက်သွားလေတော့သည်။

ဒီတော့မှ နီမောင်လည်း မျက်စိဖွင့်ကြည့်ပြီး သက်ပြင်း တစ်ချက်ချလိုက်လေတော့သည်။

တောင်ပေါ်မှာတော့ မိုးစဲသွားပြီဖြစ်သောကြောင့် တွင်း ထဲသို့ရေကျနေခြင်းများကလည်း တဖြည်းဖြည်းလျော့နည်းသွား လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

# နီမောင်နှင့် ထူးဆန်းသောကျားနက်

အချိန်က ညနေပိုင်းရောက်နေပြီ။

ထိုအချိန်ရောက်တော့ မိုးကလည်း စဲသွားပြီ၊ ရာသီဥတုကလည်း သာသာယာယာဖြစ်နေချေပြီ။ သို့သော် မိုးနှင်းများကျနေသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှုံမှိုင်းနေလေသည်။ ဤရာသီ(၃)မျိုးက တောင်ပေါ်တွင် အအေးဓါတ်ကများသောကြောင့် အပြင်ထွက်ရန်မသင့်လျော်သောအချိန်ဖြစ်သည်။ ထိုအချိန်ရောက်တော့မှ တောင်ကျောပေါ်တွင် နီမောင်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းလမ်းပျောက်နေသည်။

သူသည်တောင်ချောက်တွင်းထဲမှ ကံအားလျော်စွာ အပေါ်သို့ ရောက်လာသော်လည်း တစ်ကိုယ်လုံး ရေများ စိုရွှဲနေသောကြောင့် အအေးပတ်နေပေပြီ။

တောင်ပေါ်မှာ တစ်ယောက်တည်း သွားနေသော်လည်း ဘယ်နေရာရောက်နေပြီး ဘယ်သွားရမှန်းမသိပဲ လမ်းပျောက်နေသည်။

အချိန်ကလည်းသိပ်မရှိတော့ပေ။

မှောင်သွားသည်နှင့် ရာသီဥတုက ထို့ထက်ပိုဆိုးလာနိုင်ပေမည်။ ထိုသို့ဆိုးလာလျှင်တော့ ရှေ့ဆက်နိုင်တော့မည်မဟုတ်ပေ။

နီမောင့်လက်ထဲမှာ လက်နက်ပစ္စည်းလည်းမရှိတော့ပေ။ တွင်းထဲကျသွားစဉ်က တစ်ခုစီတခြားစီဖြစ်သွား ကြဟန်ရှိသည်။

ဒါးမှာ ချိတ်ဆွဲထားသော ဓားတစ်လက်သာကျန်တော့သည်။

ယခုလိုအချိန်မျိုးမှာ အန္တရာယ်နှင့်တွေ့ပါက ဘယ်လိုမှ တုန့်ပြန်နိုင်သည်မဟုတ်ပဲ လည်စင်းခံရတော့မည့် အခြေအနေမျိုး ရောက်နေသည်။

နီမောင်ကတော့ သေတွင်းတစ်ခုမှ လွတ်မြောက်လာခဲ့သော်လည်း နောက်ထပ်သေဘေးအန္တရာယ်တစ်ခုနှင့် ရင်ဆိုင်နေရသော်လည်း စိတ်တင်းထားပြီး လေမိုးကွယ်သော နေရာတစ်ခု ရအောင်ရှာဖွေနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အခြေအနေက တဖြည်းဖြည်းဆိုးလာပြီ ဖြစ်သောကြောင့် နောက်ဆုံးမှာတော့ မတတ်နိုင်တော့ပဲ ရေခဲပြင်ပေါ်သို့လဲကျကာ မောက်ဖက်သို့ ဒလိမ့်ခေါက်ကွေးကျသွားလေတော့သည်။

အချိန်မည်မျှကြာအောင် သတိမေ့သွားသည်မသိပေ။ သူသတိပြန်ရလာပြီး မျက်စိဖွင့်ကြည့်လိုက်တော့ ကျောက်ဂူတစ်ဂူအတွင်းသို့ ရောက်နေသည်ကိုသတိပြုမိသည်။

သူရှိသောနေရာနှင့် မနီးမဝေးနေရာမှာတော့ သစ်တုံးများအားမီးစွဲနေသော မီးပုံတစ်ပုံလည်းတွေ့ရသည်။

ထိုမီးပုံမှ အပူငွေ့ကြောင့် စိုထားသော အဝတ်အစားတို့လည်း ခြောက်နေပေပြီ။

သူလည်း အတော်ပင်သက်သာရာ ရနေပေပြီ။

သို့ကြောင့် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တို့ကို ပြန်တွေးကြည့်သည်။

စောထီးငမဲအောင်တို့ နှစ်ယောက်နှင့် လမ်းခွဲပြီးနောက် တစ်ယောက်တည်း တောင်ပေါ်သို့တက်လာစဉ် မမျှော်လင့်ပဲ တောင်ပေါ်မိုးနှင့်တွေ့ပြီး ရေစီးနှင့် မျောပါသွားခဲ့ရာမှ ထောင်ချောက်ပေါက်တစ်ခုအတွင်းသို့ ကျသွားခဲ့ရသည်။

ထိုတွင်းထဲတွင် သူ့အရင် ကျားနက်ကြီးတစ်ကောင်လည်း ကျနေခဲ့သည်။

နီမောင်က ထိုကျားနက်ကြီးကို သတ်ခွင့်ရသော်လည်း မသတ်ခဲ့ပါ။ သစ်တုံးပိနေသော အန္တရာယ်မှကယ်တင်ပေးခဲ့သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက ကျားနက်ကြီးအား အန္တရာယ်မပေးခဲ့သလို ကြီးမားလှသော ကျားနက်ကြီးကလည်း သူ့အား အန္တရာယ် မပေးခဲ့ပေ။

သူ့ကိုယ်ပေါ်မှာ ကျော်ခုန်ကာ တွင်းပေါ်တက်သွားသည်ကိုသာ တွေ့လိုက်ရသည်။ နောက်တော့ တွင်းထဲမှာ တဖြည်းဖြည်း ရေများပြည့်လာပြီးနောက် သူပါတွင်းပေါ်ရောက်အောင် တက်နိုင်ခဲ့သည်။

သူ တွင်းပေါ်ပြန်ရောက်သောအချိန်က ညနေပိုင်းအချိန်ရောက်ပြီး မိုးနှင်းများ ထူထပ်စွာကျနေသော အချိန်လည်းဖြစ်သည်။ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေအောင် ချမ်းနေပြီး မကြာခင်၌ ဒုက္ခရောက်တော့မည့်အချိန်တွင် ခြေထောက်ပင်မသယ်နိုင်အောင်ဖြစ်လာပြီး လဲကျသွားကာ သတိမေ့မြောသွားခဲ့ခြင်း ဖြစ်သည်။

ထိုအခြေအနေအထိ မှတ်မိပြီးနောက်ပိုင်းတော့ ဘာမှမသိတော့ပေ။

ယခု သတိပြန်ရလာတော့ မီးဖိုတစ်ခုအနီးတွင် ရောက်နေပြီး မီးပုံမှအပူရှိန်ကြောင့် အတော်ပင်အခြေအနေကောင်းနေပေပြီ။

နီမောင်စိတ်ထဲမှာတော့ ထိုဂူထဲရောက်အောင် သယ်ယူလာကြသည်မှာ သူ့အဖော်နှစ်ယောက်ဖြစ်သော စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်သာ ဖြစ်မည်ဟု ထင်မိလေသည်။

"ငါ့ကိုကယ်ထားခဲ့ပြီး သူတို့နှစ်ယောက်က ဘယ်ရောက်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတွေးတောရင်း နေရာမှထပြီး အခြေအနေ ကြည့်လိုက်သည်။

အပြင်ဘက်မှာတော့ အလင်းရောင်မရှိသေးပေ။

နင်းများကတော့ ထူထပ်စွာပင်ကျနေကြသည်။

နီမောင်က အအေးသက်သာစေရန်မီးလှုံရင်းနှင့် မီးပုံနံဘေးကြည့်လိုက်တော့ မီးဖိုနှင့် မနီးမဝေးမှာ အသားပိုင်းတစ်ခုကိုပါ မြင်ရသည်။ ထိုအသားပိုင်းမြင်ရုံနှင့် တောင်ဆိတ်တစ်ကောင်၏ ပေါင်တစ်ဖက်ဖြစ်မှန်းသိရသည်။

"ဒီနှစ်ယောက်ကတော့ ဘာတွေများ ဒီလောက်အလုပ်ရှုတ်နေကြတယ်မသိဘူး၊ အစကတည်းက စားစေချင်ရင် မီးဖိုပေါ်တင်ပေးထားခဲ့ကြတာမဟုတ်ဘူး"

ဟု ပြောဆိုရေရွတ်ပြီး ဆိတ်ပေါင်ကို တုတ်တစ်ချောင်းနှင့်ထိုးကာ မီးပုံပေါ်မှာကင်ရာ အတန်ကြာတော့ သင်းပျံ့သောရနံ့များ ထွက်လာလေတော့သည်။

မီးဖိုပေါ်မှာ အသားကင်နေရင်းနှင့် အပြင်ထွက်သွားသော အဖော်နှစ်ယောက် ပြန်ရောက်လာမလားဟု မျှော်နေသေးသည်။

သို့သော်အပြင်ဘက်၌ အလင်းရောင်အချို့ ရလာသည့်အချိန်ထိတော့ ပြန်မလာကြပေ။ သို့ကြောင့် ကျက်စပြုနေပြီဖြစ်သော အသားများကို ဓားဖြင့် ပိုင်းတစ်ပြီး ဝမ်းပြည့်အောင် စားသောက်ရလေသည်။

ထိုသို့စားသောက်နေစဉ်မှာပင် ဂူအပြင်ဘက်၌ အလင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်များ ရလာလေသည်။ မိုးလင်းလာပေပြီ။

နီမောင်က စောထီးနှင့် ငမဲအောင်တို့ ပြန်မလာကြသဖြင့် စိတ်ထဲမှာ ချီတုံချတုံဖြစ်နေသည်။ နောက်မှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီး အပြင်ပြန်ထွက်ရန်ပြင်သည်။

စားသောက်ပြီး ကျန်နေသေးသော အစားအသောက်များကို မီးဖိုပေါ်မှာပင် ဒီအတိုင်းထားခဲ့ပြီး အပြင်သို့ထွက်လေသည်။ အပြင်ဘက်၌ နှင်းမကွဲသေးပေ။

ဂူအတွင်းမှာ မီးအပူရှိန်ကြောင့် နွေးနေသော်လည်း အပြင်ရောက်တော့ အတော်အေးသည်။ ပတ်ဝန်းကျင် အခြေအနေကြည့်တော့လည်း စောထီးနှင့်ငမဲအောင်တို့နှစ်ယောက် အခြေအနေကို အရိပ်အယောင်ပင်မတွေ့ရပေ။

သို့ကြောင့် အူသံဖြင့် အချက်ပေးလိုက်သည်။

"အူ..ဝူ..ဝူ..."

အူသံက တောင်ရင်ပြင်တစ်ဝိုက်တွင် ပဲ့တင်သံထပ်သွားလေသည်။

"အူ..ဝူ..ဝူ..."

နောက်တစ်ကြိမ်ထပ်အူကြည့်တော့ မမြင်ရသေးသော်လည်း ပတ်ဝန်းကျင်မှ လှုပ်ရှားသံများ ကြားရလေသည်။

နီမောင်က မုဆိုးအတွေ့အကြုံရှိသူဖြစ်သဖြင့် ကြား သောခြေသံကို နားထောင်ရုံနှင့် တင်ယောက်ချင်း၊ နှစ်ယောက်ချင်း မဟုတ်မှန်း သိလိုက်လေသည်။ ထိုအခြေအနေကြောင့် ခါးမှာ အိတ်ဖြင့်ထည့် ထားသော ဓားကိုထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသွားထက်သော ဓားတစ်လက်ဖြစ်ဖြစ်ပြီး နုတ်၍ထိုး၍ ရသော အမဲလိုက်ရာတွင် အသုံးပြုသော ဓားမြှောင်တစ်မျိုးဖြစ်သည်။

နောက်တော့ခြေသံများက တဖြည်းဖြည်းနီးလာသည်။ ထူထပ်စွာကျနေသောနှင်းက မိုးလင်းလာသည်နှင့် အတော်ပင် ပါး သွားပြီဖြစ်သောကြောင့် သူနှင့်မနီးအဝေး နေရာထိရောက်လာ သောပုံရိပ်များကို တွေ့လာရသည်။

သူက စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကို အူသံဖြင့် အချက်ပေးလိုက်သည်။

သို့သော် ထိုအူသံကြောင့် စောထီးနှင့် ငမဲအောင်တို့ ရောက်မလာဘဲ ဘယ်ကလာမှန်းအသိသောလူများသာ ရောက် လာကြလေသည်။

"ဂီး...ဂီး...ဂီး..."

"ဟင်..."

ခြေထောက်နှစ်ချောင်းပေါ်မှာရပ်ပြီး လျှောက်လာသော် သည်း အသံထွက်လာသည်ကတော့ လူသံမဟုတ်ပေ။

"ဂီး...ဂီး...ဂီး..."

ကြားရသောအသံက ဝံပုလွေများမာန်ဖီသော အသံမျိုး မဟုတ်ပေ။ စုစုပေါင်း ဆယ်ဦးခန့်ရှိပြီး နီမောင်ကို စက်ဝိုင်းခြမ်း သဏ္ဍာန် ပတ်ဝိုင်းလာကြခြင်း ဖြစ်သည်။

အတန်ကြာတော့မှ ၎င်းတို့ပုံပန်းသဏ္ဍာန်များကို မြင် တွေ့ရလေသည်။ ခန္ဓာကိုယ်က လူတစ်ယောက် ခန္ဓာကိုယ် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဦးခေါင်းပိုင်းကတော့ လူတစ်ယောက်ဦးခေါင်းမဟုတ်ပေ။

တောင်တန်းပေါ်မှာတွေ့ရရှေးလက်ရှိသော တိရိစ္ဆာန် ဦးခေါင်းများကို တွေ့ရသည်။

မြေခွေးဦးခေါင်း၊ ဝံပုလွေဦးခေါင်း၊ ကျား၊ ကျားသစ်၊ ဝက်ဝံစသော တိရစ္ဆာန်ဦးခေါင်းများ ဖြစ်သည်။ ခြေလက်အင်္ဂါနှင့် လည်ပင်းလောက်အထိ လူတစ်ယောက် ခန္ဓာကိုယ်ဖြစ်သော်လည်း ဦးခေါင်းပိုင်းကတော့ တိ ရိစ္ဆာန်ဦးခေါင်း ဖြစ်နေလေသည်။

ထိုသို့ဖြစ်နေပေရာ ၎င်းတို့အမူအယာတို့မှာလည်း လူတစ်ယောက်၏ လှုပ်ရှားမှုနှင့်မတူတော့ပဲ သက်ဆိုင်ရာ ဦးခေါင်းတပ်ထားသော တိရိစ္ဆာန်တစ်ကောင်၏ လှုပ်ရှားမှုအတိုင်းပင် ဖြစ်နေတော့သည်။

ကျား၊ ကျားသစ်ဦးခေါင်းတပ်ထားသူက ကျား၊ ကျားသစ်တစ်ကောင်၏ ဟန်အမူအယာအတိုင်း၊

မြေခွေး ဝံပုလွေ ဦးခေါင်းတပ်ထားသူက မြေခွေး ဝံပုလွေတစ်ကောင်၏ ဟန်အမူအယာအတိုင်း၊ ပြုမူလှုပ်ရှားလျက် ရှိနေကြသည်။ ၎င်းတို့ ပါးစပ်မှထွက်နေသော အသံကလည်း တိရိစ္ဆာန်တစ်ကောင်၏ အသံမျိုးသာထွက်နေလေတော့သည်။

ထိုသတ္တဝါများထဲမှာ ဦးခေါင်းနှင့် လူများလည်းပါသည်။ သို့သော် သာမန်လူတစ်ယောက်နှင့်မတူပဲ မျက်နှာသေကြီးများနှင့် သံပတ်ပေးထားသော စက်ရုပ်များကဲ့သို့ လှုပ်ရှားနေကြလေသည်။

လူလိုလို သတ္တဝါလိုလို လူနှင့်သတ္တဝါ ရောနှောနေသူတို့



www.burmeseclassic.com

www.burmeseclassic.com



မှာ စုစုပေါင်း (၁၀)ယောက်ခန့် ရှိကြသည်။ အားလုံးလက်ထဲမှာတော့ လက်နက်များ ပါလာကြသည်။

လူတို့ကိုင်သော ဓားလှံလက်နက်များပင်ဖြစ်သည်။

နီမောင်မှာ ဂံကောင်းထောက်မစွာဖြင့် ထောင်ချောက်အတွင်းမှလွတ်မြောက်ခဲ့ရသော်လည်း ရင်ဆိုင်တွေ့နေရသောရန်သူများလက်ကတော့ လွတ်မြောက်ရန်မလွယ်တော့ပေ။

ရန်သူများကလည်း ၎င်းကိုအလွတ်ပေးလိုဟန်မရှိကြပေ။ လက်နက်များကို အသီးသီး ရှေ့သို့တိုးလာကြသည်။

နီမောင်ကလည်း ရှေ့မတိုးသာတော့သဖြင့် ဓားကို ကျစ်ကျစ်ပါအောင်ကိုင်ထားရင်းနှင့် နောက်သို့ တဖြည်းဖြည်း ဆုတ်ပေးနေရသည်။ ထိုသို့ဆုတ်ပေးရင်းနှင့် ယခုအချိန်တွင်သူ့အဖော်နှစ်ယောက်ဖြစ်သော စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ရောက်လာလျှင် ကောင်းမည်ဟု တောင့်တနေမိလေသည်။

နောက်သို့ တဖြည်းဖြည်းဆုတ်ပေးတော့ ရန်သူများကလည်းရှေ့သို့ လိုက်လိုက်လာရာ နီးလာသည်။

ထိုသို့ဆုတ်ပေးရင်းနှင့် နောက်ဘက်တွင် ကျောက်တုံးကြီးတစ်တုံး ခံနေသောကြောင့် ဆုတ်၍မရတော့ပေ။

သို့ကြောင့် ရပ်ပေးလိုက်ရသည်။ သူရပ်တော့ ရှေ့တွင်ရှိနေကြသည့် ရန်သူတို့မှာလည်း ဆက်လိုက်မလာတော့သည့်အပြင်နောက်သို့ ခြေလှမ်းများပင်ပြန်ဆုတ်သွားကြသည်ကို လှမ်းမြင်သဖြင့် စိတ်ထဲတွင် အံ့သြသွားသည်။

ရန်သူများက သူ့ကိုပင်မကြည့်တော့ပဲ သူ့နောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ အထိတ်တလန့်နှင့် လှမ်းကြည့်နေကြသဖြင့် နီမောင်ကပါ မရဲတရဲ လှည့်ကြည့်လိုက်သည်။

သူ့နောက်ဘက်ကျောက်တုံးပေါ်တွင် ကျားနက်ကြီး တစ်ကောင်ရောက်နေပေပြီ၊ သူ့အဖြစ်က ရှေ့တိုးထမ်းပိုး နောက်ဆုတ်လှည်းတုတ်ဆိုသောစကားအတိုင်း ရှေ့မှာ လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်း သတ္တဝါတွေ ရှိနေသည်။ နောက်မှာတော့ ကျားနက်ကြီးက ရောက်နေသည်။

ပြေးစရာ မရှိတော့ပေ။

ထိုအခိုက်မှာပင် ကျားနက်ကြီးက သူရှိရာသို့ လှမ်းခုန်ဆင်းလာသည်။ နီမောင်ကတော့ ထွေထွေထူးထူး မကြိုးစားတော့ပဲ ဖြစ်သမျှအကြောင်း အကောင်းဟုသာ သဘောထားလိုက်သည်။

ကျားနက်ကြီးမှ အတောင်အရွယ်အစား အတော်ပင်ကြီးလှသည်။

တစ်ကိုယ်လုံး အနက်ရောင်အမွေးများသာရှိပြီး နက်မှောင်နေလေသည်။ သူ့ရှေ့သို့ရောက်နေသော ကျားနက်ကြီးမှာ ထောင်ချောက်ထဲတွင်တွေ့ခဲ့ရသော ကျားနက်ကြီး ဟုတ်သည် မဟုတ်သည်တော့ သူ မမှတ်မိတော့ပေ။

နီမောင် ကြည့်နေစဉ်မှာပင် ကျားနက်ကြီးက နီမောင်ရှိရာသို့ တစ်လှမ်းချင်းတိုးလာလေသည်။

ထိုအခြေအနေကို မနီးမဝေးမှာ ရောက်နေကြသည့် သတ္တဝါများကလည်း စိတ်ဝင်စားစွာဖြင့် ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်ကိုရန်ပြုဖို့ထက် နီမောင်နှင့် ကျားနက်ကြီး၏ အခြေအနေကို မျက်တောင်မခတ် ကြည့်နေကြခြင်းဖြစ်လေသည်။

ကျားနက်ကြီးအနားရောက်လာတော့ ကျောက်တုံးတွင် ကျောမှီရပ်နေသော နီမောင်က မျက်စိမှိတ်ထားလိုက်သည်။

ကျားနက်ကြီးက နီမောင့်တစ်ကိုယ်လုံးကို လိုက်လံနမ်းကြည့်နေသည်။ ကိုယ်နံ့ကိုအနံ့ခံနေခြင်းဖြစ်၏။

နီမောင်ကလည်းတစ်ချက်ကလေးမှမလှုပ်ပဲ ငြိမ်နေသည်။

နောက်တော့ ကျားနက်ကြီးက သူ့ရှေ့မှပြန်လှည့်ပြီး လူတစ်ပိုင်း တိရိစ္ဆာန်တစ်ပိုင်း သတ္တဝါများရှိသောနေရာသို့ လွှားခနဲခုန်ဝင်သွားလေတော့သည်။

ထိုသတ္တဝါများကလည်း ကျားနက်ကြီး ဝင်လာသည်မြင်သည်နှင့် ကစဥ့်ကလျားထွက်ပြေးကြလေတော့သည်။ ကျားနက်ကြီးက နောက်ဆုံးကျန်နေသော လူတစ်ယောက်ကို ခုန်အုပ်ကိုက်ချီပြီး တောတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ဆူဆူညံညံအသံများ ပျောက်သွားတော့မှ နီမောင်က မျက်စိဖွင့်ကြည့်လိုက်သည်။ နီမောင်က မျက်စိဖွင့်ကြည့်လိုက်သည်။

သူ့ပတ်ဝန်းကျင်မှာ ဘယ်သူမှမတွေ့ရတော့ပေ။

ထိုအခါမှပင် သက်ပြင်းချနိုင်တော့သည်။

အချိန်ကလည်း တဖြည်းဖြည်းနံနက်ပိုင်းအချိန်ကျော်သွားပြီဖြစ်သောကြောင့် နင်းကွဲစပြုလာပြီဖြစ်သဖြင့် အလင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်ရလာသည်။ နီမောင်က ထိုနေရာမှ တောင်ကြောပေါ်တက်လာသောအခါမှာတော့ အူသံကြားရသည်။ ကြားရသော အသံက သူရှိသောနေရာနှင့် မဝေးလှသောကြောင့် စောထီးတို့အသံဖြစ်မှန်းသိလိုက်သည်။

သို့ကြောင့် ပြန်ပြီးအူပေးလိုက်သည်။

"အူ..ဟူ..ဟူ.."

အတန်ကြာတော့ သူရှိသောနေရာသို့ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ရောက်လာကြသည်။ သူတို့နှစ်ယောက်က နီမောင်နှင့် ပြန်တွေ့ရသဖြင့် ဝမ်းသာနေကြသလို နီမောင်ကလည်း ဝမ်းသာနေသည်။

"နီမောင် မင်းဘယ်လိုဖြစ်သွားလဲ"

နီမောင်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။

"မင်းအတော်ကံကောင်းလို့ အသက်ဘေးအန္တရာယ်က လွတ်ခဲ့တာပဲ၊ ငါတို့လည်း မင်းကိုလိုက်ရှာရင်းနဲ့ လမ်းမှာ လူလို ... တိရိစ္ဆာန်လိုလို သတ္တဝါတွေနဲ့ တွေ့ခဲ့ရသေးတယ်၊ ငါတို့ကိုတော့ အန္တရာယ်မပေးကြပါဘူး၊ သူတို့နောက်က အန္တရာယ်တစ်ခုခု လိုက်လာလို့ ပြေးသွားကြတဲ့ ပုံမျိုးပဲ"

ဟု ငမဲအောင်က ပြောသဖြင့် နီမောင်က ကျားနက်ကြီးအကြောင်းကို ပြောပြလိုက်သည်။

"မင်းကိုကယ်ခဲ့တဲ့ ကျားနက်ကြီးက ထောင်ချောက်ထဲမှာ မင်းကယ်ပေးလိုက်တဲ့ ကျားနက်ကြီးပဲ ဖြစ်မှာပေါ့၊ အတော်ထူးဆန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်းကယ်လိုက်တဲ့ ကျားနက်ကြီးက အခု တောင်ပေါ်မှာ မုဆိုးတွေတွေ့ခဲ့တဲ့ ကျားနက်ကြီးဖြစ်မှာ သေချာတယ်၊ သားရဲတွင်းထဲမှာ မင်းမကယ်ပဲထားလိုက်ရင် သူ သေမှာပဲ၊ ဒါဆိုရင် ငါတို့ အဲဒီကျားနက်ကြီးကိုရမှာ"

ငမဲအောင်စကားမဆုံးခင်မှာ သူတို့သုံးယောက်နှင့် မဝေးလှသောနေရာမှ ကျယ်လောင်လှသော ကျားဟိန်းသံကြီးပေါ်ထွက်လာသဖြင့် ငမဲအောင်လည်းစကားမဆက်ဝံ့တော့ပဲ ဇက်ပုကျသွားလေသည်။

"ငါသာသူ့ကိုမကယ်ခဲ့ရင် အခုလောက်ဆိုရင် ငါလည်းလူတစ်ပိုင်းတိရိစ္ဆာန်တစ်ပိုင်း သတ္တဝါတွေသတ်လို့ သေလောက်ပြီ"

"အင်း ဒါလည်းဟုတ်တော့ဟုတ်ပါတယ်၊ ကိုယ်က သူ့အသက်ကယ်ခဲ့လို့ သူက ကိုယ့်အသက်ကယ်တင်ပေးတာ တရားမျှတပါတယ်"

ထိုသို့ပြောဆိုပြီး သုံးယောက်သား ထိုနေရာမှ ထွက်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

# ဦးဖန်ကောင်းနှင့် ထိရိုးစွာန်တို့၏ မာဂဓစကား

ရာ သီဥတုသာယာသော တစ်ရက်တွင် နီမောင်တို့သုံး ယောက် တောင်ပေါ်သွားရန်ပြင်ဆင်နေကြစဉ် သူတို့ရှိရာသို့ ဦးဖန် ကောင်းရောက်လာလေသည်။

ဦးဖန်ကောင်းက ဆေးကုသပေးရာ၌လည်းကောင်း၊ ဒေသမှထွက်သည့် ဆေးပင်ဆေးရွက်ဆေးဥများကိုအသုံးပြု၍ ဆေးဝါးဖော်စပ်အသုံးပြုရာ၌ ဆရာတစ်ဆူပင်ဖြစ်လေသည်။

ဆရာကြီး ဦးဖန်ကောင်းက နီမောင်တို့နေထိုင်ကြသည့်



www.burmeseclassic.com

www.burmeseclassic.com



ဇလပ်နီရွာ၌ပင် နေထိုင်လေသည်။

မြောက်ပိုင်းဒေသတွင်ရှိသော ရွာများတွင် တရုံ၊ ထလု ရဝမ်၊ ခွန်နီးရှမ်း၊ တိဗက်၊ ကချင်လူမျိုးတို့လောက်သာ အနေများကြ သော်လည်း အချို့ရွာများတွင် အခြားတိုင်းရင်းသား လူမျိုးတို့ လည်း နေထိုင်ကြသည်။ ထိုအထဲတွင် မြန်မာလူမျိုး အချို့လည်း ပါဝင်လေသည်။

ဇလပ်နီရွာမှာတော့ မြန်မာလူမျိုးအချို့ နေထိုင်ကြရာ ဦးဗန်ကောင်းနှင့် နီမောင်တို့မိသားစုလည်း ပါဝင်ကြလေသည်။

ဦးဗန်ကောင်းက မြန်မာတစ်ဦးဖြစ်သော်လည်း ဒေသ ခံများတွင် ဖြစ်ပွားသောရောဂါဝေဒနာများနှင့် ထိခိုက်ဒဏ်ရာ များကို ကုသပေးလေ့ရှိသည်။

အမှောင့်ပယောဂနှင့်သက်ဆိုင်သော ရောဂါများကို လည်း ကျွမ်းကျင်စွာကုသပေးနိုင်သဖြင့် ဒေသခံများက ၎င်းကို နတ်ဆရာတစ်ဦးကဲ့သို့ပင် အားကိုးသမှု ပြုကြလေသည်။

ဦးဗန်ကောင်းက အသက်(၅၀)ကျော်အရွယ်လောက်သာ ရှိသေးပြီး နီမောင်တို့သုံးယောက်ကိုတော့ အတော်ပင်ခင်မင်လေ သည်။

နီမောင်တို့ကလည်း ဆရာကြီးတစ်ဦးအနေဖြင့်သာမက ဆွေမျိုးဆွေမျိုးရင်းခြာ တစ်ဦးကဲ့သို့ပင် ခင်မင်ကြလေသည်။

၎င်းတို့သုံးယောက်တောင်ပေါ်သွားသည့်အခါ ထူးထူး ဆန်းဆန်း ဆေးပင်၊ ဆေးမြစ်များ၊ ဥများ၊ ကျောက်များ ရလာလျှင် ယူလာပြီး ဆရာကြီးဦးဗန်ကောင်းအားပေးလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံလည်း ထူးခြားသော နေရာများတွေ့ပါက မှတ်သားထားပြီး ဆရာကြီးအား ပြောပြလေ့ရှိသည်။

ထိုအခါ ဦးဗန်ကောင်းပါ တောင်ပေါ်လိုက်လာလေ့ရှိသည်။

ယခုလည်းနီမောင်တို့ သုံးယောက်က တောင်ပေါ်၌ တွေ့မြင်ခဲ့ရသော လူတစ်ပိုင်း တိရိစ္ဆာန်တစ်ပိုင်း ဖြစ်နေကြသူများအကြောင်း ပြောပြသဖြင့် စိတ်ဝင်စားပြီး တောင်ပေါ်လိုက်ရန် ရောက်လာခြင်းဖြစ်သည်။

"ဒါ သာမန်ကိစ္စမျိုးတော့ ဟုတ်မယ်မထင်ဘူး၊ သဘာဝအတိုင်းဆိုရင်တော့ လူကလူပဲ၊ တိရိစ္ဆာန်ကတိရိစ္ဆာန်ပဲ ဖြစ်ရမှာပေါ့၊ လူတစ်ပိုင်း တိရိစ္ဆာန်တစ်ပိုင်း ဖြစ်နေတယ်ဆိုရင်တော့ သဘာဝအတိုင်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး"

"ဆရာကြီးက ဘယ်လိုထင်နေလို့လဲ"

"တစ်ယောက်ယောက်က စီမံနေသလားလို့ ထင်မိလို့ပါ"

"ဒီလိုလုပ်လို့ရော ရသလားဆရာကြီး"

ဦးဗန်ကောင်းက ဆေးရွက်ကြီးကိုအမှုန့်ပြုလုပ်ထားပြီး ဆေးတံဖြင့်သောက်ရသော ဆေးတံရှည်ကို မီးညှိဖွာရင်း ပြောသည်။

"ဆေးပညာနဲ့လုပ်ရင် ရပါတယ်၊ လူတွေ ခြေပြတ်လက်ပြတ်ဖြစ်ရင် ပြန်ဆက်ပေးတာတို့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ ချို့ယွင်းသွားရင် အစားထိုးတာတွေကို ဆေးပညာနဲ့ ပြုလုပ်လို့ရတယ်၊ ပြောင်းလဲလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြားတော့ကြားဖူးပါရဲ့၊ ဒါမျိုးတွေက ခေတ်မီကိရိယာတွေ၊ ဆေးဝါးပစ္စည်းတွေရှိမှ လုပ်လို့ရတာမဟုတ်လား ဆရာကြီး"

"ခေတ်မီကိရိယာတွေက အနောက်ပိုင်းမကြာသေးခင်ကမှ ပေါ်လာတာပါကွာ၊ ဆေးပညာဆိုတာ လူတွေပေါ်ပေါက်လာစကတည်းက ပေါ်လာတာဆိုတော့ နှစ်ပရိစ္ဆေဒအတော်ကြာခဲ့ပါပြီ၊ မြတ်စွာဘုရား ပွင့်တဲ့ကာလမှာ ပေါ်ပေါက်ခဲ့တဲ့ ဆရာဇီဝကဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၅၀၀)ကျော်လောက်ကတည်းက ကိရိယာတန်ဆာတွေမလိုပဲ လူတစ်ယောက်ရဲ့ တစ်ကိုယ်လုံးကို ခွဲစိတ်ဖြတ်တောက်ပြီး ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ပေးနိုင်ခဲ့တယ်"

ဦးဗန်ကောင်းနှင့်တွေ့သည့်အတိုင်း ထိုကဲ့သို့သော စိတ်ဝင်စားစရာများ ဗဟုသုတရသောအချက်များ အကြောင်းအရာများကိုကြားသိရသဖြင့် နီမောင်တို့က သဘောကျကြခြင်းဖြစ်၏။

"ဒါဖြင့် လူတစ်ပိုင်းတိရစ္ဆာန်တစ်ပိုင်းဖြစ်နေတဲ့ သတ္တဝါတွေက သူ့ကသဘာဝအတိုင်း ဖြစ်နေတာမဟုတ်ပဲ တစ်စုံတစ်ယောက်ယောက်က လုပ်ထားတာဖြစ်နိုင်တာပေါ့နော်"

"ဒါကတော့ အသေအချာတော့မပြောနိုင်ပေဘူး၊ လောကမှာ ငါတို့လို သာမန်လူတွေ ဉာဏ်တစ်ထွာတစ်မိုက်လောက်နဲ့ လိုက်လို့မမီနိုင်အောင် ဆန်းကြယ်တဲ့အကြောင်းတွေက အများကြီးရှိတာပဲ၊ လက်တွေ့ကြုံတွေ့မှပဲ သိရပေတော့မှာပဲ"

ထိုသို့ပြောပြီး နီမောင်တို့သုံးယောက် တောင်ပေါ်တက်သောအခါ ဦးဗန်ကောင်းပါလိုက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဦးဗန်ကောင်း လိုက်လာသောအကြောင်းရင်းမှာ တောင်ပေါ်ရောက်လျှင် ဆေးပင်ဆေးမြစ်ဆေးဥများ ရှာဖွေရန်အကြောင်းလည်း အဓိကအနေဖြင့် ပါလေသည်။

နီမောင်တို့သုံးယောက်ကတော့ ဦးဗန်ကောင်းလိုက်ပါလာသောကြောင့် အတော်ပင်အားရှိကြလေသည်။

ဂန်လန်ရာဇီတောင်မှာ ရာသီဥတု သာယာသောအချိန်တွင်ခန်းတောက်မြစ်၊ မချစ်ဥ၊ မရှော့ပင်၊ အဆက်ကလူစီ ဟုခေါ်သော မသေဆေးပင်များအထိ ရှာဖွေရနိုင်သည်။ ရှားပါးပြီး တန်ဖိုးရှိသော သစ်ခွပန်းများလည်း ရနိုင်သည်။

ကတိုးကောင်နှင့် သားမင်းဟုခေါ်သော တာကင်၊ တောင်ဆိတ် စသောသတ္တဝါများ ရနိုင်သောနေရာဖြစ်သောကြောင့် ဒေသခံတို့အတွက် ဝမ်းစာအိုးကြီးသဖွယ် ရှိပေတော့သည်။

တပောင်ဒမ်း၊ ပန်နန်းဒင်၊ အဒွန်းလောင်၊ ဆတိမ်ဒမ်း၊ လပ်နီရွာ၊ တောင်ဇလပ်ရွာ အစရှိသော ထိုတောင်ခြေနှင့်နီးသောရွာများ၌ရှိသော မုဆိုးများသည် ရာသီဥတုကောင်းမွန်သာယာသည်နှင့် တောင်ပေါ် တက်လာကြသည်။

နီမောင်တို့လေးယောက် တောင်ပေါ်ရောက်သောအခါ သုံးစုခွဲပြီး မိမိတို့အလိုရှိသောပစ္စည်းများ ရှာဖွေကြလေသည်။ နေ့လည်ဘက်စားသောက်ချိန်တွင် ပြန်ဆုံရမည့်နေရာကိုလည်း အချင်းချင်းပြောဆိုသတ်မှတ်ထားကြလေသည်။

ရေခဲတောင်များပေါ် ညသာတွေ့ရလေ့ရှိသော ခန်းတောက်မြစ်နှင့် မချစ်ဥတို့မှာ ရှားပါးသလောက် တန်ဖိုးရှိသော



www.burmeseclassic.com

www.burmeseclassic.com



ဆေးဖက်ဝင်ပစ္စည်းများဖြစ်သည်။ တစ်နှစ်ပတ်လုံး ရေခဲဖုံးနေ
သော တောင်ပေါ်တွင် ရေခဲများ အရည်ပျော်ကျချိန်တွင် အချိန်
ကိုက်တက်ရောက်ရှာဖွေနိုင်မှ ရနိုင်သည့် ပစ္စည်းများလည်းဖြစ်၏။

သို့သော်လည်းနေရာတိုင်းမှာတော့ ရှာဖွေမရနိုင်ကြပေ။

တစ်ခါတစ်လေလည်း ကံကောင်းသူတို့မှာ တစ်နေရာ
တည်း၌ အစုလိုက်အပြုံလိုက် ရှာဖွေတွေ့ရသည်မျိုးလည်း ရှိကြ
သည်။ (ခန်းတောက်မြစ်နှင့် မချစ်ဥတို့တို့ အသုံးဝင်ပုံများကို ထုတ်
ဝေပြီးခဲ့သောစာအုပ်များတွင် ရေးသားဖော်ပြပေးခဲ့ပြီးလည်း ဖြစ်
ပေသည်။)

နေ့လည်ဘက်အချိန်ရောက်တော့ သတ်မှတ်ထားသော
နေရာ၌ လေးယောက်သား ပြန်ဆုံကြလေသည်။

ထိုသို့ပြန်ဆုံသောအချိန်တွင် ဦးဇန်ကောင်းမှာ အိတ်ကြီး
တစ်လုံး ပါလာသည်ကိုတွေ့ကြရသည်။ ထိုအထုတ်ကြီးကို ထမ်း
ယူလာခြင်းဖြစ်သည်။

"ဘာတွေ သယ်လာတာလဲ ဆရာကြီး"

"တောင်ပေါ်မှာ ခန်းတောက်မြစ်နဲ့ မချစ်ဥတွေတွေ့လို့
မင်းတို့အတွက် သယ်ယူလာခဲ့တာပါ"

"ဗျာ..."

ဦးဇန်ကောင်းက ဘာမှမထူးခြားသော အမူအယာဖြင့်
အေးအေးဆေးဆေးပြောလိုက်သော်လည်း ကျန်သုံးယောက်မှာ
မျက်လုံးပြူးသွားကြလေသည်။

တစ်ခါတစ်ရံ တောင်ပေါ်တွင် အဆင်မပြေပါက တစ်နေ့

www.burmeseclassic.com



လုံး လိုက်ရှာလျှင်သော်မှ ခန်းတောက်မြစ်တစ်မြစ်၊ မချစ်ဥတစ်လုံး ရဖို့ မလွယ်ပေ။ ထိုကဲ့သို့ အထုပ်လိုက်ရဖို့ကတော့ ဝေးပါရော။

"မင်းတို့က သူပြောတာမယုံကြဘူး ထင်ပါရဲ့ ယူလာတဲ့ အထုပ်ဖြေကြည့်ပါလား"

ဟု ပြောသဖြင့် စောထီးနှင့် ငမဲအောင်က ဖြေကြည့်ကြရာ အမှန်တကယ်ပင် အထုပ်ထဲတွင် ခန်းတောက်မြစ်နှင့် မချစ်ဥများစွာတို့ကို တွေ့ကြရလေသည်။

"ဆရာကြီး ဒါတွေကို ဘယ်လိုများ ရအောင်ရှာလာတာလဲ"

စောထီးက တအံ့တသြ မေးလိုက်သည်။

"ငါက မင်းတို့လို ဒီအတိုင်းလိုက်ရှာနေတာမှမဟုတ်တာ"

"ဘယ်လိုရှာသလဲဟင်"

"ဌက်တွေတိရိစ္ဆာန်တွေရဲ့ အော်သံမြည်သံတွေကို နားထောင်တယ်၊ သူတို့ရဲ့ လှုပ်ရှားမှုတွေကိုကြည့်ပြီး ရှာတော့ များများရတာပေါ့"

ထိုစကားကြားတော့ ထပ်မံအံ့သြကြရပြန်သည်။

"ဆရာကြီးက မာဂဓအသံတွေကို နားလည်တယ်လား"

ဦးဗန်ကောင်းက ကောက်ညှင်းကျည်တောက်နှင့် အသားခြောက်အချို့ကို စိမ်ပြေနပြေဝါးရင်း ခေါင်းညိတ်ပြသည်။

"အင်း...နားလည်ပါတယ်"

"ဒါဖြင့် ဘယ်လိုနားထောင်ပြီး ဘယ်လိုသိတယ်ဆိုတာ သည်း ပြောပြပါဦး ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ငှက်တွေအော်တယ်ဆိုတာ၊ တိရိစ္ဆာန်တွေအော်တယ်ဆိုတာ ချင်းချင်းသတင်းပို့တာ၊ နှုတ်ဆက်တာ၊ အသိပေးတာကို အသံနဲ့ သင်္ကေတပြုကြတာပဲ"

ရန်သူတွေ့သောအသံ၊ အချင်းချင်းနှုတ်ဆက်သောအသံ၊ မိတ်ကြောင့် အော်မြည်သောအသံ၊ အစာတွေ့သဖြင့် သတင်းပို့သောအသံမှာ မတူကြပေ။

ဘယ်သစ်ပင်မှာ သီးမှည့်နေပြီ၊ ဘယ်စပါးခင်း၊ ဂျုံခင်းတွေမှည့်နေပြီ၊ ဘယ်နေရာမှာတော့ အမြစ်တွေဥတွေအများကြီးရှိနေပြီဟု ပြောသောအသံက တစ်မျိုး။

ဘယ်နေရာမှရန်သူ (မုဆိုး)လာနေပြီ၊ ရောက်နေပြီဟု အချင်းချင်းသတင်းပေးသော အသံကတစ်မျိုး။ ချစ်ပါရစေ၊ ကြိုက်ပါရစေ၊ မိတ်လိုက်လိုသောအခါ ပေးသောအသံက တစ်မျိုး။

နင်က တောင်အရပ်သွား၊ ငါက မြောက်အရပ်သွားမည်ဟု ပြောသောအသံက တစ်မျိုး ဖြစ်ပေသည်။

ထိုအကြောင်းများကို ကျေးငှက်တိရိစ္ဆာန်တို့၏ မာဂဓ ဘာသာစကားကို နားလည်သော ရှေးပညာရှိတို့က မြို့ဟဖိသံ ဟိတကျမ်း၌ ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

ငှက်များနှင့် တိရိစ္ဆာန်များမှ ကောက်ယူနိုင်သော နိမိတ်များကို ဖော်ပြပါမည်။

သက်ရှိသတ္တဝါများမှ ကောက်ယူသော နိမိတ်များတွင် မြို့ပြကျေးရွာ၊တောရိုင်းသတ္တဝါ၊ ရေနေသတ္တဝါ၊ မြေပြင်ဆိုင်ရာ ကောင်းကင်ဆိုင်ရာ နေ့နှင့်ဆိုင်ရာ ညနှင့်ဆိုင်ရာ နေ့ညနှစ်ပါးဆိုင်


www.burmeseclassic.com

www.burmeseclassic.com



ရာ သတ္တဝါများ ပါဝင်သည်။

သတ္တဝါ၏လိင်ကိုမူ အသံ၊ ဟန်၊ အကြည့်နှင့် အပြောအဆိုတို့ကို ကြည့်၍ ဆုံးဖြတ်ရန်ဖြစ်သည်။ ◦

မြို့ပြကျေးရွာဆိုင်ရာ သတ္တဝါများတွင် လူသားများ၊ မြင်းများ၊ ဆင်များ၊ ခွေးများစသည်တို့ ပါဝင်သည်။

တောရိုင်းသတ္တဝါများတွင် ခြင်္သေ့များ၊ ကျားများ၊ တောဆိတ်များ၊ သမင်ဒရယ်များ စသည်တို့ပါဝင်သည်။

ရေနေသတ္တဝါများတွင် ဘဲငန်းစသည်တို့ ပါဝင်သည်။

မြေပြင်ဆိုင်ရာ သတ္တဝါများတွင် ခွေးများ၊ မြွေပါများ၊ မြွေများ စသည်တို့ပါဝင်သည်။

ဟစ်ကြွေးအော်မြည်နေသောဌက်သည် အဖိုအမ မခွဲခြားနိုင်ပါက အနီးအနားရှိ စကားပြောနေသောသူ၏ လိင်ကိုကြည့်၍ ခွဲခြားရန်ဖြစ်သည်။

သတ္တဝါများသည် အမျိုးအမည်များပြားခြင်း၊ မျိုးစိတ်များ များခြင်း၊ အတိအကျခွဲခြားနိုင်သော အကျင့်စရိုက်များ ပီပီပြင်ပြင် မရှိသောကြောင့် သတ္တဝါများ၏ လိင်ကိုခွဲခြားရန်မှာ ခဲယဉ်းသော အရာဖြစ်သည်။ ယေဘူယျအချက်အလက်များကို လေ့လာ၍ ခွဲခြားနိုင်ပါသည်။

ယေဘူယျအားဖြင့် အဖိုသတ္တဝါများသည် အသားဆိုင်ရာအပါများ၏ ပုခုံးများ မြင်မားကြီးထွားသည်။ လည်ပင်းများ ကျယ်ပြန့်သည်။ ရင်သားရင်အုံ လှပသည်၊ ပြေပြစ်သည်။ အသံသြဇာကြီး၍ နက်ရှိုင်းသည်။ ရဲစွမ်းသတ္တိရှိသည်။ လမ်းလျှောက်ဟန်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့ကြသည်။

ယေဘူယျအားဖြင့် အမသတ္တဝါများတွင် သေးငယ် သေးသွယ်သော ရင်အုံရင်သား ဦးခေါင်းနှင့် လည်ပင်းများ သေးငယ်သေးသွယ်သော မျက်နှာနှင့် ခြေထောက်များရှိသည်။ သူရသတ္တိနည်းသည်။ ဆွဲဆောင်မှုရှိကာ ချိုသာသောအသံရှိသည်။

အထက်ဖော်ပြပါအခြင်းအရာများနှင့် ကွဲလွဲသောအချက်များရှိလျှင် နပုန်းသက ဖြစ်လိမ့်မည်။

နပုန်းသကဆိုသည်မှာ အထီးအမ(သို့မဟုတ်)ရောနှောစွာ ရှိနိုင်သည်။

ခရီးယာယီနှင့်ပတ်သက်သော နိမိတ်များအကြောင်းကို အကျဉ်းမျှ ဖော်ပြပါမည်။

ခရီးသွားမည့်သူသည် မိမိခရီးအတွက် နိမိတ်အကောင်းအဆိုးတို့ကို သက်ဆိုင်သူအား ကြည့်ရှုကောက်ယူရမည်။

စစ်ချီတက်သူများသည် မင်းနှင့်သက်ဆိုင်သည်။ မြို့တွင်းဆိုပါက မြို့တော်ဝန်နှင့်သက်ဆိုင်သည်။ ပွဲလမ်းသဘင်တွင် အကြီးအကဲနှင့် သက်ဆိုင်သည်။ အကြီးအကဲ အများအပြား ရှိနေလျှင် အဆင့်အကြီးဆုံးသူနှင့် သက်ဆိုင်သည်။ မွေးဖွားခြင်း အတတ်ပညာနှင့် အသက်အရွယ်တို့ဖြင့် အဆင့်အကြီးအငယ်ကို ဆုံးဖြတ်ရမည်။

အရပ်ဒေသ သုံးမျိုးဖြစ်သော

(၁) ရောင်ခွာသွားပြီး (၂) ရရှိနေဆဲ (၃) ရရှိတော့မည်ဟူသော အမည်များအပြင် အခြားသော အမည်သတ်မှတ်ချက်



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိပေသည်။

ၤင်းတို့မှာ (၁)အဂ္ဂိရ(မီးသွေး) (၂)ဒိပက(တောက်လောင်နေဆဲ)နှင့် (၃) ဒု-မိ-နိ(မီးခိုး)စသည်ဖြင့် ခေါ်ဝေါ်ထားခြင်းဖြစ်သည်။ ကျန်သော အရပ်ဒေသများကို ငြိမ်သက်ခြင်းဟုခေါ်သည်။

မီးသွေး၊ တောက်လောင်ဆဲနှင့် မီးခိုးစသော အရပ်ဒေသသုံးခုတို့မှ အရပ်ဒေသ(၅)ခုမြောက်တို့တွင် ဖြစ်ပေါ်သော နိမိတ်များသည် အတိတ်၊ ပစ္စုပ္ပန် အနာဂတ်ကာလများအတွက် အညီအမျှ ကောင်းမွန်သည်သာဖြစ်၏။

ကျန်အရပ်ဒေသ(၂)ခုတွင် ဖြစ်ပေါ်သော နိမိတ်တို့၏ ကောင်းကျိုးဆိုးပြစ်တို့ကိုမူ ငြိမ်သက်ခြင်း၊ အရပ်ဒေသကိုလိုက်၍ ချင့်ချိန်ဆုံးဖြတ်ရမည်။

အကယ်၍ ပထမအချိန်မှ အရပ်ဒေသများဖြစ်သော အရှေ့မြောက်(မီးသွေး) အရှေ့(တောက်လောင်ဆဲ)နှင့် အရှေ့တောင်အရပ်ဒေသ(မီးခိုး)တို့ကို ယူလျှင် ထိုအရပ်ဒေသတို့မှ (၅)ခုမြောက်အရပ်ဒေသများသည် အနောက်တောင်၊ အနောက်နှင့် အနောက်မြောက်အရပ်ဒေသများ ဖြစ်ကြသည်။

အနီးအနားနှင့် အနိမ့်ပိုင်းတွင် ဖြစ်ပေါ်သော နိမိတ်တို့၏ ရလဒ်မှာမူ နောင်ကာလမှ ဖြစ်ပွားတတ်သည်။

နိမိတ်သည် တည်ငြိမ်ခြင်းနှင့် ပေါက်ကွဲပျက်စီးခြင်းဟူ၍ ရှိသည်။

မြက်စားနေသည်ကိုတွေ့မြင်ရလျှင် (သို့မဟုတ်)သစ်သီး



www.burmeseclassic.com

www.burmeseclassic.com



များစားနေသည်ကို တွေ့မြင်ရလျှင် နိမိတ်တည်ငြိမ်ခြင်း ဖြစ်၏။

အသားစားနေလျှင် (သို့မဟုတ်) အသားနံ့ရလျှင် နိမိတ်သည် ပေါက်ကွဲပျက်စီးသည်မြင်၏။ ဤသည်မှာ မကောင်းကျိုး (ဆိုးကျိုး)ဖြစ်စေ၏။

ချက်ပြုတ်ပြီးသောအစာကို စားနေသည်ကိုမြင်လျှင် "တည်ငြိမ်ခြင်းနှင့် ပေါက်ကွဲခြင်း"ရောနှောသော အမျိုးဖြစ်သည်။

အဆောက်အအုံများ၊ ဘုရားကျောင်းများ၊ မင်္ဂလာရှိသော နေရာများ၊ နှလုံးစိတ်ဝမ်းအေးချမ်းသောနေရာများ၊ (အေးမြသော နေရာ၊ စိုပြေစိမ်းလန်းသော မြက်ခင်းနှင့် ဖဲမွေ့ရာ၊ ကော်ဇောများ ခင်းထားသောနေရာ)သစ်သီးဝလံ ပန်းမာန်လ်များနှင့် ဝေဝေ ဆာဆာရှိသော သစ်ပင်ပေါ်တွင်နားခြင်း စသည်တို့မှဖြစ်ပေါ်သော နိမိတ်များသည် အကောင်းဆုံး ဖြစ်သည်။

နေ့အချိန်ကျက်စားသော သတ္တဝါများသည် နေ့အခါ တောင်ကုန်းကမူအမြင့်ပေါ်တွင် ရှိလျှင် အားကြီးသည်။

ထိုအတူညအချိန်တွင် ကျက်စားသော သတ္တဝါများသည် ညအခါ ရေပေါ်တွင်တွေ့ရှိရလျှင် အားကြီးသည်။ နပုန်းသကထ အမက ပို၍အားကြီးသည်။ အမထက်အဖိုက ပို၍အားကြီးသည်။

အရပ်(၈)မျက်နှာတွင် အရှေ့အရပ်မှစတင်၍ မင်း၊ အ ရှေ့မင်းသား၊ စစ်ဗိုလ်ချုပ်၊ သံတမန်၊ ကုန်သည်၊ သူလျှို၊ ဗြဟ္မ နှင့် ဆင်တင်းကုတ်မန်နေဂျာဟူ၍ အသီးသီးသတ်မှတ်ထားသည်။

ထို့အတူ အရှေ့အရပ်ကို ခတ္တိယ၊ တောင်အရပ်ကို ဝေ အနောက်အရပ်ကို သုဒ္ဒနှင့် မြောက်အရပ်ကို ဗြဟ္မဏတို့ ပိုင်ဆိုင်

www.burmeseclassic.com



ကြသည်။

အကယ်၍ နိမိတ်သည် (ဌက် သို့မဟုတ် တိရိစ္ဆာန်) အရပ်ဒေသတစ်ခုခုတွင်ရပ်တည်၍ အော်မြည်ဟစ်ကြွေးခဲ့လျှင် လူတစ်ဦးသည် ရပ်တည်နေလျှင်ဖြစ်စေ၊ (သို့မဟုတ်) ခရီးသွားနေလျှင်ဖြစ်စေ ထိုအရပ်ဒေသနှင့် သက်ဆိုင်သူနှင့် တွေ့ဆုံလိမ့်မည်ဟု ဟောပြောနိုင်သည်။

ဥပမာ– နိမိတ်တစ်ခုသည် အရှေ့အရပ်ဒေသနှင့် အရှေ့တောင်အရပ်အကြားဒေသနှင့် အရပ်ဒေသခွဲ (၃)ခုအနက် ပထမအရပ်ဒေသခွဲနေရာတွင်ဖြစ်ပေါ်လျှင် အသံကိုလိုက်၍ နိမိတ်ကောက်ယူနိုင်သည်။

ကြားသိရသော အသံသည် ကြိုးပြတ်နေလျှင် စူးရှအက်ကွဲနေလျှင်၊ သနားစရာဖြစ်နေလျှင်၊ နာကျင်ပင်ပန်းခဲယဉ်းသောအသံဖြစ်လျှင်၊ ကြမ်းတမ်းနေလျှင်၊ တိုးညင်းအားလျော့နေလျှင် (သို့မဟုတ်) မာကျောနေလျှင် သင့်တင့်ကောင်းမွန်ခြင်းမရှိပေ။

ကြားသိရသောအသံသည် ကြည်လင်သာယာ နာပျော်ဖွယ် သဘာဝအသံဖြစ်လျှင် ကောင်းမွန်သည်။

ခရီးသွားလာရာ၌ လက်ယာဘက်အတွက် နိမိတ်ကောင်းသည်ဟုဆိုလျှင် လုပ်ငန်းဆောင်ရာ၌ စည်းဝေးတွေ့ဆုံရာ၌ စစ်ပွဲဆောင်ရာ၌ အိမ်သစ်တက်ရာ၌ လက်ဝဲဘက်တွင် ကောင်းသည်။

အရှေ့အရပ်တွင် ကောင်းသောအရာများသည် အနောက်အရပ်တွင်ကောင်းသည် စသည်ဖြင့် အပြန်အားဖြင့်ယူရမည်။

ခရီးသွားနေစဉ်အတွင်း ခရီးသွားသူ၏ ဘေးဘက်စ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်စီတွင် နိမိတ်(၂)ခုတို့သည် လှုပ်ရှားမှုရလဒ်ပေါက်ကွဲခြင်း မျိုးရှိခဲ့လျှင် ခရီးသွားသူ ပျက်စီးဆုံးရှုံးလိမ့်မည်။

အဆိုပါ နိမိတ်နှစ်မျိုးတို့သည် လက်ဝဲလက်ရာ အရပ်ဒေသအသီးသီးတွင် တည်ရှိ၍ သာယာစွာပတ်ကြွေးခြင်းနှင့် လှုပ်ရှားခြင်းများရှိလျှင် "နိမိတ်တံခါးများ" ဟုခေါ်ဆို၍ ဥစ္စာစီးပွားကို ရရှိတတ်သည်။

အခြားအယူအဆမှာ "နိမိတ်တံခါးများ"သည် အမျိုးတူ သောငှက်များ သို့မဟုတ် တိရစ္ဆာန်များ ခရီးသွားသူ၏ ဘေးတစ်ဖက်တစ်ချက်တွင် ရပ်တည်၍ တည်ငြိမ်သော လှုပ်ရှားမှုနှင့် အသံများရှိလျှင် ဖြစ်ပေါ်သည်ဟုဆိုသည်။

တည်ငြိမ်ခြင်းဆိုသည်မှာ ပေါက်ကွဲခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။

နိမိတ်တစ်ခုသာ အကောင်းကိုဖော်ပြ၍ အခြားတစ်ခုသည် အဆိုးကိုဖော်ပြပြီး ဆန့်ကျင်ဘက် တစ်ခုနှင့်တစ်ခုဖြစ်နေလျှင် ခရီးသွားသူအတွက် ဘေးဥပါဒ်အန္တရာယ်ဖြစ်ပေါ်ပေလိမ့်မည်။ မည်သည့်နိမိတ်က အင်အားကောင်းမွန်လိမ့်မည် ဆိုသည်ကို ချင့်ချိန်ရမည်။

ခရီးစတင်ရာ၌ နိမိတ်သည် ကောင်းကျိုးကို ဖြစ်ပွား လျှင်၊ ချဉ်းနင်းဝင်ရောက်ရာ၌လည်း ကောင်းကျိုးပေးလိမ့်မည်။

မိုးကြိုး ထစ်ချုန်းမြည်ဟည်းနေစဉ် လောင်ကျွမ်းသော အရပ်ဒေသတွင် ဖြစ်ပေါ်သောနိမိတ်သည် လေဘေးအန္တရာယ် ကြိုတင်ပြောသော နိမိတ်ဖြစ်သည်။ ဆည်းဆာလက်နက်များ ဘေး



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကိုညွှန်ပြသည်။

အညစ်အကြေး စွန်းပစ်သော နိမိတ်သည် လုပ်ငန်းကျ ဆင်းမည်ကိုညွှန်ပြ၍ စားသောက်ခြင်းနိမိတ်သည် လုပ်ငန်းအောင် မြင်မည်ကို ညွှန်ပြသည်။

အကယ်၍ တစ်စုံတစ်ဦးသည် နေရာမှအော်ဟစ်မြည် ဟမ်းကာ အဝေးသို့ပြေးထွက်သွားလျှင် ခရီးယာယီကိုညွှန်ပြသည်။ အော်ဟစ်မြည်ကြွေး၍ အဝေးမှနေရာသို့လာခဲ့လျှင် တစ်ယောက် ယောက်ရောက်ရှိလိမ့်မည်။

အသံကြောင့် ပေါက်ကွဲသောနိမိတ်သည် ခိုက်ရန်ဖြစ်ပွား တတ်သည်။ အနေအထားကြောင့် ပေါက်ကွဲသောနိမိတ်သည် စစ် ကိုညွှန်ပြသည်။

ကျယ်လောင်စွာ ဟစ်အော်ငိုကြွေးပြီးမှ တိုးညှင်းသောအ သံ ဖြစ်ပေါ်လျှင် ဆင်းရဲဒုက္ခရောက်ရတတ်သည်။

မြွေများ၊ ကြွက်များ၊ကြောင်များနှင့် ငါးများမှတပါး ဇာတ် သားကိုပြန်၍စားသော နိတ်မိတ်များသည် ငတ်မွတ်ခေါင်းပါး သွဲ့ဘေး ဖြစ်ပွားမည်ဟု ဆိုလိုသည်။

အရပ်ရှစ်မျက်နှာတို့ကိုစိုးမိုးသော အရှင်သခင်များမှာ...

- အရှေ့အရပ်ကို ဣန္ဒာသိကြားမင်း။
- အရှေ့တောင်အရပ်ကိုအဂ္ဂိနီမီး။
- တောင်အရပ်ကိုယမမင်း။
- အနောက်တောင်အရပ်ကို နိရတိ(မိစ္ဆာဝိညာဉ်ဆိုးများ၏ အရှင်သခင်)



www.burmeseclassic.com

"www.burmeseclassic.com



- အနောက်အရပ်ကို ဝရုဏာ။
- မြောက်အရပ်ကိုစန္ဒာ။
- အရှေ့မြောက်အရပ်ကိုသိဝ။

စသည်တို့ အုပ်စိုးကြသည်။

အရပ်ရှစ်မျက်နှာအနက် အရပ်(၄)မျက်နှာသည်ပုလ္လိ (ယောကျ်ား)ဖြစ်၍ ထောင့်၄ထောင့်အရပ်သည် ဣတ္ထိလိင် (မိန်း မ)ဖြစ်သည်။

အရပ်(၄)မျက်နှာတွင် နိမိတ်ကြောင့် တွေ့ရှိရမည့် အ ဝတ္ထုတို့၏ အရောင်အဆင်းများမှာ အရှေ့မျက်နှာမှစ၍ အနီရော အဝါရောင်၊ အနက်ရောင်နှင့် အဖြူရောင်တို့ ဖြစ်ကြသည်။ ထော အရပ်များတွင်မူ ရောနှောသောအရောင်အဆင်းများ ဖြစ်ကြသည်

ဌက်နှင့် တိရိစ္ဆာန်များ အော်ဟစ်မြည်ကြွေးခြင်းကိုနိမိ ကောက်ယူခြင်းအကြောင်းကို ဖော်ပြပါမည်။

နေ့အချိန်အခါတွင် ကျက်စားသောသတ္တဝါများမှာ..

ဥသြငှက်၊ သိန်းစွန်၊ စွန်ရဲ၊ ဥဒေါင်း၊ တောဘဲငန်း၊ ကြ တူရွေး၊ ကျီးကန်း၊ ချိုး၊ တိုက်ကြက်ဖ၊ မြည်း၊ လင်းတ၊ မျော ကြက်ဖနှင့် စာကလေးတို့ ဖြစ်ကြသည်။ မြည်းနှင်မျောက်တို့မှ ကျန်သတ္တဝါများသည် ငှက်များဖြစ်ကြသည်။

အမွေးအမြှင်စားသူ၊ ဖီးကွက်နှင့် ယုန်များသည် ည ချိန်အခါတွင် ကျက်စားသောသတ္တဝါများ ဖြစ်ကြသည်။

နေ့ရောည့်ပါ အခါခပ်သိမ်း ကျက်စားသောသတ္တဝါ သည် လူ၊ မြင်း၊ မြွေ၊ ကုလားအုတ်၊ ကျားသစ်၊ ခြင်္သေ့၊ ဝက်ဝံ



www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေ၊ မြွေပါ၊ သမင်၊ ခွေး၊ ဆိတ်၊ နွားကျား၊ ငန်း၊ သမင်ပြောက်၊ သမင်ဖို၊ ခွေးအ၊ ဖျူ ဥသြ၊ ကြောင်၊ ကြိုးကြာနှင့် တောဝက်ထီးတို့ ဖြစ်၏။

နေ့အချိန်အခါတွင်ကျက်စားသောသတ္တဝါများသည် အချိန်ပြောင်းလဲ၍ ညဥ့်အချိန်အခါတွင်ကျက်စားလျှင် ညဥ့်တွင်ကျက်စားသော သတ္တဝါများသည် နေ့အချိန်သို့ ပြောင်းလဲကျက်စားလျှင် တိုင်းပြည်မငြိမ်မသက်ဖြစ်တတ်သည်ဟု နိမိတ်ကောက်ယူခြင်းများ ရှိသည်။

ချိုးငှက်တစ်ကောင်သည် နားနေလျှင်(သို့မဟုတ်) ယာဉ်တစ်စီး၊ ထိုင်ခုံ(သို့မဟုတ်)အိပ်ရာတွင် အသိုက်အမြုံ ဆောက်လုပ်ခဲ့ပါက လူတို့အား ဘေးဥပါဒ်အန္တရာယ်ကြုံတွေ့စေသည်။

ကြုံတွေ့ရမည့် အချိန်ကာလမှာ ချိုးငှက်၏ အမျိုးအစားပေါ်ဖြစ်သည်။

အညိုအမွဲရောင်ရှိသော ချိုးငှက်သည်တစ်နှစ်အတွင်း ဖြစ်ပေါ်စေလိမ့်မည်။

အစက်အပြောက်ရှိသောချိုးငှက်သည် (၆)လအတွင်း ဖြစ်ပေါ်စေမည်။ နနွင်းအဝါရောင်ရှိသောချိုးငှက်သည် ချက်ချင်းလက်ငင်း ထိုနေ့တွင်ပင် ဖြစ်ပေါ်လိမ့်မည်။

ခရီးသွားသူဆီသို့ ဦးတည်၍ မြွေတစ်ကောင်လာနေသည်ကို တွေ့မြင်ရလျှင် ရန်သူများနှင့် တွေ့ကြုံရင်ဆိုင်ရလိမ့်မည်။

လက်ယာဘက်မှလက်ဝဲဘက်သို့ သွားနေသော မြွေကို တွေ့မြင်ရလျှင် ခရီးသွားသူသည် ရည်မှန်းချက်ပြည့်ဝလိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေ။

ဖျောက်တို့သည် "ကီလီကီလီ" ဟု အော်မြည်လျှင် လောင်ကျွမ်းခြင်းဖြစ်၍ ကောင်းကျိုးရလိမ့်မည်မဟုတ်ပေ။ "ချူဂလူ" ဟု အော်မြည်လျှင်ခရီးသွားသူသည် ကောင်းကျိုးရနိုင်သည်။

ဌက်ခါးတစ်ကောင်သည် ကျီးဌက်တစ်ကောင်နှင့် ထိုး ဆိတ်တိုက်ခိုက်ရာတွင် ကျီးဌက်ကို ရှုံးနိမ့်၍ ခရီးသွားသူ၏ လက် ယာဘက်သို့ ပျံသန်းသွားလျှင် ခရီးသွားသူ သေဆုံးတတ်၏ ထိုသို့မဟုတ်ပဲ ကျီးဌက်ကိုနှိမ်နင်း၍ လက်ဝဲဘက်သို့ ပျံသန်းသွား လျှင် ခရီးသွားသူသည် အောင်မြင်မှုရရှိလိမ့်မည်။

မြည်းတစ်ကောင်သည် ခရီးသွားသူ၏ လက်ဝဲဘက် တစ်နေရာတွင် ရှိသည်ကို တွေ့မြင်ရလျှင် အလွန်ကောင်းသည်။ "အွန်" ဟု အသံမြည်လျှင် ကောင်းကျိုးရ၏။ ထိုနေရာမှလွဲ၍ အ ခြားသောနေရာများတွင် မြည်းသည် မည်ကဲ့သို့အသံထွက်သည် ဖြစ်စေ လောင်ကျွမ်းခြင်းဖြစ်၏။

သမင်ဖိုနှင့် သမင်များသည် "မာ" ဟု အသံထွက်၍ သ ပြောက်သည် "မိုသ" ဟု အသံမြည်လျှင် ကောင်းကျိုးပြည့်စုံ အခြားအသံများမြည်လျှင် လောင်ကျွမ်းခြင်းဖြစ်သည်။

ပြည့်စုံခြင်းသည် ကောင်းကျိုးမင်္ဂလာရှိ၍ လောင်ကျွ ခြင်းသည် ဆိုးကျိုးများ ဖြစ်ပွားတတ်သည်။

ကြက်သည်ကြောက်လန့်တကြားဖြစ်သောအခါ "ကွ ကွတ် ကွတ်ကွန်" ဟု အော်မြည်သည်။ ထိုကဲ့သို့သောအသံကို ည အချိန်တွင် ကြားသိရပါက ကြောက်လန့်ခြင်းကိုဖြစ်ပေါ်စေတ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ညအချိန် ကုန်ဆုံးခါနီးတွင် ကြားရပါက ရောဂါဘယ ကင်းသည်။

ကြိုးကြာဌက်စုံတွဲတို့ တစ်ပြိုင်နက်တည်းဟစ်အော် မြည်ကြွေးသံသည် သင့်တင့်ကောင်းမွန်သည်။ တစ်ကောင်တည်း အော်ဟစ်မြည်ကြွေးလျှင် (သို့မဟုတ်) အခြားအကောင်များသည် အလွန်ကြာမှ မြည်ကြွေးလျှင် ကောင်းမွန်ခြင်းမရှိပေ။

(အချို့ဌက်များနှင့် သတ္တဝါများကိုတော့ ပါဠိဘာသာဖြင့် ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။)

(ပုဏ္ဏကုတဌက်ကို ဘာရှု၊ ကုတပူရိ၊ ကုတဘာကနှင့် ကရနိကဟုခေါ်သည်။ ဥလုကဆက်တီကို ပိင်္ဂလိက၊ ဖေစိကနှင့် ဟတ္တဘု ခေါ်ကြသည်မျိုးရှိသည်။)

ဦးဗန်ကောင်းက ကောက်ညှင်းကျည်တောက်တစ်ကိုက်၊ ခါးရည်တစ်ကျိုက် စားရင်းသောက်ရင်းနှင့်ပင် ကျေးဌက်တိရိစ္ဆာန်တို့၏ သဘာဝအကြောင်းများကို ပြောပြရာ နီမောင်တို့သုံးယောက်မှာ များစွာသဘောကျကြလေသည်။

"ဒါဖြင့် ဆရာကြီးက သူတို့အော်တဲ့ အသံတွေကို သိတာပေါ့နော်"

"သိတာပေါ့၊ သူတို့အော်သံဆိုတာ သူတို့ပြောတဲ့ စကားတွေပဲကွ"

"ဒါတွေကိုဘယ်လိုရအောင်ရှာလာတယ်ဆိုတာလည်း ပြောပြပေးပါဦးဆရာကြီး"

"ဌက်တွေကတော့ မြေတွင်းမှာရှိတဲ့ ဥတွေ၊ အမြစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှာရှိတယ်ဆိုတာ ဘယ်သိပ်ပါ့မလဲ၊ ဒါတွေသိချင်ရင် ရှဉ့်၊ ယုန်၊ ပွေး၊ ကြွက်စတဲ့ သတ္တဝါတွေရဲ့ သွားလာလှုပ်ရှားမှုတွေကြည့်ပြီး အကဲခတ်ရတယ်၊ ငါ တောင်ပေါ်သွားတဲ့အချိန်မှာ ပွေးတွေ တသီတတန်းကြီးသွားနေတာ မြင်လိုက်တာနဲ့ အခြေအနေလိုက်ကြည့်ရင်းကနေ အခုလိုခန်းတောက်မြစ်၊ မချစ်ဥတွေ အများကြီးရှိနေတဲ့နေရာ တွေ့ခဲ့လို့ မင်းတို့အတွက် တကူးတက ယူလာခဲ့တာပဲ"

ဟု အရေးမကြီးသော အမူအယာမျိုးဖြင့် ပြောလိုက်လေသည်။

"ဆရာကြီးရယ်၊ ဆရာကြီးယူလာတဲ့ ခန်းတောက်မြစ်နဲ့ မချစ်ဥတွေက ကျွန်တော်တို့သုံးယောက် တစ်နှစ်လုံးရှာလို့တောင် မရနိုင်ပါဘူး၊ အခုလိုတကူးတက ယူလာပေးတာ ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးကွာ အချင်းချင်းတွေပဲ၊ ကျေးဇူးဆိုတာတစ်ယောက်နဲ့တစ်ယောက် ရှိနေကြတာပါပဲ၊ ငါက မင်းတို့အပေါ် ကျေးဇူးပြုသလို မင်းတို့သုံးယောက်ရဲ့ ကျေးဇူးတွေလည်း ငါ့အပေါ်မှာ ရှိခဲ့တာပဲ"

ဟု ပြန်ပြောလေသည်။

ထို့နောက်အစားအသောက်တို့ကို ပြီးအောင်စားသောက်ကြပြီး ထိုနေရာမှထွက်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

# နှင်းတောထဲက သရဲမ

အချိန်သည် ညဦးပိုင်း အချိန်ရောက်လာချေပြီ။

တောင်ပေါ်တွင်ရောက်နေကြသော နီမောင်တို့မှာ တောင်ကြားတစ်ခုအတွင်း၌ရှိသော ဂူပေါက်တစ်ခုအတွင်းသို့ ဝင်ရောက်ကာ စခန်းချနေကြလေသည်။

ဂူပေါက်ဝတွင်မီးပုံတစ်ပုံ ဖိုထားပြီး ပါလာသော အစားအသောက်များကို ကင်တန်တာကင်၊ ပြုတ်တန်တာပြုတ်ပြီး ဝမ်းပြည့်အောင်စားသောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုပေါ်တွင် တန်းထိုးပြီးတည်ထားသော ဝါးဆစ်ပိုင်းထဲ
မှရေများကလည်း ဆူနေကြပြီ..၊ ထိုအထဲသို့ လက်ဖက်ခြောက်
ခန်းတောက်မြစ် အနည်းငယ်ခတ်ရုံနှင့်ပင် ခါးသက်ချိုမွှေးလှသော
လက်ဖက်ရည်ကို ရလေသည်။

ထိုလက်ဖက်ရည်မှာ ဒေသခံများက "ဖခါးရည်"ဟု ခေါ်
ကြပြီး ဆေးဖက်ဝင်လှသည်။ ခန်းတောက်မြစ်ခတ်ထားသော
လက်ဖက်ရည်ကို သောက်ခြင်းဖြင့် အအေးဒဏ်ကို ခံနိုင်ကြရုံမက
ပဲ ငှက်ဖျားရောဂါကဲ့သို့ ရောဂါများမဝင်ရောက် နိုင်ကြပေ။

သို့ကြောင့် ဒေသခံများက အဆာပြေသောက်ခြင်းမျိုး
ထက် ဆေးဝါးအဖြစ်သောက်ကြသည်ကများသည်။

နီမောင်တို့သုံးယောက်ကတော့ ဦးဇန်ကောင်းရှာ၍ ယူ
လာပေးသော ခန်းတောက်မြစ်နှင့် မချစ်ဥများထည့်သော အိတ်
ကြီးကိုကြည့်ကာ ပီတိဖြစ်နေကြသည်။

လေးယောက်သား စကားတပြောပြောနှင့် စားသောက်
နေကြစဉ် သူတို့ရောက်နေသောနေရာနှင့် မနီးမဝေးနေရာလောက်
မှ ဝံပုလွေအူသံများ၊ တောခွေးအူသံလိုမျိုး အသံများ ကြားကြ
သည်။

နီမောင်တို့ကတော့ မုဆိုးအတွေ့အကြုံရှိသူများ ဖြစ်သ
ဖြင့် ဂူပေါက်ဝ၌ဖိုထားသော မီးဖိုကြီးအား မီးမပြတ်စေရန် ဂရုစိုက်
ပေးရင်းနှင့် ပါလာသောလက်နက်များကိုလည်း အရေးအကြောင်း
ရှိပါက အလွယ်တကူ အသုံးပြုနိုင်ရန်အတွက် အဆင်သင့်ပင်
ထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂန်လန်ရာဇီ တောင်တစ်ဝိုက်တွင် ကျားနက်ကြီးတစ်ကောင်အကြောင်းနှင့် လူလိုလိုတိရိစ္ဆာန်လိုလိုဖြစ်နေသော သတ္တဝါများ သောင်းကျန်းနေသောသတင်းက ပြန့်နှံ့နေသောကြောင့် စိတ်ချလက်ချမနေဝံ့ကြပဲ သတိဝိရိယဖြင့် နေကြရသည်။

နောက်တော့ ခွေးအူသံများသာမကပဲ အခြားဆူဆူညံညံအသံများပါ ကြားကြရသည်။ ထိုအသံများကတော့ ဝူးဝူးဝါးဝါးအော်ဟစ်သော အသံများဖြစ်သည်။ နီမောင်တို့လည်း ထိုအသံများကိုနားစွင့်ရင်း စားသောက်နေခြင်းများကို ရပ်လိုက်ကြသည်။

"ဘယ်လိုအသံမျိုးတွေလဲ"

"ကြားရတာက တိရိစ္ဆာန်တွေ အော်သံမျိုး ဖြစ်ပေမယ့် ဘယ်လိုသတ္တဝါမျိုးတွေမှန်းတော့ မသိဘူး"

"လူတစ်ပိုင်းတိရိစ္ဆာန်တစ်ပိုင်း သတ္တဝါတွေများ ဖြစ်နေလေသလား"

"ဘာပဲဖြစ်ဖြစ် သတိဝိရိယတော့ထားကြ၊ တကယ်လို့ ဒီဘက်ရောက်လာခဲ့ရင်တော့ လက်မနှေးကြစေနဲ့"

ဟု အချင်းချင်းတိုင်ပင်ထားကြလေသည်။

ထိုသို့ပြောဆိုနေကြစဉ်မှာ ကြားနေရသော အသံများက တဖြည်းဖြည်းနီးလာသည်။ သူတို့ရောက်နေသောနေရာမှာ တောင်ကြားထဲ၌ဖြစ်သောကြောင့် တောင်ကြောပေါ်မှကြည့်လျှင်တော့ ချက်တရက်မမြင်နိုင်ပေ။

ဂူအတွင်းမှာ ရောက်နေကြသည့် နီမောင်တို့ငှေး ယောက် က အသက်ကိုပင်ပြင်းပြင်းမရှူပဲ နားစွင့်နေကြရင်း ကြား



www.burmeseclassic.com

www.burmeseclassic.com



နေရသော အသံများက တဖြည်းဖြည်းနှင့် ပြန်ဝေးသွားလေသည်။

သို့သော်လည်း စိတ်ချလက်ချမရှိကြသေးပဲ မြူခိုးမီးခိုးများဖြင့် ဝေ့နေသော အပေါက်ဝသို့ ကြည့်နေကြသည်။

သို့သော်လည်း ထူးထူးခြားခြားတော့ မတွေ့ရပေ။

အတန်ကြာတော့ အပေါ်ဘက်မှ ကြားနေရသော အသံများ ပျောက်ကွယ်သွားလေတော့သည်။ ထိုအခါမှပင် သက်ပြင်းချနိုင်ကြလေတော့သည်။

စိတ်ချရသော အနေအထားရောက်တော့မှ စားသောက်လက်စများကို ပြန်လည်စားသောက်ကြလေတော့သည်။

အချိန်အနည်းငယ်ကြာသောအခါ ဂူပေါက်ဝနှင့် မနီးမဝေးနေရာမှ ဖြတ်ပြေးသွားသော ပုံရိပ်သဏ္ဌာန်တစ်ခုကို အပေါက်ဝဘက်သို့ ကြည့်နေသည့် နီမောင်က လှမ်းမြင်လိုက်ရသဖြင့် တိုးတိုးပြောလိုက်သည်။

"အပြင်ဘက်မှာ ဖြတ်သွားတာ မြင်လိုက်တယ်"

"လူလားတိရိစ္ဆာန်လား"

"လူနဲ့တော့ တူတာပဲ"

ထိုသို့ပြောနေစဉ် နောက်တစ်ကြိမ် ဒယိမ်းဒယိုင်ဖြင့် ဖြတ်လျှောက်သွားသော ပုံရိပ်ကို မြင်လိုက်ရပြန်သည်။

ဒီတစ်ကြိမ်တော့ ကျန်သုံးယောက်ကပါ လှမ်းမြင်လိုက်ရသည်။

"လူတော့ လူပဲ၊ ဒါပေမယ့် လူတော့ ဟုတ်ပုံမရဘူး"

ငမဲအောင်စကားကြောင့် ကျန်သုံးယောက်က သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ကြသည်။

"ငါပြောတာက လူဆိုပေမယ့် လူနဲ့မတူပဲ နာနာဘာဝနဲ့ သူနေတာလို့ ပြောတာပါ"

သူတို့တွေ့လိုက်ရသော ပုံပန်းသဏ္ဌာန်မှာ ဆံပင်များ အားလျားကျနေပြီး သရဲသဘက်နှင့်တူသော မိန်းမတစ်ယောက်၏ ပုံပန်းသဏ္ဌာန်မျိုးဖြစ်သည်။

ထိုသို့ပြောနေစဉ် ဂူပေါက်ဝနှင့် မနီးမဝေး နေရာလောက်မှ လူတစ်ယောက် ငြီးငြူနေသောအသံမျိုး ကြားကြရသည်။

"ဟင်း...ဟင်း...ဟင်း"

ငြီးငြူသံက သေတော့မည့် လူတစ်ယောက် ငြီးငြူနေသောအသံမျိုး ဖြစ်သည်။

"အပြင်ဘက်က ညည်းသံကြားတယ်"

"ဟုတ်တယ်လူတစ်ယောက် ဒုက္ခရောက်နေတဲ့ အသံမျိုး ပဲ"

"ထွက်ကြည့်ရင် ကောင်းမလား"

ငမဲအောင်က စိတ်အားထက်သန်စွာ ပြောလိုက်သည်။

"လူမဟုတ်ပဲ နာနာဘာဝတွေကလာပြီး ဖြားယောင်းသွေး ဆောင်နေတယ်ဆိုရင် မင်းထွက်သွားတာနဲ့ သတ်ပစ်လိုက်မှာပေါ့"

စောထီးစကားကြားတော့ ငမဲအောင်မှာ ဘာမှပြန်မပြော တော့ပဲ ဇက်ပုကျသွားလေတော့သည်။

ထိုကဲ့သို့ ပြောနေစဉ်မှာပင် မီးခိုးငွေ့များနှင့် ဝေ့ဆိုင်းနေ သည့် ဂူပေါက်ဝတွင် မျက်နှာတစ်ခုပေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းသော မျက်နှာမျိုးပင်ဖြစ်၏။

ဆံပင်များက မျက်နှာပေါ်အထိဖုံးနေပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မျက်နှာမျိုး ဖြစ်သည်။

"လက်စသပ်တော့ သရဲမက ငါတို့ကိုလာပြီး ခြောက်လှန့်နေတာကိုး သိရောပေါ့"

စောထီးကပြောပြောဆိုဆိုနှင့် မီးစွဲနေသော ထင်းချောင်းတစ်ချောင်းကိုကိုင်ပြီး ခြောက်လှန့်နေသော သရဲမကို လှမ်းပစ်ရန်ပြင်သည်။

"နေဦးစောထီး မလောနဲ့"

ဦးဗန်ကောင်းက ဟန့်တားလိုက်တော့မှ စောထီးက ကိုင်ထားသော ထင်းချောင်းကို ပြန်ချထားလိုက်သည်။

ပြောနေစဉ်မှာ ဂူပေါက်ဝမှမျက်နှာက ပြန်ပျောက်သွားပြန်သည်။

"ဘာဖြစ်လို့လည်းဆရာကြီး"

"သူ့ကြည့်ရတာ သရဲမျက်နှာ ဖြစ်နေပေမယ့် ငါတို့ကိုလာပြီး ခြောက်လှန့်နေတာဟုတ်ပုံမရဘူး"

"ဒါဖြင့် ဘာအတွက်လဲ"

"ဒုက္ခရောက်နေလို့ အကူအညီ လာတောင်းနေတာ ဖြစ်မလားလို့ စဉ်းစားနေတာ"

ဦးဗန်ကောင်း စကားကြားတော့ ကျန်လူရွယ်သုံးယောက်က ထွေထွေထူးထူးဘာမှ ပြန်မပြောကြပေ။

အဘယ်ကြောင့်ဆိုသော် ပရလောကသားများမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



လူနှင့်တိရိစ္ဆာန်ကဲ့သို့ ဒုက္ခကြုံတွေ့ရသည်မျိုးရှိသည်။

ပရလောက(အပါယ်ဘုံသား)ဘဝ ရောက်နေမှတော့ ဒုက္ခရောက်နေတာဆန်းသလားဟု မေးစရာရှိပါသည်။

ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာအသူရကာယ်ဘုံရောက်ပြီဆိုလျှင်တော့ ဒုက္ခနှင့် ကြုံတွေ့ကြရမည်သာ ဖြစ်ပေသည်။

ထူးဆန်းတာက ထိုဒုက္ခများထက် ပိုဆိုးသောဒုက္ခက ပိုဆိုးတတ်ပေသည်။

တစ္ဆေ၊ သရဲ၊ ကျတ်စသော ပရလောကသားတို့မှာ သာမန်ဒုက္ခထက် ဆေးဆရာတို့လက်ချက်ကြောင့် တွေ့ရသော ဒုက္ခက ပိုကြီးတတ်ပေသည်။

ဥပမာ ချည်မန်းကွင်းအစွပ်ခံရခြင်း၊ သိမဝင်အပ်စူးခြင်း၊ ပရိတ်ရေနှင့် ထိမိခြင်း၊ သင်္ကန်းနှင့် ထိမိခြင်း၊ ပရိတ်ကြိုး တိုးမိခြင်း၊

စသောဒုက္ခများဖြင့် တွေ့ကြုံပါက ပိုပြီးဒုက္ခရောက်ကြရသည်။ ထိုဒုက္ခမျိုးနှင့် ကြုံတွေ့လျှင် သူတို့ကိုယ်တိုင် ဘာမှလုပ်မရတော့ပေ။

လူ့လောကမှာရှိသော ဆရာတစ်ဦးဦး သို့မဟုတ် ပုဂ္ဂိုလ်တစ်ယောက်ယောက်တို့၏ အကူအညီဖြင့်သာ လွတ်မြောက်အောင်ပြုလုပ်ပေးနိုင်ကြသည်။

ထို့ကြောင့် ပရလောကသားများမှာလည်း လူတို့၏ အကူအညီကို တစ်ခါတစ်ရံ ယူကြရသည်မျိုး ရှိတတ်ကြသည်။

ထိုအခြေအနေများကိုတော့ နီမောင်တို့က သိတန်သလောက်သိထားကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုလုပ်ရင်ကောင်းမလဲ ဆရာကြီး"

နီမောင်က စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။

"ထွက်ကြည့်တာ ပိုကောင်းမယ်ထင်တယ်၊ ငါထင်သလို သူ့မှာ ဒုက္ခတစ်ခုခုရောက်နေတော့လည်း အကူအညီပေးတန် ပေး ရတာပေါ့"

ဟုပြောပြီး အပြင်ဘက်ထွက်ကြည့်ရန် နေရာမှထကြ လေသည်။ လူငယ်များချည်းဆိုလျှင်တော့ ယခုလိုအချိန်မျိုးတွင် အပြင်ဘက်သို့ ထွက်ချင်မှထွက်ကြပေမည်။

ယခုတော့ ဆေးဆရာ တစ်ဦးလည်းဖြစ်ပြန် အတွေ့အ ကြုံများသော ဆရာကြီးဦးဗန်ကောင်းရှိနေပြန်သဖြင့် မကြောက် မရွံ့ အပြင်သို့ထွက်ရန်ပြင်ကြခြင်းဖြစ်၏။

ရှေ့မှ ဦးဗန်ကောင်းနှင့် နီမောင်တို့က သွားပြီး စောထီး နှင့် ငမဲအောင်တို့က နောက်မှထလိုက်လာသည်။

သူတို့လေးယောက် မီးပုံကိုကျော်ပြီး ထွက်လာကြစဉ် စောစောကတွေ့လိုက်ရသော ကြောက်စရာကောင်းသည့် မျက်နှာ ကြီးက ဂူပေါက်ဝတွင်ထပ်ပေါ်လာပြန်သည်။

ထို့ကြောင့် လေးယောက်သား ခြေလှမ်းတန့်သွားကြ သည်။ စောစောက တွေ့လိုက်ရစဉ်က ဝေးဝေးမှမီးခိုးငွေ့များကြား တွင် ဝိုးတဝါးတွေ့လိုက်ရခြင်း ဖြစ်သည်။

ယခုတစ်ကြိမ်ကတော့ ဝါးတစ်ရိုက်ခန့်အကွာအဝေး နေရာလောက်မှ နီးနီးကပ်ကပ်တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

တစ်ကိုယ်လုံး စုတ်ပြဲနေသော အဝတ်အစားများ ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ဆံပင်များက ဖွာလန်ကျဲကာ မျက်နှာပေါ် ကျနေသည်။

ကိုယ်ခန္ဓာက လူနှင့်တူနေသေးသော်လည်း မျက်နှာက တော့ လူတစ်ယောက်မျက်နှာမျိုး မဟုတ်တော့ပေ။

အသက်အရွယ်က (၂၀)ကျော်လောက်သာ ရှိသေးသော်လည်း မျက်နှာသွင်ပြင်ကတော့ သရဲသဘက်တစ်ကောင်ကဲ့သို့ပင် ကြောက်စရာကောင်းလှသည်။

ထိုမျက်နှာကြီးက ဂူပေါက်ဝမှပေါ်လာသော်လည်း ၎င်းတို့ကိုမြင်ပုံမရပေ။ ထို့ပြင် ရန်မူလိုဟန်မရှိပဲ မီးဖိုရှိသော နေရာဘက်သို့ ကြည့်နေသည်။

ညဦးပိုင်းအချိန်ကျော်လည်ပြီဖြစ်သဖြင့် အပြင်ဘက်၌ နှင်းများကျကာ တော်တော်ပင်အေးနေလေသည်။

သို့ကြောင့် အပူငွေ့ရနေသော မီးဖိုရှိရာသို့ ကြည့်နေခြင်း ဖြစ်နေဟန်ရှိသည်။

"သူကကြည့်ရတာ ငါတို့ကိုမြင်ပုံမရဘူး၊ မီးဖိုက အပူငွေ့ကိုစိတ်ဝင်စားနေတာ ဖြစ်မယ်"

ဦးဗန်ကောင်းက လေသံတိုးတိုးဖြင့် ပြောပြသည်။

"သရဲသဘက်တွေက မီးမြင်ရင်ကြောက်ကြပါတယ်၊ ဒီသရဲမကတော့ မီးကိုတောင်စိတ်ဝင်စားနေသေးတယ်၊ အံ့ဩစရာပဲ"

ငမဲအောင်က လွှတ်ခနဲ အသံကျယ်ကျယ်ဖြင့် ပြောလိုက်ရာ ဂူပေါက်ဝတွင်ရောက်နေသောသရဲက ပြန်ပျောက်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးဆန်းလှတယ်၊ လာကြ သွားကြည့်ကြရအောင်"

ထိုသို့ပြောပြီးဂူအပြင်သို့ ထွက်ကြည့်ကြသည်။

ကြောက်စရာကောင်းသောသရဲက သူတို့ကိုပြန်ပြီး ကြောက်နေမှန်းသိသောအခါ ရဲရဲတင်းတင်းပင် အပြင်ထွက်ကြ ကြခြင်းဖြစ်သည်။

ဂူအပြင်မှာတော့ နှင်းများကျနေပြီး အအေးဓါတ်က လည်းပိုများနေသည်။ လှမ်းကြည့်လိုက်တော့ ဂူပေါက်ဝနှင့် မနီး မဝေးတွင် ဒယိမ်းဒယိုင်နှင့် လျှောက်သွားနေသော သရဲမကို လှမ်း မြင်ရသည်။

အခြေအနေက ဟန်ပုံမရပေ။

ဟိုယိုင်ဒီထိုးနှင့် လျှောက်နေရာမှ တစ်နေရာရောက် တော့ ရေခဲပြင်ပေါ်သို့ ပစ်လဲကျသွားသည်ကို တွေ့လိုက်ရသဖြင့် အနားလျှောက်သွားကြသည်။

လဲကျနေသောသရဲကတော့ သူတို့ရောက်နေသည်ကို ပင် သိဟန်မတူပဲ အသက်ကိုပင် အနိုင်နိုင်ရှူနေရဟန်ရှိလေသည်။

မှောက်လျက်လဲကျနေသည်ကတစ်ကြောင်း ဆံပင်များ က မျက်နှာကိုဖုံးကွယ်နေသဖြင့် သေသေချာချာ မမြင်ကြရပေ။

ဦးဗန်ကောင်းက ငုံ့ကြည့်ပြီးမှ မှတ်ချက်ချသည်။

"ဒါ သရဲမဟုတ်ဘူး၊ လူတစ်ယောက်ပဲ"

"ဟင် ဒါပေမယ့် သူ့မျက်နှာက သရဲမျက်နှာကြီးဖြစ်နေ တယ်မဟုတ်လား"

"ဘာကြောင့် ဒီလိုဖြစ်နေတယ်ဆိုတာ မေးကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



သိရမှာပဲ၊ အပြင်မှာကြာကြာနေလို့ မသင့်ဘူး၊ သူ့ကိုပါ ဂူထဲခေါ် သွားမှသင့်မယ်"

"ဖြစ်ပါ့မလားဆရာကြီး"

"ဖြစ်ပါတယ်၊ဒီအတိုင်းထားခဲ့ရင် သေ့ရုံပြီးသေသွားမှာ ပေါ့၊ နီမောင်အခြေအနေကြည့်ပါဦး"

ထိုသို့ပြောသဖြင့် ထိုနေရာသို့ ဒူးထောက်ထိုင်ချလိုက် သည်။

"ဒီ..ဒီမှာ"

ခေါ်သော်လည်းကြားဟန်သိဟန်မတူပေ။

"ဒီမှာ..ဒီမှာ"

ထပ်ခေါ်သော်လည်းမရသဖြင့် အရဲစွန့်ပြီးပုခုံးကိုကိုင် ကြည့်လိုက်သည်။ ထိုသို့ကိုင်ကြည့်တော့မှ ကျင်စက်နှင့် တို့လိုက် သကဲ့သို့ တွန့်ခနဲဖြစ်သွားကာ စူးစူးဝါးဝါးအသံများ ပေါ်ထွက်လာ သည်။ ထိုအခြေအနေကြောင့် နီမောင်က လက်ပြန်ရုပ်ပြီး နောက် သို့ဆုတ်ပေးလိုက်သည်။

စောစောက အားဒမရှိသဖြင့် ဒယိမ်းဒယိုင် ဖြစ်နေသော သူမှာ သူ့ကိုယ်ကိုထိလိုက်သည်နှင့် ကြောက်ကြောက်လန့်လန့်နှင့် စူးစူးဝါးဝါးအော်ရင်း ထထိုင်လာသည်။

နောက်မှကြည့်စဉ်က လူတစ်ယောက်ဟု ထင်စရာရှိသော် သည်း မျက်နှာကိုမြင်သောအခါမှာတော့ ကြောက်စရာကောင်း လောက်အောင်ဆိုးဝါးလှသည့် သရဲမျက်နှာမျိုးကြီး ဖြစ်နေပေ သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမသည် ဘဝပေးကံကြောင့်လော မပြော
တတ်ပေ။ ကြောက်စရာကောင်းသော မျက်နှာမျိုးကြီး ဖြစ်နေသော်
လည်း သာမန်မိန်းမတစ်ယောက်ပင်ဖြစ်လေသည်။

ထထိုင်လာပြီးနောက် လက်ဖြင့် ဟိုစမ်းဒီစမ်း စမ်းပြီး
နောက် နေရာမှထပြေးလေသည်။

သို့သော်ဝေးဝေးရောက်အောင်တော့ မပြေးနိုင်ရှာပေ။

ခြေလှမ်းသုံးလေးလှမ်းလောက်သာရောက်ပြီး ပြန်လဲ
ကျသွားပြန်လေသည်။

"ဘယ်လိုဖြစ်နေတာလဲ"

"ကြောက်ရွံ့ထိတ်လန့်စရာတွေနဲ့ တွေ့ခဲ့ရပုံရတယ်၊ ဒီအ
တိုင်းတော့ သူ့ကိုခေါ်လို့ရမယ် မထင်ဘူး"

ထိုသို့ပြောပြီး ဦးဇန်ကောင်းက သူမလဲနေသော နေရာ
အနီးသို့ထိုင်ကာ မေ့ကြောကိုနှိပ်လိုက်ရာ ပျော့ခွေကျသွားလေ
တော့သည်။

ထိုအခါမှပင် ပွေ့ယူလာပြီးဂူတွင်းသို့ သယ်ယူလာခဲ့
လေတော့သည်။

အပြင်ဘက်မှာတော့ ညဉ့်နက်ပိုင်းအချိန်ရောက်လာပြ
ဖြစ်သောကြောင့် နှင်းများက ထူထပ်စွာဖြင့် ကျဆင်းလျက်ရှိနေ
လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

# သရဲမျက်နှာဖြင့် ဒုက္ခရောက်နေသူ

ည က သရဲမျက်နှာနှင့် မိန်းကလေးတစ်ယောက်ကို ဆွဲခေါ်လာခဲ့ကြပြီးနောက် ကောင်းစွာမအိပ်ကြပဲ စောင့်ကြည့်နေကြသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့မှ သတိပြန်ရလာသည်။ သတိရသည်နှင့် ဝူးဝူးဝါးဝါးအော်ဟစ်ကာ နေရာအသပြေးရန် ကြိုးစားသေးသည်။

သို့သော်မရပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကိုသိသဖြင့် ခြေထောက်တစ်ဖက်ကို ကြိုး ဖြင့်ချည်ထားရာ ထပြေးလိုက်၊ လဲကျလိုက်နှင့် ဖြစ်နေသည်။

ပါးစပ်မှလည်း ကြောက်စရာကောင်းလောက်အောင် ဝူးဝူးဝါးဝါးအသံများ အော်ဟစ်နေသည်။

"လူတစ်ယောက်တော့ ဟုတ်မယ်မထင်ဘူး"

"မင်းက ဘယ်လိုထင်နေလို့လဲ"

"တခြားတစ်နေရာက ရောက်လာတဲ့ ဂြိုဟ်သားတစ် ယောက်ဖြစ်မလား။ ဒါမှမဟုတ် လူတစ်ပိုင်း သရဲတစ်ပိုင်း ဖြစ်နေတဲ့ သတ္တဝါမျိုး ဖြစ်မယ်ထင်တယ်"

ဟု ငမဲအောင်က တိုးတိုးပြောသည်။

အတော်ကြာသည်အထိ ရုန်းကန်ထွက်ပြေးရန် မရမှန်း သိတော့မှ တဖြည်းဖြည်းငြိမ်ကျသွားလေသည်။

ထိုအခါမှနီမောင်က မနီးမဝေးမှာထိုင်ပြီး ပြောပြရသည်။

"ဘာမှမကြောက်ပါနဲ့၊ ငါတို့က မင်းကို ဘာမှအန္တရာယ် မပေးပါဘူး"

ထိုသို့ပြောသော်လည်း ကြားဟန်မတူပေ။

"ငါပြောတာကိုကြားတယ်မဟုတ်လား၊ မင်းဘယ်သူလဲ ဘယ်လိုဖြစ်တာလဲ"

ထပ်မေးတော့လည်း သဲသဲကွဲကွဲ ကြားရဟန်မတူပေ။ ကြည့်ဒီကြည့် လိုက်ကြည့်နေလေသည်။

သို့သော်လည်း ပတ်ဝန်းကျင်၌ နီမောင်တို့ရှိနေသည်ကို ပင် မြင်ရဟန်မတူပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကိုမြင်တော့ နီမောင်က ဦးဗန်ကောင်းအား ပြောပြလိုက်သည်။

"လူတော့လူပဲ ဆရာကြီး၊ ဘယ်လိုကြောင့် ဒီဘဝမျိုးရောက်နေတယ်ဆိုတာ မသိရဘူး။ သူ ကျွန်တော်တို့ကို မမြင်ဘူး၊ ကျွန်တော်တို့ပြောတာကိုလည်း ကြားဟန်မတူဘူး၊ ဘယ်လိုလုပ်ရမလဲ"

"သေသေချာချာ ကြည့်မှပဲ သိရတော့မှာပဲ"

"သူ့အနားကိုတောင် အကပ်မခံတာ ဘယ်လိုကြည့်လို့ရမလဲ"

ဦးဗန်ကောင်းက အနည်းငယ်စဉ်းစားပြီး ဝါးကျည်တောက်ဖြင့်ထည့်ထားသောရေကို အနည်းငယ်ယူပြီး မျက်နှာကိုချမ်းကြည့်လိုက်သည်။

ရေဖြင့်ထိတွေ့တော့ အငမ်းမရ ဖြစ်လာဟန်ဖြင့် လက်ခုပ်လိုက်စမ်းနေသည်။ နီမောင်က ရေထည့်ထားသောခွက်ကို သူမလက်ထဲသို့ထည့်ပေးလိုက်သေအခါ ပါးစပ်ထဲသို့ လောင်းထည့်သည်။

သို့သော် ပါးစပ်ထဲသို့မရောက်ပဲ ရေများက အောက်သို့အားလုံးကျသွားလေသည်။ အဘယ်ကြောင့်ဆိုသော် ပါးစပ်ပေါက်ပိတ်နေသောကြောင့်ဖြစ်သည်။ ပါးစပ်ပေါက် နှာခေါင်းပေါက် မရှိသော်လည်း အသက်ရှူ၍ရနေသေးသဖြင့် မျက်နှာတစ်နေရာတွင် လေဝင်ပေါက်ရှိနိုင်သည်ဟုတော့ ခန့်မှန်းမိကြသည်။

နီမောင်က ဟိုစမ်းဒီစမ်းစမ်းနေသော သူမလက်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ကိုဆုပ်ကိုင်ပြီး ရေမရှိသောခွက်ကိုထည့်ပေးတော့ မျက်နှာပေါ်သို့ လောင်းချနေပြန်သည်။

သနားစရာကောင်းလှသော ဘဝအခြေအနေကို ရောက်နေရခြင်းဖြစ်ပေသည်။ နီမောင်က သူမအခြေအနေကို ကြည့်ရင်းနှင့် စိတ်ထဲတွင်တစ်စုံတစ်ခုကို သတိရလိုက်မိသည်။

ပြိတ္တာဘုံဘဝရောက်နေကြသူတို့မှာ ကိုယ်လုံးက ကြီးနေသော်လည်း စားသောက်စရာ ပါးစပ်ပေါက်မရှိကြပေ။

အပ်ဖျားလောက်မျှသာရှိသော ပါးစပ်ပေါက်အတွင်းသို့ အစားအသောက် ထည့်၍မရသလို ရေသောက်၍လည်း မရနိုင်ကြပေ။

အပ်ဖျားတမျှ သေးငယ်လှသော ပါးစပ်ပေါက်ထဲရောက်အောင် ရေပုံးပေါင်းများစွာ လောင်းချပေးသော်လည်း တစ်စက်တစ်ပေါက်မှ မသောက်ရသော ပြိတ္တာမျိုးလည်းရှိကြသည်။

ယခု သူတို့ရှေ့မှောက်ရောက်နေသော မိန်းကလေးလည်း ထိုကဲ့သို့ဘဝမျိုး ရောက်နေရသည်လား မပြောတတ်တော့ပေ။

နီမောင်က သူမလက်တစ်ဖက်ကို ကိုင်ထားရင်းနှင့် နှိပ်သိမ့်ပေးသောအခါ စောစောကလောက် ကြမ်းကြမ်းတမ်းတမ်း မရှိတော့ပေ။ ထိုအခါမှ မျက်နှာအနီးသို့ကပ်ပြီး ကြည့်သောအခါ သရဲသဘက်မျက်နှာမျိုးဖြစ်နေသော မျက်နှာ၏ဘေးဖက်ပါးနေရာတွင် အပေါက်တစ်ပေါက်ကို တွေ့ရလေသည်။ ပြားစေ့တစ်စေ့စာ မျှကျယ်ဝန်းသော ထိုအပေါက်မှ လေထွက်နေလေသည်။

သူမအတွက်တစ်ခုတည်းသော အသက်ရှူပေါက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

ထိုအပေါက်မှာ ဒဏ်ရာရထားခြင်းမျိုးမဟုတ်ပဲ တစ်စုံတစ်ယောက်က ဖောက်ထားသည့်မျိုးဖြစ်ပြီး အသားကျက်အောင် ပြုလုပ်ထားခြင်းလည်း ဖြစ်ဟန်ရှိသည်။

"သူ့ပါးမှာ အပေါက်တစ်ပေါက်ရှိတယ်"

နီမောင်ကပြောသဖြင့် ဦးဇန်ကောင်းက အနားလာကြည့်သည်။

"ဒီအပေါက်က အသက်ရှူဖို့ ဖောက်ပေးထားပုံရတယ်၊ ရေသောက်လို့တော့ ရနိုင်တယ်၊ အစားအသောက်တွေတော့ စားသောက်လို့ မရနိုင်ပေဘူး"

"ဒါဖြင့် မကြာခင်သေမှာပေါ့"

"ဒီလိုဖြစ်ပြီးသေအောင် စီမံတဲ့သူက စီမံပေးလိုက်ပုံရတယ်၊ ထားပါလေ လောလောဆယ် သူ့ကိုရေတိုက်ကြရအောင်"

"ဘယ်လိုတိုက်မလဲ"

"ဟိုးအပေါက်ထဲကနေ တဖြည်းဖြည်းလောင်းထည့်ရင် ရနိုင်ပါလိမ့်မယ်"

ထို့နောက် ပါးပေါက်နားသို့ ဖက်လိပ်တစ်လပ်တေ့ပြီး ရေကိုဖြည်းဖြည်းချင်းလောင်းထည့်သောအခါ ကောင်းစွာဝင်သွားလေသည်။ ရေသောက်ရသောအခါ အမူအယာမှာချက်ချင်းပြောင်းလဲလာကာ ရေတိုက်နေသောလက်ကို လိုက်လံဆုပ်ကိုင်နေသည်။

"နည်းနည်းချင်းတိုက်ပေးမှရမယ်၊ အများကြီးတိုက်လိုက်ရင် သူ့အတွက် ဒုက္ခရောက်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောသဖြင့် ရေကိုအချိန်ခြားပြီး နည်းနည်းချင်း တိုက်သောအခါ ငြိမ်သက်စွာပင်သောက်သည်။

သရဲမျက်နှာမျိုးဖြစ်နေသော မိန်းကလေးမှာ သူ့ပတ်ဝန်းကျင်မှာ ရှိနေကြသူတို့မှာ သူမကိုဒုက္ခပေးကြမည့်သူများ မဟုတ်မှန်း သိသွားဟန်ဖြင့် ငြိမ်နေသည်။

တစ်ခါတစ်လေကြောက်စိတ်ဝင်လာဟန်ဖြင့် အမူအယာမှာ တစ်ချက်တစ်ချက် ကြမ်းတမ်းလာတတ်သည်။ ထိုအခါ နီမောင်က သူမလက်တစ်ဖက်ကိုဖမ်းကိုင်ပြီး နှစ်သိမ့်ပေးသောအခါ မှတ်မိသွားဟန်ဖြင့် ပြန်ငြိမ်သွားလေသည်။

နောက်တော့ နီမောင်က ထမင်းကိုရေဖျော်ပြီး ပါးပေါက်အတွင်းမှ လောင်းချပေးသောအခါမှာ အငန်းမရပင်ဖြိုချနေလေသည်။ အတော်ပင်သနားစရာကောင်းသောဘဝမျိုး ဖြစ်ပေသည်။

နောက်တော့ ရေနှင့် အစားအစာအချို့ စားသောက်လိုက်သောအခါမှာတော့ အိပ်ပျော်သွားလေတော့သည်။ နီမောင်က သူမကိုယ်ပေါ်သို့ စောင်ကြမ်းတစ်ထည် ခြုံပေးထားလိုက်သည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတော့မှ ကြောက်စရာကောင်းလောက်အောင်ဖြစ်နေသော သရဲမျက်နှာကြီးကို သေသေချာချာကြည့်ကြလေသည်။

ထိုသို့ကြည့်တော့မှ ထိုမျက်နှာကြီးမှာ သဘာဝအတိုင်း ဖြစ်နေသောမျက်နှာမျိုး မဟုတ်မှန်းသိကြရသည်။ လူတစ်ယောက်အရေပြားနှင့်တူသောအရာကို မျက်နှာပေါ်သို့ စွပ်ချထားပြီး သရဲမျက်နှာနှင့်တူအောင် ပြုလုပ်ထားမှန်းတွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးနေရာ၊ နှာခေါင်း၊ ပါးစပ်ပေါက်၊ နားရွက်နေရာတို့ကို ပိတ်ချုပ်ထားသောကြောင့် ဘာမှမမြင်ရ၊ မကြားရခြင်း ဖြစ်နေပုံရသည်။

အသက်ရှူရန်၊ လေအနည်းငယ်ရစေရန်နှင့် ရေအနည်းငယ်လောက်လောင်းထည့်၍ရသာရုံလေး ပါးတွင် အပေါက်တစ်ခုဖောက်ထားသည်။ ထိုအပေါက်မှရေထည့်ပေးလျှင် ပါးစပ်ပေါက်အတွင်းသို့ ရောက်သွားနိုင်ရန်လည်း စီမံထားပုံရသည်။

"ငါတစ်သက်မှာတော့ ဒီလိုရက်စက်ယုတ်မာတဲ့ လုပ်ရပ်မျိုး တစ်ခါမှမတွေ့ဖူးသေးဘူး"

"ဘာဖြစ်လို့လည်းဆရာကြီး"

"ဒီမိန်းကလေးကို ဘယ်လိုအငြိုးရှိလို့ ဒီလောက်ရက်ရက်စက်စက်လုပ်လိုက်တာလည်း မသိဘူး၊ သူ့ရဲ့ မူလမျက်နှာပေါ်မှာ နောက်ထပ်သားရေပြားတစ်ချပ်နဲ့ ထပ်အုပ်ပြီးတော့ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်ထားတာ"

"ဒါပေမယ့် ကြည့်လိုက်ရင်တော့ ချုပ်ရာဆက်ရာတွေ မတွေ့ရပဲ မူလအသားအရေအတိုင်း ဖြစ်နေတယ်နော်"

"ငါလည်း အဲဒါကိုပဲ အံ့ဩနေတာပဲ၊ အသားအရေနှစ်ခုကို ချုပ်ရာဆက်ရာမပေါ်ပဲ ဒီလိုဖြစ်အောင်ဘယ်လိုများ လုပ်ထားသလဲလို့ စဉ်းစားနေတာ"

"ဒါဖြင့် သူ့ရဲ့မူလမျက်နှာ ပြန်ပေါ်အောင် လုပ်လို့ရပါဦးတော့မလားဆရာကြီး"

"ကံကောင်းရင်တော့ ရမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အတော်ရက်စက်ယုတ်မာတဲ့ လူတွေပဲ၊ မိန်းကလေးတစ်ယောက်ကို တစ်သက်လုံး လူတောသူတော မတိုးဝံ့လောက်အောင် ဘဝမျိုး လုပ်ခဲ့တဲ့အပြင် အစားအသောက် မစားရပဲ တဖြည်းဖြည်း သေရတဲ့ဘဝမျိုးရောက်အောင် လုပ်ထားတယ်"

"သူ့မှာ ဝဋ်ကြွေးရှိလို့ ခံရတာလည်း ဖြစ်မှာပေါ့ကွာ"

"ဒါထက်သူ့ကိုဘယ်လိုလုပ်မလဲ ဆရာကြီး၊ ဒီအတိုင်းထားခဲ့မှာလား"

"ဒီအတိုင်းထားခဲ့ရင် မကြာခင်သေသွားမှာပေါ့၊ သူ့မျက်နှာပေါ်က သရဲမျက်နှာကြီးကို ဖယ်ထုတ်ပေးရမယ်"

"ဆရာကြီးလုပ်ပေးနိုင်မယ် မဟုတ်လား"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

"ဒါပေမယ့် ဒီမှာတော့ လုပ်လို့ရမှာမဟုတ်ဘူး၊ သူ့ကို ရွာကိုခေါ်သွားပြီးမှ ဆေးဝါးစုံစုံလင်လင်နဲ့ ပြန်လုပ်ပေးမှရမယ်"

ဟုပြောဆိုကာ သရဲမျက်နှာမျိုးဖြစ်နေသော မိန်းကလေးအား ရွာသို့ခေါ်သွားရန်ဖြစ်ကြသည်။

ပထမတော့ မလိုက်လိုသဖြင့် အတင်းရုန်းကန်နေသေးသည်။ နီမောင်က သူမ လက်တစ်ဖက်ကိုကိုင်ပြီး နှစ်သိမ့်မှုပေးတော့မှ မှတ်မိသွားဟန်ဖြင့် တဖြည်းဖြည်းပြန်ငြိမ်သွားလေသည်။

သူမအနေဖြင့် မျက်စိလည်းမမြင်ရ၊ နားလည်းမကြားရဖြစ်နေရာ ထိုကဲ့သို့ထိတွေ့ပေးမှ ရန်သူလား မိတ်ဆွေလား ခွဲခြားသိဟန်တူလေသည်။

ထိုမိန်းကလေးမှာ နီမောင်တို့နှင့် တွေ့ရပြီးနောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရေနှင့် အစာရေစာအချို့ စားသောက်ရသဖြင့် အတော်အတန် အားရှိနေပြီဖြစ်သဖြင့် တွဲခေါ်သွားသည်နှင့် လိုက်လာနိုင်လေသည်။

နီမောင်တို့နေသော ဖလပ်နီရွာရောက်သောအခါ မိသားစု အဖော်ရှိသော နီမောင်တို့အိမ်မှာပင်ထားလေသည်။ သူမကိုခေါ် သွားစဉ်က ရွာထဲဝင်လျှင် မကောင်းဆိုးဝါး ခေါ်လာသည်ထင်မှာ စိုးသဖြင့် ခေါင်းပေါ်မှအဝတ်တစ်ထည် ခြုံပေးပြီးမှ ခေါ်သွားကြသည်။

ဒါတောင် အချို့က မေးကြသေးသည်။

"နီမောင် နင်မိန်းမခိုးလာတာလား။ မိန်းကလေးက ရှက်တတ်လို့ ခေါင်းမြီးခြုံပြီး ခေါ်လာတာလား"

နီမောင်ကတော့ ထွေထွေထူးထူး ဘာမှပြန်မပြောမနေတော့ပေ။

အိမ်ရောက်တော့ မိသားစုသုံးယောက်စလုံးက အံ့ဩနေကြလေသည်။ သူတို့ပင် မသိလိုက်ရပဲ မိန်းမခိုးယူလာသည်ဟု ထင်နေကြသည်။ အိမ်ထဲရောက်ပြီး အကျိုးအကြောင်း မပြောရခင်မှာပင် ဦးခေါင်းပေါ်မှအဝတ်ကိုဖယ်ပြလိုက်ရာ အားလုံး မျက်လုံးပြူးသွားကြသည်။

"ဟာ...ဘယ်လိုမျက်နှာမျိုးလည်း ကြောက်စရာကြီးပါလား"

"သရဲမျက်နှာနဲ့ မိန်းကလေးကို ဘာကြောင့် အိမ်ခေါ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘရှိန်ကရော ဒေါ်ကျင်မေကပါ တအံ့တသြပြောဆိုကြလေသည်။ ထိုအခါမှ အတူပါလာသော ဦးဗန်ကောင်းက အကျိုးအကြောင်းပြောပြလိုက်တော့မှ ပိုပြီးအံ့သြသွားကြတော့သည်။

"ဒါ..ဒါဖြင့် သူ..သူက လူတစ်ယောက်ပဲပေါ့နော်"

"လူတစ်ယောက်ပါပဲ၊ တစ်ယောက်ယောက်က သူ့ကို အခုလိုဘဝမျိုးရောက်အောင် လုပ်ထားလို့ အခုလိုဘဝမျိုး ရောက်နေရတာပါ၊ မျက်နှာပေါ်က သားရေပြားတွေကို ဖယ်ပေးနိုင်ရင် သူ့ရဲ့မူလရုပ်အတိုင်း ပြန်ဖြစ်ရင်ဖြစ်မှာပေါ့"

"သနားစရာပါပဲလား"

ဦးဘရှိန်ရော ဒေါ်ကျင်မေသာမက နှင်းမေကပါ သဘောမနောကောင်းကြသူများ ဖြစ်သဖြင့် ရုပ်ပျက်ဆင်းပျက်ဘဝ ရောက်နေသော မိန်းကလေးအား ကောင်းမွန်စွာ လက်ခံထားကြလေသည်။

နှင်းမေမှာ ပထမတော့ ကြောက်လန့်နေသည်။

နောက်မှ သာမန်လူတစ်ယောက်ဖြစ်မှန်းသိသောအခါမှ အနားကပ်ဝံ့ပြီး လိုသောကိစ္စများကို လုပ်ကိုင်ဆောင်ရွက်ပေးလေသည်။

သရဲမျက်နှာနှင့် မိန်းကလေးမှာလည်း ထိုအိမ်ရောက်လာပြီးမိသားစုများ၏ ပြုစုပေးခြင်းကို ခံရတော့မှ တဖြည်းဖြည်းနှင့် ကြောက်ရွံ့ထိတ်လန့်စိတ်များ လျော့ပါးလာပြီးပုံမှန်အတိုင်း ပြန်ဖြစ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းကတော့ ထိုရက်များအတွင်း၌လိုအပ်သော ဆေးဝါးပစ္စည်းများ စုဆောင်းပြင်ဆင်နေလေသည်။

အဆင်သင့်ဖြစ်သောနေ့မှာတော့ ထိုမိန်းကလေးမျက်နှာကို ခွဲစိပ်ပြုပြင်ပေးရန် စီမံလေသည်။

နီမောင်တို့ မိသားစုများကပင် ထိုကိစ္စကို ဝိုင်းဝန်းအကူအညီပေးကြရသည်။

အားလုံးပြင်ဆင်ပြီးသောအခါမှာတော့ ထိုမိန်းကလေးအား သတိမေ့စေသော ဆေးရည်တစ်မျိုး တိုက်ပေးလိုက်ရာ ခဏကြာတော့ သတိမေ့သွားလေသည်။

ထိုအခါမှမျက်နှာပေါ်မှာ အုပ်ထားသော သားရေပြားကို အသေအချာကြည့်ရလေသည်။

သားရေပြားမှာ လူတစ်ယောက်၏မျက်နှာမှ အရေပြားပင်ဖြစ်ပြီး ကြောက်စရာကောင်းသော ပုံပန်းသဏ္ဍာန်ဖြစ်အောင်ပြုပြင်ထားခြင်းဖြစ်သည်။

ပြုလုပ်ထားသောသူမှာ ခွဲစိပ်ပြုပြင်ခြင်းများကို ကျွမ်းကျင်စွာ ပြုလုပ်နိုင်သူတစ်ဦး ဖြစ်ဟန်ရှိပြီး ဆေးကောင်းဝါးကောင်းများလည်း ရှိဟန်တူ၏။

အဘယ်ကြောင့်ဆိုသော် သူမမျက်နှာပေါ်မှ ဒဏ်ရာဒဏ်ချက်များမှာ အရာပင်မပေါ်တော့ပဲ မူလအသားအရေအတိုင်း ဖြစ်နေသောကြောင့် ဖြစ်သည်။

ဦးဗန်ကောင်းက ဦးစွာ ပြုလုပ်သောအရာမှာ မျက်နှာပြင်ပေါ်တွင်ကပ်ထားသော အရေပြားကြီးအား ပြန်လည်ဖယ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရခြင်းဖြစ်သည်။

လွယ်လွယ်ကူကူတော့မရပေ။

ပထမပိုင်းတွင် အတော်ပင်ခက်ခက်ခဲခဲ ပြုလုပ်ရသည်။ နီမောင်တို့ သုံးယောက်မှာ ဆေးဝါးကုသမှုအတွက် ဘာမှမတတ်ကျွမ်းကြသော်လည်း အနားမှာနေ၍ ဦးဗန်ကောင်းစေခိုင်းသမျှကို ကူညီလုပ်ကိုင်ပေးကြရသည်။

နောက်ဆုံးမှာတော့ မျက်နှာတစ်ခုလုံးကို ဖုံးအုပ်ပေးထားသော အရေပြားကြီးကို ဖယ်ရှားပေးနိုင်ကြသည်။

မျက်စိ၊ နှာခေါင်း၊ နားရွက်နှင့် ပါးစပ်ပေါက်တို့ကိုပါ မူလရှိသည့်အတိုင်း ပြန်ဖြစ်အောင်ပြုလုပ်ပေးနိုင်ခဲ့ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

# အငြိုးကြီးသူ၏ ကလဲ့စား

နောက်ထပ်ရက်အနည်းငယ်ကြာတော့ ထို ကလေးမှာ အတော်ပင်အခြေအနေကောင်းလာလေသည်။

ကြောက်စရာကောင်းသော သွေးရဲမျက်နှာကိုဖယ်လိုက် ာ ရုပ်ရည်ချောမောသော မိန်းမပျိုတစ်ယောက်ဖြစ်မှန်း တွေ့ သည်။

သို့သော် ကြောက်စိတ်များက မပြယ်သေးသော ထိုမိန်း းမှာ ပုံမှန်အခြေအနေတော့ ပြန်မရောက်သေးပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါးများအရှိန်ကြောင့် နားက သိပ်မကြားရသေးသလို မျက်စိကလည်း မှုန်ဝါးဝါးသာ မြင်နေရသေးဟန်ရှိသည်။

ထို့ပြင် အစားအသောက်များ စားသောက်စပြုလာပြီဖြစ်သော်လည်း စကားကိုကောင်းစွာ မပြောနိုင်ရှာသေးပေ။ ထိတ်လန့်ကြောက်ရွံ့စရာများနှင့် တွေ့ကြုံခဲ့ရသဖြင့် ဦးနှောက်ပင် ပုံမှန်အခြေအနေ ပြန်ရောက်သေးဟန်မတူသေးပေ။

သို့သော် ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်ပေ။

တစ်ခါတစ်လေ ပုံမှန်အခြေအနေမျိုးရှိပြီး တစ်ခါတစ်လေတော့ ဘာမှမမှတ်မိတော့သလို ဖြစ်နေတတ်သည်။

"သူ့အခြေအနေက ပုံမှန်အခြေအနေကို ပြန်ရောက်နိုင်ပါ့မလားဆရာကြီး"

"ရောက်မှာပါ၊ ထိတ်လန့်ကြောက်ရွံ့စရာတွေနဲ့ တွေ့ကြုံခဲ့ရတော့ သည်းခြေပျက်သွားတာမျိုး ဖြစ်နေတာပါ၊ ဒါကြောင့် ကောင်းတစ်လှည့် မကောင်းတစ်လှည့် ဖြစ်နေတာ"

နီမောင် မသိမသာ သက်ပြင်းတစ်ချက်ချလိုက်သည်။

ဦးဗန်ကောင်းက ဆေးတံရှည်ကြီးအတွင်းသို့ ဆေးမှုန်များ ထည့်သိပ်နေရင်းနှင့် ဆက်ပြောသည်။

"ဒါပေမယ့် သိပ်တော့စိတ်ပူစရာမရှိပါဘူး၊ ငါဖော်စပ်ထားတဲ့ ကျောက်သွေးဆေးရည်ကို မှန်မှန်တိုက်ပေးရင် နှလုံးသည်းခြေ ပြန်ကောင်းလာပါလိမ့်မယ်၊ အဲဒီအခြေအနေရောက်ရင်တော့ ကောင်းမှာပါ။ ဒါပေမယ့် သူ ပုံမှန်ပြန်ဖြစ်နေတယ်ဆိုရင် ခင်သူ့အကြောင်းတွေကို မေးထားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေမေးရမလဲ ဆရာကြီး"

"သူ့နာမည် သူ့မိဘဆွေမျိုးတွေ နာမည်တွေနဲ့ သူ ဘယ်ရွာမှာနေတယ်ဆိုတာ သိအောင်မေးရမယ်၊ သူ နေကောင်းတာနဲ့ သူ့မိဘတွေဆီကို ပြန်ပို့ပေးရမယ်၊ သူနဲ့ရင်းနှီးတဲ့ မိဘဆွေမျိုးတွေနဲ့ ပြန်တွေ့ရတဲ့အခါ စိတ်ပြောင်းသွားပြီး ဒီ့ထက်ပိုပြီး မြန်မြန်နေကောင်းလာလိမ့်မယ်"

နီမောင်က ခေါင်းညိတ်ပြလိုက်လေသည်။

နောက်တစ်နေ့မှာတော့ ထိုမိန်းကလေးအခြေအနေ ပုံမှန်ဖြစ်နေသောကြောင့် သိချင်တာကိုမေးကြည့်ရလေသည်။ သူမက နီမောင်ကို ပီပီပြင်ပြင်မမြင်ရသေးသော်လည်း အသံကိုတော့ မှတ်မိနေဟန်ရှိသည်။

"နင်နေကောင်းသွားပြီလား"

သူမက ထွေထွေထူးထူးပြန်မပြောပဲ ခေါင်းညိတ်ပြလေသည်။

"နင့်နာမည် ဘယ်သူလဲ"

အတန်ကြာသည်အထိစဉ်းစားနေပြီးမှ...

"ဒရာမား..."

ဟု ပြန်ပြောသည်။

ထိုသို့ ပြန်ပြောဖော်ရသည်ကိုပင် ကျေနပ်ရပေသည်။

"နင်ဘယ်ရွာကလဲဟင်"

"ပန်နန်းဒင်ရွာက ငါဘယ်ရောက်နေတာလဲ"

ဟု ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါတို့ရွာမှာခေါ်ထားပြီး ဆေးကုပေးနေတာ နေ ကောင်းသွားရင် နင်နေတဲ့ရွာကို ပြန်ပို့ပေးမှာပေါ့"

ထိုစကားကြားတော့ နီမောင်ထိုင်နေသော နေရာဘက်သို့ တစ်ချက်ကြည့်သည်။ အမူအယာမှာလည်း စောစောကလို မဟုတ်တော့ပဲ အနည်းငယ်တက်ကြွလာသလို ဖြစ်လာသည်။

"နင်ဘယ်လိုကြောင့် အခုလိုဒုက္ခရောက်ခဲ့ရတာတွေကို ငါ့ကိုပြောပြပါလား"

ထိုသို့မေးသော်လည်း တော်တော်နှင့်တော့ ပြန်မပြော ပေ။

နောက်ပိုင်း စိတ်ရှည်လက်ရှည်နှင့် တဖြည်းဖြည်း မေး တော့မှ တစ်ခုချင်းစီပြန်ပြောပြလေသည်။

သူမနာမည် အပြည့်အစုံမှာ "ဟေမာဒရာမား"ဖြစ်သည်။ နေသောရွာမှာ "ပန်နန်းခင်"ရွာဖြစ်သည်။ ပန်နန်းခင်ရွာမှာ ဂန်လ ရာဇီတောင်တစ်ဝိုက်တွင်ရှိသော ရွာများအနက် အတော်ပင်ကြီး သော ရွာကြီးတစ်ရွာဖြစ်သည်။

အိမ်ခြေများသလို နေထိုင်ကြသူ လူဦးရေလည်းများ သည်။ သူမ၏ဖခင်မှာ ရွာခေါင်းဆောင်တစ်ဦးဖြစ်သလို စီးပွားဥစ္စာ ပြည့်စုံသူတစ်ဦးလည်းဖြစ်သည်။

အမည်မှာ "ဒူးဝါးဇမုန်းထန်"ဖြစ်သည်။ ဇမုန်းထန်မှာ ရွာသာမက ထိုနယ်တစ်ဝိုက်တွင်အချမ်းသာဆုံး ဖြစ်သဖြင့် ဒေသခံ များက "သူဌေးဇမုန်းထန်"ဟုပင် ခေါ်ဝေါ်ကြသည်။

ဆာဒူးဇမုန်းထန်မှာ နွား၊ သိုး၊ ဆိတ် အကောင်အရေ



www.burmeseclassic.com

www.burmeseclassic.com



ထွက် မြောက်များစွာ ပိုင်ဆိုင်ထားသလို လယ်မြေနှင့် အသီးအနှံ ထွက်သော ခြံများလည်းရှိသည်။ ထိုလုပ်ငန်းများကိုတော့ အလုပ်သမားများက စီမံခန့်ခွဲကာ လုပ်ကိုင်ကြလေသည်။

ထို့ပြင် ဒူးဝါးဇမုန်းထန်မှာ ရွှေတုံးနှင့် တန်ဖိုးရှိသော ကျောက်များလည်း ရှိသည်။ ရွှေတုံးနှင့် ကျောက်များကတော့ ၎င်း ကိုဒေသမှထွက်သော ပစ္စည်းများဖြစ်သဖြင့် ရှာဖွေစုဆောင်းထား ခြင်းဖြစ်သည်။

ဇမုန်းထန်က ချမ်းသာသူတစ်ဦးဖြစ်သလို သမီးဖြစ်သူ ဘာမာဒရာမားကလည်း ရုပ်ရည်ချောမောသည်။

ရုပ်ချောသလောက် မာနကြီးသူတစ်ယောက်ဖြစ်သည်။

ယောက်ျားတစ်ယောက်လို စိတ်ကြမ်းလူကြမ်းနှင့် နေ တတ်သူတစ်ဦးဖြစ်သည်။

သို့ကြောင့် တော်ရုံယောက်ျားများက အနားမကပ်ဝံ့ကြ ပေ။

၎င်းတို့နေထိုင်သောရွာတွင် နတ်ဆရာတစ်ဦးရှိသည်။

နာမည်က ဖာလာဟီးဖြစ်ပြီး တိဗက်နယ်ထဲမှာ နေထိုင်ခဲ့ ဖြစ်ပြီး နောက်မှဘယ်လိုအကြောင်းဖြင့် ရွှေ့ပြောင်းလာသည် သိပေ။

ပန်နန်းဒင်ရွာသို့ရောက်ပြီး လာရောက်နေထိုင်ခြင်းဖြစ် သည်။ အသက်ငါးဆယ်ကျော်လောက်ရှိပြီး ရုပ်ရည်က မတင့် သလှပေ။

ရတ်တရက်ကြည့်လျှင် မျောက်ဝံတစ်ကောင်လို သရဲ



www.burmeseclassic.com

“www.burmeseclassic.com



သဘက်မျက်နှာမျိုးနှင့် များစွာတူလေသည်။

သို့သော် ဖာလာဟီးက အောက်လမ်းပညာနှင့် ဆေးပညာ များ တတ်ကျွမ်းကြောင်း နောက်ပိုင်းမှသိရလေသည်။

ဖာလာဟီးက ထိုရွာရောက်ပြီး နတ်ဆရာတစ်ဦးကဲ့သို့ နေထိုင်လေသည်။ ၎င်းမှာ မှော်ပညာနှင့် ပြုစားတတ်သောပညာ များ တတ်မှန်းသိသဖြင့် ရွာသူရွာသားများက ကြောက်ရွံ့ကြသည်။

သူလိုချင်တာတောင်းယူလျှင် မပေးဝံ့ပဲ မနေဝံ့ကြသဖြင့် မရှိရှိတာပေးကြရသည်။ အကယ်၍ ဆန့်ကျင်မှုပြုလျှင် ဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ကြရသည်။

ထိုအခြေအနေကို ဇမုန်းထန်ကသိသောအခါ စိတ်ထဲ မနှစ်သက်ပေ။ အကယ်၍ သာမန်လူတစ်ယောက်ဖြစ်ပါက ရွာမှ နှင်ထုတ်ရန်ပင် စိတ်ကူးရှိနေသည်။ နတ်ဆရာဖြစ်နေတော့ သူ လည်းမလုပ်ဝံ့ပဲ ဖြစ်နေသည်။

တစ်နေ့တော့ အိမ်မှာ ဟေမာဒရာမားရှိနေစဉ် ဖာလာဟီး ရောက်လာပြီး ဆန်နှင့် ထောပတ်ပေးရန် တောင်းလေသည်။

“ငါစားဖို့ ဆန်နဲ့ ထောပတ်ပေးပါ”

“ငါတို့မှာ ပေးစရာ မရှိဘူး”

ဟေမာဒရားက လေသံမာမာနှင့်ပင်ပြန်ပြောလေသည်။

“မလိမ်နဲ့ လိမ်ညာတာကိုနတ်တွေမကြိုက်ဘူး”

“နတ်မကြိုက်လည်းငါကြိုက်မှ ပေးမှာပေါ့”

“နင်က ရုပ်ချောသလောက် သဘောထားဆိုးလှပါလား”

“နင်ဆန်လိုရင် အလုပ်လုပ်ရမှာပေါ့၊ ထောပတ်လိုချင်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ရမှာပေါ့"

"ငါက နတ်ဆရာတစ်ယောက်ပဲ ဘယ်နေရာမှာနေနေ အလုပ်လုပ်စရာ မလိုဘူး"

"အလုပ်မလုပ်တဲ့လူကို ငါတို့က ဘာမှမပေးဘူး၊ နင့်လို သရဲမျက်နှာမျိုးနဲ့လူက နတ်ဆရာတစ်ယောက်လို့ ပြောတိုင်းယုံရမှာတဲ့လား"

သူ့ကိုသရဲမျက်နှာဟု အပြောခံရသဖြင့် ဇာလာဟီးက သွန်စွာဒေါသထွက်သွားသော အမူအယာဖြင့် သူမမျက်နှာကို စေ့စေ့ကြည့်ပြီး ထိုနေရာမှပြန်လှည့်ထွက်သွားလေတော့သည်။

နောက်ထပ်ရက်အနည်းငယ်ကြာသောအခါ ဇာလာဟီး တစ်ယောက် ရွာမှပျောက်သွားလေတော့သည်။

ဒရာမားတို့ကတော့ သူတို့ မနှစ်မြို့သော နတ်ဆရာတစ်ယောက် ရွာမှပျောက်သွားသောကြောင့် ဝမ်းသာနေကြလေသည်။

ဤသို့ဖြင့် ထိုအကြောင်းများကို မေ့မေ့ပျောက်ပျောက် ဖြစ်နေကြစဉ် လအနည်းငယ်ကြာသောအခါမှာတော့ ပန်နန်းဒင် ရွာတွင် ဘေးအန္တရာယ်အချို့ ရောက်လာလေတော့သည်။

တောင်ပေါ်တက်သူများ မကြာခဏဆိုသလို ပျောက်ဆုံးများခြင်း၊ ထူးဆန်းသော သတ္တဝါများလက်ချက်ကြောင့် ကျွဲနွားများ သေကြေပျက်စီးကြခြင်း၊ မကြာခဏဆိုသလို ရွာတွင်းသို့ တောင်းဆိုးဝါးများ ဝင်ရောက်လာပြီး နောက်ယှက်သော ဘေးအန္တရာယ်များပင် ဖြစ်ကြလေသည်။

ဇမုန်းထန်တို့မွေးထားသော နွား၊ ဆိတ်၊ သိုးအစရှိသော



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါများ မကြာခဏ ပျောက်ခြင်း၊ သေဆုံးခြင်းများ ဖြစ်လာ
လေသည်။

ထို့ထက်ပိုဆိုးသော အန္တရာယ်က တောင်ပေါ်တက်သူတို့
မှာ လူတစ်ပိုင်းတိရစ္ဆာန်တစ်ပိုင်းဖြစ်နေသော သတ္တဝါများ၏
နောက်ယှက်သတ်ဖြတ်ခြင်းများကို ခံကြရခြင်းဖြစ်သည်။

ထိုအခါ ဒရာမားက ဖခင်ဖြစ်သူ ဖမုန်းထန်ကိုပြောသည်။

"အမေ ငါတို့ရွာမှာ အရင်က ဒီလိုအန္တရာယ်မျိုးတွေ တစ်
ခါမှ မဖြစ်ခဲ့ဘူး၊ အခုမှ ကြုံတွေ့ရတယ်ဆိုတော့ နည်းနည်းဆန်း
တယ်"

"ဟုတ်တယ် တောစောင့်နတ်တွေမကျေနပ်လို့ မကောင်း
ဆိုးဝါးတွေ လွှတ်ပေးနေတာလားမသိဘူး"

"ငါတော့ ဒီလိုမထင်ဘူး၊ ရွာကထွက်ပြေးသွားတဲ့ နတ်
ဆရာ လုပ်နေတာလို့ ထင်တယ်၊ သူ့လက်ချက်ကြောင့် ဒါတွေ
ဖြစ်နေတာလို့ထင်တယ်"

ဖမုန်းထန်က အတော်ကြာသည်အထိ စဉ်းစားနေပြီး
ခေါင်းညိတ်ပြသည်။

"ဖြစ်နိုင်တယ်၊ သူက ငါတို့ကို မုန်းတီးနေတဲ့ပုံပဲ၊ ဒီတော့
ဘယ်လိုလုပ်ရင်ကောင်းမယ်"

"သူ့လက်ချက်မှန်ရင်တော့ သူရှိနေသရွေ့ ငါတို့ကို အ
လိုဒုက္ခပေးနေမှာပဲ၊ ငါ့သဘောကတော့ သူ့ကိုလိုက်ရှာပြီး တွေ့
တာနဲ့ သတ်ပစ်ရမယ်"

ဒရာမားက ရုပ်ရည်ချောသလောက် စိတ်ကြမ်းကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းရှိသူမို့ ထိုစကားမျိုး ပြောခြင်းဖြစ်သည်။

"နင်ထင်သလို လုပ်လို့မလွယ်ဘူးထင်တယ်၊ သူက မှော်ပညာတတ်တယ်၊ ပြုစားတတ်တဲ့ ပညာတွေလည်းတတ်တယ်၊ မကောင်းဆိုးဝါးတွေလည်း မွေးထားတာတွေရှိတယ်၊ လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်းဖြစ်နေတဲ့ သတ္တဝါတွေက သူလုပ်ထားတာတွေ မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်၊ ငါတို့ရွာက ကျွဲနွားတွေပျောက်တာ ရွာသားတွေပျောက်တာတွေလည်း သူ့လက်ချက်ပဲ ဖြစ်မှာပေါ့၊ ဒါကြောင့် သူ့ကိုရှာဖွေပြီး အမြန်ဆုံးရှင်းပစ်မှ ဖြစ်မယ်၊ မဟုတ်ရင် ကြာလာတာနဲ့ ငါတို့ရွာပျက်ပြီး ပြောင်းပြေးရလိမ့်မယ်"

ဒရာမားပြောသောစကားမှာ လက်ရှိဖြစ်ပျက်နေသော အန္တရာယ်များနှင့် တစ်ထပ်တည်းဖြစ်နေသောကြောင့် ဖမုန်းထန်လည်း မငြင်းသာတော့ပေ။

"နင်ဘယ်လိုလုပ်ချင်သလဲ ဒရာမား"

"ရွာကိုမုဆိုးတွေကိုခေါ်ပြီး သူ့ကိုလိုက်ရှာချင်တယ်၊ တွေ့တာနဲ့ သတ်ပစ်မယ်"

"ဖြစ်ပါ့မလား၊ နင်က မိန်းကလေးတစ်ယောက်"

"ဖြစ်ပါတယ်၊ ဒီအတွက်စိတ်မပူပါနဲ့၊ ဘယ်လိုအန္တရာယ်မျိုးပဲဖြစ်ဖြစ် ငါကာကွယ်နိုင်ပါတယ်"

ဟု ပြောသဖြင့် ဖမုန်းထန်က သဘောတူပေးရပြီး လိုအပ်သောအစီအစဉ်များကို ပြုလုပ်ပေးရလေသည်။

ဖခင်ဖြစ်သူ ဖမုန်းထန်က သမီးဖြစ်သူဒရာမားအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ငယ်စဉ်ကတည်းက ကောင်းကောင်းသိခဲ့သည်။

ဒရာမားက ရုပ်ချောသလောက် မိန်းကလေးတစ်ယောက် စိတ်မျိုး မရှိပေ။ ယောက်ျားတစ်ယောက်ကဲ့သို့ ကြမ်းကြမ်းတမ်းတမ်း သွားလာနေထိုင်တတ်သူ ဖြစ်သည်။

ယခုလည်း မုဆိုးများကို သူက ဦးဆောင်သွားမည်ဖြစ်သောကြောင့် ရွာမှာရှိသော မုဆိုးခုနစ်ယောက်ကို ခေါ်ပေးသည်။ လိုအပ်သော သေနတ်နှင့် (မုဆိုးများကိုင်သော တူမီးသေနတ်) ဒူးလေး၊ လင်းလေး၊ မားလုံ စသည်တို့ကို လိုလေသေး မရှိအောင် စီစဉ်ပေးလိုက်သည်။

ခရီးထွက်သော ဒရာမားအပါအဝင် စုစုပေါင်းရှစ်ယောက် ဖြစ်သည်။ ၎င်းတို့သည် ဝါရင့်မုဆိုးများ ဖြစ်ကြသဖြင့် ခရီးလမ်း အတော်ပင်ကျွမ်းကျင်ကြလေသည်။

ရန်သူများနှင့် တွေ့နိုင်လောက်သောနေရာများကို ဦးစားပေးလိုက်လံရှာဖွေကြသည်။ ပထမရက်မှာ မထူးခြားပေ။

ညအချိန်ရောက်တော့မှ အန္တရာယ်ကောင်များ၏ အရိပ်အယောင်များကို စတင်တွေ့ကြရသည်။ ၎င်းတို့ ဝင်ထွက်သွားလာနေသော တောင်ကြားတစ်နေရာကိုလည်း ခြေရာခံမိကြသည်။ နောက်တစ်နေ့မှာတော့ တောင်ကြားတစ်ဝိုက်သို့ လိုက်လံရှာဖွေနေကြစဉ် လူတစ်ပိုင်း တိရိစ္ဆာန်တစ်ပိုင်းသတ္တဝါတို့၏ ခြောင်းမြောင်းတိုက်ခိုက်မှုကိုခံကြရလေသည်။

မုဆိုးများကလည်း ပါလာသောလက်နက်များဖြင့်ပစ်ခတ်တိုက်ခိုက်ကြရာ အတော်များများ သေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတိရိစ္ဆာန်များ လက်ချက်ကြောင့် မုဆိုးအချို့လည်း သေကြရသည်။

မုဆိုးများက အရေအတွက်လျော့သွားသည့်တိုင် လူတစ်ပိုင်းတိရိစ္ဆာန်များကတော့ လျော့ပါးသွားခြင်း မရှိကြပေ။ တစ်ကောင်သေလျှင် နှစ်ကောင်ထပ်ရောက်လာသည်။ မည်သည့်နေရာက ထွက်လာမှန်းတော့ မသိကြပေ။

နောက်ဆုံးမှာတော့ ဒရာမားအပါအဝင် ကျန်နေသေးသူတို့မှာ အသက်ဘေးလွတ်ရာသို့ ထွက်ပြေးကြရတော့သည်။

ထိုအခါ နောက်မှလိုက်သော ရန်သူများက အခြားမုဆိုးများနောက်သို့ မလိုက်တော့ပဲ ဒရာမားပြေးသော နေရာနောက်သို့ ဝိုင်းလိုက်ရာ နောက်ဆုံးဖမ်းမိသွားလေတော့သည်။ သူမအား တောင်ကြားတစ်နေရာရှိ ဂူပေါက်တစ်ခုအတွင်းသို့ ခေါ်သွားကြသည်။

ထိုနေရာသည် လူသူအရောက်အပေါက်နည်းသော နေရာလည်းဖြစ်သည်။

ဂူအတွင်းရောက်တော့ တစ်ကိုယ်လုံး အဝတ်နက်ကြီးခြုံထားသော လူတစ်ယောက်နှင့် တွေ့ရလေသည်။

အခြားတော့ မဟုတ်ပေ။

ရွာမှထွက်ပြေးသွားသော နတ်ဆရာ ဖာလာဟီးပင်ဖြစ်လေသည်။

"အခုတော့ ဘာတတ်နိုင်သေးလဲ၊ နင် ငါ့လက်ထဲ ရောက်လာပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ထို့...သရဲမျက်နှာနဲ့လူယုတ်မာ၊ လူတွေကိုဒုက္ခပေးနေတာ နင့်လက်ချက်တွေပဲ မဟုတ်လား"

"နင်က ငါ့ကိုသရဲမျက်နှာလို့ ပြောတယ်၊ မကြာခင်နင့်ကိုသရဲမျက်နှာမျိုးဖြစ်အောင် ငါလုပ်ပြမယ်"

ဟုပြောပြီး ဒရာမားကိုကျောက်စင်တစ်စင်ပေါ်တွင် တင်ထားကာ လက်ရောခြေထောက်ပါ မလှုပ်သာအောင်တုတ်နှောင်ထားလိုက်သည်။

ထိုအခန်းမှာ ဓာတ်ခွဲခန်း ဆေးဝါးစီရင်သောအခန်းဖြစ်သည်။ ခွဲစိတ်ရာတွင်အသုံးပြုသော ကိရိယာများ ဆေးဝါးပစ္စည်းများ ရှိသည်။

ဦးခေါင်းမရှိသော လူ့ခန္ဓာကိုယ်အချို့နှင့် တိရစ္ဆာန်မျိုးစုံတို့၏ ဦးခေါင်းများလည်းရှိသည်။ ထိုခန္ဓာကိုယ်နှင့် ဦးခေါင်းများ မပျက်စီးစေရန် ဆေးဝါးများဖြင့် စီရင်ထားလေသည်။

နောက်တော့ ချောမောလှပသော ဒရာမား မျက်နှာပေါ်သို့ ကြောက်စရာကောင်းသော သရဲမျက်နှာတစ်ခုဖြင့် အုပ်ကာ အသားကျအောင်စီမံပြုလုပ်လိုက်လေသည်။

"နင်က ငါ့ကိုသရဲမျက်နှာလို့ပြောတယ်၊ အခုနင်လည်း သရဲမျက်နှာမျိုး ဖြစ်သွားပြီ၊ အခုဆိုရင်နင်မျက်စိလည်း မမြင်ရတော့ဘူး၊ နားလည်းမကြားရတော့ဘူး၊ အသက်ရှူလို့ရအောင် အပေါက်ဖောက်ထားပေးမယ့် အစားအသောက်စားလို့တော့မရတော့ဘူး၊ ဒါကြောင့် နင်မကြာခင်သေမှာပဲ"

ဟုပြောကာ တောင်ကြောတစ်နေရာသို့သွားပြီး စွန့်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

ဒရာမားမှာ မျက်စိမမြင် နားလည်းမကြားရပဲ နှင်းတော ထဲမှာ လျှောက်သွားနေစဉ် ကံကောင်းထောက်မစွာဖြင့် ရက်အ တော်ကြာသည်အထိ အသက်ရှင်နေခဲ့သည်။

နောက်ဆုံး တောင်ကြားထဲသို့ လိမ့်ကျသွားခဲ့ရာမှ ကံ ကောင်းထောက်မစွာဖြင့် နီမောင်တို့နှင့် တွေ့ခဲ့ရခြင်းဖြစ်ပေသည်။

အထက်ပါ အကြောင်းများက ဒရာမားက သူမှတ်မိသမျှ ပြန်ပြောသော အကြောင်းအရာများ ဖြစ်ပေသည်။

"နှင်းအတော်ကံကောင်းတယ်လို့ ပြောရမှာပဲ၊ တိရိစ္ဆာန် တွေနဲ့တွေ့လည်း သေမယ်၊ ချောက်ထဲပြုတ်ကျလည်း သေမှာပဲ၊ ဒီလိုမှမသေလည်း အစာရေစာ မစားသောက်ရလို့ သေမှာပဲ"

သူမက နီမောင်ပြောသည်ကို လက်ခံကြောင်း ခေါင်း ညိတ်ပြလေသည်။ နောက်ထပ်တော့ ထွေထွေထူးထူး ဘာမှမ ပြောတော့ပေ။

နောက်ထပ်ရက်အနည်းငယ်ကြာပြီး သူမအခြေအနေ ပြန်ကောင်းလာသောအခါ ပန်နန်းဒင်ရွာသို့ ပြန်ပို့ပေးကြသည်။ ရွာချင်းက အတော်ပင်ဝေးသောကြောင့် တစ်နေ့ခရီးမျှ သွားကြရ သည်။

ထိုရွာရောက်ပြီး ဇမုန်းထန်အိမ်သို့သွားကြရာ ဒရာမား ကိုမြင်တော့ အားလုံးက ဝမ်းသာနေကြလေသည်။

ဇမုန်းထန်ကတော့ သေပြီဟု ယူဆထားသော သမီးဖြစ် သူ ပြန်ရောက်လာသဖြင့် များစွာဝမ်းသာနေသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



နီမောင်ကို အကျိုးအကြောင်းမေးရာ သိသမျှပြန်ပြောပြလိုက်သည်။

"ငါတို့ကတော့ သူ့ကို ဒီတစ်သက်တော့ ပြန်မတွေ့ရတော့ဘူးလို့ ထင်နေကြတာ၊ အခုလိုမမျှော်လင့်ပဲ ပြန်ရောက်လာတာ ဝမ်းသာလှတယ်၊ မင်းတို့ကိုလည်း ကျေးဇူးတင်လှပါတယ်"

"လောလောဆယ်တော့ မျက်စိလည်းမမြင်ရသေးဘူး၊ နားလည်း သိပ်ကြားရသေးဟန်မတူဘူး၊ ဒါပေမယ့် စိတ်ပူစရာတော့ မရှိပါဘူး၊ ရွာက ဆေးဆရာကြီးထည့်ပေးလိုက်တဲ့ ဆေးတွေကို မှန်မှန်တိုက်ပေးရင် ပြန်ကောင်းလာမှာပါ"

"ကောင်းပါပြီ၊ ငါ့သမီးအသက်ကို ကယ်ပေးတဲ့အတွက် ငါ့မှာရှိတဲ့ ရွှေနဲ့ကျောက်တွေ ပြန်ပေးပါရစေ"

"ကျွန်တော်တို့ မယူပါဘူး၊ ဒီလိုလုပ်လိုက်ရင် ကျွန်တော်တို့ အကူအညီပေးခဲ့တာတွေကို လဲယူလိုက်သလိုဖြစ်မှာစိုးလို့ပါ"

ထိုသို့ပြောသဖြင့် ဆက်မပြောတော့ပေ။

"ဘာပဲဖြစ်ဖြစ်လေ၊ အခုမယူလည်း ငါကတော့ ကျေးဇူးကြွေးကို မှတ်ထားပါ့မယ်၊ ကြုံတာနဲ့ ပြန်ဆပ်ပေးပါရစေ၊ ဒါထက် မင်းတို့နာမည်တွေနဲ့ ဘယ်ရွာမှာနေကြတယ်ဆိုတာတော့ ပြောပြထားခဲ့ပါ"

သို့ကြောင့် နီလာတို့ သုံးယောက်က ၎င်းတို့ နာမည်များနှင့် နေသော ရွာနာမည်များကို ပြောပြထားခဲ့ပြီးနောက် ဒွန်း ဇမုန်းထန်တို့ မိသားစုအား နှုတ်ဆက်ကာ ပြန်ခဲ့ကြလေသည်။

သူတို့ ပြန်ထွက်လာတော့ မျက်စိမမြင်ရသေးသော ဒရာ



www.burmeseclassic.com

www.burmeseclassic.com



မားက လှမ်းကြည့်နေလေသည်။

သို့သော် စိတ်မကောင်းဖြစ်ရုံမှလွဲပြီး ဘာမှမတတ်နိုင်ပဲ ပြန်ခဲ့ကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)

# တောင်ပေါ်မှ အသက်လုပွဲ

ဂန်လန်ရာဇီတောင်မှာ ပေပေါင်းများစွာ ဖြစ်သည်က တစ်ကြောင်း အလျားကလည်း ရှည်လျားသောကြောင့် အချို့နေ ရာများမှာ လူသူအရောက်အပေါက် မရှိသလောက်နည်းသော နေရာများ ဖြစ်နေကြသည်။

ဂန်လန်ရာဇီတောင်၏ မြောက်ဘက်တောင်ကြော တစ်နေရာ၏ အောက်ဖက်တွင် တောင်ကြားတစ်ခုရှိသည်။

ထိုတောင်ကြားတစ်ဝိုက်မှာလည်း တောင်စွယ်တောင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်များ သစ်တောကြီးများက ဖုံးလွှမ်းထားသောကြောင့် နေရောင်ခြည်ကိုပင် မမြင်နိုင်သောနေရာမျိုးဖြစ်၏။

ထိုတောင်ကြား၏ အတွင်းတစ်နေရာတွင်ဂူပေါက်တစ်ခုရှိသည်။ အစပိုင်းက ကျဉ်းသော်လည်း အတွင်းပိုင်းမှာတော့ များစွာကျယ်ဝန်းလှပြီး အလျားလည်းရှည်သည်။

ထိုဂူတွင်းတစ်နေရာတွင် သဘာဝအတိုင်းဖြစ်နေသော စမ်းချောင်းနှင့် ထူးဆန်းသော ဆေးပင်အတော်များများလည်း ထိုနေရာတစ်ဝိုက်တွင် ပေါက်နေကြသည်။

ကျောက်နံရံမောင်းတစ်ခုမှ စိမ့်ကျနေသော ကျောက်သွေးများက စမ်းရေအိုင်အနီးမှ ကျောက်ခွက်ထဲသို့ တစ်စက်ချင်း ကျနေရာ ကျောက်ခွက်မှာ ပြည့်နေသည်။

ထိုကျောက်ခွက်အတွင်းမှ လျှံထွက်လာသော ကျောက်သွေးများ တသွင်သွင်စီးနေသော စမ်းချောင်းအတွင်းသို့ ကျနေရာ စမ်းရေများမှာ သွေးရောင်ကဲ့သို့ ဖြစ်နေတော့သည်။

တကယ်တော့ ထိုကျောက်သွေးရေမှာ ကမ္ဘာပေါ်တွင် အသက်ရှည်ခြင်းကို ဖြစ်စေသော ဆေးရည်တစ်မျိုးပင်ဖြစ်ပေသည်။

ကျောက်သွေးရေများ စီးဆင်းနေသည့် စမ်းချောင်းအနီးရှိ ကမ်းဘေးတစ်ဖက်တစ်ချက်မှာ "အဆက်ကလူစီ" ဟုခေါ်သော အသက်ရှည်ဆေးပင်များ ရှိသည်။

တကယ်တော့ ထိုဆေးပင်များမှာ အခြားနေရာများတွင် ပေါက်လေ့မရှိပဲ ကျောက်သွေးရှိသော နေရာများ၌သာ ပေါက်လေ့ရှိကြသည့် ဆေးပင်တစ်မျိုးလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ထိုနေရာတစ်ဝိုက်တွင် အဆိပ်ဖြေဆေး အပါ အဝင် ဒဏ်ရာဒဏ်ချက်တို့ကို လျင်မြန်စွာ ပျောက်ကင်းစေသော မရှော့ပင်နှင့် နနွင်းဂမုန်းကဲ့သို့ အပင်များလည်း ရှိကြသည်။

ထိုဂူတွင်းတစ်နေရာမှာတော့ ပန်နန်းဒင်ရွာမှ ထွက် ပြေးလာသော နတ်ဆရာ ဖာလာဟီး နေထိုင်လေသည်။

ငင်းတစ်ယောက်တည်း နေထိုင်ခြင်းတော့ မဟုတ်ပေ။

ငင်းဖန်တီးထားသော မနုဿတိရိစ္ဆာန်များဟုခေါ်သည့် လူတစ်ပိုင်းတိရိစ္ဆာန်တစ်ပိုင်း သတ္တဝါများဖြင့် အတူနေလေသည်။

ထိုတိရိစ္ဆာန်တို့မှာ သူကိုယ်တိုင်ဖန်တီးထားခြင်းဖြစ် သည်။ လူ၏ကိုယ်ခန္ဓာတွင် တိရိစ္ဆာန်ဦးခေါင်းများ ပြောင်းလဲတပ် ဆားခြင်းဖြစ်သည်။

ငင်းနေထိုင်သော ဂူအတွင်း၌ အကျဉ်းခန်းသဖွယ် ပြုလုပ် ထားသော ဂူပေါက်များရှိကြသည်။ အချို့အခန်းများတွင် ဖမ်းမိ ထားသော လူအချို့ရှိသည်။ ထိုလူများမှာ ဂန်လန်ရာဇီတောင်တစ် ဝိုက်တွင် နေထိုင်ကြသော ရွာများမှ လူများဖြစ်သည်။

မနုဿတိရိစ္ဆာန်များ၏ ဝိုင်းဝန်းဖမ်းဆီးခံရသဖြင့် ထိုဂူ အတွင်းသို့ ရောက်နေကြရခြင်းဖြစ်၏။

ထိုကျောက်ဂူအတွင်း၌ လူလေးငါးယောက်ရှိနေသည်။ ထိုလူများကို အစာနှင့်ရေ ဝအောင်မကျွေးပဲ တဖြည်းဖြည်းအား ပြတ်ပြီး မထနိုင်မလှုပ်နိုင်အောင် စီမံထားသည်။

အခြားအခန်းမှာတော့ ဖမ်းမိထားသော တိရိစ္ဆာန်အချို့ ရှိသည်။ ဝံပုလွေနှင့် မြေခွေးအချို့ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်ခန်းမှာတော့ ဝက်ဝံတစ်ကောင်ရှိသည်။

ထိုတိရိစ္ဆာန်များကိုလည်း အစာရေစာ ဝအောင်မကျွေး အားပြတ်ပြီး မလှုပ်နိုင်အောင်ပြုလုပ်ထားသည်။

သို့မှသာ အသုံးပြုလို၍ အပြင်ထုတ်သောအခါ မလှု နိုင်တော့သဖြင့် ပြန်လည်ခုခံခြင်း မပြုနိုင်တော့မည် ဖြစ်လေသည်

နတ်ဆရာ ဇာလာဟီးထံတွင် အားကိုးရသော လက် တပည့်နှစ်ယောက်ရှိသည်။

တစ်ယောက်က ယက္ခဖြစ်ပြီး ကျန်တစ်ယောက်က ဗျ ဖြစ်သည်။ ယက္ခက လူကောင်းထွားကျိုင်းသလောက် ဘီလူးမျ နှာကဲ့သို့ ခက်ထန်ကြမ်းတမ်းသော မျက်နှာမျိုး ဖြစ်သည်။

သားစိမ်း၊ ငါးစိမ်းစားပြီး သတ်ဖြတ်ရာမှာ လက်မနေ တတ်သူဖြစ်၏။ ဗျဂ္ဃက လူခန္ဓာကိုယ်နှင့် ကျားတစ်ကောင်၏ ခေါင်း တပ်ထားခြင်းဖြစ်သောကြောင့် ကျားတစ်ကောင်ကဲ့သို့ ခက်ထန်ကြမ်းတမ်းသူ ဖြစ်သည်။

ဇာလာဟီးက လူများဖမ်းမိသောအခါ ထွက်မပြေးနိုင် အောင် အခန်းထဲမှာ ပိတ်လှောင်ထားပြီးနောက်ပိုင်းတွင် တိရိစ္ဆာ တစ်ကောင်၏ ဦးခေါင်းများဖြင့် ပြောင်းလဲတပ်ဆင်လေသည်။

ၵင်းဖော်စပ်ထားသောဆေးရည်မှာ ဒဏ်ရာတစ်ခု ပေါ် လောင်းချလိုက်လျှင် ချက်ချင်းကျက်ကာ အကောင်းပကတိ ဖြစ်နိုင်သည်။ ဒဏ်ရာပေါ်သို့ လောင်းချပါက ငရဲမီးနှင့် လော သကဲ့သို့ ရှဲခနဲဖြစ်သွားကာ ကြည့်နေရင်းမှာပင် အနာကျက်သွာ ကာ ပကတိအသားအတိုင်း ပြန်ဖြစ်စေနိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်၏ ကိုယ်ခန္ဓာတွင် တိရစ္ဆာန်တစ်ကောင်၏ ဦးခေါင်းတပ်ဆင်လိုသောအခါ လူရောတိရစ္ဆာန်ကိုပါ သတိမေ့နေစေရန်စီမံပြီး ယှဉ်လျက်ချထားသည်။

လူကိုတော့ မလှုပ်နိုင်အောင် ကြိုးများဖြင့် တုတ်နှောင်ထားသည်။ ထိုသို့ပြုလုပ်ထားခြင်းမှာ ဦးခေါင်းဖြတ်ချလိုက်သည့်အခါ သွေးရူးသွေးတန်းဖြစ်ပြီး ထပြေးမည်စိုးသောကြောင့် ဖြစ်သည်။ ပြီးလျှင်အရှင်လတ်လတ် တိရစ္ဆာန်ဦးခေါင်းကို အရင်ဖြတ်သည်။

ပြီးမှ လူဦးခေါင်းကိုဖြတ်ပြီး တိရစ္ဆာန်ဦးခေါင်းနှင့် ပြန်ဆက်ပေးသည်။ ထိုသို့ပြုလုပ်သောအချိန်မှာ နှလုံးသွေး မရပ်မီအချိန်အထိသာ ဖြစ်သည်။ နှလုံးသွေးလည်ပတ်မှု ရပ်သွားပါက အသက်မရှင်တော့ပေ။

ထိုအခါ ဖုတ်သွင်းပြီးအသက်သွင်းပေးရသည်မျိုး ရှိသည်။ သဘာဝအတိုင်းအသက်ရှင်နေသူများနှင့် ဖုတ်သွင်းထားသူတို့ စေခိုင်းရတာချင်းမတူကြပေ။

ဖုတ်သွင်းထားသူက စေခိုင်းရတာမကောင်းလှပဲ သာမန်အသက်ဖြင့် ရှင်နေသူက စေခိုင်းရတာကောင်းသည်။

တစ်ခါက ယက္ခဆိုသူက မေးဖူးသည်။

"ဆရာကြီး လူတွေကို ဒီအတိုင်းခေါင်းမလဲပဲခိုင်းရင်ကော ရဘူးလား"

"ဘယ်ရပ့်မလဲ၊ ဒီလိုခိုင်းရင် ငါ့ကိုအန္တရာယ်ပေးပြီး သူ့နေရာသူ ပြန်သွားမှာပေါ့၊ နောက်ပြီး လူဆိုတာ အသိဉာဏ်ရှိတော့



www.burmeseclassic.com

www.burmeseclassic.com



တိရိစ္ဆာန်တွေလို ငါခိုင်းတာလုပ်မှာ မဟုတ်ဘူး”

ဟု ပြောပြဖူးလေသည်။

နှလုံးသွေးမရပ်ခင် ဦးခေါင်းချင်းလဲပြီးပါက ခိုင်ခံ့အောင် ကြိုးဖြင့် ချည်နှောင်ပြီး အသင့်စီရင်ထားသော ဆေးရည်များဖြင့် လောင်းချလိုက်လျှင် ခဏချင်းမှာပင် ပကတိအသားအရေအတိုင်း ပြန်ဖြစ်စေနိုင်သည်။

ထိုကဲ့သို့ ဦးခေါင်းလဲထားသူတို့ကို ချက်ချင်းစေခိုင်း၍ မ ပေ...။ သတိပြန်ရစကာလတွင် တိရစ္ဆာန်စိတ်ဝင်လာလိုက်၊ လူစိတ် ဝင်လာလိုက်နှင့် ကသောင်းကနင်းဖြစ်နေတတ်ကြသည်။

အစားအသောက်များကို လက်ဖြင့်ယူ၍ ပါးစပ်ထဲထည့် သည့်အခါထည့်၊ လက်ဖြင့်မယူဘဲ ပါးစပ်ဖြင့်ဟပ်စားသည့်အခါ စားသည်၊ ရေသောက်သည့်အခါမှာလည်း ထိုနည်းအတိုင်းပင်ဖြစ် သည်။

လမ်းသွားသည့်အခါမှာလည်း ခြေထောက်နှစ်ချောင်းဖြင့် မတ်တပ်လျှောက်သည့်အခါ လျှောက်သည်။

လေးဘက်ထောက်လျက်သားဖြင့် သွားလာသည့်အခါ သွားလာသည်။ မြင်ကာစကတော့ စိတ်မကောင်းစရာလည်း ကောင်း၊ ရယ်စရာလည်းကောင်းသည်။ နောက်ပိုင်းကြာတော့ သ ဖာသာ နေသားထိုင်သား ကျသွားလေတော့သည်။

တိရစ္ဆာန်ဦးခေါင်းပြောင်းထားသူတို့မှာ တစ်ခါတစ်ရံ စိတ်ဝင်လာသည့်အခါ ဝူးဝူးဝါးဝါးနှင့် စကားပြောတတ်ကြသည်

သို့သော် လူတစ်ယောက်စကားပြောသကဲ့သို့ ပီပီသ



www.burmeseclassic.com

www.burmeseclassic.com



စကားသံ မထွက်တော့ဘဲ ဝူးဝူးဝါးဝါးနှင့် တိရစ္ဆာန်အသံမျိုးသာ ထွက်နေတော့သည်။

မြေခွေးက မြေခွေးအသံ၊ ဝံပုလွေက ဝံပုလွေအသံ၊ ကျား၊ ကျားသစ်တို့ကလည်း ၎င်းတို့အသံအတိုင်းသာ ထွက်ကြလေသည်။ မျောက်ဦးခေါင်းပြောင်းထားသူများကတော့ လူစကားနှင့် နီးစပ်သော အသံမျိုး ဖြစ်ကြသည်။

မည်သို့ပင်ဖြစ်စေ...

ထိုမနုဿတိရိစ္ဆာန်များကတော့ နတ်ဆရာ ဖာလာဟီးအ တွက်တော့ အသုံးတည့်သော အစေအပါးများ ဖြစ်လာကြသည်။

၎င်းစီမံထားသော မနုဿတိရိစ္ဆာန်များက ဖာလာဟီးကို တော့ များစွာကြောက်ရွံ့ကြသည်။

၎င်းကိုခုခံရန်ကြံစည်သူများ အမိန့်ပေးလျှင် ဖီလာဆန် ကျင်သူများကို ခြေဖြတ်လက်ဖြတ်ပစ်၍သော်လည်းကောင်း၊ အစာ စေစာ မစားသောက်နိုင်စေရန် ပါးစပ်များ ပိတ်ချုပ်ထားခြင်း၊ ဘာမှ မြင်နိုင်စေရန် မျက်လုံးများ ပိတ်ချုပ်ထားခြင်းများဖြင့် အပြစ်ပေး ခတ်ကြသည်။

သို့ကြောင့် ဖာလာဟီးကိုကြောက်ရွံ့ကြရသည်။

ထို့ထက်ပိုပြီး ကြောက်ရွံ့ရသည့် နှစ်ယောက်လည်းရှိ သေးသည်။ ယက္ခနှင့် ဗျဂ္ဃတို့ နှစ်ယောက်ပင်ဖြစ်၏။ ၎င်းတို့က ည်းစိတ်မထင်လျှင် မထင်သလို သွေးထွက်သံယိုဖြစ်သည်အထိ ဆိတ်ပုတ်နှိပ်စက်ကြသည်။၎င်းတို့အသံ ကြားသည်နှင့်ပင် နေစရာ မရှိအောင် ကြောက်ရွံ့နေကြသူများ ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့ စခန်းတွင် မနုဿတိရိစ္ဆာန်များ (၁၅)ယောက်ခန့် ရှိကြလေသည်။

တစ်နေ့တော့ ယက္ခက ဇာလာဟီးကိုပြောပြသည်။

"ဆရာကြီးအခုတလော တောင်ပေါ်မှာကျားနက်ကြီးတစ်ကောင် ရောက်နေတယ်၊ တစ်လောက စခန်းက လူတစ်ယောက်ကို ဝင်ဆွဲသွားတယ်"

မနုဿတိရိစ္ဆာန်များက နီမောင်ကိုဖမ်းဆီးရန်ကြံစည်နေကြစဉ် ကျားနက်ကြီးရောက်လာပြီး တစ်ယောက်ကိုကိုက်ချီယူသွားသော အကြောင်းကို ပြန်ပြောပြနေခြင်းဖြစ်သည်။

"အကောင်အတော်ကြီးသလား"

"ကိုးတောင်ကျားထက်ကြီးတယ်၊ တစ်ကောင်လုံး နက်မှောင်နေတာပဲ"

"ဟိမဝန္တာဘက်က ရောက်လာတာဖြစ်မယ်၊ အဲဒီကျားနက်ကြီးကို ငါလိုချင်တယ်၊ ဒီကောင်ကြီးရဲ့ ဦးခေါင်းကို လူတစ်ယောက်ကို ပြောင်းပေးရင် ငါ့အတွက် နောက်ထပ်အားကိုးရတဲ့ လက်ရုံးတစ်ယောက် ရလာနိုင်တယ်"

"ဆရာကြီး လိုချင်ရင် ရအောင်ဖမ်းပေးပါ့မယ်"

ဟုပြောဆိုပြီး ယက္ခနှင့် ဗျဂ္ဃတို့ ဦးဆောင်သော မနုဿတိရိစ္ဆာန်များက ကျားနက်ကြီးကို လိုက်လံရှာဖွေကြသော်လည်း အစအနမှပင် မတွေ့ကြရပေ။

တကယ်တော့ မနုဿတိရိစ္ဆာန်များမှာ ကျားနက်ကြီးအား ကြောက်ရွံ့ကြသည်။ တောဘုရင်ဖြစ်သော ခြင်္သေ့နှင့်ကျားကို အ



www.burmeseclassic.com

www.burmeseclassic.com



ခြားသောတိရိစ္ဆာန်များက ကြောက်ရွံ့ကြခြင်းမှာ ဓမ္မတာဖြစ်သည်။

မနုသတိရိစ္ဆာန်အဖြစ် ပြောင်းလဲထားသူတို့မှာ အများအားဖြင့် မြေခွေး၊ဝံပုလွေနှင့် အခြား အလွယ်တကူ ဖမ်း၍ရသောတိရိစ္ဆာန်များသာ ဖြစ်ကြသည်။

သို့ကြောင့် အခြားတိရိစ္ဆာန်များက ကျားကိုကြောက်ရွံ့ကြခြင်းမှာ ဓမ္မတာပင်ဖြစ်လေသည်။

တစ်နေ့တော့ ကျားနက်ကြီးကို လိုက်လံရှာဖွေကြရင်းနှင့်တောင်ပေါ်တက်လာသော လူတစ်စုကိုတွေ့သဖြင့် ဝင်ရောက်တိုက်ခိုက်ကြလေသည်။

ထိုလူစုမှာ တောင်ခြေတစ်ဝိုက်မှာ နေထိုင်ကြသူများ ဖြစ်ကြပြီး ရာသီဥတုသာယာသောကြောင့် ခန်းတောက်မြစ်နှင့် မချစ်ဥရှာဖွေရန် တောင်ပေါ်တက်လာသော လူစုဖြစ်သည်။

၎င်းတို့မှာလည်း လက်နက်များပါလာသောကြောင့် ပြန်လည်တိုက်ခိုက်ကြသည်။ မနုသတိရိစ္ဆာန်များက လူတို့နှင့် တွေ့သောအခါ အသက်ရှင်လျက်နှင့် ဖမ်းခေါ်သွားကြရန်သာ ကြိုးစားကြသည်။ တောင်ပေါ်တက်လာသူတို့မှာလည်း တောင်ပေါ်တွင်အန္တရာယ်များ ရှိနေသည်ကိုသိသဖြင့် သတိဝီရိယဖြင့် လာကြခြင်းဖြစ်ရာ အလွယ်တကူ ဖမ်းဆီးမရနိုင်ပဲ ရှိကြလေသည်။

ထိုကဲ့သို့ တောင်ပေါ်တွင် တိုက်ပွဲများဖြစ်နေသောကြောင့်ဆူညံသံအသံများ ပေါ်ထွက်နေရာ အတော်ဝေးဝေးမှပင် ကြားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့သကတိရိစ္ဆာန်များမှာ ဆယ်ဦးခန့်ရှိပြီး တောင်ပေါ်တက်လာသူတို့က ခုနစ်ယောက်လောက်သာရှိကြသဖြင့် ၎င်းတို့ဘက်မှ အရေးနိမ့်နေကြသည်။

ရန်သူများက သတ်ဖြတ်ရန်မဟုတ်ပဲ အရှင်ဖမ်းခေါ်သွားရန် ကြိုးစားနေသောကြောင့်သာ သူတို့အသက်ရှင်နေကြခြင်းဖြစ်ပေသည်။

သို့သော်လည်း အချိန်ကြာလာလျှင်တော့ ရန်သူများလက်သို့ ပါရတော့မည့်အခြေအနေမျိုး ရောက်နေလေတော့သည်။

ထိုအခိုက်မှာပင် နောက်ထပ်လူတစ်စု ရောက်လာကြပြန်လေသည်။ တောင်ပေါ်တက်လာသော မုဆိုးတစ်သိုက်ပင် ဖြစ်သေသည်။ နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်နှင့် အခြားနစ်ယောက်ပါသော မုဆိုးအဖွဲ့ဖြစ်သည်။

နီမောင်တို့က တောင်ပေါ်တစ်နေရာမှဆူဆူညံညံ အော်ဟစ်သံများကြားကြသဖြင့် ရောက်လာကြခြင်းဖြစ်သည်။

နီမောင်တို့ရောက်လာသောကြောင့် ရွာသားများဘက်မှ အားသာလာကြလေသည်။ သို့သော်လည်း မနေ့သကတိရိစ္ဆာန်များအား ဇာလာဟီး မှာထားသည့်အတိုင်း လူနှင့်တိရိစ္ဆာန်များဖမ်းလျှင် အသက်ရှင်လျက်ဖြင့် ဖမ်းခေါ်လာရမည်ဟု အမိန့်ပေးထားသောကြောင့် ဝင်ရောက်ဖမ်းဆီးရန်သာ ကြိုး စားနေကြခြင်းဖြစ်သည်။

မုဆိုးအဖွဲ့တွင် ဓားလှံလက်နက်များအပြင် ေ[illegible]နတ်များပါ ပါလာသောကြောင့် ရန်သူများဘက်မှ အ[illegible]နာကြ[illegible]သည်။ သုံးလေးဦးခန့် အသက်သေဆုံးသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ ကျန်နေသော မနုဿတိရိစ္ဆာန်များမှာ ဆက်လက်မတိုက်ခိုက်ကြတော့ပဲ သစ်တောများအတွင်းသို့ ပြန်လည်ဝင်ပြေးကြလေသည်။

နီမောင်က သူနှင့်တိုက်ခိုက်နေသော ဝံပုလွေတစ်ပိုင်း၊ လူတစ်ပိုင်း ဖြစ်နေသော မနုဿတိရိစ္ဆာန်တစ်ကောင်ကို အရှင်ဖမ်းမိရန်ကြိုးစားနေစဉ် သစ်တောအတွင်းသို့ ဝင်ပြေးသဖြင့် လိုက်လံဖမ်းဆီးလေသည်။

သစ်တောအတွင်းသို့ ရောက်သောအခါ ပျောက်ချင်းမလှ ပျောက်သွားလေတော့သည်။

သို့ဖြင့် လိုက်လံရှာဖွေနေစဉ် ချိုင့်တစ်ခုရှိသောနေရာသို့ ရောက်သွားလေသည်။ ထိုနေရာရောက်ပြီး ချောက်ထဲသို့ငုံ့ကြည့်သည်။ ချောက်ကတော့ သိပ်မနက်လှပေ။ အတွင်းမှာတော့ ဘာမှမရှိပေ။

ထိုအခိုက်မှာပင် သူ့နောက်ဘက်မှ ရန်သူတစ်ယောက် ဘွားခနဲပေါ်လာပြီးနောက် သူကကိုပြေးဖက်ရာ ဘယ်လိုမှ ရှောင်ချိန်မရတော့ပဲ နှစ်ဦးစလုံး ချောက်အတွင်းသို့ လုံးထွေးပြီး ကျသွားလေတော့သည်။

နောက်တော့နီမောင်တစ်ယောက် သတိမေ့သွားသောကြောင့် ဘာမှမသိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

# အန္တရာယ်တွင်းမှ ရုန်းထွက်ရခြင်း

အချိန်မည်မျှကြာအောင် သတိမေ့နေသည် မသိပေ။ သူ သတိပြန်ရလာတော့ မှောင်နေသော နေရာတစ်ခုသို့ ရောက်နေသည်ကိုသတိပြုမိလေသည်။

ဦးခေါင်းမှတဆစ်ဆစ်ဖြင့် နာကျင်နေသောကြောင့် လက်ဖြင့်စမ်းကြည့်သည်။ ဦးခေါင်းတွင်ထိခိုက်ထားသော ဒဏ်ရာတစ်ခုရှိထားပြီး သွေးစေးများပင် မခြောက်သေးသည်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်နေရာရောက်နေတာလဲ"

သူသည် နေရာမှကြိုးစားထပြီး အခြေအနေကိုကြည့်သည်။ အတွင်း၌ အလင်းရောင်မရှိသော်လည်း ကျောက်ဂူတစ်ဂူအတွင်းသို့ ရောက်နေခြင်းကိုတော့ သိလေသည်။

ထထိုင်ရင်းနှင့် ဖြစ်ပြီးခဲ့သောအကြောင်းများကို ပြန်ပြီးစဉ်းစားကြည့်သည်။ မနုဿတိရိစ္ဆာန်များနှင့် တိုက်ခိုက်ရပြီး ချောက်ထဲကျသွားသည်ကိုတော့ သတိရသည်။

နောက်ပိုင်း အဖြစ်အပျက်များနှင့် ထိုဂူထဲသို့ ဘယ်သို့ဘယ်ပုံရောက်နေသည်ကိုတော့ သူ မသိတော့ပေ။

ရောက်နေသောဂူက သိပ်တော့မကျယ်ပေ။

လေဝင်ပေါက်ရစေရန်ဖောက်ထားသော အပေါက်တစ်ပေါက်သာရှိပြီး အခြားအပေါက်တော့ မရှိပေ။

ထိုအပေါက်မှ မီးရောင်အချို့က အတွင်းသို့ ဝင်ရောက်နေသောကြောင့် အတန်အသင့်တော့ မြင်ရသည်။ ဂူထဲမှာတော့ သစ်ရွက်ခြောက်များ ခင်းထားသောနေရာနှင့် သောက်ရေအိုးတစ်လုံးသာရှိသည်။ ရေခပ်ရန်အတွက် ဝါးရေခွက်တစ်လုံးလည်းရှိသည်။

သို့ကြောင့် ရေအိုးရှိရာသို့ ဒယိမ်းဒယိုင်နှင့် လျှောက်သွားပြီး ရေတစ်ခွက်ခပ်သောက်လိုက်တော့မှ ရင်ပူခြင်း သက်သာကာ နေသာထိုင်သာ ရှိလာသည်။ ထိုအခါမှ အခြေအနေကိုပိုက်ကြည့်သည်။

သူရောက်နေသော ဂူထဲမှာတော့ ထွေထွေထူးထူး ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိပေ။ လူတစ်ယောက်နှင့် ကျောက်ရေအိုးတစ်လုံးသာရှိသည်။

နီမောင်က တစ်ပေါက်တည်းရှိသော လေဝမ်းပေါက်ရှိသောနေရာသို့ လျှောက်သွားသည်။ အပေါက်ရှိသောနေရာက အနည်းငယ်မြင့်နေသဖြင့် သူကအရပ်နှင့် မမီပေ။

ထိုနေရာရောက်တော့မှ အလင်းရောင်အပြင် အပြင်ဘက်မှဝင်လာသော အသံအချို့ကိုပါ ကြားရသည်။

တိရိစ္ဆာန်အသံ၊ လူအော်သံတို့ပင်ဖြစ်သည်။ ထိုအသံများကိုကြားရပြီး စိတ်ဝင်စားသောကြောင့် ကျောက်တုံးတစ်တုံးကို ထိုနေရာအထိ ရွှေ့ယူလာပြီးမှ အပေါ်တက်ကြည့်သည်။ အပြင်ဘက်မှာတော့ ဂူတစ်ဂူ၏ ကျယ်လှသော အခန်းရှိသည်။ မီးရောင်များထွန်းထားသောကြောင့် အခြေအနေကိုမြင်ရသည်။

ဂူတစ်နေရာမှာတော့ နတ်ဆရာဇာလာဟီးနှင့် ၎င်း၏တပည့်နှစ်ယောက်တို့ အလုပ်ရှုပ်နေကြသည်။ လူတစ်ယောက်ကို အတင်းချုပ်နှောင်ပြီး ဇာလာဟီးက ဆေးရည်တစ်ခွက်ကို တိုက်နေလေသည်။

ထိုလူကလည်း မသောက်လိုသဖြင့် အတင်းရုန်းကန်ကာ အော်ဟစ်နေခြင်းဖြစ်သည်။ ၎င်းက ခွန်အားရှိသလောက် ရုန်းကန်နေသော်လည်း သန်မာထွားကျိုင်းလှသော ဗျူဟ္ဓနှင့် ယက္ခတို့နှစ်ယောက်က ဖိနှိပ်ချုပ်နှောင်ထားသောကြောင့် မလှုပ်သာပေ။

နောက်တော့ ပါးစပ်ကိုအတင်းဖြဲပြီး ဆေးရည်များကိုလောင်းချကာ ပါးစပ်တွင်းသို့ ရောက်သွားလေသည်။

အတန်ကြာတော့ ရုန်းကန်နေခြင်းများ တဖြည်းဖြည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



အားပျော့သွားကာ ငြိမ်ကျသွားလေသည်။

ထို့နောက်မှာတော့ လူတစ်ယောက်နီးပါး ကြီးမားသော မျောက်နီတစ်ကောင်ကိုခေါ်လာပြီး ပါးစပ်တွင်းသို့ဆေးရည်များကို လောင်းထည့်လိုက်ရာ ခဏကြာတော့ အော်ဟစ်ရုန်းကန်နေရာမှ တဖြည်းဖြည်းငြိမ်ကျသွားလေတော့သည်။

ထိုသို့ငြိမ်ကျသွားတော့မှ လူရော မျောက်နီကိုပါ ကျောက်စင်တစ်ခုစီပေါ်တွင်မလှုပ်နိုင်အောင် ကြိုးများဖြင့် တုပ်ထားလိုက်သည်။ လူရောမျောက်ပါ အသက်မရှိတော့သလို ငြိမ်သက်နေကြလေသည်။

နီမောင်ကတော့ အပေါက်မှ ခေါင်းပြူကာ စိတ်ဝင်စားစွာဖြင့် ချောင်းကြည့်နေလေသည်။

ဇာလာဟီးနှင့် တပည့်နှစ်ယောက်တို့ကတော့ ထိုနေရာတစ်ဝိုက်တွင် အလုပ်ရှုပ်နေကြလေသည်။

အတန်ကြာတော့ ကြိုးဖြင့်တုပ်ထားသော လူ၏ဦးခေါင်းကို ဓားဖြင့်ဖြတ်ချလိုက်ရာ ခေါင်းတခြား ကိုယ်တစ်ခြား ဖြစ်သွားလေတော့သည်။ ထိုလူမှာဦးခေါင်းမရှိတော့သော်လည်း တစ်ကိုယ်လုံး အကြောဆွဲသကဲ့သို့ဖြစ်ကာ လှုပ်ရှားလျက်ရှိသည်။

ကြိုးဖြင့် တုပ်မထားပါက သွေးရူးသွေးတန်းဖြင့် လျှောက်ပြေးနေမည်ဖြစ်သည်။

နီမောင်ကတော့ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော မြင်ကွင်းကြောင့် စိတ်လှုပ်ရှားသွားသောကြောင့် အောက်သို့ပြုဆင်းကာ ကျောက်နံယံကိုကျောကပ်ပြီး ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရက်စက်လှချည်လား"

ပါးစပ်မှလည်းတိုးတိုးရေရွတ်နေလေသည်။

အတန်ကြာတော့မှ စိတ်ကိုငြိမ်အောင်ထားပြီး နောက်ထပ်ဘယ်လိုဆက်လုပ်ဦးမည်ကို သိလိုသဖြင့် ကျောက်တုံးပေါ်တက်ကာ ကြည့်ပြန်လေသည်။

ဒီတစ်ကြိမ်မှာတော့ မျောက်နီ၏ဦးခေါင်းကို ဖြတ်ချလိုက်သည်။ မျောက်နီမှာလည်း ဦးခေါင်းမရှိတော့သော်လည်း တစ်ကိုယ်လုံး လှုပ်ရှားနေသည်ကို လှမ်းမြင်နေရသည်။

ဇာလာဟီးက ပြတ်ကျသွားသော ဇာလာဟီးဦးခေါင်းကို ကောက်ယူပြီး ဦးခေါင်းမရှိတော့သော လူ၏လည်ပင်းနှင့် ဆက်ပေးလိုက်သည်။ အနီးမှာရှိကြသော ဗျူဟ်နှင့်ယက္ခတို့ နှစ်ယောက်က ပြင်ဆင်ထားသော ကြိုးနှင့်အပ်ကိုယူ၍ ခေါင်းနှင့်ကိုယ်ကို ခိုင်ခန့်အောင်တွဲချုပ်ပေးကြလေသည်။

ထိုသို့ပြုလုပ်ပြီးနောက်တွင် ဇာလာဟီးက အနီးတွင် အသင့်ချထားသော ဆေးရည်များကိုယူပြီး ဆက်ထားသော လည်ပင်းပြတ်နေရာပေါ်သို့ လောင်းချလိုက်သည်။

ထိုနေရာမှ မီးခိုးငွေ့များထွက်လာပြီးနောက် အသားဆက်သွားသည်။ ခဏကြာတော့ လည်ပင်းပြတ်ထားသောနေရာ ဒဏ်ရာသာ ကျန်ခဲ့တော့ပြီး အနာမရှိတော့ပေ။ ခေါင်းဖြတ်လိုက်သောမျောက်နီကတော့ အတော်ကြာသည်အထိ တဆတ်ဆတ်တုန်ကာ အကြောဆွဲနေပြီးမှ တဖြည်းဖြည်း ငြိမ်ကျသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


အသက်မရှိတော့ပေ။

မျောက်ခေါင်းတပ်ပေးထားသော လူကတော့ သတိမရသေးသော်လည်း အသက်မှန်မှန်ရှူနေလေသည်။

ထိုအခြေအနေများကိုတော့ အပေါက်မှချောင်းကြည့်နေသော နီမောင်က အားလုံးမြင်နေရသည်။

"ထူးဆန်းလိုက်တာ လည်ပင်းဖြတ်ပြီးမှ ပြန်ဆက်နိုင်တဲ့ဆေးကတော့ အတော့်ကိုအံ့သြဖို့ ကောင်းတာပဲ"

ဟု တွေးတောနေလေသည်။

ထိုကဲ့သို့ တွေးနေစဉ်မှာပင် ကျောက်စင်ပေါ်မှာလဲနေသော မျောက်ဦးခေါင်းတပ်ထားသူက သတိပြန်ရလာသည်။

ထိုသို့သတိပြန်ရလာသောအခါ အနားမှာရှိနေသူနှစ်ယောက်က တုပ်နှောင်ထားသော ကြိုးများကို ပြန်ဖြေပေးလိုက်ကြလေသည်။ ထိုသို့ကြိုးဖြေပေးလိုက်သောအခါ ထထိုင်လာလေသည်။

ထထိုင်လာပြီးနောက် မျောက်တစ်ကောင်အမူအယာမျိုးဖြင့် ဟိုကြည့်ဒီကြည့် ကြည့်နေသည်။ ဦးခေါင်းက မျောက်ဖြစ်နေသော်လည်း ခန္ဓာကိုယ်က လူကိုယ်ဖြစ်နေသောကြောင့် အထူးအဆန်းဖြစ်ကာ ငုံ့ကြည့်နေလေသည်။

နံဘေးမှာ ရပ်နေသော ဇာလာဟီးကိုမြင်သောအခါ မျောက်စွာထိတ်လန့်ကြောက်ရွံ့သော အမူအယာမျိုးဖြင့် ကြည့်နေလေသည်။

"ဒီနေ့ကစပြီး မင်းက လူတစ်ယောက်မဟုတ်တော့ဘူး


www.burmeseclassic.com

www.burmeseclassic.com


ငါပြောတဲ့စကားနားထောင်ပြီး ငါခိုင်းတာကိုလုပ်ရမယ်၊ ငါ့တပည့် တစ်ယောက် ဖြစ်သွားပြီ၊ တကယ်လို့ ငါ့စကားနားမထောင်ရင်တော့ လှောင်အိမ်ထဲထည့်ပြီး ကျားစာကျွေးပစ်မယ်"

ဟုပြောရာ နားလည်သောအမူအယာဖြင့် ဇာလာဟီးကို ငေးကြည့်နေသည်။

ထို့နောက်ဇာလာဟီးက အမိန့်ပေးလိုက်ရာ ယက္ခနှင့်ဇမ္ဗူ တို့က ၎င်းအား ဂူအတွင်းပိုင်းသို့ ခေါ်သွားကြလေတော့သည်။

နီမောင်လည်း မိမိနေရာသို့ပြန်လာပြီး ထိုင်ကာစဉ်းစား နေလေသည်။

"ဒီနေရာက အတော့်ကိုကြောက်ဖို့ကောင်းတဲ့နေရာပဲ၊ လူ တွေကိုအရှင်လတ်လတ် ငရဲခန်းပို့ပေးနေတာပဲ၊ ငါတို့ရွာကလူတွေ ပျောက်သွားတာ သူ့လက်ချက်ပဲဖြစ်မှာပဲ၊ ငါ့ကိုလည်း မကြာခင် ဒီဘဝမျိုးရောက်အောင် လုပ်တော့မှာပဲ၊ ငါ ဘယ်လိုလုပ်ရမလဲ"

ဟု အကြံထုတ်နေလေသည်။

နောက်ဆုံးမှာတော့ မနုဿတိရစ္ဆာန်ဘဝမျိုးမရောက် အောင် ကြိုးစားအားထုတ်ရမည်ဟု ဆုံးဖြတ်ထားလေသည်။

နောက်တစ်နေ့ရောက်တော့ အပေါက်ဝမှဝါးဆစ်ပိုင်း တစ်ခု လာတင်ပေးသဖြင့် ယူပြီးကြည့်လိုက်ရာ ခန်းတောက်မြစ် ချစ်ဥ အပါအဝင် အခြားသစ်ရွက်များဖြင့် ရောနှောပြုတ်ထား သော အသားတုံးများကိုတွေ့ရလေသည်။

ထိုအသားပြုတ်ရေမှာ စွပ်ပြုတ်တစ်ခွက်ကဲ့သို့ ဖြစ်သည်။

ထိုအသားတုံးများမှာ ညက ဦးခေါင်းဖြတ်အသတ်ခံလိုက်


www.burmeseclassic.com

www.burmeseclassic.com



ရသော မျောက်နီကြီး၏ အသားတုံးများဖြစ်သည်ကိုတော့ သူ မသိပေ။

နီမောင်က အသားပြုတ်များထည့်ထားသော ဝါးဆစ်ပိုင်းကိုလှမ်းယူလိုက်ပြီးကြည့်သည်။

သူ့အနေဖြင့် တစ်ညလုံး မည်သည့်အစားအစာမှ မစားရသေးသဖြင့် ဆာလောင်နေသည်။ တကယ်ဆိုလျှင် စိတ်ထဲမှအားရပါးရ စားချင်နေသည်။

သို့သော်မစားပေ။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကျွေးသော အစားအသောက်ကိုစားပြီး သတိမေ့သွားပါက ၎င်းတို့ပြုလုပ်သမျှ လည်း စင်းခံရမည်ကို စိုးသောကြောင့် ဖြစ်သည်။

"လူတစ်ယောက်အတွက်အသက်သေရတာ ဘာမှမဆန်းဘူး၊ တစ်နေ့ကျရင်သေရမှာပဲ၊ ဒါပေမယ့် အသက်ရှင်နေသေးသမယ့် လူတစ်ပိုင်းတိရိစ္ဆာန်တစ်ပိုင်းဘဝ ရောက်နေရင်တော့ မကောင်းဘူး၊ ဒီဘဝမျိုး မရောက်အောင်တော့ ငါ သတိထားရမယ်"

ဟုဆုံးဖြတ်ပြီး အစားအသောက်များကို မစားမသောက်ပဲ အခန်းထောင့်တစ်နေရာသို့ သွန်ပစ်လိုက်သည်။

ထို့နောက် ကျောက်ရေအိုးထဲမှ ရေတစ်ခွက်ခပ်ယူပြီး သောက်လိုက်တော့မှ ဆာလောင်နေမှုများ အနည်းငယ်သက်သာသွားလေသည်။

အတန်ကြာတော့ ရှေ့မှာပိတ်ထားသော ကျောက်တံခါး တံချပ်ပွင့်သွားပြီး ဖာလာဟီးနှင့် တပည့်နှစ်ယောက်တို့ အ တွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာလေသည်။ အထဲရောက်တော့ ဗျူဟ္ဟနှင့် ယက္ခတို့က အပေါက်ဝမှာစောင့်နေပြီး ဇာလာဟီးက အနားလျှောက်လာပြီးမေးသည်။

"မင်းဘယ်ရှာကလဲ"

နီမောင်က ပြန်မပြောပေ။

"မင်းက မုဆိုးတစ်ယောက်ထင်ပါရဲ့၊ တိုက်ခိုက်တာလည်း အတော်ကျွမ်းကျင်တယ်၊ ကြမ်းတယ်လို့ ငါ့တပည့်တွေက ပြောကြတယ်"

"ခင်ဗျားတပည့်တွေဆိုတာ လူတစ်ပိုင်း တိရိစ္ဆာန်တစ်ပိုင်းဖြစ်နေတဲ့ သူတွေကိုပြောတာ မဟုတ်လား"

"ဟုတ်တယ်လေ၊ မင်းလည်းမကြာခင်မှာ အဲဒီဘဝမျိုးရောက်ရတော့မှာပဲ"

"ခင်ဗျား အတော့်ကိုယုတ်မာရက်စက်တဲ့ လူတစ်ယောက်ပဲ ခင်ဗျားရဲ့အတွေးက တိရိစ္ဆာန်လောက်တောင် မရှိဘူး"

ထိုစကားကြောင့် ဇာလာဟီးက မျက်လုံးအပြူးသားနှင့် နီမောင်ကိုကြည့်နေလေသည်။

"လူက တိရိစ္ဆာန်ကိုသတ်တယ်၊ တိရိစ္ဆာန်ကလည်း လူကိုပြန်သတ်ချင်သတ်တာ သဘာဝပဲ၊ အသက်သေတာ မဆန်းပါဘူး၊ ဒါပေမယ့် တိရိစ္ဆာန်လည်းမဟုတ် လူလည်းမဟုတ်တဲ့ ဘဝရောက်အောင် လုပ်တဲ့ခင်ဗျားကတော့ တိရိစ္ဆာန်လောက်တောင် အဆင့်မရှိတော့ဘူး"

ထိုစကားကြားတော့ ဇာလာဟီးက သူ၏ကြောက်စရာကောင်းသောမျက်နှာဖြင့် တဟီးဟီး သဘောကျစွာ ရယ်နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းက ဘာမှမသိလို့ ဒီစကားမျိုး ပြောတာပါကွာ၊ မင်း ပြောတဲ့လူတွေကရော ဘယ်လောက်များ သစ္စာရှိကြလို့လဲ၊ ငါခိုင်း တာရော ဘယ်လောက်လုပ်ပေးကြမှာလဲ၊ အခုကျတော့ သူတို့မှာ လူရဲ့ဦးနှောက်မရှိကြတော့ဘူး၊ တိရိစ္ဆာန်တစ်ကောင်ရဲ့ ဦးနှောက် တိရိစ္ဆာန်တစ်ကောင်ရဲ့ အသိလောက်ပဲရှိတော့တယ်"

နီမောင်ကတော့ ဘာမှပြန်မပြောတော့ပေ။

"တိရိစ္ဆာန်ဆိုတာ ရက်စက်ချင်ရက်စက်မယ်၊ မယုတ်မာ ဘူး မကောက်ကျစ်ဘူး၊ ခိုင်းရင်ခိုင်းတဲ့အတိုင်းပဲလုပ်တယ်၊ မင်း လည်းမကြာခင် ဒီဘဝရောက်ရတော့မှာပါ၊ တိရိစ္ဆာန်ဘဝရောက် တဲ့အခါ ဘယ်လောက်လွတ်လပ်တယ်ဆိုတာ မင်းသိလာလိမ့်မယ်"

ဟု ပြောပြီးပြန်ထွက်သွားကြလေသည်။

နီမောင်ကတော့ နေရာမှာထိုင်ရင်းနှင့် အမျိုးမျိုးတွေး တောနေလေသည်။

"ငါ ဒီနေရာက ဖြစ်တဲ့နည်းနဲ့ လွတ်မြောက်အောင် ကြိုး စားရမယ်"

ဟုလည်း စိတ်ထဲမှာ တွေးတောဆုံးဖြတ်ထားလေသည်။

သူသည်အခွင့်အရေးရခိုက် အခန်းတွင်း၌ မည်သည့် လက်နက်မျိုး ရနိုင်မည်လဲဟု လိုက်လံရှာဖွေကြည့်သည်။

ထိုအခန်းတွင်းမှာတော့ ကျောက်တုံးကျောက်ခဲများသာ ရှိပြီး အခြားဘာမှမတွေ့ရပေ။ နီမောင်က ကျောက်တုံးများကို ကြည့်ပြီး အမျိုးမျိုး တွေးတောကြံဆနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးကို ကြိုးဖြင့်သော်လည်းကောင်း၊ အဝတ်ဖြင့်သော်လည်းကောင်း ထုပ်ပြီး တိုက်ခိုက်ပါက တင်းပုတ်ဒါမှမဟုတ် ချိန်သီးကြိုးတစ်ခုကဲ့သို့ အသုံးပြု၍ ရနိုင်ပေလိမ့်မည်။

ထိုအကြံရသည်နှင့် ခါးမှခါးပတ်ကိုဖြုတ်ပြီး အရွယ်တော် ကျောက်တုံးတစ်တုံးကို ကောက်ယူ၍ ခိုင်ခံ့အောင်တုတ်နှောင် လိုက်သည်။ ချည်နှောင်ရန်ကြိုးကိုတော့ အင်္ကျီနှင့် ဘောင်းဘီ အောက်နားစများကို ဆုပ်ဖြဲပြီး ကြိုးအဖြစ်အသုံးချလေသည်။

အတန်ကြာတော့ ကြိုးဖြင့်လွှဲရိုက်လျှင် ထိရောက်မှုရှိသော လက်နက်တစ်ခုကိုရလေသည်။

လေထဲမှဝှေ့ယမ်းကြည့်သည်။ လွှဲရိုက်ကြည့်သည်။

အတန်ကြာအောင်လေ့ကျင့်လိုက်တော့ ကိုင်နေကျမ ဟုတ်သော်လည်း အသုံးပြုနိုင်လောက်သည့် လက်နက်ကောင်း တစ်ခုရလာသည်။

ထိုလက်နက်တစ်ခုရလိုက်သည်ကပင် သူ့အတွက် အ တော်ပင်အားရှိစရာ ဖြစ်လာသည်။

တစ်နေ့လုံး အားရှိအောင်မှိန်းနေပြီး မိုးချုပ်ချိန်ရောက် တော့ မအိပ်တော့ပဲ အခြေအနေကို နားစွင့်နေသည်။

ညဦးပိုင်းအချိန်ရောက်တော့ အပေါက်ဝမှ မီးရောင်များ ဝင်ရောက်လာသည်။

နီမောင်က အပေါက်ဝမှကြည့်လိုက်တော့ သူရှိနေသော အခန်းရှိရာဘက်သို့ လူနှစ်ယောက်လာနေသည်ကိုတွေ့ရသဖြင့် တံခါးပေါက်ရှိသော နေရာအနီးတွင် ကပ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ရှိနေသော ကျောက်တုံးလက်နက်ကိုလည်း အဆင်သင့်ပြင်ထားလိုက်သည်။

ခဏကြာတော့ ကျောက်တံခါးချပ်ကပွင့်လာပြီး အတွင်းသို့ လူတစ်ယောက်ဝင်လာသည်။

ဂူပေါက်ဝမှာ သိပ်မမြင့်လှသောကြောင့် ဦးခေါင်းကိုငုံ့ပြီး ဝင်လာရခြင်းဖြစ်သည်။ ထိုအခြေအနေကပင် သူ့အတွက် အခွင့်အရေးကောင်းတစ်ခုဖြစ်သည်။

ဝင်လာသူမှာ ယက္ခဆိုသူဖြစ်လေရာ ဦးခေါင်း အတွင်းရောက်သည်နှင့် နီမောင်က ကျောက်တုံးဖြင့် လွှဲရိုက်ချလိုက်လေသည်။ ကျောက်တုံးက အရှိန်ပြင်းပြင်းနှင့် ယက္ခဦးခေါင်းကို ထိမိသွားရာ ကြမ်းပြင်ပေါ်သို့ ပစ်ကျသွားလေတော့သည်။

ငင်းလဲကျသွားသည်နှင့် နီမောင်က အပြင်သို့ပြေးထွက်လိုက်သည်။ သူ့ကိုမြင်တော့ ဗျတ္တက ပထမတော့ အံ့ဩသွားသည်။

နောက်မှ ဖမ်းဆီးရန်ကြိုးစားသည်။ နီမောင်က ကျောက်တုံးဖြင့်ရိုက်တော့ လက်ဖြင့်ကာရာ အရှိန်ပြင်းသဖြင့် နောက်သို့ယိုင်ကျသွားသည်။

နီမောင်က ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ အပေါက်ဝသို့ ပြေးထွက်ခဲ့လေသည်။ လမ်းတွင် မနုဿတိရစ္ဆာန်များနှင့်တွေ့သော်လည်း ဖမ်းဆီးရန်မကြိုးစားကြပေ။ တအံ့တဩဖြင့်သာ ကြည့်နေကြသည်။

ဂူပေါက်ဝရောက်လာသည်အထိတော့ သူ့ကိုတားဆီးမည့်သူ၊ အနောက်အယှက်ပေးမည့်သူ မတွေ့ရသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ အပေါက်ဝရောက်တော့ နောက်ဘက်မှ ဖာလာဟီး အော်သံကြားရသည်။

"ဘာကြည့်နေကြတာလဲ၊ သူ့ကိုမိအောင်ဖမ်းကြလေ၊ သူ လွတ်သွားလို့မဖြစ်ဘူး လိုက်ဖမ်းကြ၊ မိအောင်ဖမ်းကြ"

ထိုသို့အော်ဟစ်အမိန့်ပေးသောကြောင့် မနသသတိရိစ္ဆာန် အချို့ ထွက်လိုက်လာကြသည်။

အပြင်ဘက်မှာ အမှောင်များ ဖုံးလွှမ်းနေပြီး နှင်းများကျ ဆင်းနေလေသည်။ ထိုအခြေအနေကပင် နီမောင်အတွက် အခွင့် အရေး ပေးထားသကဲ့သို့ ရှိလေသည်။ သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ခြေဦးတည့်ရာသို့ ပြေးခဲ့လေသည်။

နောက်ဘက်မှာတော့ ဆူဆူညံညံအသံများ ကြားနေရ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

# လူ့လောက အဝါယ်လေးဘုံသားများ

နီ မောင်မှာ ကြိုးစားအားထုတ်မှုကြောင့် အန္တရာယ်တွင်းမှ လွတ်မြောက်ခဲ့ရသော်လည်း ဘယ်နေရာရောက်နေမှန်းတော့ မသိပေ။ ထို့ပြင် ဘာမှအစားသောက်ခဲ့ရသဖြင့် ဝမ်းထဲမှာ ဆာလောင်မွတ်သိပ်မှုများက နှိပ်စက်နေကြသည်။

သို့သော် ဆာလောင်မှုက အရေးမကြီးလှပေ။ လူစင်စစ်မတိရိစ္ဆာန်ဘဝ မရောက်ဖို့သာ အရေးကြီးပေးသည်။ သို့ကြောင့်အတော်ဝေးလောက်သော နေရာရောက်သောအခါ လေမိုးလုံသော



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူအတွင်းသို့ ဝင်ရောက်ကာ အိပ်ရာခဏချင်းပင်အိပ်ပျော်သွားလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်လောက်ရောက်တော့ပြန်နိုးလာသည်။ နားစွင့်ကြည့်လိုက်တော့ အသံများက တိတ်ဆိတ်ငြိမ်သက်နေသည်။ သို့ကြောင့် သတိကြီးစွာထားပြီး နေရာမှထသည်။ အစားအသောက် မစားသောက်ရသေးသော်လည်း ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရသဖြင့် အတော်အတန်အားပြန်ပြည့်နေသည်။

ဂူပေါက်ဝသို့ တဖြည်းဖြည်းပြန်ထွက်ပြီး အခြေအနေကိုကြည့်သည်။ အသံလည်းမကြားရ၊ လှုပ်ရှားမှုလည်းမမြင်ရပေ။ သို့ကြောင့် အပြင်သို့ထွက်ကြည့်သည်။

အပြင်ရောက်တော့မှ သူရောက်နေသောနေရာမှာ တောင်ကြားတစ်ခုအတွင်း ဖြစ်နေသည်။ ထိုနေရာမျိုးမှာ အကယ်၍ အန္တရာယ်နှင့် ရင်ဆိုင်တွေ့ပါက ပြေး၍ မလွတ်သာသောနေရာမျိုးဖြစ်သည်။ နီမောင်က မုဆိုးတစ်ယောက်ဖြစ်သောကြောင့် တောကောင်သားကောင်တို့သဘောကို သိသည်။

မုဆိုးနှင့် သားကောင်တို့အကြောင်းကို သိသည်။

အကယ်၍ မုဆိုးတစ်ယောက်က တောင်ကြားထဲမှာရှိသော သားကောင်ကိုချောင်းမြောင်းပစ်ခတ်လိုပါက အပေါက်ဝမှ အေးအေးဆေးဆေး စောင့်နေရုံသာရှိသည်။ အပေါက်ဝမှ စောင့်နေခြင်းမှာ အခြားနေရာများမှ စောင့်နေခြင်းထက် ပိုပြီးစိတ်ချရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကို ကောင်းစွာသဘောပေါက်သဖြင့် အပေါက်မှထွက်ရန် စိတ်မကူးတော့ပဲ အခြားတစ်နေရာရာမှ အပေါ်ရောက်အောင်တက်ဖို့သာ စိတ်ကူးမိသည်။ တောင်ကြားထဲတွင် လိုက်လံကြည့်တော့ အတော်အတန်ပြေပြစ်ပြီး ကျောက်တုံးကျောက်ခဲများကိုအားပြုပြီးတက်ပါက ရနိုင်လောက်သောနေရာ တွေ့သောကြောင့် ထိုနေရာမှ ကြိုးစားပြီးတက်လေသည်။ အတော်ကြာသည်အထိ ခက်ခက်ခဲခဲ ကြိုးစားတက်တော့ အပေါ်ရောက်သွားလေသည်။

အပေါ်ရောက်တော့ အံခြေအနေကိုနားစွင့်ကြည့်တော့ တောင်ကြားဝင်ပေါက်နေရာဘက်မှ အသံအချို့ကို ကြားရလေသည်။

သူ့ကိုလိုက်လံရှာဖွေနေသော မနုဿတိရိစ္ဆာန်များပင်ဖြစ်မည်ဟု သိလိုက်သည်။ သူတို့အထဲတွင် အနံ့ခံကောင်းသော မြေခွေးနှင့် ဝံပုလွေများ ပါလာပါက သူ လွတ်နိုင်မည်မဟုတ်ပေ။

သို့ကြောင့် ပတ်ဝန်းကျင်အခြေအနေကိုကြည့်သည်။

သူရောက်နေသောနေရာနှင့် မနီးမဝေးတွင် သစ်တောအုပ်ရှိသည်။ ထိုသစ်တောအုပ်ရှိရာသို့ ရောက်အောင်ပြေးရမည်ဟု စိတ်ကူးမိသည်။

ကြားနေရသော အသံများက သူရောက်နေသော နေရာဘက်နှင့် တဖြည်းဖြည်းနီးလာသကဲ့သို့ ရှိလေသည်။ သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ သစ်တောအုပ်ရှိသော နေရာဘက်သို့ ဖြတ်ပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်တောရှိသောနေရာက သိပ်တော့မဝေးလှပေ။

သို့သော် အစားအသောက် မစားမသောက်ရပဲ ခွန်အား ပြတ်နေသကဲ့သို့ ဖြစ်သောကြောင့် အတော်ကြိုးစားပြီး ပြေးရလေသည်။ ထိုသို့ပြေးနေစဉ်မှာပင်ကြားနေရသော အသံများက ပိုနီးလာသည်။ တောခွေးအသံ၊ ဝံပုလွေများ အူသောအသံများပင် ကြားလာရသည်။

ဝံပုလွေလူသားများက သူ့အနံ့ကိုရသွားကြသည်လား မသိပေ။ အသံများက သူရှိသော နေရာဘက်သို့ ဦးတည်လာနေကြသည်။

နောက်ဆုံးတော့ ကြိုးစားအားထုတ်မှုကြောင့် သစ်တော အတွင်းသို့ ရောက်သွားလေသည်။ ထိုနေရာရောက်တော့ အတော် ပင်မောဟိုက်နေလေပြီ။

အသက်ဝအောင်ပင်ကြိုးစားပြီး ရှူနေရလေသည်။

သို့ကြောင့် အေးအေးဆေးဆေးမနားဝံ့သေးပဲ ဆက်ပြေးရာ နောက်ဆုံး နောက်မှလိုက်လာသောအသံများ တဖြည်းဖြည်း ဝေးသွားတော့မှ စိတ်သက်သာရာရသွားသဖြင့် ချုံများထူထပ်သော နေရာတစ်ခုရောက်သောအခါ ပစ်လဲကျသွားလေတော့သည်။

ပြန်မထနိုင်တော့ပေ။

အသက်လုပြီးပြေးခဲ့ရသောကြောင့် တစ်ကိုယ်လုံးမှာ လည်း ဒဏ်ရာဒဏ်ချက်များရကာ နာကျင်လျက် ရှိနေလေသည်။

အတန်ကြာတော့ အိပ်ပျော်သွားလေသည်။ ထိုသို့အိပ် ပျော်သွားစဉ်မှာပင် နားထဲမှာ ခြေသံလိုလိုကြားလိုက်ရသဖြင့် ပြန်



www.burmeseclassic.com

www.burmeseclassic.com



နီးလာသည်။ အန္တရာယ်နှင့် တဖြည်းဖြည်း နီးကပ်လာပြီကို သိသဖြင့် နေရာမှပြန်ထရန်ကြိုးစားကြည့်သော်လည်း ပြန်မထနိုင်တော့ပေ။

စိတ်ထဲမှာတော့ ဒီတစ်ခါဘယ်လိုမှ မတတ်နိုင်တော့သဖြင့် အလျှော့ပေးရတော့မည်ဟုလည်း တွေးမိသည်။

သို့ကြောင့် မျက်စိကိုမှိတ်ပြီး ငြိမ်သက်နေလိုက်သည်။

သစ်ပင်များကိုတိုးလာသော ခြေသံက တဖြည်းဖြည်းနှင့် နီးလာသည်။ သူ့နံဘေးကို တစ်စုံတစ်ယောက်ရောက်လာသည်ကို သိသဖြင့် မျက်စိကိုဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။

သူနှင့် မနီးမဝေးတွင် သစ်ခြုံများကြားမှ ထွက်နေသော မျက်နှာတစ်ခုကို အရင်မြင်ရသည်။ မျောက်မျက်နှာနှင့် အတော်ပင်တူသော မျက်နှာမျိုးဖြစ်သည်။

ထိုမျက်နှာကို မြင်လိုက်ရသည်နှင့် သူ့နောက်ကိုလိုက်နေကြသည့် ဖာလာဟီးမွေးထားသော မနုဿဘီလူးသားကောင်ဖြစ်မည်ထင်သဖြင့် အတော်ပင်စိတ်ပျက်သွားသောကြောင့် မျက်စိပြန်မှိတ်ထားလိုက်သည်။

စိတ်ထဲမှာလည်း ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားလိုက်သည်။ သို့သော် အတော်ကြာသည်အထိ မထူးခြားသဖြင့် မျက်စိပြန်ဖွင့်ကြည့်တော့ သစ်ရွက်များကြားမှ ဦးခေါင်းထွက်ပြီး ချောင်းကြည့်နေသော မျောက်မျက်နှာက ရှိနေသေးသည်။

ထိုမျက်နှာမှာ နီမောင်ကိုကြည့်ပြီး ကြောက်ရွံ့နေပုံရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြည့်ရသည်မှာ မနုဿတိရိစ္ဆာန်ဘဝ ရောက်နေရသော်လည်း ဇာလာဟီးလက်အောက်တွင် နေထိုင်သူတစ်ယောက်တော့ ဟုတ်ဟန်မတူပေ။ သို့ကြောင့် စိတ်သက်သာရာ ရသွားလေသည်။

နီမောင်က ကြိုးစားပြီးနေရာမှထလိုက်သည်။

ထိုအခါမနီးမဝေးမှာရှိနေသော မျောက်မျက်နှာနှင့် လူကနောက်သို့ ဆုတ်သွားသည်။

"မကြောက်ပါနဲ့ကွာ၊ ငါမင်းကိုဘာမှမလုပ်ပါဘူး"

ထိုသို့ပြောတော့ မျက်လုံးပြူးကြီးဖြင့် ကြည့်နေသေးသည်။ ခဏကြာတော့မှ တဖြည်းဖြည်းချင်း ရှေ့တိုးလာသည်။

နီမောင်ကိုအသေအချာကြည့်သည်။ နီမောင်ကလည်း သူ့အနားရောက်လာသောမျက်နှာကို အသေအချာကြည့်ရာ လူ၏ခန္ဓာကိုယ်ပေါ်မှာ မျောက်တစ်ကောင်၏ဦးခေါင်းမျိုး တပ်ဆင်ထားသည်ကိုတွေ့ရသည်။

မျောက်သတ္တဝါမှာ မူလကတည်းက လူနှင့်အတော်ပင် နီးစပ်သောသတ္တဝါဖြစ်ရာ သူ့ကြည့်ရသည်မှာ လူတစ်ပိုင်း မျောက်တစ်ပိုင်းဘဝဖြစ်နေရသော်လည်း လူနှင့် အတော်ပင်တူနေလေသည်။

"မင်းရန်သူ မဟုတ်ဘူး"

ပါးစပ်မှ ဝူးဝူးဝါးဝါးအသံမျိုး ထွက်လာသည်။ သေသေချာချာနားထောင်ကြည့်လျှင်တော့ မသဲကွဲသော်လည်း လူတစ်ယောက်နားလည်လောက်သော စကားသံမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက စကားစပြောလာသဖြင့် နီမောင်က ခေါင်းခါပြလိုက်ပြီး ပါးစပ်ထဲသို့ စားစရာထည့်သော အမူအယာမျိုး လုပ်ပြလိုက်သည်။

"စားဖို့လား၊ လူစားဖို့ အစားအစာလား"

နီမောင်က ခေါင်းညိတ်ပြလိုက်တော့ သူက ခေါင်းခါပြသည်။

"ငါ့မှာ လူစားတဲ့ မရှိဘူး"

"ရှိတာပေးပါ"

အတန်ကြာသည်အထိ မျက်စိပေကလပ်ပေကလပ် လုပ်ရင်းနှင့် စဉ်းစားနေသည်။ ခဏကြာတော့ ထိုနေရာမှထွက်သွားလေသည်။ နီမောင်က လောလောဆယ် အန္တရာယ်မရှိသေးသဖြင့် ပြန်လှဲချလိုက်သည်။

သိပ်မကြာလိုက်ပေ၊ မျောက်မျက်နှာနှင့်လူ ပြန်ရောက်လာသည်။

သူ့လက်ထဲမှာသစ်သီးအချို့ ပါလာသည်။ နှင်းတောင်ပေါ်မှာ တွေ့ရလေ့ရှိသော သစ်သီးမျိုးဖြစ်ပြီး စားရသည်မစားရသည်ကိုတော့ သိပ်မသိပေ။ သို့သော် မျောက်တစ်ကောင် စား၍ရသော သစ်သီးဆိုလျှင်တော့ အန္တရာယ်မဖြစ်နိုင်ပေ။

ထိုသို့တွေးမိသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ လက်ထဲရောက်လာသော သစ်သီးများကို တစ်လုံးပြီးတစ်လုံး ကိုက်ခဲ့စားသောက်လိုက်လေသည်။

ဗိုက်ပြည့်အောင်စားသောက်ပြီးသော အခါကျတော့



www.burmeseclassic.com

www.burmeseclassic.com



မျောက်မျက်နှာနှင့်လူကတော့ သူစားနေသည်ကိုမျက်လုံးအပြူး သားနှင့်ထိုင်ကြည့်နေရာမှ တစ်စုံတစ်ခုကို နားစွင့်မိသွားဟန်ဖြင့် နေရာမှထကာ အနီးမှာရှိသော သစ်ပင်တစ်ပင်ပေါ်သို့ တက်သွား လေသည်။ ၎င်းတက်သွားပုံမှာ လူတစ်ယောက်တက်သည်နှင့် မတူ ပဲ မျောက်တစ်ကောင်သစ်ပင်တက်သွားဟန်ဖြင့် အတော်ပင်တူ ကာ လျှင်မြန်လှသည်။

ခဏကြာတော့ ပြန်ဆင်းလာပြီး အရေးကြီးသောဟန် အမူအယာဖြင့် ပြောသည်။

"ရန်သူ..."

သူက တစ်နေရာသို့ လက်ညှိုးထိုးပြသည်။

"ငါ့နောက်က လိုက်ခဲ့"

ဟုပြောပြီး ခေါ်သွားသဖြင့် နီမောင်လည်းထွေထွေထူး ထူး စဉ်းစားမနေတော့ပဲ သူ့နောက်မှလိုက်ရပေတော့သည်။

သူ၏ လမ်းလျှောက်ပုံမှာ တစ်ခါတစ်လေခြေထောက်ဖြင့် မတ်မတ်သွားလိုက်၊ တစ်ခါတစ်လေလည်း လေးဖက်ထောက်သွား လိုက်နှင့် အဆင်ပြေသလိုသွားနေခြင်းဖြစ်သည်။

ခြေထောက်နှစ်ချောင်းဖြင့်လျှောက်သည့်အခါ လူဝံတစ် ကောင်ကဲ့သို့ လက်နှစ်ဖက်က နံဘေးသို့တွဲလောင်းကျနေသည်။ သို့သော်လည်း သွားလာပုံကတော့ အတော်ကလေးမြန်သည်။ ၎င်းက လျှိုတစ်ခုရှိသောနေရာဘက်သို့ ဦးတည်သွားနေခြင်းဖြစ် သည်။ အတွင်းရောက်တော့ သစ်ပင်ခြုံနွယ်များ ပိတ်နေသော ချုံ ပေါက်ရှိရာသို့ ခေါ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝတွင်ပိတ်နေသော သစ်ကိုင်းများကို ဖယ်လိုက်တော့ လူတစ်ယောက်ဝင်သာရုံ အပေါက်တွေ့ရသည်။

"လာ.."

သူက လျှာလေးအာလေးအသံဖြင့် ခေါ်သဖြင့် အတွင်းသို့ဝင်လိုက်သွားလေသည်။

"ဒါ..ငါတို့အိမ်"

အိမ်ဟူသောစကားက ဗလုံးဗထွေးနှင့်ပြောခြင်းဖြစ်သည်။ အထဲရောက်တော့ အလင်းရောင်မရှိပဲ မှောင်နေသည်။ ပိတ်လှောင်နေပြီး လေဝင်လေထွက်မကောင်းလှသောကြောင့် အနံ့အသက်များက မကောင်းလှပေ။ နားထဲမှာတော့ အသံအချို့ကြားနေရသည်။

ထိုနေရာမှဝင်သွားတော့ အခန်းကျယ်တစ်ခုသို့ရောက်သွားသည်။ထိုနေရာရောက်တော့မှ အသက်ရှူဝလာသကဲ့သို့ ရှိလာသည်။ အတွင်းမှာတော့ မျက်နှာအမျိုးမျိုးနှင့် လူအချို့ကိုတွေ့ရသည်။

အများအားဖြင့်တော့ ထိုအထဲမှာနေကြသူတို့မှာ မျှောက်မျက်နှာနှင့်လူများသာ ဖြစ်ကြလေသည်။ ၎င်းတို့သည် ဇာလာဟီးခန်တီးထားသော မနုဿတိရိစ္ဆာန်များဖြစ်ကြပြီး သဘာဝတူသူများ စုဝေးနေထိုင်ကြခြင်းဖြစ်ဟန်တူသည်။

သူတို့အားလုံး ဆယ်ဦးခန့်ရှိသည်။

နီမောင်ပါလာတာမြင်တော့ ပထမ ကြောက်လန့်နေကြဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ပေးမည့်သူမဟုတ်မှန်းသိတော့မှ မရဲတရဲနှင့် အနားကပ်လာပြီးကြည့်ကြသည်။ အချင်းချင်းတီးတိုးပြောဆိုကြလေသည်။

"ခြေတွေလက်တွေက ငါတို့နဲ့ တူတယ်"

"မျက်နှာကတော့ငါတို့မျက်နှမျိုး မဟုတ်ဘူး"

"သူ ဘာလာလုပ်တာလဲ"

ထိုသို့ လျှာလေးအာလေးအသံမျိုးဖြင့်ပြောဆိုပြီး အချို့က အနားကပ်ကြည့်သည်။ အချို့က ခြေလက်တို့ကိုကိုင်ကြည့်ကြသည်။ ၎င်းတို့က အနားကပ်လာသောအချိန်တွင် အနံ့အသက်များက မကောင်းလှသဖြင့် စိတ်ထဲမှာ မနှစ်မြို့သော်လည်း သနားစရာကောင်းသော သူတို့ဘဝများကိုကြည့်ပြီး ဂရုဏာသက်မိသဖြင့် ဘာမှမပြောပဲ ငြိမ်နေလိုက်သည်။

"ဒါဟာ လူပဲ.."

"လူ..သူ ဒီနေရာ ဘာလာလုပ်တာလဲ၊ ငါတို့နဲ့နေဖို့လာတာလား"

"ငါတို့က လူတွေနဲ့မှနေလို့မရတော့တာ၊ သူနဲ့နေလို့ ဖြစ်မယ်မထင်ဘူး၊ လူက အသားစားတယ်၊ တော်ကြာငါတို့ကို သတ်စားလိမ့်မယ်"

"မင်းက သူ့ကိုဘာဖြစ်လို့ ဒီနေရာခေါ်လာတာလဲ"

"ရန်သူတွေရှိတယ်၊ သူက ဒုက္ခသည်"

ခေါ်လာသူက ပြောလိုက်တော့ နောက်ထပ်မပြောကြတော့ပဲ အသံတိတ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဒီမှာမနေဘူး သူ့နေရာကိုပြန်မှာပဲ၊ ဒါပေမယ့် ဒီနေရာမှာရောက်နေတော့ ဒီမှာထားရမယ်"

"ထားရင် ငါတို့ လိုက်နာရမယ့် အချက်တွေကို သူ့ကို ပြောပြလိုက်ပါ"

ထိုသို့ဝိုင်းပြောသဖြင့် နီမောင်ကိုခေါ်လာသော မျောက်လူက လိုက်နာရမည့် အချက်အချို့ကိုပြောပြလေသည်။

ငင်းအချက်အချို့မှာ..

- ခြေလေးချောင်းထောက်မသွားရခြင်း၊
- သောက်ရေကို ပါးစပ်ဖြင့် စုပ်မသောက်ရခြင်း၊
- အစားအသောက်များကို ပါးစပ်ဖြင့် ကိုက်မစားရခြင်း၊
- အသားမစားရခြင်း၊
- သစ်ပင်များပေါ်သို့ မျောက်တစ်ကောင်ကဲ့သို့ မတက်ရခြင်း၊
- အချင်းချင်းမနှိပ်စက်ရ ဟူသော ဥပဒေသများပင်ဖြစ်ကြလေသည်။

"လူဆိုရင် ဒါတွေမလုပ်ရဘူး"

ဟုလည်းပြောလိုက်သေးသည်။

ထို့နောက်မှာလည်း ငင်းတို့နှင့်သက်ဆိုင်သော စည်းကမ်းချက်များက တစ်ယောက်တစ်မျိုးနှင့် ဝူးဝူးဝါးဝါးပြောကြသေးသည်။

မျောက်ဦးခေါင်း ပြောင်းထားသူက မျောက်နှင့်သက်ဆိုင်သော အချက်အလက်များကိုပြောပြသည်။ မြေခွေးနှင့် အခြား



www.burmeseclassic.com

www.burmeseclassic.com



တိရိစ္ဆာန်ဦးခေါင်းအပြောင်းခံထားရသော မနုဿတိရိစ္ဆာန်များက လည်း ၎င်းတို့နှင့်သက်ဆိုင်သော စည်းကမ်းချက်အချို့ကို ဝူးဝူး ဝါးဝါးနှင့် ပြောပြကြလေသည်။

သစ်ပင်နှင့်သစ်မြစ်များကို ကုတ်ခြစ်ကိုက်ဖဲ့ခြင်း မြေကြီး ကိုလက်ဖြင့်ယက်ကာ အနံ့ခံခြင်း အသေကောင်မြှုပ်ထားသော နေရာများကို တူးဖော်လိုခြင်း၊ တစ်ဦးနှင့်တစ်ဦး မသင့်မြတ်သဖြင့် တိုက်ခိုက်ကြရာမှာလည်း လက်သည်းဖြင့်ကုပ်ခြင်း၊ ပါးစပ်ဖြင့် ကိုက်ခြင်းဖြင့် တိုက်ခိုက်မှု မပြုကြရကြောင်း ၎င်းပြောသည့် ဥပဒေ များထဲတွင် ပါဝင်ကြသေးသည်။

နီမောင်ကတော့ ဘာမှပြန်မပြောနေတော့ပဲ ၎င်းတို့ပြော ဆိုနေသော အသံများကိုသာ နားထောင်နေလေသည်။

ထိုသို့နားထောင်နေရင်းနှင့် ၎င်းတို့ကိုကြည့်ပြီး စိတ်ထဲမှ သနားနေမိလေသည်။

"အော် သူတို့ခမျာ လူတစ်ယောက်ဘဝရောက်ရပါလျက် လူတစ်ယောက်မကောင်းမှုကြောင့် လူလိုမနေကြရပဲ တိရိစ္ဆာန်တွေ ဘဝနဲ့ပဲ နေကြရတယ်၊ သူတို့ရဲ့ မိဘဆွေမျိုးသားချင်းတွေသာ တွေ့ရင် အတော့်ကို စိတ်မကောင်းဖြစ်ကြမှာပဲ၊ သူတို့ကို ဘယ်လို မှကယ်လို့မရနိုင်တော့ပါလား"

ဟု တွေးနေလေသည်။

နောက်တော့ မျောက်မျက်နှာနှင့်လူက နီမောင်ကို အခြား တစ်နေရာ ခေါ်သွားလေသည်။ ဂူပေါက်တစ်ခုအတွင်းမှာတော့ ၎င်းတို့ ရှာဖွေစုဆောင်း သစ်သီးအတော်များများ တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့အသီးများကိုသိပြီး အချို့အသီးများကိုတော့ မြင်တောင်မမြင်ဘူးသေးပေ။ သို့သော်လည်း ဂူထဲမှာ နေထိုင်သူတို့ စားသောက်နေကြသည့် အသီးအနှံများ ဖြစ်သောကြောင့် သူ့အနေဖြင့် မစားဝံ့စရာ မရှိတော့ပေ။

နီမောင်က သစ်သီးများထဲမှ ပန်းသီး၊ သစ်တော်သီး၊ လိမ္မော်သီးများကိုသာ ရွေးချယ်ပြီးစားသောက်လေသည်။

သူက သစ်သီးများကိုအားရပါးရစားတော့ မျောက်မျက်နှာနှင့်လူကပါ သစ်သီးတစ်လုံးကိုကောက်ယူပြီး စားနေသည်။ သူစားသောက်နေပုံမှာ လူတစ်ယောက်စားသောက်နေသည်နှင့် မတူပဲ မျောက်တစ်ကောင်စားသောက်နေသည်နှင့် ပိုတူလေသည်။

"မင်းနာမည်ဘယ်သူလဲ"

နီမောင်က စားသောက်ရင်းနှင့် မေးလိုက်သည်။

"နာမည်"

သူက အတော်ကြာအောင် စဉ်းစားနေပြီးမှပြန်မေး သည်။

"နာမည်ဆိုတာဘာလဲ"

"နာမည်ဆိုတာ မင်းရဲ့ နာမည်ပေါ့၊ လူတစ်ယောက်ဆိုရင် နာမည်ရှိကြတယ်"

သူက ခေါင်းခါပြသည်။

"ငါမသိဘူး"

"ဒါဖြင့် မင်းဘယ်ရွာကလဲ"

"ငါမသိတော့ဘူး"

"မင်းမှာ မိဘဆွေမျိုးတွေ ရှိတယ်မဟုတ်လား၊ မင်း သူ



www.burmeseclassic.com

www.burmeseclassic.com



တို့ကိုမမှတ်မိတော့ဘူးလား"

နာမည်နှင့် ရွာကိုမေးစဉ်က ပြီးစလွယ်ပြန်ပြောသော်လည်း မိဘဆွေမျိုးများအကြောင်းကိုမေးသောအခါမှာတော့ ချက်ချင်းပြန်မပြောပဲ မျက်လုံးအပြူးသားနှင့် ပြန်ကြည့်နေလေသည်၊ သူ့မျက်နှာအသွင်မှာလည်း စောစောကနှင့် မတူတော့ပဲ မှုံမှိုင်းနေလေသည်။

"မင်းမှာ မိန်းမ မရှိဘူးလား၊ ကလေးတွေရော မရှိဘူးလား၊ မင်း သူတို့ကိုမမှတ်မိတော့ဘူးလား"

"ငါ့ရင်ဘတ်ထဲမှာ သူတို့ကို သတိရနေသလိုဖြစ်နေပေမယ့် ငါ့ခေါင်းထဲမှာတော့ ဘာမှမမှတ်မိတော့ပါဘူး"

"မင်းသူတို့ဆီမပြန်ချင်ဘူးလား"

သူက ခေါင်းကိုဖြေးလေးစွာခါရင်း နီမောင်အနီးမှ ပြန်ထွက်သွားလေတော့သည်။

နီမောင်လည်း သူ့ကိုကယ်ပေးခဲ့သော မျောက်မျက်နှာနှင့်လူကို စိတ်မကောင်းစွာ လှမ်းကြည့်ရင်းမှ သက်ပြင်းတစ်ချက်ချလိုက်လေသည်။ နောက်တော့ သစ်သီးများကို ဝမ်းပြည့်အောင်စားသောက်ရသဖြင့် အိပ်ချင်စိတ်ပေါ်လာသဖြင့် သင့်တော်သောနေရာတစ်ခု ရှာဖွေပြီးအိပ်ရာ ပင်ပန်းလာသောဒဏ်ကြောင့် မကြာခင်နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

# သံယောဇဉ်တစ်မျှင်ကြိုးရယ်ကြောင့်

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ ပေ။ နားထဲတွင် စူးစူးဝါးဝါးအော်သံများ ကြားရသဖြင့် ပြန်နိုးလာလေသည်။ ထကြည့်လိုက်သောအခါ ဂူထဲတွင် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ပြေးလွှားနေကြသော မျောက်မျက်နှာနှင့် လူများကို လှမ်းမြင်ရလေသည်။

အချိန်မှာ ညဦးပိုင်းအချိန် ရောက်နေပြီဖြစ်ကာ ဂူထဲမှာ အလင်းရောင်အနည်းငယ်သာရှိပြီး နေရာအတော်များများမှာ



www.burmeseclassic.com

www.burmeseclassic.com



မှောင်နေလေသည်။

သူထကြည့်သောအချိန်မှာပင် ဂူအတွင်းသို့ ယက္ခနှင့် ဇမ္ဗူ တို့ဦးဆောင်သော မနုဿတိရစ္ဆာန်များ ဝင်ရောက်လာကြလေ သည်။

မနုဿတိရစ္ဆာန်ချင်းတူသော်လည်း ကျား၊ ကျားသစ်၊ ဝက်ဝံစသော ရက်စက်ကြမ်းကြုတ်သည့် တိရစ္ဆာန်ဦးခေါင်းတပ် ထားကြသော မနုဿတိရစ္ဆာန်များက ကြမ်းတမ်းကြသည်။

ဂူအတွင်းမှာရှိနေကြသည့် မျောက်မျက်နှာနှင့်လူများက ကြောက်ရွံ့စိတ်ရှိကြသည်။ သို့ကြောင့် ၎င်းတို့နေသော ဂူအတွင်း သို့ ရန်သူများဝင်ရောက်လာသောအခါ ကြောက်ရွံ့ထိတ်လန့်စွာ ဖြင့် ပြေးလွှားပုန်းအောင်းကြလေသည်။

ယက္ခနှင့် ဇမ္ဗူတို့ ခေါင်းဆောင်လာသော မနုဿတိရစ္ဆာန် များကလည်း တွေ့သမျှလိုက်လံသတ်ဖြတ်ရာ ဂူထဲမှာ ကြောက် လန့်တကြား အော်ဟစ်သံများက ဆူညံနေတော့သည်။

မြင်ကွင်းကတော့ မကောင်းလှပေ။

နီမောင်မှာ ထိုအခြေအနေကိုမြင်တော့ မျောက်မျက်နှာ နှင့်လူများဘက်မှ ဝင်ရောက်တိုက်ခိုက်ပေးချင်သော်လည်း သူ့မှာ လက်နက်နှင့်တူတာဆို၍ အပ်တိုတစ်ချောင်းပင် မရှိပေ။

ယခုအချိန်မှာတော့ သူကိုယ်တိုင်ပင် အသက်ဘေးအန္တ ရာယ်မှ လွတ်မြောက်အောင်ကြိုးစားရပေတော့သည်။

နေရာမှထပြီး အခြေအနေကိုကြည့်လိုက်တော့ ရန်သူ များက ဂူပေါက်ဝဘက်မှ ဝင်လာသောကြောင့် ယိုနေရာဘက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်မရတော့ပေ။ သို့ကြောင့် ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားပြီး အတွင်းဘက်သို့ ဝင်ပြေးလေသည်။

သူထွက်ပြေးသည်ကို ယက္ခနှင့် ဗျဂ္ဃတို့က လှမ်းမြင်သဖြင့် နောက်မှလိုက်လာကြသည်။ မနုဿတိရိစ္ဆာန်များကိုလည်း နီမောင်ကိုလိုက်လံဖမ်းဆီးရန် အမိန့်ပေးရာ မနုဿတိရိစ္ဆာန်ကြီးများက သူ့နောက်မှထပ်ကြပ်မကွာ လိုက်လာကြလေသည်။

ထိုသို့ပြေးရာတွင် ရှေ့မှတားဆီးရန်ကြိုးစားသော မနုဿတိရိစ္ဆာန်များကိုလည်း တိုက်ခိုက်ရသေးသည်။

တစ်နေရာရောက်တော့ မျောက်မျက်နှာနှင့်လူကို တွေ့ရသည်။ သူက နီမောင်နှင့် တွေ့သည်နှင့် ဗလုံးဗထွေးဖြင့် လှမ်းပြောလိုက်သည်။

"ဟိုဘက်မှာ အပေါက်ရှိတယ်"

ထိုအသံကြားသဖြင့် ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ သူညွှန်ပြသောနေရာဘက်သို့ ပြေးသည်။

ဂူအတွင်းပိုင်းတွင် မှောင်နေသောကြောင့် အတော်ပင် သတိထားနေရသည်။ ကျောက်တုံးများနှင့်သော်လည်းကောင်း ကျောက်ချွန်များနှင့် ဝင်မဆောင့်မိဖို့ အရေးကြီးသည်။

ထိုသို့ပြေးရင်းနှင့် တစ်နေရာရောက်တော့ ထွက်ပေါက်ကိုတွေ့ရသည်။ သို့သော် အောက်၌မဟုတ်ပေ။

အပေါ်ဘက်၌ ရှိနေခြင်းဖြစ်သည်။

ထိုအခိုက်မှာပင် သူ့အနီးသို့ မနုဿတိရိစ္ဆာန်တစ်ကောင် ရောက်လာပြီး တိုက်ခိုက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့မှာ လူတစ်ယောက်ကိုယ်ခန္ဓာ ဖြစ်သော်လည်း တိရိစ္ဆာန်ဦးခေါင်း တပ်ထားသောကြောင့် တိရိစ္ဆာန်ဦးနှောက်လောက်သာရှိသည်။ သို့ကြောင့် တိုက်ခိုက်ရတာလူတစ်ယောက်လောက် မခက်ခဲလှပေ။

ထိုအန္တရာယ်ရှင်းသွားသောအခါမှ အပေါက်ရှိရာသို့တက်သည်။ အနေအထားက 'မတ်စောက်လှသည့် အနေအထားမျိုး မဟုတ်သော်လည်း လွယ်လွယ်ကူကူ တက်၍ရသည်တော့ မဟုတ်ပေ။

ကျောက်တုံးများပေါ်မှနင်းပြီး အပေါ်မှကျောက်တုံးကို ကိုင်ပြီး တက်ရခြင်းဖြစ်၏။

ထိုသို့တက်နေစဉ်မှာ နောက်ထပ်မနသသတိရိစ္ဆာန်များ ရောက်လာပြီး အောက်မှခြေထောက်ကိုဆွဲချရန် ကြိုးစားကြသည်။ ထိုအခြေအနေကတော့ ကောင်းလှသည်မဟုတ်ပေ။ လက်က ပြုတ်မကျစေရန် ကိုင်ထားရသောကြောင့် ပြန်လည်တိုက်ခိုက်ဖို့ အခွင့်အရေးမရပဲ ဖြစ်နေသည်။

အောက်မှလှမ်းဆွဲနေသော လက်များကလည်း ခြေထောက်ကို မှီလုမှီခင်ဖြစ်နေသည်။ အကယ်၍ ခြေထောက်ကိုဆွဲမိလျှင်တော့ ဘယ်လိုမှထိန်းနိုင်မည်မဟုတ်ပဲ အောက်သို့ပြုတ်ကျမည်မှာ အသေအချာဖြစ်သည်။

ထိုအခိုက်မှာပင် မျောက်မျက်နှာနှင့်လူ ရောက်လာပြီး နီမောင်ကိုဆွဲချရန် ကြိုးစားနေသူများကို ဝင်ရောက်တိုက်ခိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တိုက်ခိုက်သော်လည်း ၎င်းလက်ထဲတွင် လက်နက်မပါသောကြောင့် လက်နက်ရှိသူများ တိုက်ခိုက်ခြင်းကို အလူးအလဲခံနေရသည်။

သို့သော် နီမောင်အတွက်တော့ အခွင့်အရေး ရသွားလေသည်။

ကျောက်တုံးများပေါ်မှ တစ်ထစ်ချင်းနင်းတက်သွားရာနောက်ဆုံး အပေါက်မှ အပြင်ဘက်မှ ထွက်သွားနိုင်တော့သည်။

သူရောက်သွားသောနေရာမှာ တောင်ကြောတစ်ခုပေါ်သို့ရောက်သွားသည်။

တောင်ပါမှာ နှင်းများကျနေသည်။ အလင်းရောင်က မှိုင်းတဝါးသာရှိသည်။ ထိုအခြေအနေကပင် သူ့အတွက် အကာအကွယ်ရနေလေသည်။

တောင်ကြောပေါ်ရောက်ပြီးဒ ကြောတော့ အတော်ဝေးဝေးနေရာမှ ဆူဆူညံညံအသံများ ကြားရပြန်သည်။

ယက္ခနှင့် ဗျတ္တတို့ခေါင်းဆောင်သော မနုဿတိရိစ္ဆာန်များက သူ့နောက်သို့ လိုက်လာကြဟန်ရှိသည်။

သို့သော် ထိုအန္တရာယ်များနှင့် လွတ်အောင်ပြေးနိုင်ခဲ့လေသည်။

ယက္ခနှင့် ဗျတ္တတို့က သူ့နောက်မှ သဲကြီးမဲကြီး လိုက်လံရှာဖွေနေကြသည်မှာ အကြောင်းရှိသည်။ နီမောင်က သူတို့စခန်းရောက်ပြီးမှ ပြန်လည်လွတ်မြောက်သွားသူဖြစ်သည်။

အကယ်၍သာ ရွာပြန်ရောက်သွားပါက ၎င်းတို့နေရာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့အကြောင်းများကို အခြားရွာသားများက သိကြပေလိမ့်မည်။

အကယ်၍သာ သိသွားလျှင်တော့ ငင်းတို့အတွက် အန္တရာယ်ရှိလာနိုင်မှန်းသိသဖြင့် နောက်မှ သဲကြီးမဲကြီး လိုက်နေကြခြင်းဖြစ်သည်။

သို့သော်လည်း ကံကောင်းထောက်မစွာဖြင့် အန္တရာယ်များလက်မှ လွတ်မြောက်ခဲ့ရလေသည်။

နောက်တစ်နေ့မှာတော့ နှင်းတောင်ပေါ်မှာ လမ်းစပျောက်နေသော နီမောင်ကို ပန်နန်းဒင်ရွာဘက်မှ မုဆိုးတစ်ယောက်ကတွေ့ပြီး ကယ်တင်သွားလေသည်။

ထိုမုဆိုးအမည်မှာ မုဆိုးထော်လန်ဖြစ်သည်။

မုဆိုးထော်လန်မှာ အခြားမဟုတ်ပေ။ ဂန်လန်ရာဇီတောင်ပေါ်သို့ လမ်းပြလိုက်သွားစဉ်းနှင့် မနုဿတိရိစ္ဆာန်များကို ဦးစွာတွေ့ခဲ့ရသော မုဆိုးတစ်ယောက်ဖြစ်သည်။

ရွာသို့ရောက်သောအခါ ရွာလူကြီးဖမုန်းထန်ကို အကြောင်းပြောပြရာ ဖမုန်းထန်က နီမောင်ကို ကောင်းစွာမှတ်မိနေသဖြင့် ငင်းနေအိမ်သို့ခေါ်ထားပြီး ဆေးဝါးကုသပေးလေသည်။

နီမောင်ရောက်သွားသောအချိန်မှာ ဒရာမားက မူလအခြေအနေအတိုင်း မျက်စိလည်းမြင်၊ နားလည်းကြားနေရပြီဖြစ်သည်။

သို့သော်လည်း သူမကိုကယ်တင်ပေးခဲ့သူမှာ နီမောင်ဖြစ်သည်ကိုတော့ မသိပေ။ နီမောင်ကလည်း ဘာမှမ ပြောပေ။

တစ်နေ့တော့ ဒရာမားက သူ့ရှိရာသို့ လျှောက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



သည်။

“နင်နေကောင်းသွားပြီလား”

နီမောင်က ခေါင်းညိတ်ပြသည်။

“တောင်ပေါ်မှာ ဘယ်လိုဖြစ်တာလဲ”

“လူတစ်ပိုင်း တိရိစ္ဆာန်တစ်ပိုင်း ဖြစ်နေတဲ့သူတွေနဲ့ တွေ့ခဲ့တာပါ”

“အသက်မသေခဲ့တာ ကံကောင်းတယ်လို့ ဆိုရမှာပဲ၊ နင်နဲ့ ငါတို့နဲ့က ကံပါတယ်ထင်တယ်”

“ဘာဖြစ်လို့လဲ”

“အရင်တစ်ခါ နင့်ကို တောင်ပေါ်မှာ သတိမေ့နေတာတွေ့လို့ ငါတို့ကယ်ပေးခဲ့ရသေးတယ်”

ထိုစကားကြောင့် စိတ်ထဲမှာ အံ့ဩသွားလေသည်။

“ဘယ်လိုကယ်ခဲ့တာလဲ”

“ငါနဲ့ရွာကမုဆိုးတွေ တောင်ပေါ်သွားရင် နင့်ကိုချိုင့်ထဲမှာ သတိမေ့နေတာတွေ့လို့ ဂူထဲကိုသယ်သွားပြီး မီးဖိုပေးထားခဲ့တယ်၊ နင့်အတွက် အသားပေါင်တစ်ခုလည်းထားခဲ့တယ်၊ ငါတို့က တခြားအရေးကြီးတာတွေရှိလို့ နင့်ကို သယ်မသွားနိုင်ကြဘူး၊ အဲဒီတုန်းက ငါတို့က လူတစ်ပိုင်းတိရိစ္ဆာန်တစ်ပိုင်း သတ္တဝါတွေကိုလိုက်ရှာနေကြတာလေ”

ထိုသို့ပြောပြတော့မှ တစ်ခါက သူ့ကိုကယ်ပေးခဲ့သူမှာ ဒရာမားဖြစ်ကြောင်း သိရတော့သည်။ ထိုသို့သိရပြီးမှ နီမောင်က ပြန်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကိုကျေးဇူးတင်ပါတယ်၊ ဒါထက်နှင်ရော နေကောင်းသွားပြီလား"

ဒရာမားက တအံ့တသြဖြစ်သွားဟန်ဖြင့် ပြန်မေးသည်။

"ငါက ဘာဖြစ်လို့လဲ"

"နှင် ငါ့ကိုမမှတ်မိတော့ဘူးလား"

သူမက ခေါင်းခါပြသည်။

"ဒါဖြင့် နှင်မှတ်မိအောင် သက်သေပြမယ်၊ မျက်စိမှိတ်ထား"

ဟု ပြောသဖြင့် သူမက မျက်စိမှိတ်ထားပေးသည်။

နီမောင်က သူမလက်တစ်ဖက်ကိုကိုင်ပြီး ယခင်ကကဲ့သို့ နှစ်သိမ့်မှု ပေးလိုက်သည်။

ဒီတော့မှ ချက်ချင်းမျက်စိပြန်ဖွင့်လာသည်။

"ဟင်..နှင်..နှင်..ငါ့ကိုကယ်ခဲ့တာနှင်ပဲပေါ့"

ဟု မေးသည်။

နီမောင်က ပြုံးပြီးခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်၊ နှင့်ကို သရဲမျက်နှာဖြစ်နေတဲ့ဘဝကလွတ်အောင် ငါတို့ကယ်လာခဲ့ပြီး၊ အခုလိုအခြေအနေ ပြန်ရောက်အောင် ဆေးကုပေးခဲ့တာပါ"

"ငါမှတ်မိပြီ၊ ငါ့ကို ကယ်ခဲ့တဲ့သူတွေကို တွေ့ချင်လို့ နှင့်ကိုမေးနေတာ အခုလိုတွေ့ရတာ သိပ်ဝမ်းသာတာပဲ၊ နှင့်နာမည်ဘယ်သူလဲ"

"နီမောင်၊ ငါက ဇလပ်နီရွာမှာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဖေပြောတဲ့နီမောင်ဆိုတာ နင်ပဲကိုး၊ နင်နဲ့ ပြန်တွေ့ရတာ ငါ သိပ်ပြီးဝမ်းသာတာပဲ၊ ဂူထဲမှာ ငါ့ကို အသက်ရှင်အောင် ပြုစုပေးခဲ့တာရော၊ ဟိုလူယုတ်မာလက်ချက်ကြောင့် သရဲသဘက်မျက်နှာမျိုးကနေ အခုလိုမျက်နှာမျိုး ပြန်ဖြစ်အောင် လုပ်ပေးခဲ့တာကိုရော ငါသိပ်ပြီးကျေးဇူးတင်တယ်"

ဒရာမားက နီမောင့်လက်ကို ပြန်ကိုင်ထားရင်းနှင့် တကယ့်ကို စိတ်ပါလက်ပါအသံမျိုးဖြင့် ပြောနေလေသည်။

"နင့်ကိုငါတို့ ကယ်တင်ခဲ့တယ်ဆိုပေမယ့် ဆေးကုပေးတာက ငါတို့ရွာက ဆေးဆရာကြီးတစ်ယောက်က ကုပေးခဲ့တာပါ၊ နင့်မျက်နှာပေါ်က သရဲမျက်နှာတွေကို သူဖယ်ရှားပေးခဲ့တာ"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ဆေးဆရာကြီးကိုလည်း ကျေးဇူးတင်ရမယ်၊ ပြုစုစောင့်ရှောက်ပေးခဲ့တဲ့ နင့်ကိုလည်း ကျေးဇူးတင်ရမှာပဲ၊ အဲဒီတုန်းက ငါ့လက်ကိုကိုင်ပြီး နင်နှစ်သိမ့်ပေးခဲ့တာကို ငါ ဘယ်တော့မှမမေ့ဘူး"

နီမောင်က သဘောကျစွာဖြင့် ပြုံးနေလေသည်။

"ငါကလည်းတောင်ပေါ်မှာ ငါ့အသက်ကိုနှစ်ခါ လောက်အထိ ကယ်ပေးခဲ့တဲ့နင်တို့ကို ကျေးဇူးတင်ပါတယ်၊ ပထမအကြိမ်တုန်းက နင်သာမကယ်ခဲ့ရင် ငါလည်းသေတာ ကြာရောပေါ့၊ ဒီတော့ ငါတို့နှစ်ယောက်သေပြီပေါ့"

"ဟင့်အင်း ငါတော့ အဲဒီလိုမဟုတ်ဘူး၊ ကျေးဇူးကြွေးဆိုတာ မချေကောင်းဘူး ပြန်ဆပ်ဖို့ပဲရှိတယ်၊ ငါက နင့်ကို ကယ်ခဲ့တဲ့ ကျေးဇူးက သပ်သပ်ရှိတယ်၊ နင်လည်းငါ့ကိုကျေးဇူး ပြန်ဆပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဆပ်၊ ငါကတော့ နင်တို့ကျေးဇူးကို ပြန်ဆပ်ပေးရမှာပဲ”

ဒရာမားက ရုပ်ရည်ချောသလောက် စကားပြောသည့်အခါမှာလည်း ပွင့်လင်းမှုရှိသည်။

သို့ကြောင့် နီမောင်လည်း ထွေထွေထူးထူး ဘာမှပြန်မပြောတော့ပဲ ပြုံးရုံသာ ပြုံးနေလေသည်။

နီမောင် ထိုအိမ်မှာ ရှိနေစဉ်ကာလအတွင်း ဒရာမားက တတ်နိုင်သလောက် ပြုစုစောင့်ရှောက်ပေးခဲ့သည်။

ကျန်းမာရေးကောင်းသဖြင့် ရွာသို့ပြန်ကာနီးတော့ ဒူးဝါးဇမုန်းထန်က လာတွေ့သည်။

“နီမောင် မင်းနေကောင်းသွားပြီလား၊ ရွာကိုပြန်တော့မလို့လား”

“ဟုတ်တယ်ဆလိုင်း၊ကျွန်တော်ပြန်တော့မယ်၊ ဒီလောက်ကြာနေပြီဆိုတော့ အဖေနဲ့အမေတို့ အတော်ကလေး စိတ်ပူနေကြရော့မယ်”

“မင်းမှာ တခြားစိတ်ပူရမယ့်သူကော ရှိသေးလို့လား”

အနှောင့်မလွတ် အသွားမလွတ်စကားကြောင့် နီမောင်က ပြုံးရင်းနှင့် ခေါင်းခါပြလိုက်သည်။

“မရှိတော့ပါဘူး၊ အဖေနဲ့ အမေအပြင် ညီမလေးတစ်ယောက်ပဲ ရှိပါတယ်”

ထိုစကားကြောင့် အနားမှာရှိနေသော ဒရာမားကအားရ ချက်ပြုံးလိုက်ရင်း ဝင်မေးသည်။

“နင်တို့အိမ်မှာတုန်းက ငါ့ကိုပြုစုပေးတာ နင့်ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



လား"

ခေါင်းညိတ်ပြလိုက်သည်။

"တကယ်တော့ မင်းက တောင်ပေါ်မှာ မမျှော်လင့်ပဲ ဒုက္ခတွေ့ခဲ့ရတယ်ဆိုပေမယ့် မုဆိုးကောင်းတစ်ယောက်ဆိုတာ မြင်ရုံနဲ့ ငါသိပါတယ်၊ ဇာလာဟီးလက်ထဲကို ရောက်သွားပြီးမှ တိရိစ္ဆာန်ဘဝ မရောက်ခင် ဒီအတိုင်းပြန်ထွက်လာနိုင်အောင် ကြိုးစားနိုင်တာ နည်းတာမှမဟုတ်တာ"

နီမောင်ကတော့ ထွေထွေထူးထူးဘာမှမပြောတော့ပေ။

"ဒါထက် မင်းက သူတို့ရဲ့ သားရဲတွင်းထဲကိုရောက်သွားပြီးမှ ပြန်ထွက်လာနိုင်ခဲ့တဲ့ ပထမဆုံးလူဆိုတော့ အဲဒီမှာ မြင်ခဲ့တွေ့ခဲ့ရတာတွေ ဇာလာဟီးတို့ ဘာတွေလုပ်နေကြတယ်ဆိုတာ ငါ့ကိုပြောပြပါဦး"

"ဆလိုင်းက ဇာလာဟီးကိုသိသလား"

"သိတာပေါ့ကွာ၊ ဟိုတုန်းက သူက ဒီရွာမှာ နတ်ဆရာ လုပ်သွားဖူးတာပဲ"

"သူက ဘယ်ဒေသက ရောက်လာတာလဲ"

"တိဗက်နယ်ကနေ ကူးလာတာ၊ လူက ကောက်ကျစ်သုတ်မာသလောက် ဆေးပညာနဲ့ အစီအရင်ပညာတွေတော့ အတော်ကလေး ကျွမ်းကျင်ပုံရတယ်၊ သူ့ရဲ့သားရဲတွင်းထဲမှာ သူ ဘာတွေလုပ်နေတယ်ဆိုတာ ငါ့ကိုပြောပြပါဦး"

နီမောင်က ဂူထဲတွင် လူနှင့်တိရိစ္ဆာန်များကို ဖမ်းဆီးချုပ်နှောင်ထားပြီး လူစင်စစ်မှတိရိစ္ဆာန်ဘဝရောက်အောင် ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com


ချင်းပြောင်းလဲတပ်ဆင်ပုံများကို ပြန်ပြောပြလိုက်သည်။

"မနုဿတိရိစ္ဆာန်ဘဝရောက်နေကြသူတွေက တကယ်တော့ လူတွေပါပဲ၊ ဦးခေါင်းက တိရိစ္ဆာန်ဦးခေါင်း ပြောင်းတပ်ထားတော့ လူ့စိတ်၊ လူ့အတွေးအခေါ် မျိုး မရှိတော့တာပါ"

"အတော်ရက်စက်ယုတ်မာတာပဲကွာ၊ သူ ဒီရွာမှာ ရှိတုန်းကလည်း မကောင်းတာတွေအတော်လုပ်ခဲ့လို့ ငါ့ရွာက နှင်ထုတ်ပစ်လိုက်တာ၊ ဒါကြောင့် အငြိုးအတေးထားပြီး ငါ့သမီးကို လူစင်စစ်ကနေ သရဲဘဝရောက်အောင် လုပ်ခဲ့တာပဲ၊ မင်းတို့နဲ့အချိန်မီတွေ့ပြီး ကယ်လို့သာပဲ"

"ဒီလူယုတ်မာကို ဒီအတိုင်းထားလို့တော့ မဖြစ်တော့ဘူးဆလိုင်း၊ သူ့ အကြံအစည်က မနုဿတိရိစ္ဆာန်တွေကို စုဆောင်းဖို့ကြိုးစားနေတာ၊ အင်အားများလာရင် ရွာတွေအထိဆင်းလာပြီးဒုက္ခပေးမှာ သေချာတယ်"

"ဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ရွာတွေမှာရှိတဲ့ တိုက်ခိုက်ရေးကောင်းတဲ့ မုဆိုးတွေစုပြီး သူတို့နေရာကိုဝင်တိုက်ပြီး သူတို့ရဲ့ အကြံအစည်တွေကို ဖျက်ဆီးပစ်ရင် ပိုကောင်းမယ်"

"အေး…အဲဒီအကြံကောင်းတယ်၊ ဒါကို ငါတို့အမြန်ဆုံး အကောင်အထည်ဖော်ရမယ်၊ ကြာရင် သူသိသွားနိုင်တယ်၊ နောက်တစ်နေရာရွှေ့သွားရင် အခုလိုလွယ်လွယ်ကူကူနဲ့ ရှာတွေ့တော့မဟုတ်ဘူး၊ ဒီကိစ္စကိုတော့ မင်းပဲ ဦးဆောင်ရလိမ့်မယ်ထင်တယ်၊ ရွာပြန်ရောက်ပြီးနေကောင်းတာနဲ့ အစီအစဉ်စပေတော့၊ ငါလည်း


www.burmeseclassic.com

www.burmeseclassic.com



ဒီရက်ထဲမှာ ရွာမှာရှိတဲ့ မုဆိုးတွေရော ဒီအနီးတစ်ဝိုက်မှာရှိတဲ့ ရွာတွေက မုဆိုးတွေကိုရော စုဆောင်းပြီး ခေါ်ထားလိုက်မယ်"

ဟု ပြောလေသည်။

နီမောင်ပြန်ကာနီးတော့ ဒရာမားက ရွာထိပ်အထိ လိုက်ပို့ပေးရင်း မေးသည်။

"နီမောင် နင်ပြန်လာမှာ မဟုတ်လား"

"ပြန်လာခဲ့မယ်၊ ရွာက မုဆိုးတွေခေါ်ပြီး ပြန်လာခဲ့မယ်၊ ဒီရောက်တော့မှ ဒီကမုဆိုးတွေနဲ့ပေါင်းပြီး ဟိုလူယုတ်မာတွေ ရှိတဲ့နေရာကို သွားတိုက်ကြမယ်"

"နင်တို့သွားရင်ငါပါလိုက်ခဲ့မှာနော်"

"အန္တရာယ်များပါတယ်၊ နင်မကြောက်ဘူးလား"

"မကြောက်ပါဘူး၊ ငါ့ကိုနှိပ်စက်ခဲ့တဲ့ လူယုတ်မာကိုတွေ့ရင် ငါ လက်နဲ့ သတ်ချင်တာ"

"ငါက နင့်အတွက် အန္တရာယ်ဖြစ်မှာ စိုးလို့ပါ"

"ငါ့အတွက်စိုးရိမ်ပေးတာတော့ ဝမ်းသာပါတယ်၊ ဒါပေမယ့် အရင်လည်း ဒီလိုပဲ သွားနေကျပဲ၊ နောက်ပြီး နင်တို့လည်း ပါနေတာပဲ"

"ငါကတော့ နင့်အတွက်ကာကွယ်ပေးမှာပါ"

"နင်ဘယ်တော့ ပြန်လာမှာလဲ"

"ရွာပြန်ရောက်တာနဲ့ စီစဉ်စရာတွေ စီစဉ်ပြီးရင် ချက်ချင်းပြန်လာမှာပါ၊ ငါသွားတော့မယ်"

နီမောင်က သူမကိုနှုတ်ဆက်ပြီး ကျောခိုင်းထွက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒရာမားမှာ စိတ်ပျော့ညံ့သူတစ်ယောက်တော့ မဟုတ်ပေ။

ယောက်ျားအတော်များများကို အထင်မကြီးသလို စိတ်ဝင်စားခြင်းလည်းမရှိပေ။

ယောက်ျားများနှင့် တောင်ပေါ်ကိုပင် သွားလာဖူးသူဖြစ်သည်။ ယခုအသက်အရွယ်၊ ယခုအချိန်အထိ ဘယ်သူ့အပေါ်ကိုမှလည်း ရင်မခုန်ခဲ့ဖူးသေးပေ။

ယခုတော့ သူမရင်ထဲတွင်လှုပ်ရှားစ ပြုနေလေသည်။

"ဝင်ရောက်ခိုးနှား ပျံထွက်သွားသော်၊ ကိုင်းဖျားလှုပ်၍ကျန်လေပြီ"ဟူသော စကားအတိုင်း ရင်ထဲတွင်လှုပ်ရှားမှုများနှင့်အတူ နေရာမှာပင် ရပ်လျက်သား ကျန်နေခဲ့ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၄)

# ကျားနက်တစ်ကောင်နှင့် ကျေးရွာတရား

ဝလပ်နီရွာသို့ နီမောင်ပြန်ရောက်သွားတော့ မိသားစုများသာမကပဲ မိတ်ဆွေများကပါ ဝမ်းသာနေကြသည်။ အဖေနှင့် အမေဖြစ်သော ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့သာမကပဲ ညီမဖြစ်သူနှင်းမေကပါ မျက်ရည်အဝိုင်းသားနှင့် ဖြစ်နေသည်။

သူပြန်ရောက်လာသော သတင်းကြားတော့ ဆရာကြီးဦးဗန်ကောင်း၊ စောထီးနှင့် ငမဲအောင်တို့လည်း ဝမ်းသာအားရ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က မင်းနဲ့ပြန်မတွေ့ရတော့ဘူးတောင်ထင်ပြီး စိတ်မကောင်းဖြစ်နေကြတာ"

"ဟုတ်တယ်နီမောင်၊ မင်းဘယ်နေရာတွေရောက်ပြီး ဘာတွေဖြစ်လာခဲ့တယ်ဆိုတာ ငါတို့ကိုပြောပြပါဦး"

ထိုသို့မေးကြသဖြင့် နီမောင်အကြောင်းစုံ ပြောပြလိုက်သည်။

"ဒါဖြင့် မင်းသူတို့ရဲ့ မရဏသားရဲတွင်းထဲ ရောက်သွားခဲ့တယ်ပေါ့"

နီမောင်က ခေါင်းညိတ်ပြလိုက်ပြီး ဇာလာဟီး လုပ်နေသော အလုပ်များကိုပါ အားလုံးပြောပြလိုက်သည်။

"လူတွေကိုခေါင်းဖြတ်သတ်ပြီးမှ အသက်ပြန်ရှင်အောင် လုပ်လို့ရသလား"

ထိုအခါ ဦးဇန်ကောင်းက ရှင်းပြသည်။

"ဒီပညာမျိုးတွေက အခုမှရှိခဲ့တာမဟုတ်ဘူး၊ ဟိုအရင်ကတည်းကရှိခဲ့တဲ့ ပညာမျိုးတွေပါပဲ"

"ပြောပြပါဦးဆရာကြီး"

"လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၅၀၀)ကျော်လောက်က မြတ်စွာဘုရား ပွင့်တော်မူစဉ်ကတည်းက ဆရာဇီဝကဆိုတဲ့ ဆရာကြီးတစ်ဦး ရှိခဲ့တယ်၊ ဆေးပညာမှာ ဘယ်လောက်တော်သလဲဆိုရင် မြေပြင်ပေါ်မှာပေါက်တဲ့ သစ်ပင်သစ်ရွက်မှန်သမျှ ဘာမဆိုဆေးဖြစ်အောင် အသုံးပြုနိုင်တယ်၊ လူကိုတစ်ကိုယ်လုံး ခွဲစိတ်ဖြတ်တောက်ပြီး အသက်ပြန်ရှင်အောင်လုပ်ပေးလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်လိုက်တာ"

"အဲဒီပညာတွေက နောက်ပိုင်း အဆင့်ဆင့် လက်ဆင့်ကမ်းပြီး သယ်လာကြတာ၊ မဇ္ဈိမဒေသတစ်ခုလုံး ပြန့်နှံ့ခဲ့တယ်၊ ဒီပညာတွေကို အများဆုံးတတ်တာကတော့ အိန္ဒိယပေါ့၊ အိန္ဒိယမှာရှိကြတဲ့ ဟိမဝန္တာမှာနေထိုင်ကြတဲ့ ဆာဒူးကြီးတွေ ယောဂီကြီးတွေ ဆိုရင် ဒီပညာတွေကို ကောင်းကောင်းတတ်ကြတယ်"

"ကျွန်တော်တို့ကတော့ ကြားဖူးရုံပဲ ရှိပါတယ်"

"အိန္ဒိယမှာ မဟာဂန္ဓာရီတက္ကသိုလ်တွေရှိတယ်၊ အဲဒီတက္ကသိုလ်တွေမှာလည်း ဒီပညာတွေကိုသင်ကြားပေးကြတယ်"

"ဒါဖြင့် မြန်မာပြည်မှာလည်း ဒီပညာတွေကိုတတ်တဲ့လူတွေ ရှိမှာပေါ့နော်"

"ရှိပါတယ်၊ တချို့ ဒီကနေပြီး တက္ကသိုလ်တွေသွားပြီး ပညာသင်ကြတာတွေ ရှိပါတယ်၊ ငါ့ရဲ့ မိတ်ဆွေတွေဖြစ်ကြတဲ့ ဒေါက်တာခင်းထင်ကျော်နဲ့ ဆရာကြီးသူရဌတို့ဆိုရင် မဟာဂန္ဓာရီတက္ကသိုလ်တွေကိုတက်ပြီး ပညာသင်ဖူးကြတယ်"

"ဆရာကြီးရော သင်ခဲ့ဖူးလားဟင်"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြသည်။

"သင်ဖူးပါတယ်၊ သူတို့သွားတုန်းက အတူတူလိုက်သွားခဲ့တာ"

"ဒါကြောင့် ဆရာကြီးက ဆေးပညာမှာ အတော်တတ်ကျွမ်းတာကိုး၊ ဆက်ပြောပါဦးဆရာကြီး"

ဦးဗန်ကောင်းက သူသောကင်နေကျ ဆေးတံရှည်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



မီးညှိလိုက်ကာ တစ်ဖွာနှစ်ဖွာ ဖွာပြီးမှ စကားပြန်ဆက်သည်။

"ဆရာဇီဝက လက်ထက်ကတည်းက ပေါ်ပေါက်လာခဲ့တဲ့ အာယုဗ္ဗေဒ ဆေးပညာဟာ မဇ္ဈိမဒေသကိုအစိက ပြန့်နှံ့ခဲ့တာ ဖြစ်လေတော့ အိန္ဒိယက အစကရေသောက်မြစ်ဖြစ်ခဲ့တယ်၊ နောက်တော့မှတရုတ်၊ တိဗက်နဲ့ ဗမာပြည်အထိ ပျံ့နှံ့ရောက်လာခဲ့တယ်"

"ဒါဖြင့် ဒီမှာအသုံးပြုနေကြတဲ့ ဆေးပညာတွေက အဲဒီကတည်းက ဆင်းသက်လာတဲ့ ပညာတွေလားဟင်"

"မှန်ပါတယ်၊ ဒါပေမယ့် နောက်ပိုင်းဆရာတွေက ကိုယ့်မူ ကိုယ့်အယူအဆနဲ့ ချဲ့ထွင်ကြခြင်းကနေ အမျိုးအမည်တွေ အများကြီးကွဲပြားလာတာ ဒီဘက်ကာလတွေရောက်လာတော့ ဆရာ ဇီဝကလက်ထက်ကလို မြေပေါ်မှာတွေ့တဲ့ သစ်ပင်တွေကို ဆေး အဖြစ်အသုံးဝင်အောင် အသုံးမပြုနိုင်ကြတော့ပဲ ဆေးကျမ်းတွေ မှာ ကန့်သတ်ချက်တွေနဲ့ ရေးလာကြတယ်"

"ဘယ်လိုမျိုးတွေလည်းဆရာကြီး"

"ဆေးကျမ်းတွေကတော့ အများကြီးရှိတာပေါ့၊ ဓာတ ဒီပနီဆေးကျမ်းမှာ ဆေးဖက်ဝင်အသီးမျိုး ဆေး(၁၇)၊ နွယ်မျိုး ဆေး(၁၂)၊ အပင်မျိုးဆေး(၃၄)၊ အရွက်မျိုးဆေးပင်(၅)၊ အပွင့် မျိုးဆေး(၁၀)၊ ကာသ်မျိုးဆေး(၆)၊ ပကိဏ္ဏက(၈)၊ ပကိဏ္ဏက(၁၀) စုစုပေါင်းဆေးဖက်ဝင် အမည်ပေါင်း(၁၁၆)မျိုးကိုသာ ဖော်ပြထား တာတွေ့ရတယ်"

နီမောင်တို့သုံးယောက်ကတော့ သူတို့ကြားဖူးသော သော အကြောင်းများမို့ များစွာစိတ်ဝင်စားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဦးဗန်ကောင်းက အောက်ပါအကြောင်းများကိုဆက်ပြောပြလေသည်။

ဗိန္ဒောဟုခေါ်သော အာယုဗေဒကျမ်းတွင် တစ်ကိုယ်လုံးကုသမှုအတတ်၊ ဗိန္ဒောဆေးပညာကို ဖော်ပြထားသော ကာယစိကိစ္ဆာဟုခေါ်သော စရကသံဟိတာဆေးကျမ်း၊ သူငယ်နာ အတတ်ပညာကိုဖော်ပြထားသော ကောမာရဗစ္စဟူသော ဆေးကျမ်း။ ခွဲစိတ်မှုအတတ်ပညာကိုဖော်ပြသော အလ္လစိကိစ္ဆာဟုခေါ်သော ဆေးကျမ်းတို့ ရှိကြသည်။

ထို့ပြင်ဝိဇ္ဇာအတတ်ပညာ၊ သိပ္ပံအတတ်ပညာနှင့် ဘူတဆေးပညာတို့လည်းရှိကြသည်။

ဝိဇ္ဇာဆေးပညာသည် တိုင်းရင်းဗိန္ဒောဆေးပညာဖြစ်သည်။ သိပ္ပံဆေးပညာသည် အနောက်တိုင်း ဆေးအတတ်ပညာတို့ဖြစ်သည်။

ဘူတဆေးပညာသည်ပရလောကသားများနှင့် ပတ်သက်သည့် ပယောဂများကို ကုသပေးသော ပညာဖြစ်သည်။

"အလ္လစိကိစ္ဆာလို့ခေါ်တဲ့ လူတစ်ကိုယ်လုံးကို ခွဲစိပ်ဖြတ်တောက်ပြီး လိုသလိုပြုပြင်ဖန်တီးတဲ့ပညာတွေကတော့ အရင်ကတည်းက ရှိခဲ့တာပေါ့၊ ဒီပညာတွေက တရုတ်မှာလည်းရှိတယ်၊ အိန္ဒိယမှာလည်းရှိတယ်၊ တိဗက်မှာလည်းရှိတယ်၊ ဗမာပြည်မှာတော့ တတ်ကျွမ်းတဲ့သူ နည်းပါတယ်"

"လူတွေကို တိရိစ္ဆာန်ဦးခေါင်းတွေပြောင်းတပ်ပြီး နိုင်းချင်တိုင်းခိုင်းနေတဲ့ ဇာလာဟီးက တိဗက်ကဆင်းလာတာလို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်"

"ဒါကြောင့် ဒီပညာတွေတတ်ခဲ့တာဖြစ်မှာပါ၊ သူ့ဆီမှာ ခွဲစိတ်ဖြတ်တောက်ထားတဲ့ ဒဏ်ရာတွေကို လောင်းချလိုက်ရင် ချက်ချင်းအကောင်းပကတိပြန်ဖြစ်တဲ့ ဆေးရည်ရှိတာလည်း အတော်အသုံးဝင်နေပုံရတယ်"

"ဒီဆေးရည်မျိုးကရော တကယ်ရှိလို့လား ဆရာကြီး"

"ရှိပါတယ်၊ ဒီဆေးမျိုးက လူတွေဖော်စပ်လို့မရနိုင်တဲ့ ဆေးမျိုးပေါ့၊ လူသူမရောက်နိုင်တဲ့ ကျောက်တောင်တွေရဲ့ အတွင်းပိုင်းမှာ သဘာဝအတိုင်းဖြစ်နေတဲ့ဆေးရေမျိုးပေါ့"

"ဘယ်လိုကြောင့် အဲဒီလောက်အစွမ်းထက်တဲ့ ဆေးရေမျိုး ဖြစ်နေတာလည်းဆရာကြီး"

"လူသူမရောက်နိုင်တဲ့နေရာတွေမှာ အသက်ရှည်ဆေးလို့ ခေါ်တဲ့ အဆက်ကလူစီလိုဆေးပင်မျိုးတွေ၊ မသေဆေးလို့ခေါ်တဲ့ ကျောက်သွေးရေလိုဆေးမျိုးတွေ ရှိကြတယ်၊ အဲဒီ ဆေးရေတွေ ဆေးပင်တွေစုပေါင်းပြီး ဆေးရည်ဖြစ်နေတာတွေက အခုလို အစွမ်းထက်တဲ့ ဆေးရေတွေဖြစ်နေနိုင်တာပေါ့ကွာ"

"အဲဒီလိုဆေးရေမျိုးတွေရရင်တော့ ဟန်ကျမှာပဲ"

ဦးဗန်ကောင်းကတော့ ဆေးတံဖွာရင်း ခေါင်းတညိတ်ညိတ်နှင့် ဖြစ်နေလေသည်။

"ဒါကတော့ ဆေးတွေဘယ်လောက်ပဲ အစွမ်းထက်ထက် သုံးတတ်မှဆေးဖြစ်တာပါကွာ၊ ဖာလာဟီးလို မဟုတ်တဲ့နေရာမှာ သုံးရင်တော့ ဘေးအန္တရာယ်ဖြစ်မှာပေါ့၊ အခုပဲကြည့်လေ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့လူတွေ ဒုက္ခရောက်နေကြရပြီ”

ဦးဖန်ကောင်းက စိတ်မကောင်းစွာ ပြောသည်။

“ဟုတ်တယ်ဆရာကြီး ဒါကြောင့် ဒီကိစ္စကို အမြန်ဆုံး သုတ်သင်ပစ်မှဖြစ်မယ်ဆရာကြီး၊ ကြာလာရင် သူတို့ဒီထက်ပိုပြီး အင်အားကောင်းလာရင် လူတွေပိုပြီး ဒုက္ခရောက်ကြလိမ့်မယ်”

ဟု နီမောင်ကပြောလိုက်သည်။

“ဒါဖြင့် မင်းတို့က ဘယ်လိုလုပ်ကြမှာလဲ”

“လူယုတ်မာတွေကိုသုတ်သင်ပစ်ဖို့ ဒီရွာမှာရှိတဲ့ မုဆိုးတွေကိုခေါ်ပြီး ပန်နန်းဒင်ရွာကိုသွားမယ်၊ ဟိုရွာရောက်တော့မှ ဟိုက မုဆိုးတွေနဲ့ ပူးပေါင်းပြီးသွားကြမယ်”

“ပန်နန်းဒင်ရွာဆိုတာ သရဲမျက်နှာနဲ့ မိန်းကလေးကိုပြန်ပို့ပေးတဲ့ ရွာမဟုတ်လား”

“ဟုတ်ပါတယ်”

“ဒီလိုဆိုတော့လည်းသွားကြတာပေါ့၊ ငါပါလိုက်ခဲ့မယ်”

“ဆရာကြီးပါတော့ အားရှိစရာပေါ့၊ ဒါပေမယ့် အန္တရာယ် တော့များတယ်”

“လူဆိုတာ သေတနေ့မွေးတစ်နေ့ပါပဲကွာ၊ အများကောင်းဖို့လုပ်ရင်းနဲ့ သေသွားတော့လည်း ဝမ်းနည်းစရာမှမဟုတ်တာ”

ဟု ပြောဆိုတိုင်ပင်ပြီးနောက် ရွာမှာရှိသော မုဆိုးများကို ဆင့်ခေါ်ပြီး အကျိုးအကြောင်းပြောပြရလေသည်။

“ကျုပ်တို့လည်း တောင်ပေါ်သာသွားနေရတာ ဘယ်နေ့ သူတို့အဖမ်းခံရမလဲလို့ လန့်နေကြရတာနဲ့ အလုပ်ကိုကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်မလုပ်ကြရပါဘူး"

"ဟုတ်တယ်ဗျ ဒီရွာကရော၊ တခြားရွာတွေကပါ မုဆိုးတွေရော တောင်ယာလုပ်တဲ့လူတွေပါ ပျောက်သွားကြတာ မနည်းတော့ဘူး၊ သူတို့လက်ချက်ပဲ ဖြစ်မှာပဲ"

"ဒါကြောင့် မင်းတို့ခေါ်ရင် ငါတို့ကတော့ လိုက်ခဲ့ဖို့ အဆင်သင့်ပဲ"

ဟု အားတက်သရောပြောကြလေသည်။

ထို့နောက် ခရီးထွက်ရန် လူစုကြသောအခါ နီမောင်တို့က ဦးဗန်ကောင်းအပါအဝင် လေးယောက်၊ မုဆိုးငါးယောက်ပါ လိုက်ကြမည်ဖြစ်ရာ စုစုပေါင်းကိုးယောက်ဖြစ်သည်။

၎င်းတို့ကိုးယောက်တွင် တူမီးသေနတ်အပါအဝင် လေးမြှားလက်နက်ပြည့်စုံစွာ ယူဆောင်ကြလေသည်။

၎င်းတို့သည် ပန်နန်းဒင်ရွာသို့သွားကြရာ ရွာလူကြီးဖမုန်းထန်ကလည်း ၎င်းရွာမှာရှိသော မုဆိုးများကို စုဆောင်းထားရာ ဆယ်ယောက်ခန့်ရှိသည်။

ထိုရွာရောက်တော့ ဖမုန်းထန်က ပြောပြသည်။

"ဒီကိစ္စက အရေးကြီးတဲ့ ကိစ္စမျိုးဆိုတော့ ခရီးမထွက်ခင် နတ်တွေကိုတော့ပူဇော်ပသပြီး အသိပေးရမယ်"

"ဒါထက်မေးရဦးမယ်၊ တောင်ပေါ်မှာ ကျားနက်ကြီးတစ်ကောင် ရှိတာကရော ရိုးမှုရိုးရဲ့လား၊ နတ်ကျား ဒါမှမဟုတ် အောင်ပိုင်ကြီးကျားများ ဖြစ်နေမလား"

ဦးဗန်ကောင်းက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ထိုစကား



www.burmeseclassic.com

www.burmeseclassic.com



ကြားတော့ ဇမုန်းထန်က လေးလေးနက်နက် စဉ်းစားနေလေသည်။

"ဆရာကြီးပြောတာဖြစ်နိုင်ပါတယ်၊ နတ်တွေကိုပူဇော်ပသရင်းနှင့် မေးမြန်းကြည့်ရပါ့မယ်"

ဟု ပြန်ပြောသည်။

နောက်တော့ ထိုရွာမှာ ခရီးတစ်ထောက်နားနေကြစဉ်မှာပင် ဇမုန်းထန်က နတ်ဆရာခေါ်ပြီး နတ်များအား ပူဇော်ပသခြင်းများ ပြုလုပ်လေတော့သည်။

မြောက်ဖျားဒေသတွင်နေထိုင်ကြသူ အများစုမှာ တိဗက်၊ ထလုနှင့် ထရုံလူမျိုးတို့ များကြလေသည်။

သို့ကြောင့် နတ်ကိုးကွယ်မှုတွင်လည်း ၎င်းတို့နှင့်သက်ဆိုင်သည့် နတ်များသာ ကိုးကွယ်မှု များလေသည်။

ထလုလူမျိုးတို့ ကိုးကွယ်သော နတ်များမှာ

ဖလီဖလန် ဟုခေါ်သော တောနတ်၊

လခါးဖလန် ဟုခေါ်သောတောင်နတ်၊

မစန်ဖလန် ဟုခေါ်သော နတ်ဘုရင်။

အရှိဖလန် ဟုခေါ်သော လူသေလျှင်ဖြစ်သောနတ်ဟူ၍ လေးမျိုးရှိကြသည်။

၎င်းနတ်များကို အိမ်အတွင်း၌သော်လည်းကောင်း၊ တောထဲ၌သော်လည်းကောင်း ဝါးစင်ကလေးများထိုး၍ ကိုးကွယ်ခဲ့ကြသည်။

ဖလီဖလန်ဟုခေါ်သော တောနတ်(တောစောင့်နတ်) ကိုး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပူဇော်ရာတွင် ထမင်းနှင့် အရက်ဖြင့်သာ ပူဇော်ပသကြရသည်။ အခြားနတ်များကိုပူဇော်လျှင်တော့ ကြက်ဝက် စသည်တို့ကို သတ်ဖြတ်ပူဇော်ကြရလေသည်။

မြန်မာပြည်တွင်းသို့ ဝင်ရောက်နေထိုင်ကြသည့် တရုတ်လူမျိုးတို့မှာလည်း ထလုနှင့် ရဝမ်တို့ကဲ့သို့ပင် နတ်များကိုပင် ယုံကြည်ကိုးကွယ်မှု ပြုကြသည်။

(နောက်ပိုင်း မြောက်ပိုင်းဒေသများသို့ မော့စ်ခေါင်းဆောင်သော ခရစ်ယာန်သာသနာပြုအဖွဲ့များ ဝင်ရောက်လာပြီးနောက်ပိုင်းမှာတော့ အတော်များများ ခရစ်ယာန်ဘာသာဝင်များ ဖြစ်သွားကြလေတော့သည်။)

သို့သော် ရိုးရာနတ်တို့ကို ယုံကြည်ကိုးကွယ်သူများလည်း ရှိကြသည်။

၎င်းတို့ ကိုးကွယ်သော နတ်များမှာ

ဂါမူဖလန် ဟုခေါ်သော အကြီးဆုံးနတ်၊

လာဖလန် ဟုခေါ်သော တောင်စောင့်နတ်၊

ဆယူရဖလန် ဟုခေါ်သော ကမ်းပါးနတ်၊

နိုင်ဖလန်ဟုခေါ်သော တဖြည်းဖြည်းသေးငယ်သွားတတ်သောနတ်၊

မထပ်ဖလန် မိုးနတ်၊

ကရမ်ဖလန် အိမ်စောင့်နတ်၊

တမ်ကာဖလန် မီးဖိုကျောက်ခဲနတ်၊

ဟူ၍ ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ပသကြရာမှာလည်း အရက်များဖြင့် ပက်၍သော်လည်းကောင်း၊ နွားဝက်တို့ကိုသတ်၍ နတ်များအတွက် အချိုးကျပေးခြင်းဖြင့်သော်လည်းကောင်း ပူဇော်မှုပြုကြလေသည်။

မကျန်းမမာဖြစ်၍ ဖျားနာသောအချိန်အခါများနှင့် အခြားအရေးကြီးသောကိစ္စများ ပေါ်ပေါက်လာပါကလည်း ထိုကဲ့သို့ပင်ကျွဲ၊ နွား၊ ဝက်တို့ကို သတ်ဖြတ်ပြီး ပူဇော်ပသလေ့ရှိကြသည်။

ယခုလည်း ဇမုန်းထန်က ခေါင်းဆောင်ပြီး ဂါမူဖလန်ဟုခေါ်သော အကြီးဆုံးနတ်နှင့် လာဖလန်ဟုခေါ်သော တောင်စောင့်နတ်ကို ပူဇော်ပသရန်ပြင်ဆင်လေသည်။

အခြားရွာမှ ဧည့်သည်များလည်း ရောက်နေသောကြောင့် ဝက်တစ်ကောင်ကိုသတ်ဖြတ်ပြီး နတ်ပူဇော်ရန် ပြင်လေသည်။

နီမောင်တို့ကတော့ ခရီးမထွက်ခင် ထိုကဲ့သို့ နတ်ပူဇော်ပွဲနှင့် ကြုံကြိုက်ရသဖြင့် များစွာဝမ်းသာကြသည်။

နီမောင်အနေကတော့ ဒရာမားနှင့် ပြန်တွေ့ရသောကြောင့် ပိုပြီးဝမ်းသာနေသည်။

ဒရာမား၏ မှုလမျက်နှာနှင့် ချောမောလှပသည်ကိုတွေ့ရသောအခါ စောထီးနှင့် ငမဲအောင်က တိုးတိုးပြောသည်။

"နီမောင် ဒရာမားက အတော်ချောတယ်ဟ၊ သရဲမျက်နှာဖြစ်နေတုန်းကနဲ့ ဘာမှမဆိုင်တော့ဘူး"

နီမောင်ကတော့ ထွေထွေထူးထူးဘာမှပြန်မပြောပေ။

"မင်းကိုရော မှတ်မိရဲ့လား"

"မှတ်မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း သူ့ကိုစိတ်မဝင်စားဘူးလားနီမောင်၊ ဒီလောက် ချောမောလှပတဲ့ မိန်းမပျိုတစ်ယောက်ကိုတော့ ရအောင်ကြိုးစား သင့်တယ်"

"ဒါက အရေးမကြီးပါဘူးကွာ၊ ဟ်ဴလောဆယ်တော့ ဇာလာဟီးတို့နဲ့ တိုက်ခိုက်ဖို့က သာအရေးကြီးပါတယ်"

"ဇာလာဟီးနဲ့တိုက်ခိုက်တာ အရေးကြီးသလို ဘဝအ တွက်လိုအပ်တဲ့ အချစ်ကိစ္စကလည်း အရေးကြီးတာပဲကွ၊ ဒီရွာက မပြန်ခင် မင်း သူနဲ့အဆင်ပြေအောင်လုပ်ပေတော့"

"ဒရာမားက ငါတို့နဲ့လိုက်ခဲ့မယ်လို့ ပြောထားတယ်"

"သူက ရုပ်ချောသလောက် စိတ်ကတော့အတော်မာပုံရ တယ်၊ ဘာပဲဖြစ်ဖြစ် သူပါလာတော့ ပိုကောင်းတာပေါ့"

"ငါက အန္တရာယ်ဖြစ်မှာစိုးလို့ မလိုက်နဲ့လို့ပြောပါသေး တယ်၊ ဒါပေမယ့် မရဘူး"

"အော် မင်းတို့က ဒီအခြေအနေမျိုးတောင်ရောက်နေမှ ကိုး၊ စိတ်မချရင်တော့ အနားမှာပဲနေပြီး စောင့်ရှောက်ပေးလိုက်ပါ ကွာ"

ဟု ဝိုင်းပြောကြလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ ဒူးဝါးဇမုန်းထန်ခေါင်း ဆောင်ပြီး ခရီးထွက်မည့်မုဆိုးများ စုပေါင်းပြီး နတ်ပူဇော်ပွဲ ကျင်း ပကြလေသည်။

ဂါမူဖလန်ဟုခေါ်သော အကြီးဆုံးနတ်နှင့် လာဖလန်ဟု ခေါ်သော တောင်စောင့်နတ်တို့အား ပူဇော်သောပွဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက တောင်ပေါ်မှာ နှင်းကျသော်လည်း ခပ်ပါးပါးသာ ရှိနေသည်။ ထို့ကြောင့် လရောင်က အတော်ပင်လင်းနေလေသည်။

သူတို့ ပူဇော်ပသနေသောအချိန်တွင် တောင်ကုန်းထိပ်ပေါ်မှ ကျယ်လောင်သော ကျားဟိန်းသံ ကြားရသည်။ ထိုအသံကြားသဖြင့် အားလုံးထိတ်လန့်သွားကြလေသည်။

အသံကြားရာသို့ ကြည့်လိုက်သောအခါ တောင်ကုန်းထိပ်ပေါ်သို့ရောက်လာသော ကျားနက်ကြီးကို လှမ်းမြင်ကြရလေသည်။

နေရာချင်းက မဝေးသည်ကတစ်ကြောင်း၊ လရောင်က ရှိနေသည်က တစ်ကြောင်းကြောင့် တစ်ကိုယ်လုံး နက်မှောင်နေသည့် ကျားနက်ကြီးကို ကောင်းစွာမြင်နေကြရသည်။

လရောင်နောက်ခံဖြင့် တောင်ကုန်းထိပ်ပေါ်မှာလာရောက်ရပ်တံ့နေသော ကျားနက်ကြီးမှာ အတော်ပင် ခန့်ညားတင့်တယ်လှသည်။

ကျားနက်ကြီးကိုမြင်တော့ ဖမုန်းထန်အပါအဝင် အခြားမုဆိုးများမှာ အတော်ပင်ကြောက်ရွံ့ထိတ်လန့်သွားကြလေသည်။

"ဒါ တောင်ပိုင်ကြီးရဲ့ ကျားနက်ကြီးပဲဖြစ်မယ်၊ ငါတို့ပူဇော်တာကို အသိအမှတ်ပြုလို့ ရောက်လာတာလား၊ မကျေနပ်တာရှိလို့ ရောက်လာတာလား မပြောတတ်ဘူး"

ထိုသို့ပြောဆိုနေကြစဉ် တောင်ကုန်းပေါ်မှာ ရပ်နေသော ကျားနက်ကြီးက မုဆိုးများရှိနေသော နေရာဘက်သို့ ခါးတန္တွဲ့နွဲ့ဖြင့် ဆင်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကိုမြင်တော့ အားလုံးမျက်လုံးပြူးသွားကြသည်။ သူတို့ရှေ့မှာတော့ ဝါးစင်များပေါ်တွင် ဖက်စိမ်းများဖြင့် တင်ထားသော အသားစိမ်းများက ရှိနေသည်။ ကျားနက်ကြီးက အသားများတင်ထားသေ နေရာရှိရာဘက်သို့ ဆင်းလာနေခြင်းပင်ဖြစ်သည်။

ဇမုန်းထန် အပါအဝင် မုဆိုးများမှာ ကျားနက်ကြီးဆင်းလာသည်နှင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် နောက်သို့ ဆုတ်သွားလေသည်။

ထိုနေရာတစ်ဝိုက်မှာတော့ နီမောင်တစ်ယောက်သာ ရပ်လျက်သား ကျန်ခဲ့တော့သည်။

အားလုံးကတော့ နောက်သို့ ပြန်ဆုတ်လာရန် လေသံတိုးတိုးဖြင့် လှမ်းခေါ်နေကြသည်။ ထိုအသံများထဲမှာ ဒရာမားအသံလည်းပါသည်။

သို့သော် နီမောင်က နောက်မဆုတ်ပဲ နေရာမှာပင်ရပ်မြဲရပ်နေလေသည်။ အခြားမုဆိုးများကတော့ နီမောင်ကို ကြောက်လွန်းသဖြင့် ကြောင်ပြီးရပ်နေသည်ဟု ထင်ကြသည်။

တောင်စောင်းပေါ်မှခါးတန့်နွံ့နှင့် ဆင်းလာသော ကျားနက်ကြီးက မနီးမဝေးရောက်တော့ လှွားခနဲ ခုန်ဆင်းလာသည်။

နီမောင်ကတော့ မျက်ခြေမပြတ်သာ ကြည့်နေလေသည်။

အနီးရောက်လာတော့ ကျားနက်ကြီးက စင်ပေါ်မှာတင်ထားသည့် နတ်တင်ထားသော အသားများကို သွားရောက်နမ်းကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်အထိ နီမောင်က နေရာမှာပင် ရှိနေသေးသည်။

မနီးမဝေးမှာရှိနေသော အခြားသူများကတော့ စိုးရိမ်ဖွယ်အခြေအနေကြောင့် အသက်ရှူရန်ပင်မေ့လျော့နေကြသည်။

ကျားနက်ကြီးက စင်ပေါ်မှအသားများကိုနမ်းရှုံ့ပြီး မစားသေးပဲ နီမောင်ရှိနေရာသို့ လှမ်းခနဲ ရောက်လာလေသည်။

ကြည့်နေသူများထဲမှ "ဟယ်"ခနဲ အသံများထွက်လာသည်။ နီမောင်ကတော့ တစ်ချက်ကလေးမှ မလှုပ်သေးပေ။

ကျားနက်ကြီးက အနားရောက်လာတော့ နီမောင်မျက်နှာကို နှာခေါင်းဖြင့်အနံ့ခံကာ နမ်းကြည့်နေသဖြင့် မျက်စိမှိတ်ထားရလေသည်။

ထိုမြင်ကွင်းကို မနီးမဝေးမှ ကြည့်နေသူများကတော့ နီမောင်နှင့် ကျားနက်ကြီးတို့မှာ မျက်နှာချင်းအပ်ကာ စကားပြောနေကြသည်ဟု ထင်ကြလေသည်။

ထိုကဲ့သို့ နမ်းရှုတ်ပြီးသည်နှင့် ဝါးစင်ပေါ်မှာ တင်ထားသော အသားပိုင်းများကို ကိုက်ချီပြီးနောက် တောင်ကုန်းပေါ်သို့ ပြန်တက်သွားကြလေတော့သည်။

ထိုအခါမနီးမဝေးမှာ ရှိနေကြသူတို့ အနားပြန်ရောက်လာပြီး တစ်ယောက်တစ်မျိုး ဝိုင်းပြောကြလေသည်။

"မင်း ကျားနက်ကြီးနဲ့ စကားပြောနေတာလား၊ မင်းနဲ့တွေ့တော့လည်း ကျားနက်ကြီးတစ်ကောင်က အိမ်မွေးကြောင်တစ်ကောင်လို ယဉ်ကျေးလှချည်လား"

"ဒါတောင်ပိုင်ကြီးရဲ့ နတ်ကျားဖြစ်မယ်၊ တောင်ပိုင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



က မင်းကို သူ့လူအဖြစ် အသိအမှတ်ပြုလိုက်ပြီနဲ့တူတယ်၊ ဒီလိုဆိုရင်တော့ အခုသွားမယ့်ခရီးကို မင်းပဲ ခေါင်းဆောင်ပေတော့ပေါ့"

ထိုသို့ပြောနေကြစဉ် ဒရာမားကလည်း အနားရောက်လာပြီးပြောသည်။

"တောင်ပေါ်မှာနေတဲ့ ကျားနက်ကြီးက နင့်ကိုအန္တရာယ်မပေးတဲ့အပြင် မိတ်ဆွေဟောင်းနဲ့တွေ့လို့ နှုတ်ဆက်နေသလိုပဲ အရင်က တွေ့ဖူးသလားဟင်"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"တွေ့ဖူးတယ် ငါက သူ့ဒုက္ခရောက်နေတုန်းက သူ့အသက်ကို ကယ်ပေးခဲ့ဖူးတယ်၊ ငါ အန္တရာယ်နဲ့တွေ့တော့လည်း သူက လာကယ်ပေးဖူးတယ်"

"အံ့ဩစရာပဲ၊ လူတွေမပြောနဲ့ တိရိစ္ဆာန်တွေမှာတောင် ကျေးဇူးကိုသိတတ်တာတွေ ရှိနေကြပါလား၊ ပြောရင်တောင် ယုံနိုင်စရာမရှိဘူး"

ထို့နောက်မှာတော့ နတ်ပူဇော်ခြင်းကိစ္စများ ပြီးစီးပြီဖြစ်သဖြင့် နေအိမ်ဘက်သို့ ပြန်ဆင်းခဲ့ကြလေသည်။

ပတ်ဝန်းကျင်မှာတော့ နင်းများပိုကျလာသဖြင့် အအေးဓါတ်က တဖြည်းဖြည်းပိုများလာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၅)

# မနုဿတိရိစ္ဆာန်များနှင့် တိုက်ခိုက်ကြရခြင်း

နောက် တစ်နေ့ရောက်တော့ နံနက်စောစောမှာ ဝင် ခရီးထွက်ရန်ပြင်ကြလေသည်။

ဇလပ်နီရွာမှလာကြသောအဖွဲ့မှာ နီမောင်၊ စောထီး၊ ငမဲ အောင်၊ ဦးဗန်ကောင်းနှင့် မုဆိုးငါးယောက်အပါအဝင် ကိုးယောက် ခန့်နန်းဒင်မှ ဒရာမားအပါအဝင် ဆယ်ယောက်လိုက်ကြရာ စုစု ပေါင်း တစ်ဆယ့်ကိုးယောက်ဖြစ်သည်။

၎င်းတို့အဖွဲ့တွင် တူမီးသေနတ်များ၊ ဓား၊ လှံ၊ ဒူးလေး၊



www.burmeseclassic.com

www.burmeseclassic.com



လင်းလေး၊ အဆိပ်လူးမြားတံများ အပြည့်အစုံပါကြသည်။

အမဲလိုက်ရာတွင် အသုံးပြုသောမီးတုတ်၊ ကြိုးခွေ၊ မီးခတ်၊ဆေးဝါး၊ ရိက္ခာခြောက်များလည်း ကိုယ်စီကိုယ်ငှ ပါကြလေသည်။

ဇာလာဟီးနေသော သားရဲတွင်းကို ရောက်ဖူးခဲ့သူမှာ နီမောင်ဖြစ်သဖြင့် ၎င်းကပင် ရှေ့မှဦးဆောင်ပြီး သွားလေသည်။

လမ်းတစ်လျှောက်လုံးမှာတော့ မည်သည့်အန္တရာယ်မှ မတွေ့ရပေ။ နီမောင်က သားရဲတွင်းသို့သွားသော လမ်းတစ်လျှောက်၌ရှိသည့် မျောက်မျက်နှာနှင့်လူများနေသော ဂူကိုသိသဖြင့် ဂူရှိရာသို့ ဦးတည်ပြီးသွားလေသည်။

ထိုဂူသို့မရောက်မီ လမ်း၌ ခရီးတစ်ထောက်နားပြီး ည အိပ်ကြရသည်။

လူများသဖြင့် ကျယ်ဝန်းသော ဂူပေါက်တစ်ခုအတွင်းသို့ ဝင်ပြီးစခန်းချကြသည်။ အန္တရာယ်များနှင့် ရင်ဆိုင်ရန်သွားကြခြင်း ဖြစ်သော်လည်း လောလောဆယ်အန္တရာယ်နှင့် မတွေ့ရသေးခင်မှာ တော့ ပျော်ပွဲစားခရီးထွက်လာကြသကဲ့သို့ စိတ်လက်ပေါ့ပါးမှု ရှိနေ ကြသည်။

ခရီးတစ်လျှောက်လုံး ဒရာမားကတော့ နီမောင်အနား၌ ပင် ရှိနေလေသည်။

ယခုညမှာလည်း မီးပုံနားမှာ မီးလှုံရင်း စကားပြောနေကြ သည်။

"အခုလာကြတဲ့ လူတွေထဲမှာ မိန်းကလေးဆိုလို့ နင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ထဲပဲပါတယ်၊ မကြောက်ဖူးလား"

"ဘာကြောက်စရာရှိသလဲ၊ ခါတိုင်းလည်းဒီလိုသွားနေကျပဲ"

"ဘာကြောင့် လိုက်လာတာလဲ"

"ငါ့ကိုသရဲဘဝမျိုးရောက်အောင်လုပ်ပေးလိုက်တဲ့ ဟိုလူယုတ်မာကို ငါ့လက်နဲ့ ပြန်သတ်ချင်လို့ တမင်လိုက်လာတာ"

"နင်ကံကောင်းတယ်လို့ ဆိုရမယ်၊ သူက လူတွေဖမ်းမိရင် အရှင်လတ်လတ်ခေါင်းဖြတ်ပြီးတော့ တိရစ္ဆာန်ခေါင်းနဲ့ လဲတပ်တာ၊ အဲသည်လိုသာဆိုရင်တော့ နင်ဘာမှလုပ်မရတော့ဘူး"

"နင်လည်းကံကောင်းတာပဲပေါ့၊ ခေါင်းဖြတ်ခံရကာနီးမှ လွတ်လာခဲ့တာမဟုတ်လား"

"ဟုတ်တယ်၊ တကယ်လို့သာ ခေါင်းဖြတ်ခံရရင်၊ အခုလို တွေ့ရတော့မှာတောင်မဟုတ်ဘူး"

ဒရာမားက တစ်ချက်ပြုံးလိုက်ရင်းနှင့် မေးသည်။

"ဒါထက်နင့်ကိုမေးရဦးမယ်၊ ကျားနက်ကြီးက နင့်ကို ဘာဖြစ်လို့ အန္တရာယ်မပေးတာလဲဟင်"

"သူ့အသက်ကိုငါကယ်ပေးခဲ့ဘူးတယ်၊ ဒါကြောင့် မှတ်မိနေတာပါ"

"စရိုက်ကြမ်းတမ်းပြီး ကြောက်စရာကောင်းတဲ့ တိရစ္ဆာန်တွေတောင် ကျေးဇူးကိုမမေ့ကြဘူးနော်"

"ဟုတ်တာပေါ့၊ ဘယ်မေ့လို့ ဖြစ်ပါ့မလဲ၊ နင့်ကိုလည်းငါက ကျေးဇူးတင်ရမှာပါ၊ ငါ့အသက်ကိုကယ်ပေးခဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com



ဒရာမားက သက်ပြင်းဆစ်ချက်ချလိုက်သည်။

"ငါ လုပ်ပေးခဲ့တဲ့ ကျေးဇူးက ဘာမှမပြောပလောက်ပါဘူး၊ နင်ကယ်ပေးခဲ့တဲ့ ကျေးဇူးကမှ ငါ့ဘဝအတွက်တစ်သက်လုံး ကျေးဇူးတင်နေရတဲ့ ကျေးဇူးမျိုးပါ၊ ငါဘယ်တော့မှမမေ့ပါဘူး"

"ဒီလောက်လည်းကျေးဇူးတင်ဖို့မလိုပါဘူး ဒရာမားရယ်၊ မှိုတစ်ပိသာနဲ့ ခဲတစ်ပိသာလိုပါပဲ၊ နည်းတာများတာချင်းသာ ကွာပေမယ့် အလေးချိန်ချင်းတော့ အတူတူပါပဲ၊ ငါလည်းနင့် အသက်ကိုကယ်ပေးခဲ့တယ်၊ နင်ကလည်း ငါ့အသက်ကိုကယ်ပေးဖူးတာပဲ၊ ကျေးဇူးချင်းက အတူတူပဲလို့သဘောထားလိုက်ပါတော့"

ထိုသို့စကားပြောပြီး ညဥ့်နက်ပိုင်းရောက်တော့ အသီးသီး အိပ်ကြလေသည်။

နောက်တစ်နေ့နံနက်စောစောမှာပင် ခရီးဆက်ကြသည်၊ မျောက်မျက်နှာဖြင့် လူများနေသော ဂူသို့ရောက်သောအခါ ခရီးတစ်ထောက်နားကြလေသည်။

ဂူအတွင်းသို့ နီမောင်နှင့် မုဆိုးအချို့တို့ ဝင်ကြည့်ကြလေသည်။ ထိုဂူအတွင်းသို့ ဒရာမားလည်း လိုက်လာသည်။ ဂူတစ်ဂူလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

သို့သော်လည်း ဂူပေါက်ဝရောက်ကတည်းက သွေးညှီနံ့များက မွှန်နေလေသည်။ ယင်မမည်းရိုင်းများ တဝေါဝေါ ပျံနေသံများလည်း ကြားကြရသည်။

"ဒီဂူထဲမှာဘာတွေရှိသလဲ"

ဂူပေါက်ဝရောက်တော့ ဒရာမားကမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇာလာဟီးလက်ချက်ကြောင့် လူ့ဘဝက မျောက်ဘဝ ရောက်နေတဲ့ မျောက်မျက်နှာနဲ့လူတွေရှိတယ်"

ထိုသို့ပြောနေစဉ်မှုဆိုးတစ်ယောက်က မီးတုတ်ကို မီးရှို့လိုက်သဖြင့် အလင်းရောင်ရလာလေသည်။

အားလုံးဂူအတွင်းသို့မဝင်မီ အသင့်ပါလာသောလက်နက်များကို အဆင်သင့်ပြင်ဆင်ပြီးမှ ဝင်ကြလေသည်။

အတွင်းရောက်တော့ မြင်ကွင်းက မကောင်းလှပေ။

ဂူကြမ်းပြင်ပေါ်မှာလဲကျသေဆုံးနေကြသော မျောက်မျက်နှာနှင့်လူများကိုတွေ့ကြရသည်။ သေဆုံးပုံမှာလည်း တစ်ကိုယ်လုံး ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ မြင်မကောင်းရှုမကောင်းလောက်အောင် အခြေအနေမျိုးဖြင့် သေနေကြခြင်းဖြစ်သည်။

"အားလုံးသေနေကြပြီး သူတို့ကိုဘယ်သူသတ်သွားတာလဲ"

"ဇာလာဟီးမွေးထားတဲ့ မနုဿတိရိစ္ဆာန်တွေ ဝင်သတ်သွားတာ၊ သူတို့ရောက်လာတော့ ငါပါဒီဂူထဲမှာရှိနေတယ်"

"ဒီမျောက်မျက်နှာနဲ့လူတွေကရော သူ့လက်ချက်ကြောင့် ဒီဘဝရောက်နေတာမဟုတ်လား၊ ဘာကြောင့် ပြန်သတ်တာလဲ"

"မျောက်တွေက အသားမစားဘူး လူမသတ်ဘူး၊ တိရိစ္ဆာန်တွေကိုမသတ်ဘူး၊ ဒါကြောင့် ဇာလာဟီးခိုင်းတာကို မလုပ်ပဲ ဒီဂူထဲမှာ လာပုန်းပြီးနေကြတာ၊ နောက်တော့ ဇာလာဟီး က သူတို့ ပုန်းနေတဲ့နေရာကို ရှာတွေ့သွားတာနဲ့ အားလုံး သတ်ခိုင်းလိုက်တာပဲ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်စကားကြားတော့ အတူပါလာသူများမှာ စိတ်မကောင်းဖြစ်ကြရလေသည်။

"အတော်ရက်စက်ယုတ်မာတာပဲ"

ထိုသို့ပြောပြီး ဂူအတွင်းသို့ ဝင်ကြည့်ကြရာ ဂူအတွင်းမှာ တွေ့သမျှတော့ တစ်ယောက်မှအသက်ရှင်သူ မတွေ့ရတော့ပေ။

အတွင်းပိုင်း တစ်နေရာရောက်တော့ မျောက်မျက်နှာနှင့်လူနှင့် ဝံပုလွေမျက်နှာနှင့် မနုဿတိရိစ္ဆာန်တစ်ဦးတို့ တစ်ဦးနှင့်တစ်ဦး မလွတ်တမ်းဖက်ကာ သေဆုံးနေကြသည်ကို တွေ့ရသည်။ ထိုမျက်နှာနှင့်လူမှာ နီမောင်ကိုကယ်တင်ပေးခဲ့သောလူပင်ဖြစ်သည်။

နီမောင်က အသက်ရှင်နေနိုင်သေးသလားဟု သိလိုသဖြင့် လူချင်းခွဲလိုက်ရာ လက်များက မလွတ်တမ်းဖက်ထားသောကြောင့် အတော်ပင်ခွာယူရသည်။

လူချင်းကွာသွားသောအခါ မျောက်လူမျက်နှာနှင့်လူ တစ်ကိုယ်လုံးမှာ ဒဏ်ရာဒဏ်ချက်များနှင့် ပြည့်နေသလို ဝံပုလွေမျက်နှာနှင့်လူ၏ လည်ပင်းတစ်နေရာမှာလည်း သွားဖြင့် အကိုက်ခံရသဖြင့် အကွင်းလိုက်ကြီး ပြတ်ပါသွားသော ဒဏ်ရာကိုလည်းတွေ့ရသည်။

ထိုဒဏ်ရာကြောင့်ပင် ဝံပုလွေမျက်နှာနှင့် မနုဿတိရိစ္ဆာန်မှာ သေဆုံးသွားခြင်းဖြစ်သည်။ မျောက်မျက်နှာနှင့်လူက သေရတော့မည့်အတူတူ သူနှင့်အတူတူ အန္တရာယ်ကောင်ကိုပါ တစ်ပါတည်းခေါ်သွားခြင်းလည်းဖြစ်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က စိတ်မကောင်းစွာနှင့် မျောက်မျက်နှာနှင့်လူကို ပြန်ချထားလိုက်သည်။

ဂူအတွင်းပိုင်းအထိ လိုက်ရှာကြည့်တော့လည်း အသက်ရှင်သူ မရှိတော့သဖြင့် ထိုဂူအတွင်းမှ ပြန်ထွက်ကြလေသည်။

နီမောင်စိတ်ထဲမှာတော့ စိတ်မကောင်းဖြစ်မိခြင်းနှင့်အတူ ယုတ်မာရက်စက်လှသော ဇာလာဟီးကို အမြန်ဆုံးသုတ်သင်ပစ်ရန်သာ စိတ်စောနေတော့သည်။

မျောက်လူများနေသောဂူသို့ ရောက်သောအခါ နေရာကို ကောင်းစွာ မှတ်မိသွားလေသည်။ ဇာလာဟီးတို့ရှိနေသော ဂူနှင့် မဝေးလှတော့သည်ကိုလည်း စိတ်ထဲမှသိနေလေသည်။

အချိန်က မွန်းလွဲပိုင်းအချိန်ရောက်လာပြီဖြစ်သော်လည်း ရာသီဥတုက ကြည်ကြည်လင်လင်မဖြစ်သေးပဲ မှုန်မှိုင်းလျက် ရှိနေလေသည်။

နီမောင်ဦးဆောင်သော မုဆိုးတစ်သိုက်သည် သင့်တော်သောနေရာတွင်စခန်းချပြီး နေ့လည်စာ စားသောက်ရန် ပြင်ကြသည်။ ထွေထွေထူးထူးမဟုတ်ပဲ အသင့်ယူလာသော အစားအသောက်များကို ဝမ်းပြည့်အောင်စားသောက်ကြခြင်း ဖြစ်သည်။ ထိုနေရာတွင် ခဏသာနားကြပြီး မွန်းလွဲပိုင်းအချိန်လောက်တွင် ခရီးဆက်ကြပြန်သည်။

ညနေပိုင်းအချိန်ရောက်တော့ တောင်ကြောတစ်ခုပေါ်သို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ ကျယ်လောင်လှသော ကျားဟိန်း



www.burmeseclassic.com

www.burmeseclassic.com



သံကြိုးကို အရင်ကြားရသဖြင့် ထိုနေရာဘက်သို့ သွားကြသည်။ တောင်ကောထိပ်ပေါ်ရောက်တော့ ဆူဆူညံညံ အသံများကို ကြား ရပြန်သည်။

ထိုကြားရသော အသံများမှာ တောင်ကြောအောက်ဘက်ရှိ ချိုင့်ဝှမ်းအတွင်းမှ ဖြစ်သည်။

ချိုင့်ဝှမ်းမှာ သိပ်မနက်လှပေ။ ထိုနေရာတစ်ဝိုက်တွင် သစ်တောများလည်း ရှိသည်။ တောင်ကုန်းပေါ်မှ အခြေအနေ ကြည့်လိုက်တော့ တစ်နေရာတွင်ဆူဆူညံညံ ပြောဆိုကာ သွားလာနေသော မနုဿတိရိစ္ဆာန်အချို့ကို လှမ်းမြင်ရသဖြင့် ထိုနေရာသို့ သွားရန် အချင်းချင်းတိုင်ပင်ကြလေသည်။

တောင်ကြောအောက်ဘက်တွင် ဖြစ်ပျက်နေသောအခြေ အနေမှာ ဤသို့ဖြစ်သည်။

မနုဿတိရိစ္ဆာန်တို့ထောင်ထားသော ထောင်ချောက် လှောင်အိမ်အတွင်းတွင် ကျားနက်ကြီးတစ်ကောင်မိနေလေသည်။

ထိုကျားနက်ကြီးမှာ ဇာလာဟီးအလိုရှိသဖြင့် ရအောင် ဖမ်းခိုင်းထားသော ကျားနက်ကြီးပင်ဖြစ်သည်။

မနုဿတိရိစ္ဆာန်များက ထိုကျားနက်ကြီးကို ဂူရှိရာသို့ သယ်သွားရန် ပြင်နေကြခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်နေသူများ တွင် ယက္ခနှင့် ဗျူဂ္ဂတို့လည်း ပါဝင်ကြလေသည်။

ရင်းတို့သည် ထောင်ချောက်ထဲမှာ ကျားနက်ကြီးနေ သော်လည်း အနားမကပ်ဝံ့ပေ။ သို့ကြောင့် လှောင်အိမ်ကိုသွယ်ကြိုး များပတ်သိုင်းပြီး သစ်သားတန်းဖြင့် သယ်ယူသွားကြရန် ပြင်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြရခြင်းဖြစ်၏။

ကျားနက်ကြီးကလည်း လှောင်အိမ်အတွင်းရောက်နေပြီ ဖြစ်သော်လည်း တစ်ချက်ကလေးမှမငြိမ်ပဲရှိနေကာ မာန်ဖီဟိန်းဟောက်နေလေရာ ပတ်ဝန်းကျင်တစ်ဝိုက်သို့ပင် ဟိန်းထွက်နေလေသည်။

မနုဿတိရိစ္ဆာန်များမှာ (၁၀)ယောက်ခန့် ရှိနေကြပြီး အခြားဘာမှမကြည့်တော့ပဲ ကျားနက်ကြီးမိထားသော လှောင်အိမ်ကိုသာ နွယ်ကြိုးများဖြင့် သိုင်းပတ်နိုင်ရန် ကြိုးစားနေကြသည်။

"ဒီအတိုင်း အနားကပ်လို့မရဘူး၊ သတ်ပစ်မှရမယ်"

မနုဿတိရိစ္ဆာန်တစ်ကောင်က ဝူးဝူးဝါးဝါးနှင့် ပြောသဖြင့် ယက္ခက ပြန်ပြောသည်။

"ဒီကောင်ကြီးကိုသတ်လို့မဖြစ်ဘူး၊ ဆရာကြီးက အရှင်လိုချင်တယ်လို့မှာလိုက်တယ်၊ ဒီအတိုင်းရအောင်သယ်သွားရမယ်"

ထိုသို့ပြန်ပြောသဖြင့် မနုဿတိရိစ္ဆာန်များလည်း ထွေထွေထူးထူး ဘာမှပြန်မပြောဝံ့ကြတော့။ လှောင်ချိုင့်ကိုသာ နွယ်ကြိုးများဖြင့် ပတ်သိုင်းရန် ကြိုးစားကြပြန်သည်။

ထိုအခိုက်မှာ တောင်ကြောပေါ်မှ ဆင်းလာသော နီမောင်တို့က မနုဿတိရိစ္ဆာန်များရှိနေသောနေရာကို စက်ဝိုင်းသဏ္ဌာန်ပတ်ဝိုင်းထားကြသည်။

၎င်းတို့သည်သစ်ပင်များကိုအကာအကွယ်ယူ၍ လာကြခြင်းဖြစ်သောကြောင့် ရန်သူများက မသိမမြင်ကြသေးပေ။

သို့ကြောင့် အခွင့်အရေးရကာ နီးနိုင်သမျှနီးအောင်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ထိသေအဆိပ်မြှားနှင့် ပစ်ခတ်ကြသည်။

နီးကပ်စွာပစ်ခတ်ကြရသဖြင့် ပစ်မှတ်များကို အသီးသီး ထိမှန်ကြရလေသည်။

သို့သော်လည်း ထူးဆန်းသော အချက်မှာ မနုဿတိရိစ္ဆာန်များမှာ ထိသေအဆိပ်မြှားချက်ထိသော်လည်း မသေကြပေ။

ဒဏ်ရာရသွားကြရုံပင်ရှိပြီး ၎င်းတို့ကိုမြှားဖြင့် ပစ်ခတ်ကြသူကိုပင် ရှာဖွေနေကြသေးသည်။

"အံ့သြစရာပဲ၊ ဆင်တောင် ထိတာနဲ့ ချက်ချင်းသေစေတဲ့ ထိသေအဆိပ်က ဒီသတ္တဝါတွေကျတော့ ဘာမှမထူးခြားပါလား"

"သူတို့ကိုဇာလာဟီးက ဆေးအစီအရင်တွေနဲ့ လုပ်ပေးထားလို့ ဖြစ်မှာပေါ့၊ မြှားနဲ့မရတော့လည်း ဓားနဲ့ရှင်းကြရမှာပေါ့၊ တိုက်ခိုက်ရင် လည်ပင်းပြတ်အောင်သာ တိုက်ခိုက်ကြ"

ဟုပြောပြီး လေးနှင့်မြှားကိုပြန်သိမ်းပြီး ဓားလှံလက်နက်တို့ကိုထုတ်ကာ ဝင်ရောက်တိုက်ခိုက်ကြသည်။

ယက္ခနှင့်ဗျူဟတို့ အပါအဝင် မနုဿတိရိစ္ဆာန်တို့ကလည်း ပြန်လည်တိုက်ခိုက်ကြသည်။

သို့သော် မနုဿတိရိစ္ဆာန်တို့မှာ တိုက်ခိုက်မှုမကောင်းလှပေ။ တိရိစ္ဆာန်ဦးခေါင်းတပ်ထားသောကြောင့် လက်ဖြင့်တိုက်ခိုက်ရန်ထက် ပါးစပ်ဖြင့် ကိုက်ရန်သာ အာရုံရှိကြဟန်တူသည်။ မနုဿတိရိစ္ဆာန်များတွင် ကျား၊ ကျားသစ်၊ ဝံပုလွေ၊ မြေခွေး စသော ဦးခေါင်းတပ်ဆင်ထားသော တိရိစ္ဆာန်တို့ကများပေရာ လက်ဖြင့် မတိုက်ခိုက်လိုပဲ လူရှိရာအပေါ်သို့ ခုန်အုပ်ပြီး ပါးစပ်ဖြင့် ကိုက်



www.burmeseclassic.com

www.burmeseclassic.com



ရန်သာ ကြိုးစားကြသည်။

ယက္ခနှင့်ဗျဂ္ဃတို့ နှစ်ယောက်ကသာ ၎င်းတို့မှာပါလာသော လက်နက်များအသုံးပြုပြီး လူတစ်ယောက်ကဲ့သို့ တိုက်ခိုက်ကြလေသည်။

နီမောင်အပါအဝင် မုဆိုးများအားလုံးမှာ တိုက်ခိုက်မှုကောင်းကြသူများ ဖြစ်ကြသည်။ တိရစ္ဆာန်ပေါင်းစုံနှင့် တွေ့ကြုံကာ တိုက်ခိုက်ခဲ့ဖူးသူများ ဖြစ်ကြသဖြင့် ယခုကဲ့သို့ တိုက်ခိုက်ရခြင်းမှာ သူတို့အတွက် ဝန်လေးစရာအကြောင်းမဟုတ်တော့ပေ။

မနုဿတိရစ္ဆာန်တို့အချို့ကို လည်ပင်းဖြတ်ကာ သတ်ဖြတ်နိုင်ကြလေသည်။

ထိုသို့သတ်ရသော်လည်း စိတ်ထဲမှမကောင်းလှပေ။

အဘယ်ကြောင့်ဆိုသော် သူတို့သတ်ဖြတ်ရသူတို့မှာ တိရစ္ဆာန်ဦးခေါင်းပြောင်းထားသဖြင့် စိတ်ရိုင်းဝင်နေကြသော်လည်း အပြစ်မရှိသော လူသားများသာ ဖြစ်ကြလေသည်။

သို့သော် ကိုယ်က လက်ဦးအောင်မသတ်ပါက ၎င်းတို့က သတ်ဖြတ်ကြတော့မည်ဖြစ်သောကြောင့် မသတ်ချင်သော်လည်း သတ်ဖြတ်ကြရခြင်းဖြစ်ပေသည်။

ယက္ခနှင့်ဗျဂ္ဃတို့နှစ်ယောက်ကတော့ တိရစ္ဆာန်ဦးခေါင်း မျိုး ဖြစ်နေသော်လည်း လူစိတ်မျိုးရှိနေကြရာ တိုက်ခိုက်ရတာ လွယ်ကူလှပေ။ နှစ်ယောက်စလုံး ကိုယ်လုံးကိုယ်ထည် ကြီးမား ထွားကျိုင်းပြီး ကြမ်းတမ်းသောကြောင့် အတော်ပင်သတိထားပြီး တိုက်ခိုက်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း နီမောင်တို့ဘက်မှ လူအင်အားများသော ကြောင့် ၎င်းတို့လည်း ဒဏ်ရာဒဏ်ချက်များရကာ ထွက်ပြေးကြရ လေသည်။ သူတို့နှင့်အတူ တစ်ယောက်နှစ်ယောက်သာ ကျန်ခဲ့ တော့သည့် မနုဿတိရိစ္ဆာန်အချို့လည်း ထွက်ပြေးသွားကြလေ သည်။

နေရာမှာတော့ ခေါင်းတခြားကိုယ်တခြားဖြစ်ပြီး သေဆုံး နေသော မနုဿတိရိစ္ဆာန်များမှ ခြောက်ယောက်ခန့်ရှိသည်။ နီမောင်တို့အဖွဲ့ကတော့ ဒဏ်ရာဒဏ်ချက်ရသူများ ရှိကြသော် လည်း အသေအပျောက်တော့ မရှိကြပေ။

ပထမတွေ့ရသည့်အဖွဲ့မှာတော့ သူတို့အနေဖြင့် အောင် ပွဲခံနိုင်ခဲ့ကြပေသည်။

အချိန်ကလည်း နေဝင်ကာနီးအချိန်ရောက်တော့မည်မို့ ပတ်ဝန်းကျင်တွင် အလင်းရောင်အား လျော့နည်းစပြုလာပေပြီ။ ပတ်ဝန်းကျင်မှာလည်း တိတ်ဆိတ်ငြိမ်သက်နေသည်။

စောစောက ငရဲပွက်သံအလား ဆူညံနေသောပတ်ဝန်း ကျင်တစ်ဝိုက်မှာ ယခုတော့လည်း မူလအခြေအနေအတိုင်း ငြိမ် သက်လျက်ရှိနေပေပြီ။

ထိုအခါမှ နီမောင်က ကျားနက်ကြီးမိနေသော သစ်သား လှောင်ချိုင့်ရှိရာသို့ လျှောက်သွားလေသည်။

သူ အနီးကပ်သွားတော့ ကျားနက်ကြီးက ဒေါသတကြီး နှင့် မာန်ဖီဟိန်းဟောက်နေသေးသည်။ နီမောင်က ရဲရဲတင်းတင်း ပင် အနားကပ်သွားလေသည်။ အတွင်းရောက်နေသော ကျားန



www.burmeseclassic.com

www.burmeseclassic.com



ကြီးက အတော်ကြာတော့မှ နီမောင်ကိုမှတ်မိသွားဟန်ဖြင့် ဒေါသတကြီးဖြစ်နေရာမှ တဖြည်းဖြည်းငြိမ်သက်စပြုလာသည်။

နီမောင်က သစ်သားတိုင်များကြားမှ ကြည့်လိုက်တော့ ကောင်းစွာမှတ်မိနေသော ကျားနက်ကြီးဖြစ်မှန်း သိရသဖြင့် စိတ်ချလက်ချပင် ကြိုးများကိုဖြတ်တောက်ပေးလိုက်သည်။

ကြိုးဖြတ်ပြီး သစ်လုံးတိုင်များ ဖရိုဖရဲဖြစ်သောအခါ အတွင်းမှာရှိနေသည့် ကျားနက်ကြီး ဝုန်းကနဲ အပြင်ဘက်သို့ တိုးထွက်လာသည်။

ပတ်ဝန်းကျင်မှာ ရှိနေကြသော မုဆိုးများပင် အထိတ်တလန့်ဖြင့် နောက်သို့ဆုတ်သွားကြလေသည်။

သို့သော် ကျားနက်ကြီးက မည်သို့မှရန်မမူပဲ နီမောင်ကိုသာ တစ်ချက်ကြည့်ပြီး တောင်ကြောပေါ်သို့ ပြေးတက်သွားလေတော့သည်။

ထိုအခါမှအနားပြန်ရောက်လာပြီး တစ်ယောက်တစ်မျိုး ပြောကြသည်။

"ဒီကျားနက်ကြီးက မင်းနဲ့ အဆက်ပါပုံရတယ်၊ မကြာခဏ တွေ့နေရတယ်"

"မင်းနောက်ကိုများ တကောက်ကောက်လိုက်နေတာလားမှမသိတာ"

"ဒီလိုတော့မဟုတ်ဘူး၊ တောင်ပိုင်ကြီးက နီမောင်ကို စောင့်ရှောက်ပေးဖို့များ လွှတ်ထားသလားမှမသိတာ"

ထိုသို့ပြောနေကြစဉ် သူတို့အဖွဲ့ဝင် အသက်အကြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ဦးဗန်ကောင်းက ဝင်ပြောပြသည်။

"မင်းတို့ ပြောတာတွေလည်းဖြစ်နိုင်စရာ ရှိပါတယ်၊ ဒါပေမယ့် အဖြစ်နိုင်ဆုံးကတော့ မေတ္တာစိတ်ကြောင့်ဆိုတာက ပိုပြီးဖြစ်နိုင်တယ်၊ လူတွေရဲ့ အတွင်းစိတ်ကို လူလူချင်းကထက် တိရိစ္ဆာန်တွေက ပိုပြီး သိနိုင်ကြတယ်"

"ဘယ်လိုသိတာလည်းအဘ"

"လူမှာကိုယ်ကထွက်နေတဲ့ အရောင်ရှိတယ်၊ ကိုယ်နံ့ရှိတယ်၊ ကိုယ်နံ့ကိုရနိုင်ပေမယ့် ကိုယ်ကထွက်တဲ့ အရောင်ကိုတော့ မမြင်နိုင်ဘူး၊ ဒါပေမယ့် လူအချင်းချင်း မမြင်နိုင်ကြပေမယ့် တိရိစ္ဆာန်တွေက မြင်နိုင်ကြတယ်"

"မြင်တော့ ဘယ်လိုခွဲခြားသလဲ အဘ"

"မေတ္တာစိတ်ရှိတဲ့လူတွေ ကိုယ်ကထွက်တဲ့ ကိုယ်ရောင်က အဖြူရောင်ရှိတယ်၊ သတ်ဖြတ်ဖို့လာတဲ့လူတွေကိုယ်က အနီရောင်ထွက်တယ်၊ မကောင်းမှု အကုသိုလ်ဒုစရိုက်မှုတွေများတဲ့လူတွေကတော့ သူတို့ကိုယ်က မီးခိုးငွေ့တွေလို အညိုရောင် အမည်းရောင် အငွေ့တွေထွက်တယ်"

"စိတ်ဝင်စားစရာပဲ၊ အဘပြောပြမှပဲ သိရပေတော့တယ်"

"ကိုယ်က ထွက်တဲ့အရောင်ကို တိရိစ္ဆာန်တွေကသာ မြင်ရတာမဟုတ်ဘူး၊ နတ်တွေနဲ့ ပရလောကသားတွေကလည်း မြင်တွေ့နိုင်ကြတယ်၊ ဒါကြောင့် နတ်တွေက ဘယ်သူက သူတော်ကောင်း၊ ဘယ်သူက လူယုတ်မာဆိုတာ သိတယ်၊ ဒါကြောင့် သူတော်ကောင်းတွေ ဒုက္ခရောက်နေတဲ့အခါ ချက်ချင်းလာပြီး



www.burmeseclassic.com

www.burmeseclassic.com



ကူအညီပေးလေ့ ရှိကြတယ်"

"ပြောပါဦးအဘ"

"နတ်တွေက သိသလို ပရလောကသားတွေကလည်းသိတယ်"

"ပရလောကသားဆိုတာ သရဲသဘက်တွေကိုပြောတာလားအဘ"

"ပရလောကသားဆိုမှတော့ သရဲသဘက်တွေအပြင် ဝိညာဉ်လောက ရောက်နေသူတွေအားလုံး ပါကြတာပေါ့။ သူတို့ကလည်း သူတော်ကောင်းတွေဆိုရင် မနှိပ်စက်ဝံ့ကြဘူး၊ မကောင်းတဲ့ စိတ်ရှိတဲ့သူတွေကိုသာ ခြောက်လှန့်နှောက်ယှက်ကြလေ့ရှိတယ်"

"ဒါဖြင့်နီမောင်က သူ့အပေါ်မှာ ကောင်းတဲ့စိတ်မျိုးထားတယ်ဆိုတာ ကျားနက်ကြီးက သိနေလို့ ဖြစ်မှာပေါ့နော်"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြလိုက်သည်။

အားလုံးကလည်း ဦးဗန်ကောင်းပြောပြသည်ကို သဘောပေါက်သွားကြသဖြင့် ထိုအကြောင်းကိုထပ်မမေးတော့ပေ။

တစ်ယောက်ကတော့...

"နီမောင်မှောင်တော့မယ်၊ ငါတို့ နားကြမှာလား သွားမှာလား"

ဟုမေးသည်။

"နားလို့မဖြစ်ဘူး၊ ဒီလောက်ဆိုရင် ဒီကပြန်ပြေးသွားတဲ့ ဒီရွာသားတွေ ဖာလာဟီးကို အကြောင်းစုံပြောပြပြီးလောက်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ငါတို့နားနေရင် သူထွက်ပြေးသွားလို့ မမိလိုက်ပဲ ဖြစ်လိမ့်မယ်၊ ဒီညပဲ သူတို့ရှိတဲ့ဂူနားကို အရောက်သွားပြီး တိုက်ခိုက်ကြတာ ပိုမကောင်းဘူးလား"

"ဒါလည်းကောင်းတာပဲ၊ ဒါပေမယ့် လူယုတ်မာက ဘယ်လိုအကြံအစည်တွေရှိမှန်းမသိတော့ သူနေတဲ့ဂူနားကို အရောက်သွားကြပြီး စောင့်ကြည့်ကြမယ်၊ အခြေအနေကောင်းမှ ဝင်ကြရင်ကောပိုမကောင်းဘူးလား"

ဟု မုဆိုးတစ်ယောက်က အကြံပေးသည်။

"အင်း ဒါလည်းကောင်းတာပါပဲ၊ သူ ထွက်မပြေးနိုင်အောင် ပိတ်ထားပြီးမှ ဝင်ကြတာပေါ့၊ အချိန်ရှိတုန်းသွားကြရအောင်"

ဟု ပြောဆိုတိုင်ပင်ကြပြီးနောက် ဇာလာဟီးတို့ရှိသော ဂူရှိရာဘက်သို့ ခရီးဆက်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၆)

# မဝေးလိုသော ချစ်ခြင်းမေတ္တာ

ဇလာဟီးတို့နေသော ဂူအတွင်းမှာတော့ အခြေအနေမကောင်းလှတော့ပေ။ ၎င်းတို့ဖမ်းထားသော လူအချို့နှင့် တိရိစ္ဆာန်ရှိနေသေးသည်။

မနုဿတိရိစ္ဆာန်အချို့လည်း ရှိနေကြသေးသည်။

သို့သော် သိပ်တော့မများလှတော့ပေ။ အများဆုံး ဆယ်ကောင်လောက်သာ ရှိတော့သည်။

ဇလာဟီနှင့် တပည့်ဖြစ်သော ဗျူဟ္မနှင့် ယက္ခတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သုံးယောက်ပေါင်းမှ ဆယ်ယောက်ကျော်ကျော်လောက်သာ ကျန်တော့ပေသည်။

ကျန်နေသော တိရိစ္ဆာန်တို့မှာလည်း အရင်ကကဲ့သို့ မဟုတ်ကြတော့ပေ။ ယခင်က ဖလာဟီးနှင့် တပည့်နှစ်ယောက်ကို အတော်ပင်ကြောက်ရွံ့ကြရသည်။

ငင်းတို့စိတ်ထဲတွင် အသက်ကိုသေအောင်ရှင်အောင် ပြုလုပ်ပေးနိုင်သော နတ်များကဲ့သို့ပင် ကြောက်ရွံ့ကြရသည်။

ငင်းတို့၏အရှင်သခင်ဟုလည်းမှတ်ယူထားကြသည်။

ထိုအရှင်သခင်များကို အခြားသူများက ဘယ်လိုမှအန္တရာယ်မပေးနိုင်၊ မယှဉ်ပြိုင်နိုင်ဟု စိတ်ထဲမှထင်မှတ်ကာ ခိုင်းသမျှလုပ်ပေးပြီး ပြောသမျှကိုနားထောင်ကြရသည်။

အကယ်၍ နားမထောင်လျှင်လည်း ဗျူဟ္ဂနှင့် ယက္ခတို့ နှိပ်စက်သမျှကို ခံကြရလေသည်။ ယခုတော့ ထိုသို့မဟုတ်ပေ။

တန်ခိုးရှင်များဟု သတ်မှတ်ထားသော အရှင်သခင်များကို သတ်ဖြတ်သုတ်သင်နိုင်သူများ ရောက်လာကြလေပြီ။

ငင်းတို့ ကြောက်ရွံ့ရသော ဗျူဟ္ဂနှင့် ယက္ခတို့ပင် သေပြေးရှင်ပြေး ထွက်ပြေးကြရသည်ကို မြင်သောအခါ သူတို့လည်း ကြောက်ကြတော့ပဲ အချင်းချင်းပြောဆိုနေကြသည်။

"ဒီတန်ခိုးရှင်တွေကို နိုင်တဲ့လူတွေရောက်လာပြီး သူ... ဆီမှာ ပိုပြီးကြောက်စရာကောင်းတဲ့ မိုးကြိုးလက်နက်တွေပါ... မီးပွင့်တာနဲ့ သေစေနိုင်တယ်"

မုဆိုးများကိုင်သော တူမီးသေနတ်များအကြောင်း...



www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြခြင်းဖြစ်သည်။

"ဟုတ်တယ် သူတို့က ပိုကြောက်စရာကောင်းတယ်၊ ဒီဂူထဲမှာရှိတဲ့လူတွေက ကြောက်စရာမဟုတ်တော့ဘူး"

ထိုသို့ပြောနေစဉ်မှာ ယက္ခရောက်လာသည်။ ခါတိုင်း ယက္ခတို့ကိုမြင်လျှင်တော့ မကြည့်ဝံ့ပဲ ခေါင်းငုံ့နေကြရသည်။

အခုတော့ခေါင်းမငုံ့သည့်အပြင် စူးစူးဝါးဝါးမျက်လုံးများဖြင့် ပြန်ကြည့်နေသည်ကိုတွေ့ရသဖြင့် ယက္ခပင် စိတ်ထဲမှာတစ်မျိုးဖြစ်သွားသည်။

သို့သော် ဟန်မပျက်လေသံမာမာဖြင့် ပြောလိုက်သည်။

"ဘာကြည့်နေတာလဲ၊ငါတို့မြင်ရင် ငါတို့မြင်ရင် ခေါင်းငုံ့နေရမယ်ဆိုတာ မသိဘူးလား၊ ခေါင်းငုံ့ထားစမ်း"

ထိုသို့ တုတ်တရွယ်ရွယ်ဖြင့် ပြောသောအခါ အကောင်အရွယ်အစားသေးသော မနုဿတိရိစ္ဆာန်အချို့လောက်သာ မသိမသာ ဦးခေါင်းငုံ့သွားကြသော်လည်း ကျားခေါင်း ကျားသစ်ခေါင်းတပ်ထားသော တိရိစ္ဆာန်များကတော့ ဦးခေါင်းမငုံ့ပဲ စူးစူးဝါးဝါးပြန်ကြည့်နေကြသည်။

"အောင်မာ မင်းတို့က ငါ အမိန့်ပေးတာကိုတောင်မနာခံတော့ပါလား"

ဟုပြောပြောဆိုဆိုနှင့် ရှေ့ဆုံးမှာရပ်နေသည့် ကျားဦးခေါင်းပြောင်းတပ်ထားသည့် လူကိုတုတ်ဖြင့် လှမ်းရိုက်လိုက်သည်။

ယခင်ကဆိုလျှင် ဘာမှပြန်မလုပ်ပဲ ခေါင်းငုံ့ခံသည်။

ယခုတော့ ရိုက်သောတုတ်ကို လက်ဖြင့်ဖမ်းဆုပ်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျားခေါင်းနှင့်လူမှာ ဗလကြီးဖြစ်သဖြင့် ပြန်ဆွဲယူ၍ မရနိုင်ပဲ ရှိလေသည်။

ကျားခေါင်းနှင့်လူမှာ ဆွဲထားသောတုတ်ကို ပြန်မလွှတ်သည့်အပြင် မျက်ထောင့်နီကြီးဖြင့် ကြည့်ကာ "တဟင်းဟင်း"အသံထွက်ကာ ဒေါသထွက်နေဟန်ရှိသည်။

"အော် မင်းတို့က ငါတို့ကို တော်လှန်ဖို့တိုင်ပင်နေကြတာကိုး တွေ့ကြရောပေါ့၊ မင်းတို့ကို တစ်ကောင်မကျန်သတ်ပစ်မယ်ဟေ့"

ဟု ကြိမ်းမောင်းပြောဆိုကာ ထိုနေရာမှပြန်ထွက်သွားလေသည်။ ထိုအခါ ကျန်နေခဲ့သော မနုဿတိရိစ္ဆာန်များက အချင်းချင်းပြောဆိုနေကြသည်။

"သူတို့ကို ကြောက်စရာမလိုတော့ဘူး"

"ဟုတ်တယ် သူတို့မှာ တန်ခိုးမရှိတော့ဘူး"

ထိုသို့ပြောနေစဉ် ယက္ခက ဇာလာဟီးရှိရာသို့ သွားရောက်ပြီး အကျိုးအကြောင်းပြောပြနေသည်။

"ဆရာကြီး မုဆိုးတွေလည်း ဒီဘက်ကိုလိုက်လာနေကြပြီ၊ ဂူထဲမှာ ကျန်နေတဲ့တိရိစ္ဆာန်တွေကလည်း ကျုပ်တို့ပြောတဲ့စကား နားမထောင်ကြတော့ဘူး၊ ဘယ်လိုလုပ်မလဲ"

ဇာလာဟီးမှာလည်း မကြံစည်တတ်အောင် ဖြစ်နေသဖြင့် ကျောက်ခွက်ထဲမှာ ဖော်စပ်ထားသော ဆေးရည်များကို ဝါးဆ ပိုင်းတစ်ခုထဲသို့ ခပ်ထည့်နေလေသည်။

www.burmeseclassic.com



ဝါးပိုးဝါးဖြင့် ပြုလုပ်ထားသော ဝါးဆစ်ပိုင်းကြီးအတွင်းသို့ ဆေးရည်အားလုံးရောက်သောအခါ အဖုံးလုံအောင်ပိတ်ဆို့ပြီးကြိုးဖြင့်ချည်နေသည်။ ထိုသို့ပြုလုပ်နေသော်လည်း ယက္ခကြီးကိုတော့ ထွေထွေထူးထူးပြန်မပြောတော့ပေ။

ထိုအချိန်မှာပင် ဂူပေါက်ဝမှ မီးရောင်များမြင်လာပြီး ဆူဆူညံညံအသံများ ကြားကြရလေသည်။

နီမောင်တို့အဖွဲ့ ရောက်လာကြလေပြီ။

"ဟော ရန်သူတွေရောက်လာပြီ"

ထိုအခါမှဖာလာဟီးက အော်ပြောသည်။

"သွား...သွား ရှိတဲ့တိရိစ္ဆာန်တွေကိုခေါ်ပြီး ဝင်လာသမျှလူတွေကိုသတ်ပစ်"

ထိုသို့အမိန့်ပေးသဖြင့် ယက္ခနှင့် ဗျဂ္ဃတို့ နှစ်ယောက်တို့လည်း လက်နက်များကိုယူပြီး အပြင်ထွက်သွားကြသည်။ အပြင်ရောက်တော့ မနုဿတိရိစ္ဆာန်များကို တစ်ကောင်မှမတွေ့ရတော့ပေ။

အဘယ်ကြောင့်ဆိုသော် မုဆိုးများကိုင်လာသော မီးထွက်သော သေနတ်များကို ကြောက်ရွံ့သောကြောင့် ဖြစ်သည်။

ထိုအခါရန်သူများ ဝင်လာသောအခါ ၎င်းတို့နှစ်ယောက်တည်းသာ ရှိတော့သည်။

သို့သော်ပြေး၍မလွတ်မှန်းသိသောကြောင့် မိုက်မိုက်ကန်းကန်းပင် ဝင်ရောက်တိုက်ခိုက်ကြလေသည်။

ထိုသို့တိုက်ခိုက်သော်လည်း မုဆိုးများက ခွင်အားများ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် မယ်မယ်ရရ မတိုက်ခိုက်လိုက်ရပဲ သေဆုံးသွားကြလေသည်။

"ဒီဂူထဲမှာ မနုသတိရိစ္ဆာန်တွေ ရှိနေမယ်ထင်နေတာ၊ တစ်ကောင်မှမတွေ့ရပါလား"

ထိုအခါမုဆိုးတစ်ယောက်က လက်နှိပ်မီးဖြင့် ကျောက်တုံးနောက်မှာ ပုန်းနေသော မနုသတိရိစ္ဆာန်တစ်ကောင်ကိုပြသည်။

"သူတို့ကျောက်တုံးတွေနောက်မှာ ပုန်းနေကြတယ်"

"ဒါဖြင့်လည်းနေကြပါစေ၊ ကိုယ့်ကိုအန္တရာယ်မပေးရင် သူတို့ကိုလည်း ဘာမှမလုပ်ပါနဲ့"

ထိုသို့ပြောဆိုပြီး အတွင်းသို့ ဝင်ကြည့်ကြသောအခါ ဂူများထဲမှာ ပိတ်လှောင်ထားသော တိရိစ္ဆာန်တို့ကိုတွေ့သဖြင့် လွှတ်ပေးလိုက်ကြသည်။

တိရိစ္ဆာန်များမှာ လူများကိုတွေ့သဖြင့် ကြောက်ရွံ့နေကြသော်လည်း လမ်းဖွင့်ပေးလိုက်တော့ ဒယိမ်းဒယိုင်နှင့် အပြင်ထွက်သွားကြသည်။

နောက်ဂူထဲမှာ ဖမ်းထားသော လူလေးငါးယောက်ကိုတွေ့ရသည်။ ၎င်းတို့ကိုမြင်သဖြင့် ကြောက်သဖြင့် တုန်လှုပ်နေကြသည်။ နီမောင်တို့က အကျိုးအကြောင်းပြောပြတော့မှ စိတ်သက်သာရာ ရသွားဟန်ရှိကြသည်။

"ဘာမှမကြောက်ပါနဲ့ ခင်ဗျားတို့ကိုလာကယ်ပေးတာပါ ခုတော့ အန္တရာယ်ကင်းသွားပါပြီ၊ ခင်ဗျားတို့ကို ရွာပြန်ပို့ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုနှစ်သိမ့်ပြီး ၎င်းတို့မှာပါလာသော ရေနှင့် အစားအစာများကိုကျွေးရာ အငမ်းမရ စားသောက်ကြလေသည်။

ဦးဗန်ကောင်းကတော့ ဖာလာဟီး ဆေးစီရင်သော နေရာကို သွားပြီးရှာဖွေရာ ဖာလာဟီးစုဆောင်းထားသည့် တန်ဖိုးရှိသော ဆေးဝါးအတော်များကိုရသော်လည်း ဖော်စပ်ထားသောဆေးရည်များကတော့ မရှိတော့ပေ။

"လည်ပင်းပြတ်နေတဲ့နေရာကို လောင်းချလိုက်ရင် ချက်ချင်းပြန်ကောင်းစေတဲ့ ဆေးရည်ရော ကျန်သေးသလားဆရာကြီး"

နီမောင်က အနားရောက်လာပြီးမေးလိုက်သည်။

"သူ အသုံးပြုခဲ့တဲ့ဆေးပစ္စည်းတွေတော့ ကျန်ခဲ့တယ်၊ သူဖော်ထားတဲ့ဆေးရည်တွေတော့မရှိတော့ဘူး။ ယူသွားတာဖြစ်မယ်"

"သူ ဘယ်ရောက်သွားပြီလဲ၊ ဂူအပြင်ထွက်တာတော့မတွေ့သေးဘူး၊ အတွင်းမှာရှိမယ်ထင်တယ်၊ သူ့ကိုတွေ့မှဖြစ် မယ်၊ သူရှိနေသမျှ အန္တရာယ်က ရှိနေဦးမှာပဲ၊ ဝါးမြစ်ရှိနေသမျှ ဝါးပင်ပြန်ပေါက်သလိုဖြစ်လိမ့်မယ်"

ဦးဗန်ကောင်းက ပြောသဖြင့် မီးတုတ်များကိုင်ပြီး ဂူအတွင်းပိုင်းသို့ ဝင်ကြည့်ကြသည်။ ဂူအတွင်းဘက်မှာလည်း ဂူပေါက်အချို့ရှိသည်။ ထိုဂူပေါက်များထဲသို့ ဝင်ရောက်ရှာဖွေသော်လည်း မတွေ့ရသဖြင့် အတွင်းသို့ဝင်သွားရာ နောက်ဆုံးအပြင်သို့ထွက်သော အပေါက်တစ်ပေါက်ကို တွေ့ကြရသည်။

"ဒီအပေါက်က ထွက်ပြေးတာဖြစ်မယ်၊ ဒါပေမယ့်ဝေးဝေးတော့ ရောက်ပုံမရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြောဆိုဆိုနှင့် အပြင်သို့ထွက်ကြည့်ကြသည်။

ဂူအပြင်ဘက်မှာတော့ လရောင်ရှိနေသည်။

လရောင်ရှိနေသော်လည်း မြူနှင်းများ ကျနေသဖြင့် မှုန်ဝါးဝါးသာ ဖြစ်နေသည်။

ထိုအပေါက်မှထွက်ပြေးသွားသော ဇာလာဟီးမှာ နီမောင်တို့လက်မှလွတ်မြောက်အောင် ကြိုးစားအားထုတ်သော်လည်း အခြားအန္တရာယ်တစ်ခုနှင့် ကြုံတွေ့ရလေသည်။

အခြားမဟုတ်ပေ။ အသင့်စောင့်နေသော ကျားနက်ကြီးက ကိုက်သတ်သဖြင့် သေဆုံးသွားလေတော့သည်။

ကျားကိုက်ခံရသဖြင့် ၎င်းယူဆောင်သွားသည့် ဆေးရည်များထည့်ထားသော ဝါးဆစ်ဗူးမှာလည်း ချောက်တွင်းသို့ကျကာ ပျက်ဆီးသွားလေတော့သည်။

နီမောင်တို့ မသိသေးသော အချက်မှာ တောင်တန်းများပေါ်သို့ ထူးထူးဆန်းဆန်းရောက်နေသော ကျားနက်ကြီးမှာ ၎င်း၏အဖော်တစ်ကောင်ကို ဇာလာဟီးတို့က ဖမ်းဆီးသတ်ဖြတ်ခဲ့သဖြင့် ဇာလာဟီးတို့ကို လိုက်လံရှာဖွေနေခြင်းပင်ဖြစ်ပေသည်။

ယခုမှပင် တိုက်တိုက်ဆိုင်ဆိုင်တွေ့ရသဖြင့် ဇာလာဟီးအား သတ်ဖြတ်ပြီးနောက် နှင်းတောအတွင်းသို့ ဝင်ရောက်သွားလေတော့သည်။

နီမောင်တို့ အပြင်ရောက်လာသောအခါ ဂူပေါက်နှင့် မနီးမဝေးတွင် ရုပ်ပျက်ဆင်းပျက်သေဆုံးနေသော ဇာလာဟီးအလောင်းကိုသာ တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူကဆေးပညာတော့ အတော်ကောင်းတယ်၊ သူတတ်တဲ့ ဆေးပညာကို အကျိုးရှိတဲ့ နေရာတွေမှာမသုံးပဲ မကောင်းတဲ့ နေရာမှာသုံးတော့ သူလည်းအကျိုးမရှိ ကျန်တဲ့လူတွေလည်း အကျိုးမရှိပဲ အခုလိုဘေးအန္တရယ်တွေနဲ့ ကြုံရတာပဲ"

ဟုသံဝေဂစကားဆိုလေသည်။

နီမောင်တို့မှာ ထိုညတစ်ညလုံး ထိုဂူထဲမှာပင်နေကြလေသည်။ ထိုဂူထဲမှာ ကျန်နေသေးသော မနုဿတိရစ္ဆာန်များကို ဘေးအန္တရာယ်မပေးပဲ လွတ်လပ်ခွင့်ပေးထားကြသည်။

ကျန်နေသေးသော မနုဿတိရစ္ဆာန်တို့မှာလည်း ပထမကြောက်ရွံ့နေသော်လည်း နောက်တော့ ၎င်းတို့ကို အန္တရာယ်မပေးမှန်းသိသောအခါ အနားရောက်လာကြသည်။

"မင်းတို့ ဘယ်သွားမလဲ၊ ဘယ်မှာနေမလဲ"

ထိုသို့မေးသောအခါ ထိုစကားကို အထပ်ထပ် အခါခါ ရေရွတ်နေကြသည်။

"ဘယ်သွားမလဲ၊ ဘယ်မှာနေမလဲ"

"ဘယ်သွားမလဲ၊ ဘယ်မှာနေမလဲ"

သူတို့အမူအယာများကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရုံမှလွဲပြီး ဘာမှမတတ်နိုင်ကြတော့ပေ။

"မင်းတို့မိသားစုတွေကိုမှတ်မိသလား၊ နေခဲ့တဲ့နေရာတွေ၊ ရွာတွေကိုရော မှတ်မိကြသလား"

ထိုသို့ထပ်မေးတော့လည်း မေးသောစကားများကိုသာ အခါခါရွတ်နေသည်ကလွဲပြီး ဘာမှမပြောနိုင်ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ လူတစ်ယောက်ကိုယ်ခန္ဓာပင်ရှိသော်လည်း ဦးခေါင်းက တိရိစ္ဆာန်ဦးခေါင်းဖြစ်နေပြီး တိရိစ္ဆာန်ဦးနှောက်သာ ရှိတော့သဖြင့် လူ့ဘဝကအကြောင်းများကို သူတို့မရကြတော့ခြင်းဖြစ်၏။ ဘာမှမတတ်နိုင်တော့ပေ။

နောက်တစ်နေ့မှာတော့ သူတို့ကိုထားခဲ့ပြီး ရွာသို့ ပြန်ခဲ့ကြသည်။

"သူတို့ကိုဒီလိုထားခဲ့တော့ လူတွေကိုဒုက္ခပေးကြဦးမှာလားဟင်"

လမ်းရောက်တော့ မုဆိုးတစ်ယောက်က မေးသည်။

"တိရိစ္ဆာန်စိတ်ဝင်လာတဲ့အခါမှာဖြစ်ဖြစ် သူတို့အတွက်အစာလိုရင်တော့ တခြားတိရိစ္ဆာန်တွေလိုပဲ အစာရှာထွက်ကြမှာပေါ့၊ ဒါကတော့ မထူးဆန်းပါလား၊ တစ်စုံတစ်ယောက်ကခိုင်းလို့လုပ်ရတာမျိုးမဟုတ်ပဲ သဘာဝအတိုင်းလုပ်တာကတော့ စိုးရိမ်စရာ မရှိတော့ပါဘူး"

နီမောင်က ထိုသို့ပြောလိုက်တော့ ထပ်မမေးတော့ပေ။

နောက်တော့ သူတို့ကယ်လာသော လူများကို ရိက္ခာနှင့်လက်နက်အချို့ပေးပြီး ပြန်လွှတ်လိုက်ရာ ဝမ်းမြောက်ဝမ်းသာဖြင့် ပြန်သွားကြလေတော့သည်။

သူတို့အဖွဲ့လည်း နောက်တစ်နေ့တွင် ပန်နန်းဒင်ရွာသို့ ချောချောမောမော ပြန်ရောက်ကြလေသည်။

ဒူးဝါးဖမုန်းထန်ကတော့ သွားကြသူများ မသေမပျောက်ပဲ ပြန်ရောက်လာသောကြောင့် ဝမ်းသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့ ရွာများကို အန္တရာယ်ပေးနေသော သတ္တဝါများအား သုတ်သင်ရှင်းလင်းခဲ့ပြီးဖြစ်သောကြောင့်လည်း ကျေနပ်နေလေသည်။

နောက်တစ်နေ့ရောက်တော့ ၎င်းတို့ရွာများမှ သေဆုံးသွားသူများအတွက် (အချို့လည်းလူစင်စစ်မှ တိရိစ္ဆာန်ဘဝရောက်ခဲ့ကြရသည်။) အသုဘအခမ်းအနား ပြုလုပ်ပေးသည်။ မြောက်ဖျားဒေသတွင်နေကြသော ရဝမ်၊ တရုံ၊ ထလုစသော လူမျိုးတို့မှာ ဓလေ့စရိုက်ချင်းမကွာလှပေ။

အချို့က လူသေများကို သစ်ပင်လုံးများတွင်ထွင်းထားသော သစ်ပင်ခေါင်းများအတွင်း ထည့်၍သော်လည်းကောင်း၊ အချို့က ဝါးနီးတို့ဖြင့်ပတ်၍သော်လည်းကောင်း၊ မီးသင်္ဂြိုဟ်ကြသည်။

အချို့ကတော့ ညလုံးပေါက်သောက်စားကာ အသုဘပွဲကျင်းပကြသည်။

သေဆုံးသည့်နေ့ရက်မှ နောက်တစ်နေ့မိုးချုပ်သည့်အချိန်အထိ (၂)ရက်ကြာအောင်ပြုလုပ်ကြသည်။

လူသေအား တမလွန်ဘဝသို့ သွားရမည့်လမ်းကို ညွှန်ပြသော (RanSan) ခေါ် အသုဘသီးချင်းများကိုညီညာစွာ သီဆိုကြသည်။ ကိုယ်လက်များက ညီညာစွာဖြင့် လှုပ်ရှားကရသော အသုဘအကများဖြင့် အလောင်းအား ဝိုင်း၍ ကကြသည်လည်းရှိသည်။

ထို့ပြင်ရှီဒါဖူ (Shi Daphu)ဟုခေါ်သော အသုဘ အက



www.burmeseclassic.com

www.burmeseclassic.com



မျိုးလည်းကတတ်ကြသည်။

အစိမ်းသေများနှင့် ကလေးမီးဖွားရင်း သေဆုံးသွားသော မိန်းမများအတွက်တော့ မည်သည့်စွဲလန်းမှုမျိုးမှ မလုပ်တော့ပဲ သေသည်နှင့်ချက်ချင်းပင် မီးသဂြိုဟ်လေ့ရှိကြသည်။

(ခရစ်ယာန်ဘာသာဝင်များကတော့ သေလျှင်မြေမြှုပ်ပြီး မြေပုံပေါ်မှာ လက်ဝါးကပ်တိုင်စိုက်ထားသည်။)

ပန်နန်းဒင်ရွာမှာပြုလုပ်သော အသုဘပွဲကတော့ သေဆုံးသွားခဲ့ကြသူများအတွက် ဆုတောင်းပေးရသော ပွဲပင်ဖြစ်သည်။ အားလုံးက ဝိုင်းဝန်းဆုတောင်းပေးရသည်။

နတ်ဆရာက...

"ငါတို့ရွာက အန္တရာယ်ကင်းသွားပြီ၊ မင်းတို့ လွတ်ရာကျွတ်ရာကို စိတ်ချလက်ချသာ သွားကြပါတော့၊ တမလွန်လောက ရောက်နေတဲ့ ရွာသားအချင်းချင်းတွေ့ရင်လည်း ဒီသတင်းကို ပြောပြပေးကြပါ၊ အချင်းချင်းနှုတ်ဆက်ကြပါ"

ဟူသောစကားမျိုး ပြောပြပေးရသည်။

အသုဘအခမ်းအနားပြီးတော့ ညဦးပိုင်းအချိန်ရောက်နေပေပြီ။

ထိုအချိန်ရောက်တော့မှ နီမောင်မှာ ပေမာဒရာမားနှင့် အေးအေးဆေးဆေးတွေ့ရတော့သည်။

"နင်တို့ ပြန်တော့မှာလား"

"ဟုတ်တယ် မနက်စောစော ပြန်ကြတော့မယ်၊ ငါ့အသက်ကိုကယ်ခဲ့တဲ့နင့်ကို ကျေးဇူးကြွေး ဆပ်စရာရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က စကားစတော့ သူမကလည်းပြန်ပြောသည်။

"ငါလည်းနင့်ကို ဆံပ်ရမယ့် ကျေးဇူးကြွေးရှိတာပဲ၊ နင် ဘာလိုချင်သလဲ"

"ငါလိုချင်တာတောင်းရင်ကောပေးမှာလား"

ခေါင်းညိတ်ပြသည်။

"အမှန်ပြောရရင် ငါက တခြားဘာမှမလိုချင်ပါဘူး၊ နင့် မေတ္တာကိုပဲ လိုချင်တာပါ၊ ပေးနိုင်မလား"

"ငါက ပေးနိုင်ပါတယ်၊ ဒါပေမယ့် တောင်းတဲ့သူကရော တကယ်လိုချင်စိတ်ရှိလို့လား"

"ရှိတာပေါ့၊ ငါက နင့်ကို စတွေ့ကတည်းက သဘောကျ နေတာပါ"

"သရဲမျက်နှာကိုသဘောကျတယ်"

သူမက တအံ့တဩ ပြန်မေးသည်။

"သရဲမျက်နှာပဲဖြစ်ဖြစ် အခုလိုချောတဲ့မျက်နှာပဲဖြစ်ဖြစ် ချစ်တာပါပဲ"

"ပြောတတ်လိုက်တာ"

ဟု ပြောပြီးရယ်နေသည်။

"နင်ငါ့မေတ္တာကိုလက်ခံပေးနိုင်မလား"

ခေါင်းညိတ်ပြသည်။

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ၊ ငါကတော့ နင်နဲ့မခွဲချင်တော့ ဘူး"

"အဖေ့ဆီမှာ ခွင့်တောင်းယူပေါ့၊ အဖေသဘောတူရင် နင်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွား ရတာပဲ"

"တကယ်လို့ ဆလိုင်းက ခွင့်မပြုဘူး၊ သဘောမတူဘူးဆို ရင်ကော ဘယ်လိုလုပ်မှာလဲ"

"နင်ကလည်းစိုးရိမ်တတ်လိုက်တာ၊ အဖေက နင့်လိုလူ တစ်ယောက်ကို သဘောမကျစရာ ရှိမှာမဟုတ်ပါဘူး၊ နောက်ပြီး နင်က ငါ့ဘဝ ငါ့အသက်ကိုပိုင်တဲ့သူပဲ"

"ဟင်ဘယ်တုန်းက ပိုင်ခဲ့လို့လဲ"

"ငါ သရဲဘဝနဲ့ နှင်းတောထဲမှာ သေရတော့မယ့်ဆဲဆဲ နင်ကယ်တင်ပေးခဲ့တာ မဟုတ်ဘူးလား၊ ငါတို့ ဓလေ့ထုံးစံမှာ အသက်ကိုကယ်တဲ့သူက ဘဝကိုပိုင်ဆိုင်ခွင့်ရှိတာပဲ"

"အဲဒီလိုဆိုတော့ အခွင့်အရေးယူသလို ဖြစ်နေမှာပေါ့ ငါကတော့ အဲဒီလိုမယူချင်ပါဘူး၊ တစ်ဦးနဲ့တစ်ဦးတကယ်ချစ်ပြီး ယူကြတာ ပိုကောင်းမယ်လို့ထင်ပါတယ်"

ဟောမာဒရာမားက မျက်လုံးအဝိုင်းသားနှင့် ကြည့်နေ သည်။ နီမောင်က သူမလက်ကလေးနှစ်ဖက်ကိုဆုပ်ထားပြီး နှစ် သိမ့်မှု ပေးလိုက်သည်။

သူမဒုက္ခရောက်နေခဲ့စဉ်က နီမောင်က ထိုကဲ့သို့ လက် ကလေးကိုင်ကာ နှစ်သိမ့်မှုပေးလျှင် သူမက မှတ်မိနေလေသည်။ နီမောင့်လက်ကိုပြန်လည်ဆုပ်ကိုင်ပြီးပြောလေသည်။

"ငါ့အသည်းနှလုံးက အဲဒီအချိန်ကတည်းက နင့်ရဲ့ ကြင် နာမှုတွေကို သိနေခဲ့တာ၊ လက်ခံပေးခဲ့တာပါနီမောင်ရယ်"

"ဝမ်းသာလိုက်တာဒရာမားရယ်"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်ကပြောပြောဆိုဆိုနှင့် လက်ကလေးကိုဆွဲယူပြီး အလိုက်သင့်ပါလာသော ကိုယ်ကလေးကို ထွေးဖက်ထားလိုက်လေသည်။

ဟောမာဒရာမားကလည်း မရှုန်းမဖယ်ပဲနှင့် နီမောင်အား ပြန်ဖက်ထားလေသည်။

ပတ်ဝန်းကျင်မှာ မြူနှင်းများကျ၍ အေးနေသော်လည်း နှစ်ဦးစလုံး ရင်တွင်းမှာတော့ နွေးထွေးလျက် ရှိနေကြသည်။ ၎င်းတို့အတွက် ဝေးရမည့်အကြောင်းများလည်း တွေးစရာမရှိတော့၊ တွေးရမည့်အကြောင်းများကလည်း ဝေးစရာမဟုတ်တော့ပဲ ဘဝအတွက် ရေ့ခရီးလမ်းအတွက်သာ ဖြစ်နေပေလိမ့်မည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (အသူရာသားရဲတွင်း) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်သည်လည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု ။

စာပြီးချိန်။ ။၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်၊ ကြာသပတေးနေ့၊ နေ့လည် (၂)နာရီ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com